# မယ်နိုင်

## ဝက်ပါ



(အချစ်လုံးချင်းဝတ္ထုသစ်)

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ မေလ၊ ၂၀၁၅၊

ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။


မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ဈေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ဝင်္ကပါ/ မယ်နိုင် ။ - ရန်ကုန်
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၄၅- စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) ဝင်္ကပါ

မယ်နိုင်

# ဝင်္ကပါ

စေတနာနဲ့မေတ္တာကို ထမ်းပိုးထားတဲ့
ဒီရထား
ဘယ်ဘူတာမှာ ဆိုက်ကပ်ရမှန်းမသိ . . .
အချစ်စာမျက်နှာကို လှန်လိုက်တိုင်း . . .
အသည်းကို ဝေဒနာကအထပ်လိုက်။
အမုန်းစာအုပ်ကို ဖတ်တော့လည်း
သံယောဇဉ်တွေက အတုံးလိုက်အတစ်လိုက်။
လက်ကျန်ခရီးကို
ဘယ်လိုဖြတ်သန်းရမှန်းမသိ . . .
စေတနာနဲ့မေတ္တာကို
လွှင့်ပစ်လိုက်တော့မှ
ဪ . . . ငါ
လမ်းဆုံးကိုရောက်နေပါလား . . .

ပြတင်းဝမှလှမ်းကြည့်လိုက်သောအခါ
ဆိုင်းဘုတ်တစ်ခု
ဥပက္ခာဘူတာတဲ့ . . .။

ရွှေပဒေသာ

မိုးရွာပြီးစမို့ လမ်းကလေးသည် မိုးစက်အမှုန်အမွှားများနှင့် စိုထိုင်းထိုင်း ဖြစ်နေသည်။ တစ်နေ့လုံးပူထားသည့်နွေကြောင့် မိုးသည်းထန်ခဲ့သော်ငြား ဖုန်သိပ်မိုးဟုသာ ထင်မှတ်ရသည်။

မြေနိုးကြောင့် ရာသီဥတုသည် သာမန်ထက်ပူသည်ဟု ခံစားရ၏။ မိုးမင်း၏နောက်တော်ပါး လေမင်းသည် တစ်ချက်တစ်ချက်ဝေ့တိုက်လိုက်သောအခါ သစ်ရွက်ကြားပုန်းခိုနေသော မိုးစက်လက်ကျန်များသည် သူ့ထက်ငါ အလုအယက် ခုန်ဆင်းလာကြပြန်သည်။

မိုးစက်ကျသံ လေတိုးသံတို့သည် မြေငွေ့နှင့် ဝိရောဓိ မဖြစ်သော်ငြား သဘာဝပတ်ဝန်းကျင်ကို သူ ဂရုမပြုနိုင်အားပေ။ ရာသီဥတုအခြေအနေကို ခံစားဖို့လည်း သူ့ရင်ထဲ နေရာလွတ်မရှိပေ။

"ဘယ်လို ... နေညီ ... သူမှာ ကိုယ်ဝန်ရှိနေပြီဟုတ်လား"

"ဟုတ်တယ် သံဝရ ... ဒီမနက်ပဲ သူ ငါ့ကိုအသိပေးတယ်။ နှစ်လရှိပြီတဲ့။ Ultrasounds ပါ ရိုက်လာခဲ့သေးတယ်။ ဒီတစ်ခါတော့ အလိမ်အညာတွေ မဟုတ်တော့ဘူး။ သူ တကယ်ကိုယ်ဝန်ရှိနေပြီ"

နေညီ၏စကားက လေးပင်စွာဆိုခြင်းဖြစ်သည်။

ဖခင်ဖြစ်တော့မည့်လူတစ်ယောက်၏ပီတိမျိုး နေညီ့ထံ လုံးဝ

[illegible]

[illegible]

"အဲတော့ ... မင်း ဘာလုပ်ဖို့စဉ်းစားထားသလဲ"

သံဝရ၏မေးခွန်းသည် နေညီကို အရှိန်ပြင်းပြင်းနှင့် ရိုက်ချ လိုက်သလို ခံစားရသည်။ နေညီ့မျက်လုံးများသည် ရဲရဲနီနေလေသည်။ ပေါက်ကွဲချင်နေသော ဒေါသကို ထိန်းနေရသည်ဆိုတာထက် ဝမ်းနည်း နာကျင်နေသော နှလုံးသားကို ထိန်းချုပ်နေသည်နှင့် တူသည်။

နေညီ၏ အသက်ရှူသံပြင်းပြင်းကို သံဝရ ကြားနေရသည်။ နေညီ့ကို စူးစိုက်စွာကြည့်နေသော သံဝရ၏မျက်လုံးများသည် နီမြန်း နေသည်။

"ငါ့ကို လူညံ့တစ်ယောက်လို့ပဲ သတ်မှတ်လိုက်ပါတော့ သံဝရ။ ငါ ... တကယ်ညံ့ပါတယ်"

နေညီ့အသံက ဗလုံးဗထွေး ထွက်ပေါ်လာသည်။ နေညီ့အသံ တွေက ကူကယ်ရာမဲ့နေသူတစ်ဦးပမာ တုန်ယင်ချောက်ချားနေသည်။

"ဘာကြောင့် ကိုယ့်ကိုယ်ကို အပြစ်တင်နေဦးမှာလဲ။ ဖြစ်လာ တဲ့အခြေအနေအပေါ်မူတည်ပြီး အကောင်းဆုံးဖြေရှင်းရမှာ မဟုတ်ဘူး လား။ သတ္တိကို မွေးလိုက်စမ်းပါ။ မင်း ... ဘာဖြစ်ချင်တာလဲဆိုတာ ခေါင်းအေးအေးနဲ့စဉ်းစား ..."

တည်ငြိမ်စွာ ဟန်လုပ်ပြောနေသော်ငြား သံဝရ၏အသံသည် အဖျားခတ်တုန်ယင်သွားပြန်သည်။

သံဝရသည်လည်း စိတ်လှုပ်ရှားနေမည်ဆိုတာ နေညီ သိသည်။ စိတ်လှုပ်ရှားတယ်ဆိုတာထက် စိတ်ရှုပ်ထွေးနေလိမ့်မည်ဆိုလျှင် ပိုမှန်သည်။





ထို့ကြောင့် ပြဿနာကို သံဝရအား မပြောပြရန် အားတင်းထားသော် လည်း နေညီ၏ စိတ်ထွက်ပေါက်သည် သံဝရသာ ဖြစ်သည်။

အားလုံးရှေ့ ဟန်လုပ်နေရသော်ငြား သံဝရကိုတော့ ပွင့်လင်း ချင်သည်။ ရိုးသားစွာ ဆက်ဆံချင်သည်။ ထို့ကြောင့် သံဝရ စိတ်ရှုပ်ထွေး သွားစေမည့်ကိစ္စဆိုသော်ငြား ရင်မဖွင့်ဘဲမနေနိုင်ခဲ့ပါ။

ထိုသို့ ဖွင့်ပြောလိုက်တော့လည်း သံဝရထံမှ အားပေးစကား ကို မျှော်လင့်မိပြန်သည်။

"အဲဒီလို Ultrasound သွားရိုက်တော့ မင်း ... သူ့ဘေးမှာ ရှိမနေခဲ့ဘူးမဟုတ်လား"

နေညီ သံဝရကို မော့ကြည့်လိုက်သည်။ အားကိုးရာရှာနေ သော မျက်လုံးများဖြစ်သည်။

ဟုတ်သားပဲ ... သူ ... ငွေဖျိုင်းဖြူရဲ့ အနီးအနားမှာမှ ရှိမနေခဲ့တာပဲ။ ငွေဖျိုင်းဖြူ လိမ်တာလည်း ဖြစ်နိုင်သည်လေ။ ဘာကြောင့် ဒါကို သူ မစဉ်းစားမိပါလိမ့်။

"မင်း ... ဆိုလိုချင်တာက ဒီတစ်ခါလည်း သူ ငါ့ကို လိမ်တာ ဖြစ်နိုင်တယ်ပေါ့ ဟုတ်လား"

သံဝရ မဖြေပေ။ ပါးလွှာပိရိသော နှုတ်ခမ်းကို ခပ်ဟဟလေး ဘ ဖွင့်ထား၏။

သံဝရ၏မျက်ဝန်းအစုံသည် နေညီ့မျက်နှာမှ တစ်ခြားသို့ မရွေ့ ချ။

သံဝရသည် အထူးတည်ငြိမ်ရင့်ကျက်သူဖြစ်သည်နှင့်အညီ လူ

တစ်ဦးတစ်ယောက်ကို ရှုနစ်စွာကြည့်တတ်သည်။ ထိုင်နေလျှင်လည်း အတွေးငြိမ်သက်နေတတ်သည်။ လမ်းလျှောက်လျှင်လည်း ခြေလှမ်းကျယ်ကြီးများကို ခပ်မှန်မှန်လှမ်းတတ်သည်။

ယခုလည်း သံဝရသည် အထူးတည်ငြိမ်နေပြန်သည်။ သံဝရ တစ်ခုခုကို ပြင်းပြင်းထန်ထန် စဉ်းစားနေပေလိမ့်မည်။

"ကိုယ့်အပေါ် ရိုးသားတဲ့သူကို သံသယမဖြစ်သင့်ပေမယ့် ကိုယ့်အပေါ် လိမ်ညာဖူးသူကို ယုံတာတော့ ကိုယ့်ရဲ့အပြစ်ကြီးပဲ။ ငွေချိုင်းဖြူက မင်းကိုညာနေတာ တစ်ကြိမ်တစ်ခါကတော့လို့လား"

နေညီ ငြိမ်သက်သွားပြန်သည်။ သံဝရ ပြောရင်လည်း ပြောစရာပင်။ ငွေချိုင်းဖြူနှုတ်မှ မှန်ကန်သောစကားကို သူမကြားဖူးပေ။

ချစ်သူဘဝတုန်းက တစ်ကြိမ်လေး စဉ်းကျော်ခဲ့ဖူးသည်။ သို့သော် ကိုယ်ဝန်ရှိနေပါပြီဟုပြော၍ ရှေ့နောက်စဉ်းစားချိန်ပင် မရတော့ပါပဲ ဖွတ်မိုတ်လက်ထပ်ခဲ့သည်။ သူ မှားခဲ့သည်။ ပြင်လို့မရတဲ့ အမှားကို သူ လွယ်လွယ်နဲ့ ကျူးလွန်ခဲ့မိသည်။

လက်ထပ်ပြီး တစ်လလောက်ကြာမှ ငွေချိုင်းဖြူထံ ကိုယ်ဝန်မရှိမှန်း သူ သိခဲ့သည်။ သူ ပေါက်ကွဲခဲ့သည်။ ငွေချိုင်းဖြူကို အပြစ်တွေတင်ခဲ့သည်။ ဒီလိုမှန်းသာသိခဲ့ရင် ငွေချိုင်းဖြူကို သူတာဝန်မယူခဲ့ပါဘူးဟုပင် တွေးခဲ့မိသည်။ သို့သော် 'မင်းက ယောက်ျားကောင်းတစ်ယောက်ပါ' ဟူသော သံဝရရဲ့ ချီးကျူးစကားကြောင့်သာ ငွေချိုင်းဖြူအပေါ် အမြင်ပြန်ကြည်လင်သွားခဲ့ခြင်း ဖြစ်သည်။ သည်းခံနိုင်ခဲ့သည်။ Lady First ဟု ရင်ထဲမှာမှတ်ထားပြီး အရာရာ ရှေ့တန်းတင်ပေးခဲ့သော်လည်း





သူ မပျော်ရွှင်ပေ။

ငွေချိုင်းဖြူသည် သူ့အပေါ်လွှမ်းမိုးလွန်း၏။ ချုပ်ချယ်လွန်းသည်။ တစ်နေ့တာ သူ့သွားလာသမျှကို အစီရင်ခံတင်ပြရသည်။ အသုံးစရိတ်ကို ရှင်းပြရသည်။ သူသည် အသက်နှစ်ဆယ့်ခုနစ်နှစ်ရှိပြီဖြစ်သော အိမ်ထောင်သည်ယောက်ျားတစ်ယောက် ဖြစ်သည်။ ပြီးနောက် အဆင့်မြင့်စားသောက်ဆိုင်ပိုင်ရှင်သူဌေးတစ်ယောက်လည်း ဖြစ်သည်။ စားသောက်ဆိုင်ကြီး၏ ဦးဆောင်သူဖြစ်သည်နှင့်အညီ မိသားစုကိုလည်း ဦးဆောင်ချင်သည်။ သို့သော် ငွေချိုင်းဖြူက သူ့ဆန္ဒကို လျစ်လျူရှုခဲ့သည်။ သူ့ရင်ထဲ ဘာတွေရှိသလဲ ... သူက ဘာဖြစ်ချင်ခဲ့သလဲဆိုတာမျိုးကို ဘယ်သောအခါမှ စဉ်းစားပေးသူ မဟုတ်ချေ။ သူလုပ်သမျှကိစ္စအားလုံးသည် အမှားဖြစ်ပြီး ငွေချိုင်းဖြူ လုပ်သမျှကိစ္စတိုင်းသည် အမှန်ဖြစ်ခဲ့သည်။

ငွေချိုင်းဖြူသည် ဘယ်လောက်ပဲ မှားယွင်းတဲ့ကိစ္စကို လုပ်ထားပါစေ အမှန်သာဖြစ်ရသည်။ နှုတ်ခမ်းပါးလှလှလေးနှင့် အပြစ်များကို ရှောင်လွှဲတတ်သည်။ လောကလူအားလုံးသည် အဖြူကို အဖြူလို့မြင်စေဦးတော့ ငွေချိုင်းဖြူက အဖြူကို အမည်းပြောလျှင် သူလည်း ရောယောင်မည်းလိုက်ရသည်။ မဟုတ်ပါဘူး ... အမည်းပါဟူသော အငြင်းဝါကျမျိုးလုပ်ခဲ့ပါလျှင် ငွေချိုင်းဖြူသည် ပြဿနာရှာ၍ဆုံးတော့မည် မဟုတ်တော့ပေ။

သူ၏အိပ်ချိန်များတွင်ပါ စကားနာထိုးတော့မည်ဖြစ်သည်။

တစ်နေ့ကုန် အလုပ်ပင်ပန်းလာခဲ့သည်မို့ အိမ်ပြန်ရောက်ပါက

နားအေးပါးအေး နားချင်သည်။ သို့သော် ငွေချိုင်းဖြူသည် သူ့နားနှင့် သူ့စိတ်ကို အနားပေးမည့်လူမျိုး မဟုတ်ပေ။ သူ စိတ်ပျက်လှပါပြီ။ စိတ်ကုန်လှပါပြီ။

အိမ်ထောင်သက်ငါးနှစ်အတွင်း အကြိမ်ကြိမ်ကွာရှင်းဖို့ ကြိုးစားခဲ့ဖူးသည်။ သို့သော် ကွာမည့်အချိန်တိုင်း ကိုယ်ဝန်ရှိနေပြီဆိုသော စကားလုံးနှင့် တုတ်နှောင်ခဲ့သည်။ သူ ခြေချုပ်မိခဲ့သည်။ သို့သော် နောက်ဆုံးတွင် ကိုယ်ဝန်ပျက်ကျသွားတယ်ဆိုပြီး ဆေးရုံနှစ်ရက်လောက် တက်ပြလိုက်ရင်ပဲ သူ သနားသွားရပြန်သည်။

သည်းခံအောင့်နိုင်ရင် အောင်ပါတယ်ဆိုသောစကားလုံးသည် သူ့အတွက်များ ရည်ရွယ်ပြီးဖြစ်တည်လာသလားဟုပင် မတွေးကောင်းတာတွေ တွေးရလောက်တဲ့အထိ စိတ်ရှုပ်ခဲ့ရသည်။ ယခုတော့ ကွာရှင်းတော့မယ်လို့ သူ့ဘက်ကမပြောခင် 'ဖြူမှာ ကိုယ်ဝန်နှစ်လရှိနေပြီ' တဲ့လေ။

ယုံရမှာလား ... မယုံရဘူးလား ... သူ ဝေခွဲမတတ်နိုင်တော့ပေ။

ငွေချိုင်းဖြူကို ယုံချင်သေးပေမယ့် ငွေချိုင်းဖြူရဲ့လုပ်ရပ်များကို သူကြောက်သည်။

အိမ်သည် နွေးထွေးလုံခြုံသောမေတ္တာရိပ်မြုံဖြစ်သည်ဟု စာဆိုများက ခြယ်မှုန်းကြသော်လည်း သူ့အတွက်တော့ သုသာန်တစ်စပြင်နှင့် မခြားပေ။ ဝက်ပါပတ်လမ်းနှင့် မခြားပေ။ ခုတော့ ထိုဝက်ပါထဲ သူက တဝဲလယ်လယ်နှင့် လမ်းပျောက်နေသူပမာ မျက်စိသူငယ် နားသူငယ်





ဖြင့် တောင်သွားရကောင်းနိုး မြောက်ပြေးရကောင်းနိုး။

နောက်ဆုံးတော့ သံဝရဆီပဲ ရောက်ရပြန်ခြင်းဖြစ်သည်။ သံဝရဆီက အကြံကောင်းဉာဏ်ကောင်း ရလိမ့်မည်ဟု မျှော်လင့်သည်။ ထွက်ပေါက်မဟုတ်တောင် စိတ်သက်သာရာ ရလိမ့်မည်ဟု ထင်ထားသည်။ ထင်ထားသည့်အတိုင်းပင် သံဝရက သူ့ကို အလင်းပြလိုက်ပြန်သည်။ မှန်သည်။

ငွေချိုင်းဖြူက Ultrasound ရိုက်တဲ့အချိန် သူ ... ငွေချိုင်းဖြူအနီးတွင် မရှိချေ။ ဒါကြောင့် သူ့ကိုလိမ်လို့ရသည်။

သို့သော် လိမ်ပုံမလား ... မနက်က ထမင်းဝိုင်းတွင် ငွေချိုင်းဖြူ ပျို့အန်ခဲ့တာကို သူ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။ ခါတိုင်း ငွေချိုင်းဖြူ လိမ်ညာချိန်ဆို ခုလိုသဘာဝမကျပေ။ ထို့ကြောင့် ဒီတစ်ခါတော့ ငွေချိုင်းဖြူ မလိမ်ဘူးဟုထင်သည်။

"မင်း ... ဘာကို အဲဒီလောက်တွေးနေတာလဲ ... နေညီ။ မင်း ဘာဖြစ်ချင်တာလဲ ... ဘာလုပ်ချင်တာလဲ ... ငါ့ကို ပွင့်ပွင့်လင်းလင်း ပြော။ မင်းအတွက် ငါ ဘာမဆိုလုပ်ပေးဖို့ အဆင်သင့်ပဲ။ သူသွားခဲ့တဲ့ဆေးရုံကိုသွားပြီး ဆေးမှတ်တမ်း မှန်မမှန် စုံစမ်းပေးရမှာလား"

"ရတယ် ... သံဝရ ... မစုံစမ်းနဲ့တော့"

"ဘာလို့လဲ ... မင်း ... သူ့ကို ယုံနေပြန်ပြီလား နေညီ"

"ဒီတစ်ခါတော့ ငါ သူ့ကို ယုံကြည်လိုက်မယ်"

နေညီ့စကားကြောင့် သံဝရ စုတ်တစ်ချက် သပ်လိုက်သည်။

သံဝရ သိပ်စိတ်ပျက်သွားလို့ပဲဖြစ်သည်။ နေညီ့နှုတ်မှ သူ့ကို ယုံကြည်လိုက်မယ်လို့ပြောတာ ဒီတစ်ကြိမ်တည်းကတော့လို့လား။ စိတ်ပျက်တယ်။ စိတ်ကုန်တယ်ပြောလိုက် ငွေချိုင်းဖြူက လိမ်ပြန်လျှင် ယုံကြည်မယ်ပြောလိုက် ... အလိမ်ပေါ်သွားရင် စိတ်ကုန်လိုက်နှင့် အခုလည်း အိမ်ထောင်သက်ငါးနှစ် ရှိခဲ့ပါပြီ။

"ငါ ... သူနဲ့ကွာရှင်းတော့မယ်"

ဟုပြောတာ တစ်ပတ်မပြည့်သေးပေ။

သို့သော် ... ကိုယ်ဝန်နှစ်လရှိပြီဆိုသောစကားကို ယုံကြည်လိုက်မယ်တဲ့။

"ဘာလို့လဲ သံဝရ။ ငါ ... အဲဒီလိုဆုံးဖြတ်တာ မကောင်းလို့လား။ မင်းစိတ်ထဲ သဘောမတွေ့ဘူးလား။ သဘောမတွေ့ရင်ပြောနော်။ ငါ့ဆုံးဖြတ်ချက်ကို ငါပြင်မယ်"

နေညီက ထိုသို့ပြောလာပြန်သောအခါ သံဝရထံတွင် ပြောစရာစကားလုံးက ရှားပါးသွားရပြန်သည်။ နေညီစိတ်ထဲက ဖြစ်ပေါ်လာတဲ့ဆန္ဒကို ဘာခွန်အားနဲ့ တားရမှာတဲ့လဲ။ မလုပ်နဲ့ ... မယုံနဲ့ ... ကွာရှင်းလိုက်တော့ဆိုပြီး မီးလောင်ရာ လေပင့်ပြောရမှာလား။ အကယ်၍ငွေချိုင်းဖြူဗိုက်ထဲမှာသာ ကလေးက အမှန်တကယ် ရှိနေရိုးမှန်လျှင်ကွဲကြ၊ ကွာကြဖြစ်ပါက နေညီ့ကိုသာ ပတ်ဝန်းကျင်က မကောင်းပြောကြမည်။ နေညီက ခေါင်းငုံ့ကာ အရှုံးပေးနေရမည့်အဖြစ်မျိုးကိုလည်းသံဝရ မလိုလားပေ။ ထို့အတူ ငွေချိုင်းဖြူ၏ ကြိုးဆွဲရာကနေရသောနေညီ၏ဘဝကိုလည်း မကြည့်နိုင်ကာပေ။



"မင်း ... စိတ်ထဲမှာရှိတဲ့အတိုင်း ဆုံးဖြတ်ပါ။ မဟုတ်ရင် မင်းပဲ နောင်တရလိမ့်မယ်။ ကိုယ် နောင်တရလာနိုင်တဲ့ကိစ္စမျိုးကိုတော့ ဘယ်တော့မှ မလုပ်ပါနဲ့။ ငရဲပဲဖြစ်စေဦးတော့ လမ်းရှိရင် အဆုံးထိလျှောက်ရမှာပဲ။ ရပ်နေလို့မှ မရတာ။ အချိန်က ပြောင်းလဲတဲ့သဘောရှိပါတယ်"

"အကယ်၍ အချိန်တွေကိုသာ နောက်ပြန်ရစ်လို့ရခဲ့ရင် အဲဒီငွေချိုင်းဖြူနဲ့ တစ်ညတာအမှားကို ရောက်သွားချင်တယ်။ ငါ ပြန်ပြီးပြုပြင်ချင်တယ်"

"ပြီးခဲ့တာတွေလည်း ပြီးပါပြီ။ မချိတင်ကဲ ဝမ်းနည်းနေရုံနဲ့ပြီးတာမှ မဟုတ်တာ။ ငွေချိုင်းဖြူကို ယုံကြည်ဖို့ဆုံးဖြတ်ထားပြီ မဟုတ်လား။ ဆုံးဖြတ်ထားတဲ့အတိုင်းသာ ယုံလိုက်ပါတော့။ အဲဒါမှ မင်းစိတ်ထဲလည်း နေသာထိုင်သာရှိမယ်"

သံဝရသည် ပြောပြောဆိုဆိုပင် အေးနေပြီဖြစ်သော ကော်ဖီကို တစ်ငုံသောက်လိုက်ပြန်သည်။

"ကဲ ... အခု မင်း စိတ်ပြေလက်ပျောက် ဘယ်သွားချင်သလဲ။ ငါ ဘယ်ပို့ပေးရမလဲ"

"မသွားတော့ပါဘူး အိမ်ပဲပြန်တော့မယ်။ တကယ်တော့ အိမ်မပြန်ချင်သေးဘူး။ ဒီတစ်ညတော့ ဟိုတယ်မှာပဲ အေးအေးဆေးဆေးအိပ်ချင်တယ်။ ဒါပေမဲ့ ငွေချိုင်းဖြူအကြောင်းလည်း မင်းသိတယ်မဟုတ်လား။ ငါရှိတဲ့နေရာကို မရမကစုံစမ်းပြီး လိုက်လာနေဦးမှာပဲ။ မင်းပဲစိတ်ရှုပ်နေရမယ်။ ကဲ ... သွားကြရအောင် ... ပြန်ကြတာပေါ့ကွာ"

နေညီသည် ပြောပြောဆိုဆိုပင် ထရပ်လိုက်သည်။

"ပိုက်ဆံရှင်းရဦးမယ်လေ"

ဟုဆိုကာ သံဝရက ဘဲလ်ကိုနှိပ်သည်။

သိပ်မကြာခင်မှာပဲ Waiter လေး ရောက်လာ၏။

သံဝရက ထုံးစံအတိုင်းပင် ငွေရှင်းပြီးမှ ထရပ်သည်။ သံဝရ အရပ်သည် ရှည်လွန်းသောကြောင့် ထီးဖြင့် အလှဆင်ထားသောအမိုးကို တိုက်မိသည်။ ထိုအခါ ထီး၌တွဲလွဲခိုနေသော မိုးရေအမှုန်အမွှားများ သည် သံဝရနဖူးပေါ် စီးကျသွားသည်။

"အိုး ... ပြဿနာပဲ"

သံဝရသည် မိုးရေနှင့် မတည့်ပေ။ မိုးရေထိပါက နှာစေးတတ် သည်း ဒါကိုသိနေသော သူက တစ်သျှူးဘူးထဲမှ တစ်သျှူးစများကို ဆွဲယူကာ ပြာပြာသလဲပင် သံဝရနဖူးမှ ရေစက်များကို သုတ်ပေးလိုက် သည်။

"ငါ့အရပ်က ထင်ထားတာထက် ပိုမြင့်ပုံရတယ်။ မင်းက လွတ် သွားပြီ ငါက မိသွားတယ်"

အမှန်က သူနှင့်သံဝရသည် ကိုယ်အလေးချိန်ချင်းလည်း တူ သလို အရပ်အမောင်းချင်းလည်း တူသည်။ သို့သော် သူက သတိထား နေသူဖြစ်၍ ခါးကိုကိုင်းပြီး ထရပ်ခြင်းဖြစ်သည်။

"ခေါင်းမှာရော စိုသွားသေးလား"

"စိုမယ်မထင်ဘူး။ စိုစိစိ အထိအတွေ့မျိုး မခံစားရဘူး"

အသုံးပြုပြီးသားတစ်သျှူးကို အမှိုက်ပုံးထဲထည့်ကာ ထွက်ဟန်





အပြုတွင် waiter က ရောက်လာပြန်ပြီး ငါးရာတန်တစ်ရွက် အမ်းသည်။

"တော်ပြီ ... ညီလေး ... ယူလိုက်တော့"

သံဝရသည် ဩဇာအာဏာပြည့်သူဖြစ်သည်။ အသံသည် ဩရှရှဖြစ်ပြီး အမိန့်သံဆန်သည်။

"ကဲ ... မင်းနဲ့ငါ ဒီမှာပဲ လမ်းခွဲကြတာပေါ့။ ဖုန်းဆက်လိုက် မယ်နော်။ အဆင်ပြေပါစေကွာ"

သံဝရသည် ငွေမင်ရောင်ပါဂျဲရိုးပေါ် ခွေ့ခနဲတက်ပြီး သူ့ကို လက်ပြကာ ထွက်ခွာသွားသည်။

သံဝရ၏ကားလေး မြင်ကွင်းမှပျောက်ကွယ်သွားချိန်ထိ သံဝရ ကို သူငေးကြည့်နေဖြစ်သည်။

သံဝရနှင့် စကားပြောရသောအချိန်သည် စိတ်ကြည်နူးစရာ အကောင်းဆုံးနှင့် အပေ့ါပါးဆုံးဖြစ်သည်။

ရပါပြီ ... အဲ့ဒီလောက်ထိလေး ပြေလျော့သွားရင်ပဲ ငွေချိုင်း ချုကိုရင်ဆိုင်ဖို့ အားသစ်တွေဖြစ်လာရပါပြီ။

"ကျေးဇူးပဲ သံဝရ ... ငါ့မှာ မင်းရှိလို့သာပဲ။ မင်းမရှိရင် ငါ လောကကြီးကို စိတ်ကုန်နေတာ အတော်ကြာလောက်ပြီ"

သူ့ရင်ထဲ၌သာ အသံတိတ်ပြောလိုက်မိသည်။

သို့သော် ထိုစကားကို သံဝရက ကြားနိုင်လိမ့်မည်ဟု ထင် သည်။ ဘာလို့လဲဆိုတော့ ဒီကမ္ဘာပေါ်တွင် သူ့ကို နားလည်နိုင်ဆုံးလူ သည် သံဝရတစ်ယောက်သာရှိ၍ဖြစ်သည်။ သူကလည်း သံဝရကို နားလည်သည်။ ဘယ်လောက်ပဲမစုံစမ်းပါနဲ့ပြောပါစေဦး သံဝရသည်

ငွေဖျိုင်းဖြူ၏ ကိုယ်ရေးကိုယ်တာကို စုံစမ်းဦးမည်ဖြစ်သည်။ ဘာတွေ သိရဦးမှာလဲ ... ဘာတွေကြားရဦးမှာလဲ ... စိတ်ကုန်စရာ ဘာကိစ္စတွေ ပေါ်လာဦးမှာလဲ။ ရင်တထိတ်ထိတ် ဖြစ်နေသည်။

သို့သော် ကြောက်လန့်၍ မကြားချင် ... မသိချင်လို့မှ မရတာ။ ကြားသင့်တာကို နားထောင်ရမည်။ မသိသင့်တာကို မသိချင်၍ မရပါ။ ကိစ္စတိုင်းကိုလည်း မသိချင်ယောင်ဆောင်ပြီး ကျော်သွားလို့မရနိုင်ပေ။

သူ အားမွေးထားဖို့သာလိုသည်။

သံဝရ ပြောလာမည့်အမှန်တရားကို နားထောင်နိုင်စွမ်းကို မွေးမြူထားရလိမ့်မည်။

သံဝရကို အိမ်ပဲပြန်လိုက်တော့မယ်ဟု ပြောလိုက်ရသော်လည်း အမှန်က သူ အိမ်မပြန်ချင်သေးပေ။ အိမ်သည် သူ့အတွက်တော့ ပင့်ကူအသိုက်တစ်ခုသာ ဖြစ်သည်။


ဘယ်ကပေါ်လာမှန်းမသိတဲ့ အမျိုးအမည်မသိသော ကြိုးများဖြင့် သူ့ကို ရစ်ပတ်ချုပ်နှောင်ထားသည်။

သည်အချုပ်အနှောင်များထဲမှ သူ လွတ်လပ်ချင်လှပါပြီ။ လွတ်လပ်စွာ ပျံသန်းချင်လှပါပြီ။ လွတ်လပ်သောအရသာကို မြည်းစမ်းချင်လှပါပြီ။ သို့သော် ...









"မောင် ဒီနေ့စောသားပဲ"

ကားပေါ်က ဆင်းဆင်းချင်းပင် ငွေဖျိုင်းဖြူ၏အသံကို ကြားလိုက်ရသည်။ ထေ့လုံးလား ... ရိလုံးလားဆိုတာ ဝေခွဲမရပါ။

ကားတံခါးကိုဆောင့်ပိတ်ပြီး ငွေဖျိုင်းဖြူကို လှည့်ကြည့်လိုက်သောအခါ သူ့မျက်လုံးတွေ ပြာဝေသွားသည်။

"ဘာလို့လဲ မောင် ... သရဲတွေ့လို့လား"

သရဲတွေ့တာထက် ပိုပြီးကြောက်ဖို့ကောင်းတဲ့အရာကို တွေ့လိုက်၍ဖြစ်သည်။ ကိုယ်ဝန်သည်အင်္ကျီနှင့် ငွေဖျိုင်းဖြူ။

ငွေဖျိုင်းဖြူက ဗိုက်ကလေးကော့ပြကာ သူ့ကို ပြုံးထေ့ထေ့ကြည့်နေလေသည်။ ရှင် ဘာတတ်နိုင်သေးသလဲ ... ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီလေ။ ဒီတစ်သက် ရှင် ကျွန်မ ချည်ထားတဲ့အမျှင်တန်းများထဲက ရုန်းထွက်နိုင်တော့မှာမဟုတ်ပါဘူးဟု လှောင်ပြောင်နေသည် ဟု ခံစားရသည်။

"မ ... မဟုတ်ပါဘူး ... ဒီလိုပုံကြီး ရုတ်တရက်တွေ့လိုက်ရလို့ အံ့ဩသွားတာပါ။ ကိုယ်ဝန်က ခုမှ နှစ်လဆို"

"လက နုသေးပေမယ့် ဝတ်ကြည့်ထားတာလေ။ ဘယ်လိုလဲ

မောင် ... ဒီအကျီက ဖြူနဲ့လိုက်ရဲ့လား"

မှန်တာပြောရရင် မလိုက်ပေ။ ပိန်သေးသေး ကိုယ်လုံးကို ဂုန်နီအိတ်ကြီး စွပ်ထားသလို ပုအိုက်အိုက်ကြီးဖြစ်နေသည်။ သို့သော် မှန်ရာကို သံတော်ဦးတင်ပြန်လျှင်လည်း တစ်ညလုံး အိပ်မရအောင် ပွစိပွစိလုပ်နေမှာစိုးရပြန်သည်။ ထို့ကြောင့် မရှိသောသွားကိုဖြဲကာ ...

"လှပါတယ်။ မိန်းမတွေက ကိုယ်ဝန်ဆောင်တဲ့အချိန် အလှဆုံးလို့ဆိုရိုးရှိတယ် မဟုတ်လား"

"ဆိုရိုးကြောင့်ပေါ့ ဟုတ်လား ... မောင့်စိတ်ထဲကတော့ တကယ်မပါဘူး မဟုတ်လား"

ဟော ... ဖြစ်ပြန်ပြီ။ စကားလုံးတစ်လုံးတောင် အမှားမခံပါလားနော်။

"မင်းက မလှဘူးဆို မောင်က မင်းကို လက်ထပ်ခဲ့ပါ့မလား ဖြူရယ်။ မောင် အလှမက်တာကို မင်းလည်း သိသားနဲ့"

"ဒါကြောင့် ကလပ်တို့၊ မာဆပ်တို့ မကြာမကြာ သွားနေတာပေါ့လေ ... ဟုတ်လား။ အိမ်ကအလှတော့ ရိုးနေပြီဆိုတော့ အသစ်အဆန်းလေးတွေကို သွားခံစားတာပေါ့လေ ... ဟုတ်လား"

ပြဿနာက စပါပြီ။ ငါ ကလပ်သွားတာ ... မာဆပ်သွားတာ မင်း ဘယ်နှစ်ခါမြင်သလဲ ပြောစမ်းပါ။ မျက်မြင်ရှိခဲ့ရင် ငါ့ကို ရန်တွေ့လိုက် ... ငါ ခေါင်းငုံ့ခံမယ် ... ဟုသာ ရန်စကားဆိုလိုက်ချင်သည်။ သို့သော် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဖြူသဘော၊ ဖြူစကားကို လွန်ဆန်ဝံ့သူ မဟုတ်။ ကိုယ်မှန်နေလည်း ခေါင်းငုံ့ခံရမည်ဟု



ဝင့်ကြွေးက သတ်မှတ်ပေးပြီးဖြစ်သည်။

"ဘယ်မိန်းမ ... ဘယ်လောက်လှလှ မောင့်နှလုံးသားထဲ အဲဒီအလှက မထိုးဖောက်နိုင်ပါဘူး။ လောကမှာ မိန်းမသားဆိုလို့ မောင့်အတွက်တော့ ဖြူတစ်ယောက်တည်း ... "

မရွှေစာက ပြုံးတော်မူလာသည်။ ထိုအခါမှ သူလည်း အသက်ရှူချောင်သွားရ၏။

ငွေမျိုးဖြူနှင့် နေထိုင်လာရင်း မိန်းမတွေအကြောင်း သူသိလာရသည်က မိန်းမများသည် မုသားစကားကို ခုံမင်သည်။ နှစ်သက်သည်။ အမှန်တရားကို မျက်ကွယ်ပြုသည်။ လက်မခံလိုကြပေ။

အလိမ်အညာစကားကို သူမုန်းသော်လည်း ယခုတော့ အိမ်ထောင်ရေးအတွက်လိုအပ်၍ သင်ယူပြီးဖြစ်နေသည်။ စိတ်ပျက်လှပါပြီ။ ငွေမျိုးဖြူနှင့် အဆင်ပြေနိုင်ရေးအတွက် သူ့ကိုယ်သူ နှမြောမိသည်။ ဆုံးရှုံးသွားသော ရိုးဖြောင့်မှုအတွက်လည်း ဝမ်းနည်းသည်။ သူ မလိမ်ချင်ပါ။ လိမ်ရတဲ့အခြေအနေကိုလည်း ညည်းငွေ့လှပါပြီ။

"ဒီကောင်လေးက လာဘ်ကောင်လေး ထင်တယ် ,... မောင် အချိုးတွေဘာတွေပါ ပြောင်းကုန်ပြီ"

ငွေမျိုးဖြူက ဗိုက်ကိုငုံ့ကြည့်ပြီး ယုယုယယ ဆိုပြန်သည်။ ဒီတစ်ခါတော့ တကယ်များလား ... တကယ့်ကိုယ်ဝန်အစစ်လား ...

"ပေး ... အဲဒီအိတ်။ ဖြူ ကူသယ်ပေးမယ် ... အလုပ်တွေပါလာသေးလား"

"အင်း ... နည်းနည်းပါ။ ညတော့ စာရင်းတွေစစ်ရမယ် ...

လကုန်ရက်လေ။ မနက်ဖြန် ဝန်ထမ်းတွေကို လစာပေးရမယ်"

ဘာအထအနများကောက်နေဦးမလဲဟု ရင်တမမဖြစ်နေရသော်လည်း ငွေမျိုင်းဖြူက သူ့လက်ထဲမှအိတ်ကိုယူ၍ကာ သူ့လက်မောင်းကို တွဲခိုလာသည်။

"ဒီနေ့ မောင်ကြိုက်တတ်တဲ့ ငါးပြေမဟင်း ချက်ထားတယ်။ ငါးပြေမက အတုရှိတယ်ပြောလို့ ဖြူကိုယ်တိုင် ဈေးထွက်ဝယ်ထားတယ်"

မှန်တာပြောရလျှင် သူ ဗိုက်မဆာပါ။ သို့သော် မဆာဘူးဟု ပြောပြန်လျှင်လည်း ဘယ်မိန်းမနဲ့ ညစာအတူစားလာသလဲဆိုပြီး ယုန်ထင်ကြောင်ထင် ဖြစ်နေဦးမည်။ ထို့ကြောင့် ဆာချင်ယောင်ဆောင်ရတော့မည် ဖြစ်သည်။

"ခဏနားပြီး ဖြူနဲ့အတူ ထမင်းစားမယ် ... မဟုတ်လား"

"ဖြူ ဆာရင်စားနှင့်လေ။ မောင် ရေချိုးဦးမှာနဲ့ဆို နည်းနည်းကြာဦးမယ်"

"မစားပါဘူး။ ဖြူက ဆာလွန်းလို့စားတာမှ မဟုတ်တာ။ မောင်နဲ့ ထမင်းလက်ဆုံ စားချင်လို့ဟာကို။ ကဲပါ ... အိမ်ထဲဝင်ပါဦး"

ငွေမျိုင်းဖြူ ဆွဲခေါ်ရာနောက်သို့ လိုက်ပါလာရပြန်သည်။

"ကိုယ်ဝန်ရှိနေပြီလို့ မေမေ့ကိုပြောလိုက်တယ်"

လေ့ကားတက်နေသော သူ့ခြေလှမ်းများ ရပ်သွားသည်။

ငွေမျိုင်းဖြူကို သံသယဖြင့် ကြည့်လိုက်သည်။ ဒီတစ်ခါတော့ မှန်ကန်နေပြီပေါ့။ တကယ့်ကိုယ်ဝန်အစစ်ပေါ့။

"မောင့်မျက်လုံးတွေက ဘာလဲ ... ဖြူကို မယုံလို့လား"





"အံ့ဩလို့ပါ။ ခါတိုင်းကိုယ်ဝန်တော့ လူကြီးတွေကို အသိမပေးဘဲ ... ခုမှ ..."

"ခုဟာက တကယ့်ကိုယ်ဝန်မို့ပေါ့ ... မောင်ရဲ့။ ဘာလဲ မောင်က ဖြူကို လူညာလို့ထင်နေတာလား။ ဖြူက ညာခဲ့တယ်ပဲထားပါတော့ ဘယ်သူကောင်းဖို့လဲ ... ဘယ်သူ့အတွက်လဲ ..."

သူ အမုန်းဆုံးစကားဖြစ်သည်။ သူ့ကြောင့် သူ့ခြေငြိမ်အောင်လို့ ထိန်းသိမ်းရတာပါဆိုတဲ့ဆင်ခြေတွေ လာဦးမည်ဆိုတာ ကြိုသိတဲ့အတွက် အလကားတော့ လေကုန်မခံချင်တော့ပေ။ ထွက်စရာဒေါသတို့လည်း မရှိတော့ပါ။

ငွေမျိုင်းဖြူက အမှားဆိုတာ ငါ၏အဘိဓာန်မှာ မရှိဟု ယူဆထားသူဖြစ်သောကြောင့် သူ စကားဆက်မပြောချင်တော့ပေ။ ဆက်ပြောနေလျှင် အခြေအနေ တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်သည်။

"မောင် ..."

"မောင် နားချင်ပြီ ဖြူ"

တွဲခိုထားသော ငွေမျိုင်းဖြူ၏လက်ကို ဖြုတ်ချပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ နောက်တွင် ငွေမျိုင်းဖြူက ထပ်ချပ်မကွာ လိုက်လာမည်ကို သိသည်။ ငွေမျိုင်းဖြူ၏ ပွစိပွစိ နှုတ်ခမ်းပါးကို ရှောင်လွှဲဖို့က တစ်ခုတည်းရှိသည်။

ရေချိုးခန်းထဲဝင်ပြီး ရေအကြာကြီး ချိုးရုံပေါ့။

အခန်းထဲရောက်ရောက်ချင်း ကုတင်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချကာ စည်းထားသော နက်ခ်တိုင်ကို လည်ပင်းမှဖြုတ်လိုက်

ချိန်ထိ တင်းကျပ်နေသောစိတ်များ ပြေလျော့မသွားသေးပေ။

ဝတ်ထားသော ရှပ်အင်္ကျီကြယ်သီးများကို ဖြုတ်လိုက်သည်။

"ဟင် ... မောင် ရေချိုးတော့မလို့လား။ ခုမှပြန်ရောက်တာ နားပါဦးလား"

"ရေချိုးခန်းထဲ ရေစိမ်ရင်းပဲနားတော့မယ်"

"အို ... မဖြစ်ပါဘူး။ နေ့လယ်ကပဲ မိုးက သည်းသည်းထန်ထန် ရွာထားတာ နှာတွေ စေးနေပါ့မယ် မောင်ရယ်။ ဒီနေ့တော့ ရေမစိမ်ပါနဲ့တော့"

"တကိုယ်လုံးညောင်းညာနေတယ် ... ဖြူ ... မောင့်ဆန္ဒကို မတားပါနဲ့။ ရေချိုးတာလေးတော့ မောင့်သဘောနဲ့မောင် ဆုံးဖြတ်ပါရစေ"

"မောင့်စကားလုံးတွေက ဘာလဲ ... ဖြူက မောင့်ရဲ့လွတ်လပ်ခွင့်ကို ပိတ်ပင်ချုပ်ကိုင်နေတယ်လို့ ထင်နေတာလား ... မောင်။ ဖြူ့ရင်ထဲက စေတနာတွေ၊ အချစ်တွေကို မောင် ဘယ်တော့မှမမြင်မှာလဲ"

မင်းက ငါ့ကိုချစ်နေတာ မဟုတ်ဘူး ဖြူ ... သိမ်းပိုက်ချင်နေတာ ... မင်း ငါ့ဘဝကို လွှမ်းမိုးချင်နေတာ။

"မောင့်မျက်လုံးတွေက ဘာလဲ ... ဖြူ့ကို ဘာပြောချင်တာလဲ။ တည့်တည့်ပြောပါ ... မောင် ... အဲဒီလိုမျက်လုံးတွေနဲ့ ဖြူ့ကို မညှဉ်းဆဲပါနဲ့"

သူ မျက်လုံးပိတ်လိုက်သည်။ အသက်ကို မှန်မှန်ရှူသည်။



စိတ်လျှော့လိုက်ပါ။ မိန်းမသားတစ်ယောက်နဲ့ ဖက်ပြိုင်ပြီး အချေအတင် မဖြစ်ပါနဲ့ဟုသာ သူ့ကိုယ်သူ ဖြေသိမ့်မိသည်။

"တော်လောက်ပြီ ဖြူ ... မောင် မင်းနဲ့ ရန်ဖြစ်ချင်စိတ် မရှိဘူး"

တဘက်ကိုဆွဲပြီး ရေချိုးခန်းထဲ ဝင်လိုက်သည်။

"ဒုန်း ... ဒုန်း ... "

တံခါးပိတ်လိုက်သော်လည်း တံခါးထုသံက သူ့လွတ်လပ်မှုကို နှောင့်ယှက်ပြန်သည်။

"မောင် ... ထွက်လာပါ။ အဲဒီလို ရှောင်လွှဲမနေနဲ့။ ဖြူ့ကို ဒေါသဖြစ်ရင် အော်ငေါက်လိုက်ပါ။ ဖြူနဲ့မောင် အပြန်အလှန် ပွင့်ထွက်အောင်အော်ပြီးရင် ပြီးသွားမယ့်ကိစ္စကို ဘာအတွက် ရှောင်လွှဲနေတာလဲ။ မောင့်စိတ်ထဲမှာ ဘာတွေတွေးနေတာလဲ"

သူ ရေပန်းကို ဖွင့်ချလိုက်သည်။ အင်္ကျီကို မချွတ်တော့ပါဘဲ ရေပန်းအောက် ဝင်ရပ်လိုက်သည်။

ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲ ရှုပ်ထွေးမွန်းကျပ်နေသည်။ နေထိုင်ရသောဘဝကို ဘဝင်မကျပေ။ ဒေါသတကြီး စိတ်ရှိလက်ရှိ အော်ဟစ်ပေါက်ကွဲလိုက်ချင်သည်။ သို့သော် ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာတို့ကြောင့် အရာရာကို ချင့်ချိန်မြိုသိပ်နေရသည်။

"မောင် ... အရမ်းကြီးကြာမနေနဲ့ဦးနော်။ နှာစေးနေမယ်"

ထိုအသံသည် ရေသံများနှင့်အတူရောစွက် သူ့နားထဲ ဝင်လာပြန်သည်။

"မင်း စဉ်းစားပါဦး နေညီ။ လက်ထပ်တယ်ဆိုတာ ကလေး ကစားနေတာ မဟုတ်ဘူး။ ဘဝကို အကျဉ်းချဖို့ ကြိုးစားနေတာ"

ငွေမျိုးဖြူနှင့် လက်ထပ်တော့မည်ဟု သံဝရကို ဖွင့်ပြော သောအချိန်က သံဝရ ပြောခဲ့သောစကားဖြစ်သည်။

"ဒါဆို ... ငါက ... ဘာလုပ်ရမှာလဲ။ ငါ့ရဲ့ တစ်ညတာအမှား ကြောင့် ... သူ ... သူ ... အခု ... ကိုယ်ဝန် ..."

"ဘာ ... ဘယ်လို ... ကိုယ်ဝန်ဟုတ်လား ... သူ့မှာကိုယ်ဝန် ရှိနေတယ်ပေါ့"

"ငါ ... မှားခဲ့တာပါ။ ငါ့အမှားပါ ... ငါ့အပြစ်ပါ"

"ဟာ ... မဖြစ်နိုင်တာ ... တစ်ကြိမ်တစ်ခါအမှားနဲ့ ဟာ လုံးဝယုတ္တိမရှိဘူး ... နေညီ။ ဒါ ... ဆင်ထားတဲ့အကွက်ပဲနေမှာ"

အဲဒီအချိန်ကသာ သံဝရ၏စကားကို မျက်ကွယ်မပြုခဲ့ပါလျှင် ပြဿနာက ခုလောက်ထိဆိုးလာလိမ့်မယ် မဟုတ်ပါ။

ခုတော့ သူလည်း မပျော်ရွှင်ရသလို ငွေမျိုးဖြူလည်း စိတ် ညစ်ရသည်။

ပြုပြင်လို့မရတဲ့အမှားကြီးသုံးခုတွင် သူက အဆိုးဆုံးသော ကိစ္စ ကြီးကို လုပ်ခဲ့မိပါပြီ။ ငွေမျိုးဖြူကလည်း အပျိုပြန်မဖြစ်နိုင်တော့သလို သူကလည်း လူလွတ်မဖြစ်နိုင်တော့ပေ။ ကြိုးများစွာနှင့် ငွေမျိုးဖြူနှင့် သူ့ကို တုပ်နှောင်ပြီးဖြစ်နေသည်။

ယခုတော့ ငွေမျိုးဖြူက သူ့ရဲ့ပွဲတက်မယား ... မည်သည့် ဖိတ်စာရောက်လာပါစေ ဦးနေညီနှင့် ဒေါ်ငွေမျိုးဖြူဆိုတာမျိုးက ယှဉ်





တွဲလျက်သားဖြစ်နေသည်။

တစ်ခါ မှားခဲ့ပြီးပါပြီ။ ဆက်မမိုက်လိုတော့ပေ။

ထို့ကြောင့် ကိုယ်ဝန်ဆိုတာကြီးက အစစ်အမှန် ဟုတ်သည် ဖြစ်စေ၊ အတုအယောင်ဖြစ်နေသည်ဖြစ်စေ သူ ... ငွေမျိုးဖြူကို နောက်ဆုံးအနေနှင့် ယုံလိုက်တော့မည်။

"ဒုန်း ... ဒုန်း ... မောင် ... ကြာနေပြီနော် ထွက်လာ တော့။ မထွက်လာရင် ရေချိုးခန်းမီးကို ဖြုတ်ပိတ်လိုက်တော့မှာနော်"

ဘာတတ်နိုင်ဦးမှာလဲ။ သူ ငွေမျိုးဖြူ၏ ချည်ကြိုးအောက်မှ လွတ်အောင် ရုန်းမထွက်နိုင်သူပဲ။ ငွေမျိုးဖြူပြသမျှ နရရုံပေါ့။

ကြွေဇလုံထဲမှ ထရပ်ကာ တဘက်ကို ခါးတွင်ချည်လိုက်ပြီး ကြွေဇလုံထဲမှရေကို ဖောက်ချလိုက်သည်။

ရေချိုးခန်းတံခါးကို ဖွင့်လိုက်သည်ဆိုရုံဖြင့် ငွေမျိုးဖြူက တဘက်သန့်သန့်တစ်ထည်ဖြင့် သူ့ကို ဆီးကြိုနေလေသည်။ ပြီးနောက် ကလေးတစ်ယောက်ကို ယုယသော ယုယခြင်းဖြင့် သူ့ကိုယ်ပေါ်မှ ရေစက်များကို သုတ်ပေးလေသည်။

ထိုအခါကျပြန်တော့ ငွေမျိုးဖြူကို သူ ငေးကြည့်မိသွားပြန် သည်။

နီရဲသော နှုတ်ခမ်းနှစ်လွှာက ဆေးမကူပါဘဲ သဘာဝအလျှောက် စိုရွှဲရွဲလေးဖြစ်နေသည်။ ဆံပင်ကို ခပ်မြောက်မြောက်စုချည်ထားသော ကြောင့် ဆံစနုများသည် နဖူးတွင် ကျိုးတို့ကျဲတဲဖြာကျနေ၏။ မိတ်ကပ် လူးမထားဘဲ သနပ်ခါးစစ်စစ်ကို ပါးကွက်ပါးပါးလေး လူးထားသဖြင့်

တစ်ချက်တစ်ချက်တွင် သနပ်ခါးနံ့သင်းသင်းကို ရှူရှိုက်မိသည်။

အမြင်မတင့်သော ကိုယ်ဝန်သည်အင်္ကျီကြီးကို ဘယ်အချိန် ချွတ်လိုက်မှန်း မသိချေ။ ယခုတော့လည်း အိမ်နေရင်းဝတ် ဂါဝန်တိုတို လေးနှင့် ကလေးတစ်ယောက်လို ကြွကြွလေး လှနေပြန်သည်။ ဂါဝန် အောက်မှ ခါးကျဉ်းကျဉ်းလေးက ကိုင်လှုပ်ချင်စရာပင်ကောင်းနေတော့ ၏။

"မောင် ... ဖြူ့ကို စိတ်ဆိုးနေတာလား။ ဖြူလည်း တစ်နေ့ ကုန်တစ်နေ့ခမ်း အိမ်မှာတစ်ယောက်တည်းနေရတာ ပျင်းလို့ပါ။ မောင် ပြန်လာမှ စကားကိုအတိုးချပြီး ပြောရတာလေ။ ဖြူ့ကြောင့် မောင် စိတ်အနှောင့်အယှက်ဖြစ်သွားတယ်ဆို ဖြူ တောင်းပန်ပါတယ်။ ဒါပေမဲ့ ခုလို ရေချိုးခန်းထဲမှာတော့ ကိုယ့်ကိုယ်ကို နှိပ်စက်ပြီးမနေပါနဲ့ ... မောင်ရယ် ... နော်"

မျက်ဝန်းလေးအဝိုင်းသားနဲ့ ယုန်သူငယ်လေးလို မော့ကြည့်နေ သော ဖြူ့ကို အနမ်းပေးလိုက်ချင်စိတ် ဖြစ်မိသည်။

သို့သော် သူ့စိတ်ကိုခိုင်ခိုင်ထားနိုင်မှ ဖြစ်မည်။ ဖြူက အလျှော့ ပေးလိုက်ရင် ကမ်းတက်တတ်သည့်မိန်းကလေးမျိုးဆိုတာ အတွေ့အကြုံ က သင်ပေးခဲ့ပါပြီ။

"မောင့်အတွက်အင်္ကျီ ဖြူ ထုတ်ပေးထားတယ် ... ဝတ်လိုက် နော်။ မောင်က အအေးကြိုက်ပေမယ့် ရေချိုးခန်းထဲမှာကြာနေလို့ ဖြူ အဲယားကွန်း ပိတ်ထားလိုက်တယ်။ ဩော် ... မောင် ရေချိုးခန်းထဲ မှာနေတဲ့အချိန် သံဝရဆီက ဖုန်းလာသေးတယ်"





သူ မျက်လုံးပြူးသွားသည်။ ဖြစ်နိုင်လျှင် သံဝရနှင့် ဖြူ့ကို ဖုန်းမပြောစေချင်ပါ။

"ဘာ ... ဘာတဲ့လဲဟင်"

"ဩော် ... ဘာရယ်မဟုတ်ပါဘူး။ မောင် ... ပြန်ရောက် ပြီလားတဲ့ ... ဘာလုပ်နေသလဲတဲ့ ... အဲဒါနဲ့ ဖြူလည်း ပြန်ရောက် ကြောင်းနဲ့ ရေချိုးခန်းထဲမှာ ရေချိုးနေကြောင်း ... ပြီးရင် လင်မယား နှစ်ယောက် ထမင်းလက်ဆုံစားမယ်ဆိုကြောင်းပါ ထည့်ပြောလိုက်သေး တယ်"

"သူ ဘာပြန်ပြောသလဲ"

"ဟွန့်အွန်း ... ဘာမှပြန်မပြောဘူး။ ဖြူ့စိတ်အထင်တော့ သူ စားသောက်ဆိုင်တစ်ခုခုမှာ ထင်တယ်။ အသံတွေကြားရတယ်။ ဒါနဲ့ ... မောင် ... သံဝရက ရည်းစားရနေတာလား"

"ဘာလို့မေးတာလဲ"

"သံဝရနားမှာ မိန်းကလေးသံ ကြားရလို့ပါ။ ဟီး ... ဟီး အသံက ပြာရှုရှုနဲ့ ချွဲနွဲ့နေပုံရတယ်။ ရယ်ရတယ်နော် ... ဖြူက သံဝရကို လူပျိုကြီးလုပ်တော့မယ် ထင်ထားတာ။ ဒီလူပျိုကြီးတော့ ကျွတ် ချိန်တန်ပြီထင်ပါရဲ့။ လူပျိုကြီးကိုချွတ်လိုက်တဲ့ ကညာပျိုကို ဖြူက မော် ဖူးချင်သား"

ငွေရိုင်းဖြူ၏ နောက်ပြောင်စကားများက သူ့ကို တုန်လှုပ်သွား စေသည်။

သံဝရ ဘယ်ကိုရောက်နေတာလဲ ... သူ မပါဘဲ ဘယ်တွေ

*လျှောက်သွားနေတာလဲ ... ပြုံသနာပဲ။* အကယ်၍ ထောင်ဖမ်းချင်တဲ့မိန်းကလေးနဲ့တွေ့ပါက သံဝရလည်း သူ့လို လှောင်အိမ်ထဲ ရောက်သွားနိုင်ပေမည်။ သူကတော့ မသိလို့မှားခဲ့သည်။ သံဝရကိုတော့ သူ့လို အဖြစ်မျိုး အရောက်မခံနိုင်ပါ။

သံဝရပဲဖြစ်ဖြစ် သူ့ကိုယ်စား ပျော်ရွှင်ရမည်။ လွတ်လပ်ရမည်။ မဖြစ်ပါ ... သံဝရသည် အပေါစားမိန်းကလေးများနှင့် အပျော်တမ်းတွဲ၍ မဖြစ်ပါချေ။

"ရော့ ... မောင် ... မောင့်အတွက် ပေါ့ပေါ့ပါးပါးဝတ်စုံပဲ ထုတ်ထားပေးတယ်"

ငွေချိုင်းဖြူ၏လက်ထဲမှ ဝတ်စုံကို ယူဝတ်နေမိသော်လည်း သူ့စိတ်တွေက သံဝရထံ ရောက်နေလေသည်။ သံဝရ ဘာလုပ်နေသလဲ ... သံဝရဘေးက မိန်းကလေးက ဘယ်သူလဲ ... ။

"ဖြူ ..."

"ဟင် ... ပြောလေ ... မောင်"

"မောင် ... အပြင်သွားမှဖြစ်မယ်"

"ဘာလို့လဲ ... မောင်။ ကိစ္စရှိလို့လား"

ဖြူ့အသံက သံသယတစ်ဝက် နှောနေသည်။ သို့သော် ယခုအချိန်မျိုးမှာ ထိုအသံကို သူ မဆန်းစစ်နိုင်အားပါ။

"မောင် ... ရုံးကိုပြန်သွားရမယ်။ စာရင်းတွေလုပ်ရမှာ ကျန်ခဲ့လို့"

"သြော် ... ဒါများ မောင်ရယ် ... ဒရိုင်ဘာ ကိုသောင်းကို





လွှတ်လိုက်ရောပေါ့။ ကိုသောင်းက စိတ်ချရပါတယ်"

"မဖြစ်ဘူး ဖြူ၊ မောင် မေ့နေတာ။ ဒီနေ့ ဆိုင်ကို ဗွီအိုင်ပီ ဧည့်သည်တွေ လာလိမ့်မယ်။ မောင် ... မေ့ပြီး ရုံးဆင်းလာတာ ဆောရီး ... ဖြူ"

"မောင် ... ဘယ်လိုဖြစ်နေတာလဲ ... မောင့်မျက်လုံးတွေက မရိုးသားဘူးနော်။ မောင် ... တစ်ခုခုဖြစ်နေတယ် မဟုတ်လား"

သူ မဖြေရှင်းချင်ပါ။

ထို့ကြောင့် ကားသော့နှင့် ဟမ်းဖုန်းကိုဆွဲယူပြီး ဝတ်ထားလက်စ အဝတ်ကိုပင် ပြန်မလဲနိုင်တော့ဘဲ ထွက်လာခဲ့သည်။

"နေဦး ... မောင် ... မောင် ဘယ်သွားမှာလဲဆိုတာ ဖြူကို ပြောသွားဦး"

ပြော၍မဖြစ်ပါ။ ရှင်းပြနေပါက ပြီးဆုံးနိုင်တော့မည်မဟုတ်ပေ။ အစစ်အဆေး အမေးအမြန်းထူလှတဲ့ ငွေချိုင်းဖြူကို လှည့်ပတ်ဖြေရှင်းနေရတာနှင့်ပဲ ဒီည သံဝရဆီ ရောက်တော့မည်မဟုတ်ပေ။

အိမ်ပြန်လာတော့မှ ဖြစ်ချင်ရာဖြစ် ခုတော့ ဖြူ့ဒေါသကို သူ ဂရုမစိုက်နိုင်ပေ။

"မောင် ..."

ငွေချိုင်းဖြူသည် ပြောပြောဆိုဆိုပင် သူ့ရှေ့၌ ပိတ်ရပ်လိုက်သည်။ ပြီးနောက် သူ့ကို စူးရှစွာစိုက်ကြည့်နေ၏။

"မောင် ... ဘယ်သွားမှာလဲ။ ဖြူ့ကို အမှန်အတိုင်းပြောသွားပါ။ ကလပ်လား ... မာဆပ်လား ... ဘယ်ကောင်မလေးနဲ့ ချိန်းထား

သလဲ ... မုန်တာကိုပြောပါ ... မောင် ... ဖြူ မတားပါဘူး။ ဒေါ်ခြူဝက်လွန်းတဲ့ မောင့်လုပ်ရပ်တွေကြောင့် ယုန်ထင်ကြောင်ထင်နေရတဲ့အခြေအနေကို ဖြူ မုန်းလှပြီ မောင်။ ပတ်ဝန်းကျင်ကပြောလို့ သိရတာထက် မောင်ကိုယ်တိုင် ပြောလိုက်ပါ။ ပြောပါ ... မောင်"

"မင်း ... အထင်လွဲနေပြီ ဖြူ။ မင်းပြောတဲ့နေရာတွေ တစ်ခုမှ မဟုတ်ဘူး ... ဖယ်ပါ"

"မဖယ်ဘူး ... မောင်။ ဖြူပြောတဲ့နေရာတွေ တစ်ခုမှမဟုတ်ဘူးဆိုရင် ဖြူကို မောင် ခေါ်သွားလေ။ မောင် ... ခေါ်သွားရဲရဲမှာပေါ့"

"ဖြူ ... ခုအချိန်မှာ မင်းနဲ့ မောင် စကားများချင်စိတ်မရှိဘူးနော်။ ဖယ်ပါ ... အချိန်တန် အိမ်ပြန်လာမှာပဲ ... ဖယ်ပါကွာ"

"မဖယ်ဘူး ... မောင်"

ဖြူ့ပုံက တကယ်လုပ်မည့်ပုံဖြစ်သည်။ သူ့ရှေ့တွင် မားမားကြီးရပ်ထားပုံမှာ ဖယ်ပေးမည့်အရိပ်သဏ္ဌာန်မျိုး မရှိချေ။ ဒီတစ်ခါတော့ ဖြူ့ကို အရှုံးပေး၍မဖြစ်ချေ။ သံဝရဆီ သူသွားမှဖြစ်မည်။ သံဝရမျက်လုံးတွေကို သူ သိသည်။ သူ့ရဲ့ရင်ဖွင့်စကားကြောင့် သံဝရ စိတ်ထိခိုက်သွားသည်။ စိတ်ထင်ရာကို စွတ်လုပ်တတ်သည့် သံဝရအကျင့်ကိုလည်း သိနေသည်။ တစ်ဖက်မှစိတ်ဆင်းရဲနေရင် အခြားတစ်ဖက်တွင် မိုးမမြင်လေမမြင် အပျော်ရှာတတ်သည်။

သံဝရ ပျော်ရွှင်နေတယ်ဆိုရင်တော့ သူ ပီတိဖြင့်ကြည့်နေနိုင်သည်။ ယခုတော့ သံဝရ ပျော်ရွှင်နေခြင်း မဟုတ်ပေ။ စိတ်ညစ်ညူး





ခြင်းကို မဟုတ်တဲ့နည်းနှင့် ဖြေဖျောက်ခြင်းသာဖြစ်သည်။

သံဝရလို အလုပ်အကိုင်ကောင်းပြီး စမတ်ကျသူထံတွင် မိန်းကလေးတွေ ဝိုင်းနေတယ်ဆိုတာ သူ သိသည်။ ထိုမိန်းကလေးများထဲတွင် မိန်းမကောင်းများပါသလို မိန်းမဆိုးများပါသည်။

သံဝရအနီးတွင် ဟီးဟားတိုက်မြူဆွယ်နေသော မိန်းကလေးသည် မိန်းမကောင်း မဖြစ်နိုင်ချေ။ မဖြစ်သင့်တာ မဖြစ်ရအောင် သူ တားရပေလိမ့်မည်။

"ဖယ်ပါကွာ ..."

ငွေချိုင်းဖြူ၏လက်မောင်းကိုကိုင်ကာ ခပ်ဖွဖွတွန်းဖယ်လိုက်သည်။ လမ်းကြောင်းရှင်းသွားပြီမို့ သူ ရှေ့ဆက်ထွက်လာသည်။

"မောင် ... မောင် ... မောင် ... မသွားရဘူး ... မောင်"

လှေကားထိပ်ရောက်နေပြီဖြစ်သော သူ့ခြေထောက်များသည် လှေကားထစ်များကို နင်းကျော်ကာ ပြေးဆင်းသည်။

"မောင် ..."

ခေါ်သံနှင့်အတူ သူ့နောက်သို့ ငွေချိုင်းဖြူ ပြေးလိုက်သည်ကို သူ သိလိုက်သည်။

"မောင် ... အား ..."

အာမေဋိတ်သံနှင့်အတူ ဆူညံသံကို သတိပြုမိလိုက်သည်။ တစ်စုံတစ်ယောက် လှေကားထစ်အတိုင်း လိမ့်ကျလာပုံရသည်။

ထို့ကြောင့် အိမ်အပြင်ထွက်ရန်ကြံရွယ်နေသော သူ့ခြေလှမ်း

များ တုံ့ဆိုင်းသွားရသည်။

"မမလေး ..."

အော်သံကြီးတစ်ခုက နက်မှောင်စွာ ထွက်ပေါ်လာသည်။ သူ လှည့်ကြည့်လိုက်၏။

မြင်ကွင်းကြောင့် မင်တက်သွားသည်။

"ဖြူ ..."

သူ့အသံက တိုးတိတ်ညင်သာစွာ ထွက်ပေါ်လာသည်။ ငွေချိုင်း ဖြူ လေကာရင်းတွင် ပုံ့ပုံ့လေးခွေကျနေသော ငွေချိုင်းဖြူ။

"ဖြူ ..."

သူ့အသံက ပိုမိုကျယ်လောင်လာသည်။

ဖြူ့အနား ပြေးသွားချင်သော်လည်း သူ့ခြေထောက်တွေက လှုပ်၍မရပေ။

"ဖြူ ..."

သွေးတွေ ဖြူ့ထံမှ သွေးများစီးကျလာသည်။

"ဖြူ ..."

သူ့အသံက စည်ဝေစွာ ဟိန်းထွက်သွားတော့၏။





"စိတ်မကောင်းပါဘူး။ သူ ... ကိုယ်ဝန်ပျက်ကျသွားတယ်"

ဆရာဝန်၏အသံသည် အနိမ့်အမြင့်မှန်သော်လည်း သူ့နားထဲ ...တင်ထပ်သွားသည်။ သူ့ရင်တွေ ဗလောင်ဆူကုန်သည်။ ကိုယ်ဝန်ပျက် ...ကျသွားတယ်ဆိုပဲ။ ဒါ ... ဒါဆို ... ဖြူ့မှာ တကယ်ပဲ ကိုယ်ဝန်ရှိနေ ...တာပေါ့။ ယုံကြည်မယ်ဟုဆုံးဖြတ်ထားခဲ့သော်လည်း ရိုးသားစွာဝန်ခံ ...လျှင် ငွေချိုင်းဖြူကို သူ မယုံပေ။

"ကိုယ်ဝန်ပျက်ကျတယ် ဟုတ်လား ... ဆရာ။ ဒါ ... ...ဆို သူက တကယ်ပဲ ... ကိုယ်ဝန် ..."

"ခင်ဗျားက သူ့အမျိုးသားလား"

"ဟုတ် ... ဟုတ်ပါတယ်။ သူက ... ကျွန်တော့်ဇနီးပါ"

"ခင်ဗျားဇနီးက ခင်ဗျားကို မပြောရသေးဘူးထင်တယ်။ ကိုယ်ဝန် ... နုသေးတော့ သေချာဂရုစိုက်ရမယ်။ လူနာက သားအိမ်အားလည်း ...ည်းတယ်လေ။ ခုလိုဖြစ်သွားတဲ့အတွက် စိတ်မကောင်းပါဘူး"

ဆရာဝန်က စိတ်မကောင်းပါဘူးဟု နှုတ်ခမ်းဖျားလေးနှင့် ...ပြောနေသော်လည်း သူ့ရင်ထဲ ပူထူသွားသည်။ ဝမ်းနည်းသွားသည်။ ...များသွားပြီဆိုတာသိသော်လည်း ထိုအမှားက ပြင်ဆင်ခွင့်မရတော့

ချေ။ သူ သိပ်ကိုမှားသွားခဲ့ပါပြီ။ ဒီလိုမှန်းသာသိခဲ့ရင် ဖြူ့ကို နည်းနည်းလေးဖြစ်ဖြစ် ရင်ထဲကဆန္ဒအမှန်နှင့် ကြင်နာပေးခဲ့မိမည်။ ဒီလိုမှန်းသာသိရင် ဖြူ့ကို သူတွန်းထုတ်ခဲ့မည် မဟုတ်ပါ။ ဒီလိုမှန်းသာသိရင် ဖြူ့ကို အကျိုးအကြောင်း သေချာစွာရှင်းပြပြီး အပြင်ထွက်မည်သာဖြစ်သည်။ ခုတော့ သူ့ရဲ့မဆင်မခြင်လုပ်ရပ်ကြောင့် လောကကြီးကိုတောင် မြင်ခွင့်မရသေးတဲ့ သူ့ရင်သွေးက ... ။ သူ ဘာလုပ်ရမလဲ ... ။ နောင်တဆိုတာကြီးက သူ့အတွက်များ တမင်တကာဖန်တီးထားခဲ့တဲ့ စကားလုံးလား ... ။ သူ ... ဘာလုပ်ရမလဲ။

ဖြူ နိုးလာရင် ဒီအဖြစ်မှန်ကို ဘယ်လိုရှင်းပြရမလဲ။ သူ့ရင်သွေးကို လိုချင်နေရှာသော ဖြူ့စိတ်ကို ဘယ်လိုဖြေသိမ့်ပေးရမလဲ။ ဘယ်လိုစကားလုံးမျိုးနဲ့ ချော့မော့ဖျောင်းဖျရမလဲ။

"သား ... သား ..."

အူယားဖားယားဖြင့်ပြေးလာသော မေမေ ဖြစ်သည်။ မေမေ့ကို သူ မျက်နှာချင်းမဆိုင်ဝံ့ချေ။ သူနှင့် ငွေမျိုးဖြူတို့အိမ်ထောင်ရေးကို သိပ်သာယာစေချင်သောသူ ဖြစ်သည်။ မိဘများနှင့်အတူနေလျှင် သူနှင့် ငွေမျိုးဖြူတို့ သိပ်မရင်းနှီးမည်ကိုစိုးရိမ်ပြီး သူ့ကိုချစ်သော်လည်း အိမ်ခွဲနေစေခဲ့သူ ဖြစ်သည်။

"သတင်းကောင်း ဘယ်တော့ကြားရမလဲ"

ဟု မျက်နှာပူလောက်အောင် မေးသူဖြစ်သည်။ သူ ဘယ်လိုပြောရမလဲ။ သူ့ကြောင့် ငွေမျိုးဖြူ ကိုယ်ဝန်ပျက်ကျခဲ့ရပါတယ်လို့ သူ ဘယ်လိုအင်အားနဲ့ ပြောမလဲ ... ။ ဘယ်လိုမှ ပြောမထွက်ပေ။



ပြောလိုက်၍ သူ့ကို ဒေါသဖြစ်ပြီး ထုရိုက်တာမျိုးကို ခံနိုင်ရည်ရှိသော်လည်း နှလုံးရောဂါရှိသည့် မေမေ တစ်ခုခုဖြစ်သွားမည်ကို စိုးရိမ်သည်။

"သမီး ... သမီး ... ဘာဖြစ်သွား ... အမလေး ... သမီးလေး ... သမီး ... ဖြူ ... သမီး ..."

"သတိထားပါ မေမေရယ် ... ဖြူ ဘာမှမဖြစ်ပါဘူး။ ခဏသတိလစ်နေတာပါ။ ဆရာဝန်ကြီးကလည်း စိုးရိမ်စရာမရှိတော့ဘူးလို့ ပြောပါတယ်။ သတိထားပါ ... မေမေ။ ဖြူက ဘာမှမဖြစ်ဘဲ မေမေက ... ဟွန်း ... အဲဒီ မအေးမြတစ်ယောက်နဲ့တော့ ကျွန်တော်တော်စိတ်တိုင်းမကျဘူး။ မေမေ့ကို မပြောပါနဲ့လို့ပြောထားတဲ့ကြားက ... "

"ဘာ ... ငါ့ကိုမပြောနဲ့ ... ဟုတ်လား ... လူမိုက် ... လူမိုက် ... ကဲဟယ် ... ကဲ ... ကဲ"

မေမေက ထုံးစံအတိုင်းပင် သူ့ကို ဆယ်ကျော်သက်တစ်ယောက်လို ထုရိုက်လေတော့သည်။

နှလုံးရောဂါသည်မေမေက လက်သံတော့ပြောင်သည်။ တစ်ချက်ဟစ်ချက် အရိုက်ခံရလျှင် ထိုဒဏ်ရာက သုံးရက်ခန့် အနာမပျောက်ပေ။

အခုတော့ ရိုက်လိုက်ပါ မေမေ။ အသုံးမကျတဲ့သားကို ရိုက်လိုက်ပါတော့ ... မေမေပဲဖြစ်ဖြစ် သားကိုရိုက်ပေးမှ သားရင်ထဲမှာ နေသာထိုင်သာရှိတော့မှာမို့ ရိုက်ပါ မေမေ။

"မင်း ... လုပ်လိုက်တာဆို ဟုတ်လား။ ဖြူလေး အခုလိုဖြစ်အောင် မင်း လုပ်တာဆို။ အခု ... ဘယ်လိုလဲ။ ကိုယ်ဝန်ရော ..."

ကိုယ်ဝန်က ဘာဖြစ်သွားပြီလဲ"

"မရှိတော့ဘူး မေမေ ... ကလေး ... မရှိတော့ဘူး"

"ဘယ်လို ... "

မျက်လုံးကြီးပြူးပြီးကြည့်နေသော မေမေကြောင့် စိုးရိမ်သွားသည်။

"မေမေ ... မေမေ ... မေမေ"

"လူမိုက် ... ရုံးက ဘယ်လောက်တောင်အရေးကြီးနေလို့လဲ လူမိုက်"

မေမေသည် သူ့ကိုမရိုက်တော့ပါဘဲ ချုံးပွဲချငိုလေသည်။ မေမေ့ကို ပွေ့ဖက်ထားရတော့မလား ... မျက်ရည်ပဲသုတ်ပေးရတော့မလား နံရံနဲ့ ခေါင်းနဲ့ပဲ ပြေးဆောင့်ရတော့မလား ဝေခွဲမတတ်ဖြစ်နေသည်။ သို့သော် နောက်ဆုံးတော့ ကုတင်ပေါ်အိပ်ပျော်နေသော ငွေမျိုင်းဖြူကိုသာ စိတ်မကောင်းစွာ စိုက်ကြည့်နေခဲ့ပါသည်။

တကယ်တော့ ငွေမျိုင်းဖြူရဲ့အပြစ်တွေပါ။ အကယ်၍သာ ငွေမျိုင်းဖြူက သူ့ကို ခဏခဏ မလိမ်ခဲ့ဘူးဆိုလျှင် ခုလိုဖြစ်လာမည် မဟုတ်ပါ။ ခုတော့ သူ့ရဲ့သံသယကြောင့် ... ငွေမျိုင်းဖြူရဲ့ မရိုးသားမှုကြောင့် လောကထဲမရောက်လာသေးတဲ့ သူ့ရင်သွေးက အဖြစ်ဆိုးမျိုးနဲ့ ကြုံခဲ့ရသည်။

"ငွေမျိုင်းဖြူနိုးလာရင် မင်း ... ဘယ်လိုရှင်းပြမလဲ။ လူမိုက် ဟမ် ... ပြောလေ။ ငွေမျိုင်းဖြူနိုးလာရင် မင်းဘယ်လိုပြောမှာလဲလို့ သူ့ခမျာ မင်းရင်သွေးကို ကိုယ်ဝန်ဆောင်ရလို့ ဘယ်လောက်များ ပျော်





နေရှာသလဲ။ မင်းမို့ လုပ်ရက်တယ်"

"ကျွန်တော်လည်း ဒီလိုဘယ်ဖြစ်ချင်ပါ့မလဲ ... မေမေရယ်။ ခုဟာက ... "

"တော်တော့ ... မင်း ... ငွေမျိုင်းဖြူကို ခဏခဏ ကွာရှင်းကြိုးစားနေတယ်ဆိုတာ ငါ မသိဘူးမထင်နဲ့။ ငါ ဝင်ပါလိုက်ရင် ိုဆိုးကုန်မှာစိုးလို့ မသိချင်ယောင်ဆောင်နေတာ ငါ့သားမို့သာပဲ ... သမက်သာဆို မင်းကို ငါ အရေခွံဆုတ်ခွာပြီးနေလောက်ပြီ ... သိလား။ ငမိုက်လေးရဲ့"

မိုးခြိမ်းသံလား သူ့နားထဲ ဆူညံသွားသည်။ မေမေက သူ့ကို သိပ်စိတ်တိုနေပါပြီ။ သူ့တသက်တာလုံးတွင် မေမေ ဒေါသထွက်တာ ဒီတစ်ကြိမ်သာ မြင်ဖူးသေးသည်။ မေမေ့ဒေါသ ဒီလောက်ထိကြောက် ရောကောင်းလိမ့်မည်ဟု သူ မတွေးထားခဲ့ပေ။ မေမေ့မျက်လုံးများသည် သွေးရောင်တို့လွှမ်းနေသည်။

"ခုမှ ငါ့ကို မျက်နှာငယ်လေးနဲ့ကြည့်မနေနဲ့။ မင်း ... ဘာဆက်လုပ်ရမလဲ ... ဘာလုပ်သင့်သလဲဆိုတာ ... လူ ပီပီသသ ဆုံးဖြတ်"

မေမေသည် ပြတ်သားလှသည်။ စကားကို တုံးတိတိပြောပြီး ချာခနဲလှည့်ထွက်သွားသည်။

မေမေ သူ့ကို စိတ်နာသွားပြီလား။ သူ့ကို မကြည့်ချင်တော့ဘူးလား။ သူ့ရင်ထဲ ပူလောင်လာသည်။ သူ ဘာလုပ်ရမလဲ။ ဘယ်လို လူပီပီသသ ဆုံးဖြတ်ရမှာလဲ ... သံဝရက သူ့ကို ဘယ်လိုအကြံဉာဏ်

များ ပေးနိုင်မလဲ။ သံဝရသာ သူနေရာမှာသာဆို သံဝရ ဘယ်လိုဆုံးဖြတ်မလဲ။ ဘယ်ကဘယ်လိုစပြီး လှုပ်ရှားမလဲ။ ငွေချိုင်းဖြူရယ် ... မင်း မြန်မြန်သတိရလာပါတော့။ မေမေ့ဒေါသကိုချုပ်ငြိမ်းစေမယ့်သူက လောကမှာ နင်တစ်ယောက်တည်းပါ။ မင်း မြန်မြန်သတိရလာပါတော့။ မင်း ဆူရင်လည်း ငါ ခံပါ့မယ်။ မင်းပြောသမျှ ငါ ခေါင်းငုံ့ခံပါ့မယ်။ မေမေက ငါ့ကို ဒီထက်ပိုမမုန်းသေးခင် မင်း မြန်မြန်နိုးလာပါတော့ဟုသာ သူ့ရင်ထဲ အကြိမ်ကြိမ်တောင့်တနေမိတော့သည်။

သို့သော် ငွေချိုင်းဖြူကတော့ ခုတင်ပေါ်၌ အပူများငြိမ်းအေးစွာ အိပ်မောကျလျက်ရှိလေတော့သည်။









"သူ ... ငါ့ကို စကားမပြောဘူး ... သံဝရ။ ငါးရက်ရှိပြီ"

လက်ကျန်ဘီယာကို မော့ချလိုက်ရင်း ဗလုံးဗထွေး ပြောချလိုက်သည်။

သူ့မျက်လုံးတွေက နီမြန်းနေသလို သူ့နှုတ်ခမ်းတွေကလည်း အေးစက်နေသည်။

သံဝရထံမှ စကားတို့လည်း တိတ်ဆိတ်နေသည်။ စားပွဲပေါ်မှ အကင်များကိုလည်း မနိုက်သလို ငှဲ့ထားသောဘီယာခွက်ကိုလည်း မကိုင်ချေ။ သံဝရက အသက်မှရှူသေးရဲ့လား။

"သူ ... ငါ့ကို စိတ်နာသွားပြီထင်တယ်။ ငါကြောင့်ပါကွာ ငါမိုက်လို့ဖြစ်ရတာ"

"ပညာမဲ့တဲ့သူက သူများကြောင့်လို့ တစ်ဖက်သားကို အပြစ်ပုံချတတ်တယ်။ ပညာတတ်တဲ့လူကျတော့လည်း ငါ့ကြောင့်လို့ ဝမ်းနည်းနာကျင်တတ်ပြန်တယ်။ ဉာဏ်ပညာနဲ့ပြည့်စုံတဲ့သူကျတော့ သူများကြောင့်လည်း မဟုတ်ဘူး ... ငါ့ကြောင့်လည်း မဟုတ်ဘူး။ အကြောင်းရှိလို့ အကျိုးဖြစ်တာလို့ တရားနဲ့ဖြေတတ်ကြတယ်။ အဲဒီသုံးခုထဲက မင်း ဘယ်အရာကို ရွေးမလဲ။ မင်းဟာမင်းဆုံးဖြတ် နေညီ"

ဘယ်လောက်သောက်သောက် မမူးတဲ့စိတ်သည် သံဝရစကား ကြောင့် ဘီယာသုံးပုလင်း ၁၂ယ်နံကြားကပ်သွားမှန်းပင် မသိလိုက်ပါ။ သံဝရကိုသာ မမြင်ဖူးသူလို စိုက်ကြည့်နေမိသည်။ သံဝရက နောက် ပြောင်နေခြင်းမျိုး မဟုတ်ပါ။ အတည်ပေါက်ပြောနေခြင်းမျိုးသာ ဖြစ် သည်။

"မင်းကရော ဘယ်လိုလူမျိုးလဲ ... သံဝရ"

"အဲဒီသုံးမျိုးသုံးစားလုံးကို ငါမကြိုက်ဘူး။ ငါက ငါ့စိတ်နဲ့ ငါ့ ကိုယ်ပဲနေမယ်။ ဘယ်သူ့ဒဿနကိုမှ မဖက်တွယ်ပြီး သူများဒဿနတွေ ဖက်တွယ်လိုက်ရင် ကိုယ်က ကိုယ်မဟုတ်တော့ဘူး။ ငါက ငါပဲဖြစ်ချင် တယ်။ ငါက ... သံဝရ"

သူ သိပ်နှစ်သက်သွားသည်။

သူ့မှာသာ သံဝရလို ရဲရင့်စိတ်များရှိခဲ့ပါလျှင်၊ သံဝရစိတ်မျိုး နှစ်ဆယ့်ငါးရာခိုင်နှုန်းလေး ရှိခဲ့ပါလျှင် ... ။

"နောင်တမရနဲ့ နေညီ။ အခုချိန်ထိ မင်းကိုသတ်နေတာက အဲဒီနောင်တတွေပဲ။ မင်း ဘာလုပ်မလဲဆိုတာ ခေါင်းအေးအေးထားပြီး စဉ်းစား။ မှန်ဘယ်ထင်ရင် ဇွတ်မိုတ်ရှေ့ဆက်တိုး။ မှားတယ်လို့ သံသယ ရှိလာရင်လည်း ချက်ချင်းနောက်ပြန်ဆုတ်လိုက်"

"ငါ့ခြေလှမ်းတွေက ရှေ့ဆက်လို့လည်းမရသလို နောက်ပြန် ဆုတ်လို့လည်း မရတော့ဘူး သံဝရရာ။ ငါက ချောင်ပတ်မိနေတဲ့ ခွေးတစ်ကောင်လိုပဲ ထွက်ပေါက်မရှိတော့ဘူး"

"လေဝင်ပေါက်တော့ ရှိမှာပါ။ အဲဒီလေဝင်ပေါက်မရှိရင်လည်း





မင်းသေပြီးတာကြာရောပေါ့။ ဒါပေမဲ့ အဲဒီလေဝင်ပေါက်ကိုမကြည့်ဘဲ မျက်စိမှိတ်ထားတယ်ဆိုရင်တော့ ငါလည်း မပြောတတ်တော့ဘူး"

"မင်း ... ငါ့ကို စိတ်ကုန်နေတာလား သံဝရ"

သံဝရ ခေါင်းခါသည်။ ကျနေတဲ့စိတ်ဓာတ်တွေက အားပြန် ပြည့်လာသလို ခံစားရသည်။ တစ်လောကလုံးက စိတ်ပျက်နေကြစေဦး တော့ သံဝရပဲဖြစ်ဖြစ် သူ့ကိုယုံကြည်သေးတယ်ဆို သူ့ရဲ့ရှင်သန်ခြင်းက မျက်နှာပန်းလှသေးသည်ဟု ထင်သည်။

"အမှန်က သူ့ဘာသာသူ လေကားပေါ်က ချော်ကျတာပါ။ အဲဒါ ... ငါ့အပြစ်ဖြစ်ရတော့မှာလား ... ငါ့ပယောဂ မကင်းဘူးဆို တာတော့ ငါလက်ခံပါတယ်။ ဒါပေမဲ့ ငါ့မှာပဲတာဝန်လုံးလုံးရှိနေတာ မဟုတ်ဘူးလေ။ ကိုယ်ဝန်ဆောင်ထားရတဲ့သူက' သူပဲ။ အနေအထိုင် ဆင်ခြင်ရမှာပေါ့။ ငါ့ကြောင့်ချည်းသက်သက် ခေါင်းစဉ်တပ်တာတော့ လွန်လွန်းအားကြီးပါတယ်ကွာ။ ခုလိုဖြစ်သွားတော့ ငါကရော ပျော်နေ လို့လား။ ဝမ်းနည်းနေတာပဲ။ သူပျက်သွားတဲ့ကိုယ်ဝန်က ငါ့သွေးသား ပါ"

သူ့အသံက အဖျားခတ်တုန်ယင်နေသည်။

အဖျားရှူးသွားတယ်ဆိုရင် ပိုမှန်လိမ့်မည်။

သူ့သွေးသားဆိုသည့်စကားလုံးကို သူ့ရင်ထဲမရှင်းချေ။ ငွေမျိုး ဖြူရဲ့ ကိုယ်ကျင့်သိက္ခာကို သံသယဖြစ်၍မဟုတ်သော်လည်း သူ့စိတ်ထဲ သန့်တာတော့ သေချာသည်။

"မင်း ... အရေမ်းပြောင်းလဲသွားတာပဲ ... နေညီ။ ငါ

အနှစ်နှစ်ဆယ်ကျော်သိခဲ့တဲ့ နေညီမဟုတ်တော့သလိုပဲ။ ငါသိတဲ့နေညီက အဲဒီလိုလူမျိုးမဟုတ်ဘူး"

သံဝရက အဆုံးအစမရှိသောစကားကို ဆိုသည်။

သာမန်အားဖြင့် သံဝရစကားသည် နားလည်ရန်ခက်ခဲသော်လည်း သူတော့ ကောင်းစွာနားလည်သည်။

တစ်ခါတရံတွင် သံဝရနှင့်သူ့အကြား ဘာသာစကား မလိုပေ။ ဖြေရှင်းချက်မျိုး မလိုပေ။ သို့သော် သူကတော့ အမြဲတမ်းဖြေရှင်းချင်မိသည်။

"ခုလိုပြောင်းလဲနေတဲ့ ငါ့စိတ်ကိုလည်း ငါမုန်းနေတာ ကြာပါပြီ။ မင်းပြောသလိုပဲ ငါ ... အလင်းရောင်လာရာ အပေါက်လေးကို မြင်ရမှာ ကြောက်နေခဲ့တယ်ထင်တယ်"

"နောင်တတွေက မင်းမျက်လုံးကို ပိတ်ထားလိုက်တာပါ"

"ငါ ... ဘာလုပ်ရမလဲ သံဝရ"

"မင်းဆုံးဖြတ်တာကပဲ အကောင်းဆုံးဖြစ်မှာပါ"

"ငါ သူနဲ့ ကွာရှင်းလိုက်ရမလား။ ခုဆိုရင် သူလည်း ငါ့ကို မုန်းသွားပြီထင်တယ်။ စကားမပြောတော့ဘူး။ ငါ့စိတ်ထဲမှာမကောင်းပေမယ့် ငါတို့အနာဂတ်ကို ငါ ကြိုမြင်နေတယ်။ အစကတည်းက မလာယာတဲ့အိမ်ထောင်ရေး ထပ်ပြီးသာယာနိုင်စရာအကြောင်း မရှိဘူး။ ပိုဆိုးဖို့ပဲရှိတယ်။ ဒါကြောင့် ဒီအခွင့်အရေးမှာ ငါ သူ့ကို ကွာရှင်းလိုက်ရမလား"

"အိမ်ထောင်ရေးက သာယာတယ်၊ မသာယာဘူးဆိုတာ မင်းက





ဘာပေတံနဲ့တိုင်းသလဲ။ နံပါတ်နှစ်- ခုလိုအခြေအနေမျိုးက ကွာရှင်းလိုက်ရင် ပတ်ဝန်းကျင်က မင်းကိုဘာပြောမလဲ။ သူက လုပတဲ့စင်ဒရဲလားဖြစ်ပြီး မင်းက စုန်းမဖြစ်သွားမယ်ဆိုတာလည်း ထည့်တွက်ဦး။ နံပါတ်သုံး-ဒီလောက်ပြတ်သားနေတဲ့မင်းက ဘာလို့ ဘီယာသုံးပုလင်းကုန်အောင် သောက်နေရတာလဲ"

သံဝရအသံက အေးစက်စက်ထွက်ပေါ်လာသည်

အချက်အလက်ကျလွန်းတဲ့ သံဝရစကားကြောင့် တဒင်္ဂ ငေါင်စင်းသွားသည်။ ဟုတ်ပါရဲ့လား အိမ်ထောင်ရေးက သာယာတယ် မသာယာဘူးဆိုတာ သူ ဘယ်လိုတိုင်းခဲ့တာလဲ။ ဘာနဲ့တိုင်းရမလဲ။

သူ စဉ်းစားသည်။ တွေ့တဲ့အချိန် သေအောင်လွမ်းပြုပြီး မုသားတွေ စွတ်ဆက်သုံးနေတာက သာယာမှုတဲ့လား။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အချွဲအနွဲ့မှန်သမျှ နှုတ်တိုက်ကျက်ပြီး ငွေချိုင်းဖြူရေး အလွတ်ရွတ်ပြနေတာက သာယာမှုတဲ့လား။

"ငါ ... မွန်းကျပ်တယ် သံဝရ။ တမောင်မောင်နဲ့ သုံးနှုန်းနေတာကိုလည်း ငါမကြိုက်ဘူး"

"မြုံးထဲမှာမိနေတဲ့ငါးက ဘာလို့ပြန်ထွက်လို့မရတော့တာလဲ သိလား နေညီ"

သံဝရအသံသည် ရုတ်တရက်ရပ်သွားသည်။

သံဝရသည် သူ့ကိုစူးစိုက်စွာ မမိုတ်မသုန်ကြည့်နေသည်။ ပြီးနောက် စကားလုံးကိုချေတာပြီး တစ်လုံးချင်းပြောသည်။

"သူ ... ဝင်သွားတဲ့လမ်းကို မမှတ်မိတော့လို့ပဲ။ မြုံးထဲပိတ်

မိနေပြီဆိုတာ သိလိုက်ရတဲ့အချိန် သူပြာသွားပြီ။ ရှန်းကန်ပြီး ကြောက်လန့်တကြားဖြစ်နေတာကလွဲရင် သူ့လွတ်လမ်းကို မရှာတတ်တော့ဘူး။ အမှန်တော့ သူ့တစ်ကိုယ်စာဆန့်တဲ့အပေါက်က ထွက်ပေါက်ပဲဆိုတာကို သူသိမယ်ဆို သူက ရေထဲမှာအကြာကြီး အသက်ရှင်နေဦးမှာပဲ"

"ငါက ... အခု မြှုံးထဲပိတ်မိနေတဲ့ငါးပေါ့"

"ငါက ဥပမာပြောပြတာပါ။ မင်းက လူပဲ။ ငါးထက် အသိဉာဏ်အများကြီးရှိပါတယ်။ လူတစ်ယောက် ခေါင်းတစ်လုံးပိုမြင့်လို့တောင် အယောက်ပေါင်းခြောက်ဆယ်ကျော်ကိုအုပ်ချုပ်တဲ့ စားသောက်ဆိုင်ပိုင်ရှင်ကြီး ဖြစ်နေပြီလေ။ ဆိုင်ခွဲလည်း သုံးဆိုင်ဖွင့်ပြီးပြီ။ အားနည်းချက်အားသာချက်ကို မင်း ခွဲခြားတတ်မှာပါလို့ ငါတော့ ယုံကြည်တယ်"

သံဝရလိုသာ ငွေမျိုးဖြူက သူ့အပေါ်ယုံကြည်ခဲ့လျှင် သူတို့အိမ်ထောင်ရေးက အဖုအထစ်မရှိ ပြေလည်ပေလိမ့်မည်။ သံဝရလောက်တော့မဟုတ်ဦးတော့တောင် သံဝရ ယုံကြည်မှုရဲ့ ဆယ်ပုံတစ်ပုံသာ ငွေမျိုးဖြူထံရှိစေဦးတော့ သူ အသက်ရှူချောင်ရမည်။ ခုတော့ သူနှင့် ငွေမျိုးဖြူတို့အကြား သံသယချောင်းကြီး ခြားခဲ့ပါပြီ။

"သံဝရ ငါ့ဘဝမှာ မင်းသာမရှိခဲ့ရင် အခုချိန် ငါ ... ငါ့ကိုယ်ငါ သတ်သေမိမလားပဲ"

"မင်း ... မလုပ်ပါဘူး။ အဲဒီလိုလုပ်တာက ကြောက်တတ်တဲ့သူတွေ လုပ်တာပါ။ ငါ ခုချိန်ထိ မှတ်မိနေသေးတယ်။ ငါတို့ ပထမဆုံး မူကြိုမှာစသိတော့ ငါ့ကိုအနိုင်ကျင့်နေတဲ့ ကောင်လေးသုံးယောက်ကို မင်းထိုးကြိတ်လွှတ်လိုက်တာလေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရန်ဖြစ်ကြ



တဲ့ကလေးတွေ သွေးထွက်သံယိုဖြစ်လို့ ဆရာမတောင် အံ့သြခဲ့သေးတယ်"

သူလည်း မှတ်မိသည်။ ထိုအချိန်က နှုတ်ခမ်းကွဲသွား၍ မေမေငိုခဲ့သည်ကို ယနေ့တိုင် မမေ့နိုင်သေးပါ။ ဒေါသဖြစ်၍သာ ထိုးကြိတ်ခဲ့ရသည်။ ဖြစ်ပြီးမှ အသားဆတ်ဆတ်တုန်အောင် ကြောက်ခဲ့သည်။ နှုတ်ခမ်းမှဒဏ်ရာကြောင့် နောက်ရန်မဖြစ်ရဲလောက်အောင် ဖြစ်ခဲ့သည်။ သို့သော် ထိုနေ့မှစ၍ အင်မတန်အနေတည်ပြီး အေးဆေးသော သံဝရ၏ ခင်မင်မှုကို သူရရှိခဲ့သည်။ ထို့ကြောင့် နှုတ်ခမ်းမှထွက်သွားသော သွေးများက တန်ပါတယ်ဟုထင်သည်။

"ဒါပေမဲ့ ... ငါ့ကြောင့်ပဲ မင်းလည်း အကြိမ်ကြိမ် ပြဿနာတက်ခဲ့ရတာပဲ။ မရေမတွက်နိုင်ပဲ။ ပထမဆုံး ငါတို့ဘီယာစသောက်တဲ့နေ့ကလေ ငါကအမူးလွန်ပြီး မြက်ခင်းပေါ်မှာအိပ်ချင်တယ်ပြောလို့ မင်းပါ အိပ်လိုက်ရတာလေ။ အဲဒီအချိန်က မိုးမိပြီး မင်း ဆေးရုံတက်ခဲ့ရတာ ဆယ်ရက်ကြာတယ်"

"ရယ်ရတယ်နော် ... ကံကောင်းလို့ တစ်လသာတက်ခဲ့ရရင် တော်တော်မလွယ်ဘူး။ စာမေးပွဲတောင် ဖြေလိုက်ရမယ်မထင်ဘူး"

"မင်း သတိမေ့နေတဲ့တစ်ချိန်လုံး ငါကငိုနေလို့ ငါ့မေမေက ငါ့ကိုနွဲ့များနေသလားလို့ ပြောခဲ့ဖူးသေးတယ်"

"မင်းက ဘာကိစ္စနဲ့ငိုရတာလဲ"

"ဟာ ... စဉ်းစားကြည့်လေကွာ။ တက်နေတဲ့အတန်းက ဆယ်တန်း။ နောက်လဆိုရင်ပဲ စာမေးပွဲကြီးက ဖြေရတော့မယ်။ မင်းက

အခုချိန်ထိ သတိမရသေးဘူး။ လူကိုရှူးမတတ်ပဲ။ အကယ်၍ မင်းသာ သတိမရလာရင် ငါလည်း မဖြေတော့ဘူးလို့တောင် တွေးထားတယ်"

"မြတ်စွာဘုရား ... မင်းလောက်မိုက်တဲ့လူ လောကမှာ ရှိရော ရှိသေးရဲ့လား နေညီရာ ... ငါသာ မင်းအမေဆို မင်းကို ထုသတ်မိမှာပဲ"

"ငါ့အတွက်တော့ မင်းက ဟီးရိုးဖြစ်သွားတယ်"

"မင်းစကားတွေက နည်းနည်းမြင့်လာပြီ။ ကဲ ... ပြောပါဦးကွာ။ ငါက ဘာကိစ္စ ဟီးရိုးဖြစ်ရတာလဲလို့"

"ဒီလောက်နေမကောင်းဖြစ်တဲ့ကြားက ဘာသာစုံဂုဏ်ထူးထွက်လို့ပေါ့ကွာ။ ငါ့မှာတော့ သုံးဘာသာလေးပါအောင် အသေပဲ။ မင်းလိုလူမျိုးက ဆရာဝန်မဖြစ်လို့ ဘယ်လိုလူမျိုးက ဆရာဝန်ဖြစ်တော့မှာလဲ"

"ငါ ဆေးတက္ကသိုလ်တက်ခဲ့လို့ မင်းနဲ့ သုံးနှစ်လောက်ဝေးသွားရတာပေါ့ကွာ"

တက်ကြွနေသော သူ့စိတ်တွေက ပြန်လည်ငြိမ်ကျသွားသည်။ ငယ်ငယ်ကတည်းက စီးပွားရေးကိုစိတ်ဝင်စားတဲ့သူက စီးပွားရေးတက္ကသိုလ်ကို ရွေးခဲ့တာ အမှားကြီးတစ်ခုလား မသိပေ။ ထိုတက္ကသိုလ်တွင် ပထမဆုံးကျောင်းတက်သည့်နေ့၌ ငွေမျိုးဖြူနှင့် စတင်ဆုံဆည်းခဲ့သည်။

ငွေမျိုးဖြူက ရှတ်နောက်နောက်နေတတ်သော မိန်းကလေး တစ်ယောက်ဖြစ်၏။ လူတစ်ယောက်ကို ညာပြောရသည်ကို ခုံမင်သည်။ ငွေမျိုးဖြူကြောင့် သူ ပျော်ရွှင်ခဲ့ရသည်။ အထီးကျန်နေသော သူ၏ အချိန်တွေထဲ ငွေမျိုးဖြူ ရောက်လာမှန်းမသိ ရောက်လာခဲ့သည်။



ဒါကို သူကိုယ်တိုင်က သတိမပြုမိခဲ့ပါချေ။

ထိုသို့တွေးမိပြန်တော့လည်း ငွေမျိုးဖြူကြောင့် သူ့ဘဝ အမှတ်တရများစွာ ဖြစ်ခဲ့ဖူးသည်။



သူများတကာတွေ မေဂျာတွေ ကျကုန်ပြီ။ သူ့မေဂျာက ကျမလာသေးပေ။

ကျောင်းကလည်း ဖွင့်နေပြီဟု သတင်းရ၏။ ကျောင်းမှာတော့ နာမည်စာရင်းကပ်သည်ဟု သူကြားဖူးသည်။ ထို့ကြောင့် ရွာသာကြီးတွင် ရှိသော စီးပွားရေးတက္ကသိုလ်သို့ အိမ်မှဒရိုင်ဘာ ကိုသောင်းကို မောင်း ပို့နိုင်းခဲ့သည်။

သူ့ရည်ရွယ်ချက်ကတော့ ကျောင်းတွင် သူ့နာမည်ကပ်ထားပါက တစ်ခါတည်း ကျောင်းအပ်သွားရန်ဆိုပြီး ပတ်စပို့ပုံနှင့် မှတ်ပုံတင်မိတ္တူ ကိုပါ ယူလာခဲ့သည်။

"အစ်ကိုလေး ... ကျွန်တော် လိုက်ခဲ့ရဦးမလား"

ကိုသောင်းသည် သူ့ထက်ဆယ်နှစ်ခန့်ကြီးသော်လည်း အိမ်ကြီး ရှင်ဖြစ်သော သူ့ကို ရိုသေစွာပင် အစ်ကိုလေးဟု ခေါ်သည်။

"ကျွန်တော့်ကို ကလေးတစ်ယောက်လိုယူဆသေးရင် လိုက်ခဲ့"

သူ့အသံက သံပြတ်ပြတ်ဖြစ်သည်။ ထို့ကြောင့် သူ့နောက် လိုက်ရန် ကြံရွယ်နေသော ကိုသောင်း၏ခြေလှမ်းတွေ ရပ်တန့်သွား သည်။

ခပ်တည်တည်နှင့်သာ ထွက်ခဲ့ရသော်လည်း ဘယ်သွားလို့ ဘယ်လာရမှန်း မသိချေ။ ဤမျှကျယ်ဝန်းသော ကျောင်းဝန်းထဲ နာမည် စာရင်းက ဘယ်နေရာမှာကပ်ထားမယ်မှန်း မသိချေ။ ထိုစဉ် ကော်ရစ်တာ အတိုင်း လျှောက်နေသော သူ့အနီး မိန်းကလေးတစ်ယောက် ရောက် လာသည်။

"နင်က ကျောင်းသားအသစ် ထင်တယ်"

ကြောင်အမ်းသွားသည်။ မိန်းကလေးတန်မဲ့ ယောကျ်ားလေး တစ်ယောက်ကို ခုလို ရဲရဲတင်းတင်း စကားပြောရဲတဲ့သတ္တိကို သူ မချီးကျူး ဘဲ မနေနိုင်ပေ။

"အင်း ... ဟုတ်တယ်။ မေဂျာ မကျသေးလို့ လာကြည့်တာ"

"ဘယ်လို ... ခုထိ မေဂျာမကျသေးဘူး ဟုတ်လား။ နင်တော့ ပြဿနာပဲ။ Form တွေ ပိတ်ကုန်ပြီလေ"

သူ့ငယ်ထိပ် မြွေပေါက်ခံလိုက်ရသလို ပူထူသွားသည်။ ပြဿနာ ပဲ။ ဒါဆို သူ ကျောင်းတစ်နှစ် နားရတော့မှာပေါ့။

"နင် ... မသိဘူးလား။ အဲ ... ဘယ်သိပါ့မလဲလေ ခုမှ တက္ကသိုလ်ဆိုတာ မြင်ဖူးတဲ့လူတွေပဲ ... လောကမှာ ဖြူတစ်ယောက် တည်းသာ ကျောင်းမတက်ရတော့တာပဲဆိုပြီး အထီးကျန်နေတာ၊ ခုတော့ အဖော်တွေ့သူကို တွေ့ပြီပေါ့"

သူ အားတက်သွားသည်။ ဖြူဆိုသောမိန်းကလေးကို အကဲခတ် သည်။ ကျောပိုးအိတ်ကို ခပ်စွေစွေလွယ်ထား၏။ ပြီးတော့ လက်ထဲ မှာ ထမင်းဘူးလိုဟာမျိုး ကိုင်ထားသည်။

မသိပါက ကျောင်းတက်လက်စကျောင်းသူတစ်ယောက်နှ
တူသည်။ ကျောင်းအပ်နောက်ကျသူတဲ့။ ယုံရခက် ... မယုံရခက်
သို့သော် မျက်နှာမှာ ယူကျုံးမရဝမ်းနည်းနေပုံမျိုး အထင်းသား။

"မင်းလည်း မေဂျာ မကျသေးဘူးလား"

"အင်း ... မကျဘူး။ ငိုသာ ငိုချင်တော့တာပဲ။ မေမေသာသိရ
သတ်မှာ။ အဲဒီလောက်ပေါ့ရသလားဆိုပြီး ထုထောင်းတာနဲ့ပဲ ဖြူတော့
သေမှာပဲ"

သူကော ဘာထူးလို့လဲ။ မေမေက ကောင်းကောင်းအပြစ်တင
လိမ့်မည်။ မေဂျာမကျသေးရင် ကျောင်းမှာကပ်ထားတယ် သွားကြည့
မင်း ... အမိက စီးပွားရေးလျှောက်ထားတယ် မဟုတ်လားဟု မကြ
ခဏ သတိပေးခဲ့သူ။ သူသာ အမှုမဲ့ အမှတ်မဲ့ မနေခဲ့ပါလျှင် ခု
ဖြစ်စရာအကြောင်း မရှိပေ။ မေဂျာလျှောက်စဉ်က အိမ်လိပ်စာ
တိတိကျကျ ရေးပေးလိုက်သည်။ ကျိန်းသေပေါက် အိမ်ကိုရောက်မှာ
ဟု အပိုင်တွက်ထားခဲ့သည်။ အခုတော့ သွားပါပြီ။ အလကားနေရင်း
ကျောင်းတစ်နှစ် အောက်တော့မည်။ ဒါက သူ့ရဲ့ပေါ့ဆမှု။

"အဲဒီလောက်ကြီးလည်း စိတ်ဓာတ်မကျပါနဲ့။ အဲဒီလိုဖြစ်တ
မင်းတစ်ယောက်တည်းမှ မဟုတ်တာ။ ဒီနှစ်မတက်ဖြစ်လည်း နော
နှစ်ပေါ့။ ဒါနဲ့ ... မင်းနာမည်က ဖြူလား"

"ငွေဖျိုင်းဖြူပါ။ ငွေဆိုတဲ့အဖြူရောင်၊ ဖျိုင်းဆိုတဲ့ အဖြူရော
နဲ့ ဖြူဆိုတာကို ထပ်တူပြုထားပါတယ်။ ဖြူ ... ဖြူ ... ဖြူ
သုံးခါကြီးခေါ်ရရင် စကားလုံးထောက်မှာစိုးလို့ မထပ်ရအောင် ငွေဖျိုင်း



လို့ မှည့်ခေါ်ခဲ့တယ်ထင်ပါရဲ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ မမြဲတဲ့တရား
တွေပါလားနော်"

"ဟမ် ..."

သူ ကြောင်နေသွားသည်။ အလွန်ဆုံးရှိလှ ဆယ့်ခုနစ်သာ ဖြစ်
ည်။ ထွက်လာသောစကားလုံးက အကြီးကြီးဖြစ်နေသောကြောင့် ကြား
ရသည်မှာ နားဝင်၍ မသက်မသာရှိသည်။

"ဪ ... နာမည်မှည့်ပေးတဲ့ ဗေဒင်ဆရာပြောပါတယ်။
တော့ သေရှာပြီ။ လူကသာ သေသွားပေမယ့် သူမှည့်ပေးတဲ့ အဲဒီ
မည်ကို လူတွေက ခေါ်ကြတုန်း။ နင်ပဲ စဉ်းစားကြည့်လေ။ မြဒေါင်းစိမ်း
တို့ ကျီးကန်းမည်းတို့၊ ကောင်းကင်ပြာတို့ဆိုပြီး မှည့်ခဲ့ပါလား၊ ခုနေချိန်
ဆိုတဲ့နေရာမှာ စိမ်းဖြစ်ဖြစ်၊ မည်းဖြစ်ဖြစ်၊ ပြာဖြစ်ဖြစ် အစားထိုး
ခေါ်နေရလောက်ပြီလေ"

ထိုမိန်းကလေးကို သူသိပ်မသက်သာချင်တော့ပါ။ စိတ်ဝေဒနာ
သည်တွေနေရာအရပ်နှင့် နီးသည်။ နေရပ်မှားပြီး ရောက်လာတာလား။
အကဲခတ်ကြည့်သည်။ ပုံမှန်ပဲဖြစ်၏။ ဝတ်ပုံစားပုံကလည်း စမတ်ကျ
သည်။ ရူးနေပုံမျိုး မပေါ်ချေ။

"ဘာလဲ ... နင်က ငါ့ကိုရူးနေတယ်လို့ထင်နေတာလား။ လူတွေ
က အဲဒီလိုပဲ။ ကိုယ့်ထက်အတွေးအခေါ်လေး နည်းနည်းမြင့်သွားရင်
ူန်ထင်၊ ကြောင်ထင် ထင်တတ်ကြတာ သဘာဝပဲလေ။ ဖြူ နားလည်
ါတယ်"

"ဘလိုင်းကြီးပါလားကွ"

"စိတ်ထဲ တစ်မျိုးတော့မထင်ပါနဲ့။ ဖြူက ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသား ပြောတတ်လို့ပါ။ ဒါက ထားပါ။ ရှင်ကရော နာမည် ရှိလား"

"ဟာ ... မရှိဘဲနေမလားကွ ... ငါလည်း လူပဲ"

"ဩော် ... လူလား ... အင်းလေ ရှိမှာပေါ့"

"နေညီတဲ့ မှတ်ထား"

"ဩော် ... နေရဲ့ညီကိုး။ ဒါဆို လပေါ့"

ဒီမိန်းကလေး ပုံမှန်မဟုတ်တော့မှန်း သူ ရိပ်မိလာသည်။ ထို့ကြောင့် နှုတ်မဆက်တော့ဘဲ လှည့်ထွက်ဖို့ကြံရွယ်သည်။

"ဟေ့ ... ကိုလ ... နေဦးလေ ... ဒီကျောင်းမှာ နင့် နာမည် ပါ့မပါ အတည်ပြုသွားဦး"

မှန်တာပြောရလျှင် နာမည်စာရင်းကို သူ မကြည့်ချင်တော့ပေ။

"ဒီအထိတောင် ရောက်လာခဲ့ပြီးမှတော့ ကြည့်သွားပါဦး။ ဒီကနေလို့ တည့်တည့်လျှောက် ... ဘယ်ချိုး ... ပြီးရင် ညာချိုး ... နောက်တစ်ခါ ညာထပ်ချိုးရင် လှေကားတွေ့မယ်။ အဲဒီလှေကားအတိုင်း တက်သွား။ ပြီးရင် ဘယ်ပြန်ချိုး လှေကားအတိုင်း ဆင်းလိုက်ရင် ရောက်ပြီ။ အိုကေနော်"

ပြောပြီး သူ့ရှေ့မှဖြတ်ကျော်ကာ ဆတ်တောက်ဆတ်တောက် လျှောက်သွားသော ဖြူဆိုသည့်မိန်းကလေးကို သူ ငေးမိငေးရာ ငေးနေ မိသည်။

ကျောင်းတစ်နှစ်အောက်သွားတာကိုပင် ပေါက်ကရပြောနိုင်သော





တဲ့ မိန်းကလေးကို သူ အံ့ဩမိသည်။ ဘာတဲ့ ... မြဒေါင်းစိမ်းနဲ့ ကိုးကန်းမည်းတဲ့။ ပေါက်ပေါက်ရှာရှာ တွေးလည်းတွေးတတ်ပါပေတယ်။

လှည့်ပြန်ဖို့ စဉ်းစားမိသော်လည်း မျက်စိဖြင့် အတည်ပြုသွား ချင်သေးသည်။ ထို့ကြောင့် ငွေမျိုင်းဖြူ ပြောသွားသည့်အတိုင်း ဘယ်ချိုး၊ ညာချိုး၊ အပေါ်တက် အောက်ဆင်းတဲ့လမ်းကို စတင်လေတော့၏။

"တောက် ... "

တမင်သက်သက်လုပ်သွားပါလားဆိုတာကို သိလိုက်ရသောအခါ သူ့ဒေါသက အရှိန်တက်သွားသည်။ ပြောသွားတဲ့အတိုင်း လိုက်လုပ်မိ ပါတယ်။ အရှုံးလုံးလုံး ဖြစ်ရသည်။ မူရင်းတက်သွားသောလှေကားကို သာ ပြန်ရောက်လာသည်။

"ငါ့ကို သက်သက်အရှုံးလုပ်တာ"

သူ့ရင်ထဲ ဒေါသတွေက နိမ့်လိုက်မြင့်လိုက်။

"ဟင် ..."

သူ မှင်တက်သွားသည်။ ရောက်လိုဇောနှင့်သာ သွားနေခဲ့ သည်။ လမ်းဘေးဝဲယာကို မကြည့်မိချေ။ ခုတော့ ကျောင်းသားရေးရာ ဌာနက သူ့မျက်စိရှေ့တည့်တည့်။

ငိုရမလား ... ရယ်ရမလားပင် မသိတတ်တော့ပါ။ သူလည်း သူ့ဒေါသနဲ့သူ။

ကျောင်းသားရေးရာဌာနရှေ့တည့်တည့်မှ Notice Book ကြီးက သူ့ကိုလှောင်ပြောင်သလို ... သရော်သလို ထီးထီးကြီးရှိနေသည်။ ဖြစ်ချင်တော့ ထို Notice Book ရှေ့ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ

ရှိမနေပါချေ။

အခုမှ လူကြားထဲတိုးဖူးတဲ့ တောသားလည်းမဟုတ်ပါပဲနဲ့ ဘာကြောင့် ကောင်မလေး လိမ့်သမျှ ခံနေရပါလိမ့်။

တော်ပါသေးရဲ့ ကောင်မလေးစကားကိုသာယုံပြီး ခေါင်းငိုက်စိုက်ပြန်သွားပါက ငါးပါးမက ဆယ်ပါးပါမှောက်ရမည့်အဖြစ်။ မေမေထုပါက ကျောကွဲပါခံရဦးမည်။ သူညံ့လို့ ခံလိုက်ရတာလို့ပဲမှတ်ကာ ရှေ့တိုးလာသည်။

ထိုအခါ ခေါင်းစည်း၌ရေးထားသော စာလုံးမည်းကြီးကို မြင်လိုက်ရသည်။

ကျောင်းအပ်ရက်က ဇွိဇင်ဘာ နှစ်ဆယ့်တစ်ရက်နေ့ နောက်ဆုံးတဲ့။

ခုမှ ဇွိဇင်ဘာ ပထမပတ် ရှိပါသေးတယ်။

နေနှင့်ဦးပေါ့ ကောင်မလေးရယ်။ ဒီကျောင်းတော်ကြီးထဲ တစ်ကွေ့မဟုတ်တော့ တစ်ကွေ့တော့ ဆုံရဦးမှာပေါ့။

သူ့ရင်ထဲ အသံတိတ်ကြုံးဝါးမိသည်က ဒေါသမာန်မာနကင်းဝေးစွာ ... ။









"ခြသေ့်တွေအကြောက်ဆုံးသတ္တဝါက ဘာလဲသိလား"

နောက်နားဆီမှာ အသံစာစာကို သူကြားလိုက်ရသည်။ ထိုအသံကို ကြားဖူးသလိုရှိနေ၍ ဆက်၍နားစွင့်နေမိသည်။

"ဟဲ့ .. ခြသေ့်က တောဘုရင်လေ ... ဘာကိုကြောက်နေရမှာလဲ"

"နင်တို့မဖြေနိုင်ဘူး မဟုတ်လား။ ခြသေ့်က တောဘုရင်ဆိုပေမယ့် မုဆိုးကိုတော့ ကြောက်ရတယ်မဟုတ်လား ဟား ... ဟား နင်တို့ ဉာဏ်မမီပါဘူး"

"အမယ် ... သူကများ။ ကဲ ... ဆက်ဖွက်စမ်းပါဦး။ ခေါင်းတစ်လုံးကို ငါတို့သုံးလုံးက မနိုင်ရင် ငါတို့ လူမလုပ်တော့ဘူး"

"ဟယ် ... သုံးလုံးလား ... နှစ်လုံးပဲ မဟုတ်ဘူးလား။ သုံးလုံးဆိုရင်တော့ နင့်အတွက် အတွင်းခံကို ဒေါ်ဒါမှာမှဖြစ်မယ်"

"ကောင်မစုတ်ကြီး ဘာတွေပြောနေတာလဲ။ သူများ ကြားကုန်ဦးမယ်။ သုံးလုံးလည်း ဘာဖြစ်သလဲ ဒါကိုအရင်းပြုပြီး နာမည်ကြီးအောင် လုပ်လို့ရသေးတယ်"

"အယ် ... မြတ်စွာဘုရား ... တကယ်ကြီး"

ရွှေသော

"ကောင်မနော် ... သုံးလုံးလား ... နှစ်လုံးလားဆိုတာ မမြင်ဘူးလား"

တည်နေသော သူ့နှုတ်ခမ်းများ ပြုံးစိစိ ဖြစ်သွားသည်။ မိန်းကလေး လေးယောက်တို့ အပြန်အလှန်ပြောနေခြင်းဖြစ်သည်ကို သူ ခန့်မှန်းမိ၏။

သုံးလုံး၊ နှစ်လုံး ခေါင်းစဉ်များကြောင့် လှည့်ကြည့်ချင်သည့် သူ့စိတ်များကို မနည်းအားတင်းထားရသည်။

"သုံးလုံးတွေ နှစ်လုံးတွေ ပြောမနေနဲ့ ... လောင်းကစား မှန်သမျှ ဖမ်းနေတာနော်။ ငါတို့တော့ အလကားနေရင်း အချုပ်ခန်းထဲ မအိပ်နိုင်ဘူး"

"အရေးထဲ ... နှစ်လုံး Crazy က တစ်မှောင့်။ ကဲ ... ပြောပါ။ ရှင့်တော်ကီတွေ ဘယ်လောက်ပွားဦးမလဲလို့"

အမျိုးသမီးတစ်ယောက်က စကားထောက်လျှင် ချောင်းဟန့် သံကို ကြားလိုက်ရပြန်သည်။ အပီအပြင် တော်ကီပစ်တော့မည့်ပုံနှင့် လည်ချောင်းရှင်းလိုက်ခြင်းဖြစ်မည်။

"အရသာရှိသလောက် အန္တရာယ်ကြီးတဲ့ အစားအစာက ဘာလဲ"

"လွယ်လွယ်လေး ... ကလေးသွားမေးပါလား ... ဟား ... ဟား"

"နင်က သိလို့လား"

"ဟင်းချိုမှုန့်"

မျှဝေသော



"မှားတယ်"

"အရသာလည်းရှိ အန္တရာယ်လည်းရှိလေ"

"နီး ... နီး ... တစ်ခြားဟာ ဖြေ"

"မုန့်ဟင်းခါး ... ဆီပူထိုးရင် လက်ကို ဆီစင်တယ်"

"ဦးနှောက်ကလေးက သေးလှချည်လား ... နှင်းရယ့်။ အတွေး အခေါ်ရှိရှိ စဉ်းစားစမ်းပါ"

ထိုစကားဝိုင်းကို သူပင် အာရုံရောက်သွားမိသည်။ အရသာ ရှိသလောက် အန္တရာယ်ရှိတဲ့ အစားအစာက ဘာလဲ။ တရုတ်ပြည်က ထုတ်တဲ့ အသားတုမုန့်တွေလား။ ဒါမှမဟုတ် ထိုင်း၊ဂျထုတ်တဲ့ စွမ်းအား ပြည့်အချိုရည်တွေလား ... မဖြစ်နိုင်ပါ။ ပဟေဠိဆိုတာမျိုးက ပါးပါး လေးနဲ့ ကျော်ခွဖြေရသည့်အရာ ... ။ ဘာလဲ ... အရသာလည်း ရှိပြီး အန္တရာယ်လည်းရှိတယ်။ အရသာက ခဏထားဦး။ အန္တရာယ်ရှိ တာက ဘာလဲ။ ကား၊ ရထား၊ လေယာဉ် ဒါမှမဟုတ် မြွေ၊ ကျား၊ မြွေသားများလား။ မြွေကိုသတ်ပြီး အဆိပ်မထုတ်မိပါက အသားစားတဲ့ လူသည် အန္တရာယ်ရှိနိုင်သည်။ ဟုတ်တယ် မြွေ။

"ဦးနှောက် ..."

"ဟမ် ... ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ ... ဦးနှောက်ပေါင်းက ဘယ်လောက်အရသာ ရှိသလဲ။ ဒါပေမဲ့ ဝက်ကတော့ ဦးနှောက်အထုတ်ခံလိုက်ရတဲ့အတွက် တော်တော်အန္တရာယ်ရှိသွားပြီ"

"အမလေး ... မိနန်းပုံရယ်၊ ဘာများလဲလို့။ နင် ရှူးများ

မျှဝေသော

နေရှော့သလား။ ဝက်ဦးနှောက်ကိုထုတ်မှတော့ ဝက်က အသေကောင် ပေါ့ဟဲ့။ သေပြီးသားဝက်က ဘာသိနိုင်တော့မှာမို့လဲ"

"အမလေး ... တော်ပါတော့ နင်တို့ပြောတာနဲ့ပဲ လောကကြီး က အလှပျက်လိုက်တာ။ စားချင်သောက်ချင်စိတ်ကို ကုန်ရော"

သူ အသည်းတွေ ယားလာသည်။ မြွေလို့ ပြောလိုက်လေ။ မြွေလို့ ပြောလိုက်ပါလားဟုသာ မချိတင်ကဲ ပြောပစ်လိုက်ချင်သည်။

"ကဲ ... ပြောဟာ ပန်းပေးပြီ"

"ပျားအုံ"

ပဟေဠိဖွက်သူ မိန်းကလေးက ဖြေလိုက်ခြင်းဖြစ်သည်။ ဆူညံ နေသောအသံများသည် အတွေးကိုယ်စီကြောင့် တိတ်ဆိတ်သွားသည်။

ဟာခနဲပင် သူ့စိတ်ထဲ ရွတ်လိုက်မိသည်။ ဟုတ်သားပဲ။ သူ ဒါကို ဘာလို့များ မတွေးလိုက်မိပါလိမ့်။ သူ ပြုံးမိသွားပြန်သည်။ အဖြေ ကို ထိုသို့ကြားရပြန်တော့ ပန်းဝတ်ရည်များကို သယ်ဆောင်နေသော ပျားကလေးများကို မြင်ယောင်မိပြန်သည်။ ပန်းခင်းကြီးထဲ၌ ပျားကလေး များ ပျံသန်းနေပုံမှာ အတွေးထဲ ပန်းချီကားတစ်ချပ် ဖြစ်နေလေတော့ သည်။

"ကဲ ... မေးဟယ် ... နောက်တစ်ခု"

"အမယ် ... လေသံက အကျောကြီးနဲ့။ ရှုံးရင်ရှုံးတယ်ပေါ့။ ကဲ ... ထားပါ။ ရှင်တို့ နှစ်ခုရှုံးပြီနော်။ လာမယ် နောက်တစ်ခု။ ထီးတော့ ထီးပဲ။ ဆောင်းလို့မရတဲ့ထီးက ဘာထီးလဲ"

"အလွယ်လေး ... ဟား ဟ ... စက္ကူထီး"



"နိုး ..."

"ဘုရားမှာထားတဲ့ ရွှေထီး"

"နိုး ..."

"ယကြာချေတဲ့ထီး"

"လုံးဝမဟုတ်ဘူး။ ပန်းပေးလိုက်ပါတော့ ရှင်တို့ပင်ပန်းပါတယ်။ ရှင်တို့ မဖြေနိုင်ပါဘူး။ နှစ်မိနစ်ပြည့်တော့မှာနော်"

"နေဦး ... ရတယ် စဉ်းစားမယ်။ အဲ ... သိပြီ ... ပုသိမ် ထီး"

"မဟုတ်ဘူးဆို ... တော်လိုက်ပါတော့"

"အမယ်လေး ... ခံပြင်းတာဟယ်။ ဒီမိန်းမ ငါတို့ကို သက်သက် အနိုင်ယူတယ်။ ကဲ ... ပြော ... ပြော"

"လေထီး"

အသံတို့က တိတ်ဆိတ်သွားပြန်သည်။

သူလည်း ပြုံးမိသွား၏။ ဒါကို သူ ဘာလို့မစဉ်းစားမိပါလိမ့်။ ဟုတ်သားပဲ လေထီးက ဆောင်းလို့မှမရတာ။

"မိန်းမ ... ဒါတော့ နင်ညာပြီ။ လေထီးလည်း လေထဲမှာ ဆောင်းရတာပဲ"

"နေပူမှာစိုးလို့လား ... မိုးရွာလို့လား ... ဟား ... ဟား ဘာမှ ရှုံးမဲ လာမမဲနဲ့။ အရှုံးကို ဝန်ခံလိုက်ပါ မိနန်းပုံရယ်။ ကဲ ... ကဲ ... ခေါ်စမ်းပါ ... ဆရာကြီးလို့ ... အားပါးတရ ခေါ်လိုက် စမ်းပါ"

ထိုလေသံကိုတော့ သူ တော်တော်မုန်းတီးသည်။ ငါ နိုင်ပါပြီ၊ ငါ တကယ် မင်းတို့ရဲ့အထက်မှာပဲ နေတာပါဟူသော အဓိပ္ပာယ်မျိုးက ထိုလေသံထဲ အတိုင်းသားမြင်တွေ့နေရသည်။

ဘယ်လိုမိန်းကလေးပါလိမ့်။

လှည့်ကြည့်ချင်သည်။ သို့သော် ဟိုဘက်က အုပ်စုဖွဲ့ထားသည်မို့ လှည့်ကြည့်ဖို့လည်း မရဲချေ။ သူ အကြံထုတ်သည်။ ဘယ်လိုလုပ်ရင် ထိုဆပ်စလူးမိန်းကလေးကို မြင်နိုင်မှာလဲ။ သူလည်း ဝေးဝေးရှောင်သင့် ရှောင်ရအောင်လို့ ကြည့်ထားမှ၊ မြင်ဖူးထားမှဖြစ်မည်။

"ဟင် ..."

ထိုင်နေရာမှထအရပ် အမှတ်တမဲ့ပုံဖမ်းကာ ကြည့်လိုက်မိသောအခါ မှင်တက်သွားရသည်။

"မင်း ..."

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ထိုမိန်းကလေးနှင့် မျက်နှာချင်းဆိုင်။

"ငွေဈိုင်းဖြူ"

"ပြဿနာတော့ အတုံးလိုက်အတစ်လိုက် တက်ပြီထင်တယ်"

တိုးတိုးလေးညည်းတွားသံကို သူကြားဖြစ်အောင် ကြားလိုက်သေးသည်။

သူ အားရှိသွားသည်။ တစ်ဖက်က သူ့ကိုရှိန်နေပုံရပြီး မှတ်လည်းမှတ်မိနေသောကြောင့် ငါဟာ တစ်ယောက်တည်းပါလား။ သူတို့က အုပ်စုနဲ့ဆိုတာမျိုးကို မေ့ချင်ချင်။



"မင်း ... ဟို ... မြဒေါင်းစိမ်း"

"အယ် ... ရှင်ကလည်း ... ဘယ်ကလာ မြဒေါင်းစိမ်းရမှာလဲ။ ငွေဈိုင်းဖြူပါ ... အဖြူတွေချည်းပဲ"

"မင်းဟာမင်း စိမ်းစိမ်းဖြူဖြူ ငါ ... မင်းကို တင်းနေတာနော်။ မင်းလုပ်လိုက်ပုံက ငါ တစ်နှစ်လောက် အလကားလူဖြစ်သွားနိုင်တယ်ကွ ... နားလည်လား"

"ရှင်ကလည်း ... ဒေါသကြီးပဲ။ လူ့အသက် ခြောက်ဆယ်သက်တမ်းမှာ တစ်နှစ်လောက်က ဘာဖြစ်သွားမှာမို့လို့လဲ။ ရှင်ပဲ စဉ်းစားကြည့် ... အူဝဲဆိုပြီး လူဖြစ်လာကတည်းက ကြီးသွားအောင် စားရသူများချီတာ ခံရ ... အဲ ... သုံးနှစ်လောက်လည်းရောက်ရော မူကြိုပြေးရပြန်ပြီ။ ပြီးရင် ... မူလတန်းနေ ... ကျူရှင်နဲ့ကျောင်းခေါက်တုံ့ခေါက်ပြန်။ ဆယ်တန်းလည်းအောင်ပြီးရော အများသူငါ တက္ကသိုလ်လည်း တက္ကသိုလ် ... ပြီးရင် အလုပ်အကိုင်ရရှိရေး ... ပြီးရင် ကြင်ယာဖက်ရရှိရေး ... ပြီးရင် သားရေး၊ သမီးရေး၊ စီးပွားရေး အချိန်တန် အိုသေ။ ဘယ်လောက်ပျင်းစရာကောင်းတဲ့ လောကကြီးလဲလို့။ ရှင် ... လောကသံသရာထဲက ရုန်းမထွက်နိုင်မှာစိုးလို့ ဖြူက စေတနာနဲ့လည်း နားချင်ရှာမှာပဲဆိုပြီး ..."

"တော်တော့ ... မင်း ဘာတွေလျှောက်ပြောနေတာလဲ။ မင်း စကားတတ်တိုင်း နားထောင်ရအောင် ငါက အရူးမဟုတ်ဘူးကွ"

"ဩော် ... မရူးဘူးလား"

"ဘာ ... ဘာပြောတယ်"

"အဲ ... ဖြူ ... ရှင် ပြဿနာရှာထားပြန်ပြီလား"

ဘေးနားက ရုပ်ဆိုးဆိုးမိန်းကလေးက ဝင်ပြောသည်။

"မရှာပါဘူးဟယ် ... ငါက စေတနာနဲ့လုပ်လိုက်တာကို လူတွေက ဘာကြောင့် အဆိုးမြင်နေရတာလဲမသိဘူး။ ဒါကြောင့် လူကြီးတွေက ဆုံးမတာပေါ့။ စေတနာဆိုတာ လူတိုင်းနဲ့မတန်ပါဘူးလို့။ အခုတော့ လူပေါင်းမှားပြီ အမေရေ ... သမီးအဖြစ်ကို လာကြည့်ပါဦး ... ခုမှ ပုပုနွေးနွေး သိကျွမ်းရတဲ့ ယောကျ်ားလေးတစ်ယောက်က သမီးကို အော်ငေါက်နေတယ်။ သူ မရှူးဘူးလို့ပြောတယ်။ သမီးရဲ့စေတနာကို နားမလည်ကြဘူး အီး ... ဟီး ... ဟီး ... ဒီလိုမှန်းသာသိရင် သမီး သူ့အပေါ် စေတနာမထားခဲ့ပါဘူး"

ဆိုင်းမဆင့်ဗုံမဆင့် ငိုချလိုက်သော ငွေချိုင်းဖြူကြောင့် သူရော ငွေချိုင်းဖြူရဲ့သူငယ်ချင်းတွေပါဘ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ဟော့ ... ဟော့ ... ငါ ... မင်းကိုပြောတဲ့အထဲမှာ ငိုစရာပါလို့လား ... ဟော့"

တစ်သျှူးပဲ ထုတ်ပေးရမလို မျက်ရည်ပဲ ပြေးသုတ်ပေးရမလို ဖြစ်သွားသည်။ ဘယ်လိုမိန်းကလေးလဲ။ စောစောကပဲ တဟဲဟဲနှင့် အခုတော့ မျက်ရည်လည်ရွဲ။

အခန်းအပြင်ဘက်ရှိ - ဖြတ်သွားဖြတ်လာများသည်လည်း ငွေချိုင်းဖြူ၏ငိုသံကြောင့် အခန်းထဲ ကွက်ကြည့်ကွက်ကြည့်။

သူ ရှက်လိုက်တာ။ နေရာမှာတင် အငွေ့ပျံပြီးပျောက်သွား





ချင်သည်။ မိန်းကလေးတစ်ယောက်ကိုငိုအောင် ဘာလို့များလုပ်မိပါလိမ့်။ အခုတော့ အများအကြည့်အောက်တွင် သူ လူယုတ်မာကြီးလုံးလုံး ဖြစ်နေရသည်။

"ဟော့ ... တိတ်ပါတော့ ... တောင်းပန်ပါတယ်။ ဟာ ... ပြဿနာပဲ"

"မတိတ်ပါဘူး ... ဘာလို့တိတ်ရမှာလဲ။ ရှင်က ဖြူ့ကို အပြစ်မြင်နေတာကို ဖြူက ဝမ်းနည်းတာပေါ့လို့ အီး ... ဟီး ... ဟီး ..."

ပြဿနာပါပဲ။ မှားတာက သူလည်းမဟုတ်ပါပဲနဲ့။ အခုတော့ သူ တရားခံဖြစ်ရပြီ။ လူပေါင်းမှားပါပြီ အမေ ... သားတော့ ငြိုဟ်ဆိုးင်တာပဲ။

နောင်တက နောက်ကျသွားခဲ့ပါပြီ။ သူ့ကြောင့်ငိုနေသော မိန်းကလေးကို ဖြစ်ချင်တာဖြစ် ထားခဲ့လျှင်လည်း သူက လူကြီးလူကောင်းဆန်ရာ ကျဦးမည်။ ကဲ ... မထူးတော့ပါဘူး။

"တောင်းပန်ပါတယ် ... ငွေချိုင်းဖြူရယ် ... မငိုပါနဲ့တော့။ မင်းမှာ အပြစ်မရှိပါဘူး။ မင်းရဲ့စေတနာတွေကို အထင်လွဲခဲ့မိတဲ့ ငါ့မှာပဲ အပြစ်ရှိတာပါ"

"မဟုတ်ဘူး ... ဒါ ... ရှင်ရွဲ့နေတာ။ အဲဒီတုန်းက ကိစ္စနဲ့ တ်သက်ပြီး ဘယ်တော့မှ အပြစ်မပြောတော့ပါဘူးလို့ ကတိပေး"

စိတ်ရှိလက်ရှိတာ ခေါက်ထည့်လိုက်ရရင် ထိုမိန်းကလေး၌ ာလူးတစ်ပိဿာလောက် ဖုသွားနိုင်သည်။

သို့သော် ဒေါသကို မမြိုသိပ်နိုင်ပါက အခြေအနေ ပိုဆိုးမည်

ကို ရိုပ်မိသည်။

ထို့ကြောင့် အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားဖြစ်တဲ့ သူကပဲ မချိသွားဖြဲ လုပ်လိုက်ရသည်။

"ဘယ်တော့မှ အပြစ်မပြောတော့ပါဘူး"

ဟု အထပ်ထပ် ကတိပေးလိုက်တော့မှ မျက်နှာတော်က ကြည်လင်ဝင်းပလာသည်။

အပြောင်းအလဲမြန်လွန်းတဲ့ အဲဒီမျက်နှာကို မုန်းသော်လည်း မုန်းကြောင်း ပွင့်ပွင့်လင်းလင်း မပြောနိုင်ချေ။ မိန်းမမာယာ သဲကိုးပြား ဆိုတဲ့ ရှေးစကားကို နှလုံးမူရပေလိမ့်မည်။

ထို့ကြောင့် သူကလည်း မန်းကျည်းကိုးပင်စာ မာယာဆောင်ပြီး ရုပ်တည်နှင့်လှည့်ထွက်လာခဲ့တော့၏။

သူ့ခြေလှမ်းများ အခန်းထဲမှမထွက်ရသေးခင်မှာပင် အက်ရှ ရယ်သံက ထွက်ပေါ်လာသည်။

ငွေချိုင်းဖြူ၏ရယ်သံ။

ရင်ထဲ လိပ်ခဲတဲလင်း ... လုပ်ထားဦးပေါ့ ... ငွေချိုင်းဖြူရယ် မင်းရဲ့ခေတ်ကိုး"









"ဟဲ့ ... ဒီနေ့ ဖရက်ရှာဝဲကမ်းလေ ခန်းမထဲ နင်မသွားဘူး သား။

အမယ် မသိရင်ပဲ ငယ်ပေါင်းကြီးဖော်လိုလို။ လေသံက ရင်းနှီးမှု လွန်ကဲလှသည်။ သူတော့ ထိုမိန်းကလေးကို မခင်ချင်၍ ဝေးဝေးက ရှောင်နေပါလျက် ခုတော့ စာသင်ခန်းထဲ နှစ်ယောက်သား ပက်ပင်း။

"မသွားဘူး"

မှန်တာပြောရလျှင် လူစုလူဝေးရှိတဲ့နေရာမျိုးကို သူ မကြိုက်ပါ။ သူ့စိတ်က အေးအေးဆေးဆေးနေပြီး လုပ်စရာရှိသည်ကိုသာ အာရုံစိုက် ထားချင်သည်။ နာမည်ကြီးနေတဲ့ မင်းဒင်ရဲ့ သက်နိုင်စာအုပ်ထဲ ရှာန် ဝင်စားနေ၍ မည်သူနှင့်မှလည်း စကားမပြောချင်ပါ။ စကားပြောပါက အာရုံတွေ စုစည်းလို့မရပါ။ ထို့ကြောင့်ပင် အားလုံးက ခန်းမထဲ အာရုံ စိုက်နေချိန်၌ သူက စာသင်ခန်း၏ထောင့်တစ်နေရာတွင် စာအုပ်ကြီးနှင့် ခွေနေခြင်းဖြစ်သည်။

"နင့်စကားကြီးကလည်း ပြတ်သားလိုက်တာဟယ်။ သူစိမ်းတွေ ကျနေတာပဲ"

တွန့်သွားသည်။ ဘာပြန်ပြောလို့ ပြောရမှန်းလည်းမသိပါ။ သူစိမ်း

တွေကျနေတာပဲဆိုပါလား။ သူနှင့် ငွေဗျိုင်းဖြူတို့က သူစိမ်းတွေပဲလေ။ ဘာတွေ မဟုတ်တာကြံနေပြန်ပြီလဲ။ ဒီမိန်းကလေးကို သူ မယုံပေ။ စကားပြောရမှာကိုပင် လန့်နေမိသည်။ ဘာတွေပြဿနာရှာဦးမှာလဲ။ အခန်းထဲမှာက နှစ်ယောက်တည်း။

"ဘာဖြစ်နေတာလဲ။ ဖြူက သရဲနဲ့တူနေလို့လား"

အမလေး ... ကောင်မလေးရယ် ... သရဲနဲ့တူခဲ့ရင်ပဲ ငါ ထကချင်ပါသေးတယ်။

"မတူပါဘူး"

"ဘာတွေကို ဒီလောက်တောင် သဲသဲမဲမဲ ဖတ်နေတာလဲ"

ပြောပြောဆိုဆိုပင် သူ့အနီးသို့တိုးကပ်လာကာ သူဖတ်နေသော စာအုပ်အဖုံးကို လှန်ကြည့်သည်။

"ဘုရား ... ဘုရား ... မင်းဒင်ရဲ့ သက်နိုင်။ ဒါ ... နာမည်ကြီးနေတဲ့ စာအုပ်ပဲ။ နိုင်ငံခြားမှာထုတ်ဝေတဲ့ မြန်မာစာအုပ်လေ။ နင် ... ဘယ်ကရခဲ့တာလဲ။ ဖြူကိုလည်း ငှားပါလား"

"ငှားချင်လည်း ငါဖတ်ပြီးမှ ရမယ်။ ခုတော့ ငါဖတ်နေတုန်း"

"ကပ်စေးနဲတာ။ ဖြူလည်း ဟိုလှန်ဒီလှန်တော့ဖတ်ဖူးပါတယ်"

သူ မကြိုက်ချေ။ ဟိုလှန်ဒီလှန်နဲ့ ကွက်ကျော်ဖတ်တာက စာရေးသူကို မလေးစားတာပဲဟု ယူဆသည်။ သူကတော့ စာအုပ်ကို မဖတ်ရင် မဖတ်၊ ဖတ်ရင်တော့ ရင်ဘတ်ကြီးနှင့် ခံစားပြီး စိတ်နှစ် ဖတ်သည်။

"စာအုပ်ထဲက ဂိုဏ်းစတားတွေက တော်တော်မိုက်တယ်နော်"





မှန်တာပြောရလျှင် ထိုမိန်းကလေးနှင့် သူ စာပေအကြောင်း ဆွေးနွေးချင်ပါ၏။ သို့သော် မိန်းကလေးတစ်ယောက်က စကားလာ ပြောနေခြင်းကို သူက မသိချင်ယောင်ဆောင်ကာ ထွက်သွားလျှင် ယဉ်ကျေးမှုနည်းရာကျပေမည်မို့ အလိုက်သင့်ထိုင်နေရတော့သည်။ ဘယ်လို အချိန်မှာ ဘယ်လိုပုံနှင့် စကားဖြတ်သင့်သလဲဆိုတာတော့ သူ့ဦးနှောက် ထဲ အချက်ပေးခလုတ် ရှိနေသည်။

"နင် ဘာလို့ ... ကင်း ရွေးမခံတာလဲ။ ဒီနှစ်မှာ ချောတဲ့ ကောင်လေးတွေ ရှားတယ်လေ။ အင်း ... ဒီပုံနဲ့ဆိုရင်တော့ နင်သာ အရွေးခံရင် ကိုးဆယ်ရာနိုင်နှုန်းပဲ"

"ငါ့ စိတ်မဝင်စားဘူး"

"အဲဒါ ... ရှင်က ဒီစီးပွားရေးတက္ကသိုလ်ကြီးကို စော်ကား လိုက်တာပဲ"

များတော့ များသွားပါပြီ။ သာမန်စကားဝိုင်းကလေးဟု ထင် ထားခဲ့သည်။ သို့သော် တိုင်းရေးပြည်ရေးတွေပါ ပါလာသည်။ လူကို ကြည့်တော့ မနူးမနပ်နှင့် စကားလုံးကြီးက စပါးကျီခန့်ရှိနေသည်။

"ကျောင်းရဲ့ဂုဏ်ဆောင် အချောအလှတွေ ပေါ်ထွက်လာဖို့ အရေး ကျောင်းသားတိုင်းမှာ တာဝန်ရှိတယ်။ အယ် ... အမြင်ရှိတဲ့ သူကပဲ မထည့်ခဲ့ဘူးဆိုရင် အကျည်းတန်တဲ့သူက ကင်းတို့ ကွင်းတို့ ဖြစ်သွားရင် တက္ကသိုလ်တွေရဲ့ကြားထဲမှာ တစ်ချိန်က မိန်းမလှကျွန်းလို့ နာမည်ကြီးခဲ့တဲ့ ဒီစီးပွားရေးတက္ကသိုလ်ကြီးက နလန်မထူနိုင်လောက် အောင် အရှက်ရသွားနိုင်တယ်ဆိုတာ ရှင်တွေးမိရဲ့လား"

"အဲတော့ ..."

"ဟာ ... တာဝန်မဲ့လှချည်လား။ လှတဲ့သူတွေ အရွေးခံရမယ် ကျောင်းသားမှန်ရင် မဲထည့်ရမယ်လေ။ ဒါမှ ဟောဒါ ငါတို့ကျောင်း ကွင်းပါ ... ကင်းပါဆိုပြီး ခေါင်းမော့ရင်ကော့နိုင်မယ် မဟုတ်ဘူးလား"

"အဲတော့ ... ငါက သွားပြီးအရွေးခံသင့်တယ်ပေါ့"

"အဲလောက်ထိကြီးလည်း ဘဝင်မမြင့်နဲ့ဦး။ ရှင့်ရုပ်ရည်က သ ပြန့်တယ်ဆိုပေမယ့်လည်း သာမန်ပါပဲ"

"မင်းမှာ ... လေတော်တော်ပေါတယ်ထင်တယ် ... ဟု လား"

"ဘာလို့လဲ"

"မင်းက ပါးစပ်မညောင်းပေမယ့် ငါက နားညည်းတယ် ဒီလိုမှန်းသာကြိုသိခဲ့ရင် စီးပွားရေးတက္ကသိုလ်ကို ဘုရားစူးမရွေးခဲ့ဘူး"

ဖတ်လတ်စ စာအုပ်ကို ကျောပိုးအိတ်ထဲထည့်ကာ ထိုင်နေ မှ ထရပ်သည်။ ရုပ်ရည်လေး သနားကမားနဲ့ စကားအင်မတန်မျာ သော ထိုမိန်းကလေးကို သူသိပ်မကြည့်ချင်တော့ပါ။ အချိန်တိုင်း သူ အခံချည်းဖြစ်နေရသောအခြေအနေကိုလည်း ဘဝင်မကျချေ။ ထို့ကြော

"မင်းကရော ကျောင်းသူတစ်ယောက် မဟုတ်ဘူးလား"

"ကျောင်းသူမို့ ကျောင်းတက်နေတာပေါ့။ ရှင်လည်း ဆရာ နဲ့ပြဖို့လိုပြီ ထင်တယ်"

အံမယ် အလာကြီးပါလား။ သူကျတော့ နည်းနည်းလေ အကျောမခံချေ။



"ဒါဆို မဲထည့်ဖို့ မင်းမှာလည်း တာဝန်ရှိမှာပေါ့"

"ငွေမျိုးဖြူတို့က အမြဲတမ်းတာဝန်ကျေပြီးသား။ စိတ်မပူနဲ့"

"မင်းလည်း ငါ့ကို စိတ်မပူပါနဲ့။ မလုပ်ချင်တဲ့လူကို လုပ်ပါလို့ တိုက်တွန်းနေတာက နှိုးဆော်ချက်ဆိုတာထက် ဝတ္တရားနှောင့်ယှက်နေ တာ။ ကြိမ်ဖန်များလာရင် တရားစွဲလို့တောင်ရသွားနိုင်တယ်"

"ရှင်က ... ဥပဒေကျောင်းသားလား ... စီးပွားရေးကျောင်း သားလား"

မေးခွန်းက အထက်စီးနင်းနိုင်လှသည်။

ထို့ကြောင့် ငွေမျိုးဖြူကို ဘေးတစောင်းမကြည့်နိုင်တော့ဘဲ တည့်တည့်ပင် မျက်နှာချင်းဆိုင်စိုက်ကြည့်သည်။

"ဒီမှာ ... ငွေမျိုးဖြူ။ ငါ့ကို အဲဒီလို ခပ်ရင့်ရင့်မေးမယ်ဆို င်းကိုလည်း ငါက ခပ်နိမ့်နိမ့်ပဲပြောရလိမ့်မယ်။ သူများကို မင်း မဝေဖန် ါနဲ့။ မင်းကိုယ်မင်းသာ ကောင်းအောင်နေပါ။ မှန်အောင်ကြိုးစား ဟုတ်လား။ မင်းလိုပုံက ဒီမှာ စီးပွားရေးတက္ကသိုလ်တက်နေရမှာ မဟုတ် ဘူး။ ဘတ်စ်ကားပေါ်မှာ ကြော်ငြာလိုက်ဝေနေရမှာကွ ... နားလည် လား။ ခပ်နိမ့်နိမ့် ပဟေဠိတွေနဲ့ ဆရာကြီးလုပ်ချင်သေးတယ်။ အဲဒါမျိုး င်းသူငယ်ချင်းတွေကိုပဲ လုပ်လို့ရမယ်။ ငါ့ဆီမှာ အဲဒီလိုလာမချိုးနဲ့"

"ဘာမှလည်း မဆိုင်ဘူး။ အဲ ... နေစမ်းပါဦး ... ဖြူက ပဟေဠိဖွက်တတ်တာ ရှင် ဘယ်လိုသိသလဲ။ အဲ ... ရှင် ခိုးနားထောင် နေတာ မဟုတ်လား"

"ဟမ် ..."

ရန်မဖြစ်တတ်သောသူက ပြောမိပြောရာပြောလိုက်ပြီးကာမှ သူ့စကားမှားသွားမှန်း ရိပ်မိလိုက်သည်။

မြတ်စွာဘုရား သွားပါပြီ။ နဂိုကတည်းက တလွဲထင်ချင်နေသော ငွေချိုင်းဖြူ ခုတော့ သူက ကြိတ်ကြိုက်နေတယ်များ ထင်သွားလေရော့သလား။ ဟာ ... ပြဿနာပဲ။

"ရှင် ... ဖြူဝှက်ခဲ့တဲ့ ပဟေဠိကို ရင်ထဲကကြိတ်ဖြေဖူးတယ် မဟုတ်လား"

"ဟာ ... မဖြေပါဘူး။ ကြားလည်း မကြားဘူး။ ဖြေလည်း မဖြေဘူး။ မင်းကိုလည်း ဂရုမစိုက်ဘူး"

"မလိမ်တတ်ပဲနဲ့ လိမ်နေပြန်ပါပြီ။ အတော်ပဲ ... ဖြူလည်း ပျင်းနေတာနဲ့ ရှင်နဲ့ဖြူ ပဟေဠိဝှက်တမ်း ကစားမယ်"

သည်းခံချင်စရာတစ်ကွက်မှ မရှိချေ။ ပြောပုံက ငယ်ပေါင်းကြီးဖော်တွေလို တရင်းတနှီးရှိလှသည်။

ရဲတင်းလွန်းသော ငွေချိုင်းဖြူကို သူကြည့်မရချေ။ သို့သော် သူလည်းပျင်းနေသည်။

ဒီလောက် စိတ်ကတောက်ကဆဖြစ်နေရမှတော့ မင်းဒင်ရဲ့ သက်ခိုင်လည်း ဆက်ဖတ်လို့ရနိုင်တော့မည် မဟုတ်ချေ။ ဒါဆို ငွေချိုင်းဖြူရဲ့ ကမ်းလှမ်းမှုကို လက်ခံလိုက်ရမှာလား။ အမှန်တကယ်ပြောရလျှင် သူလည်း ပဟေဠိကို စိတ်ဝင်စားသည်။ သို့သော် ငွေချိုင်းဖြူကိုတော့ မျက်နှာကြောမတည့်ပေ။

"ရှင်နဲ့ဖြူ လောင်းကြေးနဲ့ ဝှက်မယ်လေ"



ဇာတ်လမ်းက အရှိန်ပိုမြင့်လာသည်။

စိတ်မဝင်စားဘူးဆိုပြီး ရှောင်ထွက်သွားရအောင်လည်း သူက သွေးနည်းရာကျမည်။ ကမ်းလှမ်းမှုကို လက်ခံလိုက်ပြန်လျှင်လည်း မောက်မောက်မာမာ ဆက်ဆံမိခဲ့တာတွေက သူ့ဘက်ကပဲ အိုက်တင်ခံနေသလိုလို ဖြစ်သွားမည်။

အရိပ်သုံးပါးနားမလည်ဘဲ သူ့ကိုလာရှောသည့် ငွေချိုင်းဖြူကိုသာ အပြစ်တင်ရပေတော့မည်။

သူ ဘာလုပ်ရမလဲ။

"အမယ် ... ရှင်ကလည်း အိုက်တင်ခံမနေစမ်းပါနဲ့။ လူငယ်ပီပီ အရှိကို အရှိအတိုင်းပေါ့။ ရှင့်ကိုကြည့်ရတာ ပင်ပန်းလိုက်တာ။ မှားသွားလည်း ဘာဖြစ်လဲ ... ဆောရီးပေါ့။ ကမ္ဘာမှာ အမှားနဲ့ကင်းတဲ့လူ ရှိဖူးသလား"

ဒီလိုကျတော့လည်း ဒီချိုင်းမလေးက ဒိုးကျူးစရာကောင်းနေပြန်သည်။

"ကဲ ... ပြော၊ ဘာလောင်းကြေးလဲ"

"အဟဲ ... ဒီလိုလုပ်စမ်းပါ။ ဟဲ ... ဟဲ ... အင်း ... လောင်းကြေးဆိုမှတော့ နှစ်ဦးနှစ်ဖက် စိတ်ကျေနပ်စေရမယ့်အရာမျိုးပေါ့။ ရှင်နိုင်ရင် ရှင်ကြိုက်တာ ပြောခွင့်ရှိတယ်။ ဖြူနိုင်ရင်လည်း ဖြူကြိုက်တာပြောမယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ... ကတိတည်ကြေးနော်"

"လူကိုများ ဘာထင်နေသလဲ။ ငါက မင်းကိုပြောရမယ့်စကား

ပါကွ"

"အမယ်လေး ... ဖြစ်နေလိုက်တာ။ ဘယ်သူကပြောပြော ရှင်ပြောမယ့်စကား ဖြူကပြောပေးလိုက်တော့လည်း ရှင် ပါးစပ်ညောင်း သက်သာသွားတာပေါ့။ ကဲ ... ပြောလေ၊ ရှင်နိုင်ရင် ရှင်က ဘာ တောင်းဆိုမလဲ"

သူ့နှုတ်ခမ်းက တွန့်ကွေးသွားသည်။ ပြီးနောက် ဖျိုးမလေးကို ပမာမခန့် ကြည့်လိုက်၏။ မင်းထောင်တဲ့ထောင်ချောက် မင်းမိမှာပဲဟု သူ့အကြည့်ပြင်းပြင်းက ပြောနေသည့်အလား။

"ဘာပြုံးတာလဲ ... ပြောမှာသာပြောပါ။ ပြိုင်ပွဲစည်းကမ်းအရ တောင်းဆိုတာကို ကတိတည်နိုင်၊ မတည်နိုင် ဆုံးဖြတ်ရမယ်"

ပြုံးမှတော့ ပြုံးစရာရှိလို့ပေါ့ မဖျိုးရယ်။ ခင်ဗျားလေးကြောင့် ကျုပ် ခုတစ်လော ပဟေဠိစာအုပ်တွေ ဖတ်ဖြစ်နေတာ ခင်ဗျားလေးမှ မသိပဲ။ ခံပေဦးပေါ့။ ကိုယ့်အတက် ကိုယ်စူး ဆိုတာ ဒါမျိုးပဲလေ။

"ကောင်းပြီလေ ... မင်းဘက်က အရင်စိန်ခေါ်တယ်ဆိုတော့လည်း အားနာစရာမရှိတော့ဘူးပေါ့။ ဒီပွဲမှာ ငါသာနိုင်သွားရင် မင်း ငါ့ကို လုံးဝမပတ်သက်နဲ့တော့"

"ဘာ ... ဘယ်လို ..."

"စကားလည်း လာမပြောနဲ့။ ပြဿနာလည်း မရှာနဲ့။ ငါနဲ့ ဘယ်တုန်းကမှ မသိခဲ့သလို အေးအေးဆေးဆေးနေပေးပါ။ ဘယ်လိုလဲ မင်း ကတိပေးနိုင်ပါ့မလား"

"ကြီးကြီးကျယ်ကျယ်ပါလား။ အခြောက်တိုက် ဘဝင်မြင့်နေတဲ့





လူတွေထဲမှာ ရှင်က ထိပ်ဆုံးကပါမယ်ထင်တယ်။ ဘုရား ... ဘုရား ခေတ်ကြီးက တယ်မြန်တာကိုး။ ကဲ ... ထားပါ၊ ပြိုင်ပွဲဆိုတော့လည်း ခွင့်လွှတ်လိုက်ပါ့မယ်။ သေချာစဉ်းစားတော့လည်း မိန်းမသိက္ခာတော့ အကျသားပဲ။ ဒီစကား ဖြူကိုသာပြောလို့သာပဲ။ အခြားမိန်းကလေးသာ ဆိုရင် ဒီနေရာမှာတင် ရှင့်ပါး အစိတ်နှစ်ဆယ်ကွဲပြီ"

အစိတ်နှစ်ဆယ်ဆိုသောစကားကြောင့် သူ့ပါးတစ်ခြမ်းမှာ ထုံကျင်သွားသလို ခံစားရသည်။

"မင်းမို့လို့ပေါ့ကွ ... အခြားမိန်းကလေးဆို ငါ ဒီလောက် ပြောစရာ လိုပါ့မလား။ ကဲ ... ကဲ ... ပြော ... မင်းဘက်က ဘာတောင်းမှာလဲ"

သူ့လေသံက ပြီးပြီးရောနိုင်လှသည်။

ဒီပွဲမှာ သူနိုင်မယ်ဆိုတာ သေချာနေပြီပဲ။ ဘာကြောင့် အချိန် ဆွဲဦးမှာလဲ။ မရွှေဖျိုးဘက်က ဘာတောင်းတောင်း လက်ခံလိုက်ဖို့က အဆင်သင့်ဖြစ်နေသည်။

သို့သော် ရင်တော့ထိတ်မိသား။ မိန်းမတွေက ချုံခိုတိုက်ခိုက်သော နည်းဗျူဟာကို ပိုင်နိုင်သည်ဟု ဝတ္ထုများတွင် သူဖတ်ခဲ့ဖူးသည်။

ဒီလောက်တိတ်ဆိတ်နေပုံထောက်ရင် မရွှေဖျိုးက ဘာတွေများ ကလိန်ကကျစ်တွေးနေပါလိမ့်။

သူ စိတ်မရှည်ချင်တော့ပါ။ ထို့ကြောင့် မျက်နှာလွှဲထားရာမှ မရွှေဖျိုးထံ ကြည့်လိုက်သည်။

သူ့ကို စူးရှစွာ စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံကြောင့်

သူ့ရင်ထဲ ဒိန်းခနဲမြည်သွားသည်။

ဘယ်လိုအကြည့်ကြီးလဲ။ သူ့မျက်နှာက ဘာပေနေလို့လဲ ... သူ ဘာများမှားနေလို့လဲ။

"အမှန်တကယ်က ရှင့်ကို အဲဒီလောက်ကြီး တောင်းဆိုဖို့ မြ မရည်ရွယ်ခဲ့ပါဘူး"

"အိုက်တင်ခံမနေနဲ့ ... မြန်မြန်ပြော ... ငါ့မှာ အချိန်မရှိဘူး"

သူ့လေသံက အထက်စီးမှုဖြစ်သည်။ ထိုသို့ ငွေမျိုးဖြူကို ပြောရခြင်းကိုလည်း နှစ်သက်လှသည်။ ကျေနပ်လှသည်။ ဖြစ်နိုင်လျှင် ငွေမျိုးဖြူကို သူ၏လက်အောက်ငယ်သားတစ်ဦးလို ဆက်ဆံချင်သည်။

"ရှင် ..."

"ပြောပါ ... ပြော ... မြန်မြန်ပြော ... ကြာတယ်"

"အကယ်၍ ဖြူသာနိုင်ခဲ့ရင် ရှင်က ဖြူ့ချစ်သူလုပ်ပေးရမယ်"

"ဘာ ..."

မြတ်စွာဘုရား။ သူ နားကြားများလွဲနေလေရော့သလား။ ဘယ်လိုမိန်းကလေးကြီးလဲ။ ဘယ်လိုဟာကြီးလဲ ... သူ အိပ်မက်များ မက်နေသလား။

"ဒါက လောင်းကြေးလေ။ ရှင် ... သွေးကြောင်ရင် အစော ကတည်းက လက်ရှောင်လိုက်နော်။ ပြဿနာမရှိဘူး"

*အမယ် လေသံကမာလှချည်လား။ သူ့ကိုများ သွေးကြောင်ရင်* တဲ့ အံ့ဖွယ်မိန်းမပါလား။ ဦးနှောက်မရှိဘူးလား တောင်းဆိုမှုက နစ်နာ မှုဖြစ်သွားမယ်ဆိုတာ မတွေးမိဘူးလား။ ဒါမှမဟုတ် သူ့ကိုများရှဲ့နေ





ရော့သလား။

သူကလည်း ငွေမျိုးဖြူကို စိုက်ကြည့်သည်။

သေချာပါတယ်။ ငွေမျိုးဖြူ၏မျက်လုံးထဲတွင် အချစ်ဆိုသော သိမ်မွေ့မှုမျိုး စိုးစဉ်းမျှမရှိပေ။

သူ့ကို တစ်ဖက်သက်ချစ်ကြိုက်နေပါတယ်ဟု စွပ်စွဲရအောင် သည်း ငွေမျိုးဖြူထံ မရိုးမသားအပြုအမူမျိုး မတွေ့ရချေ။

ပြီးတော့ ချစ်သူလုပ်ပေးရမည်ဟူသော တောင်းဆိုသံထဲတွင် အမျိုးဖျန်းတစ်ဦး၏ သက်ဝင်လှုပ်ရှားမှုမျိုး တစ်ရာခိုင်နှုန်းပင် မတွေ့ရ။

သေချာပါတယ်။ ငွေမျိုးဖြူက သူ့တောင်းဆိုမှုကို အမြင်ကတ် ၍ အရွဲ့တိုက်ခြင်းပါပဲ။ ငွေမျိုးဖြူက ဘယ်လိုပဲ အရွဲ့တိုက်ပါစေ ငွေမျိုးဖြူ၏ ကမ်းလှမ်းမှုကို လက်မခံနိုင်စရာအကြောင်းမရှိချေ။ သူ ကိုယ်သူ ယုံသည်။ သခ်ီနပွတ္တိဉာဏ်ရှင်သည်ဟု သံဝရက မကြာခဏ နှိုက်ချီးမွမ်းသည်။

ဘာပဲဖြစ်ဖြစ် အဆုံးသတ်၌ သူနိုင်မှာပဲဆိုတာ သေချာလေ သောအခါ ပြိုင်ဘက်ကို ကြောက်စိတ်မျိုး စိုးစဉ်းမျှမရှိတော့ပေ။

"ကောင်းပြီလေ ... ငါကလည်း သွေးမနည်းကြောင်း မင်း သိအောင် သက်သေပြပေးရမှာပေါ့"

"အိုကေ ... ဒါဆို ... စမယ်။ မေးခွန်းကို သုံးခုသတ်မှတ် မယ်၊ အားလုံးဖြေနိုင်တဲ့လူက ဘုရင်ပဲ"

"သုံးခု၊ မများလွန်းဘူးလား"

"အပြောမကြီးပါနဲ့။ ပြိုင်ပွဲမှန်ရင် တရားမျှတမှုက အရေးကြီး

တယ်လေ"

"အိုကေလေ ... စတာပေါ့။ မင်းကို အရင်ဦးစားပေးလိုက်မယ်။ Lady First လေ။ ဒီယဉ်ကျေးမှုတော့ ငါကောင်းကောင်းနားလည်ပါတယ်"

"မေးခွန်းနံပါတ် (၁) အိမ်တော့ အိမ်ပဲ။ ဒါပေမဲ့ အမိုးအကာနဲ့ နံရံတွေမရှိတဲ့ အိမ်"

လွယ်လိုက်တာ။ မူလတန်းကျောင်းသားကို သွားမေးပါလား။ စီးပွားရေးတက္ကသိုလ်ကျောင်းသားကိုမေးမှတော့ ခံသွားရပြီပေါ့။

"အမျှင်တွေနဲ့ဆောက်တဲ့ ပင့်ကူအိမ်"

သူက အလွယ်တကူဖြေလိုက်သောအခါ ဖျိုးမလေးကတော့ မှင်တက်သွားသည်။ သို့သော် တခဏအတွင်း ပြုံးနိုင်သွားပြန်သည်။ ဘယ်လိုမိန်းကလေးလဲ။ တတ်လည်း တတ်နိုင်လွန်းတယ် ဟား ... ဟား။

သူ့ရင်ထဲ လှောင်နေမိသည်။ ပြီးနောက် ငွေဖျိုင်းဖြူကို သဘောကျစွာ ကြည့်လိုက်သည်။

"ဝမ်း၊ ရွေးယူခွင့်မရှိတဲ့မုန့်က ဘာမုန့်လဲ"

ငွေဖျိုင်းဖြူက မဖြေနိုင်လောက်ဘူးဟုထင်သော မေးခွန်းမျိုး မေးလိုက်ခြင်းဖြစ်သည်။

သို့သော် မေးခွန်းကမဖြေခင် ပြုံးလိုက်သောငွေဖျိုင်းဖြူ၏ အပြုံးကြောင့် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဘာလဲ ... သိနေတယ် လွယ်လွယ်လေးပါဆိုတဲ့သဘောလား။



"မရွေးမုန့်"

သွားပြီ။ ပေါ့ပေါ့ပါးပါး ပဟေဠိထဲက မေးလို့မရတော့ဘူးဆိုတာ သူသိလိုက်သည်။

"သရေပဲ။ ကဲပါ ... ဆက်မေး"

"နံပါတ်နှစ်။ လွယ်လွယ်လေးပဲ မေးမှာပါ။ အိပ်ချင်လို့သမ်းတဲ့ အပင်က ဘာလဲ"

သူနည်းနည်းတော့ ချွေးပျံချင်သွားသည်။

သူ ဒါကို မဖတ်ဖူးခဲ့ပါ။ အိပ်ချင်လို့သမ်းတဲ့အပင်တဲ့။ အိပ်တတ်တဲ့အပင်က ဘာတွေရှိမလဲ။ ထိခရုံး ပြီးတော့ ကုက္ကို ပြီးတော့ ဘာလဲ သူ ထပ်ပြီးစဉ်းစားလို့မရပါ။ ဘာလဲ ရှုံးလို့တော့ လုံးဝမဖြစ်ပါ။ အိပ်ချင်လို့ သမ်းတဲ့အပင်။ သမ်းတဲ့အပင်က ဘာလဲ ... ဘာလဲ။ သမ်းတဲ့အပင်ဆိုတော့ ရှည်ရှည်မျောမျောကို ပြောတာလား။ ဒါလည်း မဖြစ်နိုင်ပါ။ အဖြေက သူနှင့် ကျောချင်းကပ်လျက်မှာ ရှိနေနိုင်သည်။ သမ်းတဲ့အပင် ... သမ်းတဲ့အပင်။

"ဘယ်လိုလဲ ... ရှင် ပန်းပေးပြီလား"

"ဘာလို့ပေးရမှာလဲ"

"အချိန်ပြည့်တော့မယ်နော်။ စဉ်းစားချိန်က တစ်မိနစ်ပဲ"

သမ်းတဲ့အပင် ... အိပ်ချင်လို့သမ်းတဲ့အပင်။ သမ်းတာက ဘယ်လိုပုံလဲ။ သမ်းတာက ...

အာရုံကို စုပြီးစဉ်းစားသည်။ သမ်းတာက ...

သူ့ခေါင်းထဲ လင်းခနဲဖြစ်သွားသည်။

"ဝါး … ဟုတ်တယ် … ဝါးပင်"

"မဆိုးပါဘူး။ ကြက်ကန်းလေးတော့ လာသားပဲ"

မတင်မကျ ရမ်းသမ်းဖြေလိုက်ခြင်းဖြစ်သော်ငြား မှန်သွားသောကြောင့် ရင်ထဲရှင်းသွားသည်။

ကျေနပ်သွားသည်။ သုံးခုအနက် နှစ်ခုကို သူ ဖြေလိုက်နိုင်ပြီ မဟုတ်ပါလား။

"ကဲ … ရှင့်အလှည့်"

အမယ် သက်တောင့်သက်သာ ရှိလှချည်လား။ ဆရာကြီး အယောနှင့်။

"တူး၊ ကျွန်တော့်ရဲ့ဒေါ်လေးကို သူ့ရဲ့ဒေါ်လေးက ဒေါ်လေးလို့ ခေါ်တယ်။ အဲဒါ သူနဲ့ကျွန်တော် ဘာတော်သလဲ"

"ရှင့်ရဲ့ဒေါ်လေးကို သူ့ရဲ့ဒေါ်လေးက ဒေါ်လေးလို့ခေါ်တယ် … ဟုတ်လား"

"အင်း …"

သူ့အဖြေဆုံးသောအခါ ငွေမျိုးဖြူက မျက်လုံးလေးမှိတ်ကာ ငြိမ်သက်သွားသည်။ ပါးစပ်ကလည်း ပွစိပွစိနှင့် ဘာတွေရေရွတ်နေမှန်း မသိပါ။

ဆွေစဉ်မျိုးဆက်ဇယားဆွဲနေမှန်း သိသာသည်။

ငွေမျိုးဖြူ၏ ဆွေမျိုးဇယားကြီးကို သူ နှောင့်ယှက်မှုဖြစ်မည်။ ဒီပွဲမှာ ငွေမျိုးဖြူ နိုင်၍မရချေ။ ငွေမျိုးဖြူ နိုင်သွားပါက သူက အခြောက်တိုက်နေရင်း ချစ်သူဖြစ်ရမည့်အဖြစ်မျိုး။



"ဟေ့ … တစ်မိနစ်ပြည့်တော့မယ်နော်။ ပြိုင်ပွဲဖြစ်နေတော့ …ကလေးဆိုပြီး ငါ သက်ညှာနေမှာ မဟုတ်ဘူး။ 50, 51, 52, 53, 54, …"

"သားအဖ"

ငွေမျိုးဖြူ၏အသံက အားတက်သရော်ရှိလှသော်လည်း သူ …တော့ မျှော်လင့်ချက်ပျောက်သွားသူလို ခံစားရသည်။

"သူက ရှင့်ရဲ့သားလေ။ မှန်တယ် မဟုတ်လား"

နည်းနည်းအမြင်ကတ်ချင်လာသည်။ သို့သော် အားမလျှော့…။ နောက်ဆုံးမေးခွန်းတစ်ခု ကျန်နေသေးသည်။

"ကဲ … ဆက်မေး"

မှန်တယ်ဟုမဖြေချင်၍ ပွဲဆက်ရန်သတိပေးလိုက်သည်။

"ဒီတစ်ခါတော့ ရှင့်ကိုသက်ညှာနေလို့ မဖြစ်တော့ဘူး။ ရှင့်ကို …ပြင်ပြောပြဦးမှပဲ။ ဟိုးရှေးရှေးတုန်းက …"

စိတ်ညစ်သွားသည်။ မြန်မြန်ပွဲဖြတ်ချင်ကာမှ ပုံပြောသူနှင့် …ြုနေရသေးသည်။ ဝင်ပဲ နေညီရေ၊ ဝင်ရှိသမျှတော့ ခံဦးဟဟုသာ …ည်းတွားနေမိတော့သည်။

"ယုန်နဲ့လိပ်တို့ အပြေးပြိုင်ကြတယ်"

"တော်ပါတော့ မမြဒေါင်းမိမ်းရယ်။ ရိုးနေတာတွေကို တော် …ိုက်ပါတော့"

"ဟာ … ရှင်ကလည်း မရိုးပါဘူး။ ဆုံးအောင်နားထောင်ပါဦး။ …န်နဲ့လိပ်တို့ အပြေးပြိုင်ကြတယ်"

"ယုန်က လမ်းတစ်ဝက်မှာ အိပ်ပျော်နေလို့ ဖွဲ့ရှိတဲ့လိပ်က နိုင်သွားတယ်လေ။ ဒါမှမဟုတ် ယုန်က အားသွန်ပြေးပေမယ့် လိပ်က အရင်ရောက်နှင့်နေတယ်။ အဲ့ဒီလိပ်က လိပ်အမွှာတွေလေ"

"တစ်ခုမှ မဟုတ်ဘူး။ ဆုံးအောင်နားထောင်ပါ"

"ပြောကွာ ... ပြော ... ပြော"

ယုန်ကတော့ ခပ်မြန်မြန်ပြေးသွားတယ်။ ပန်းတိုင်ကို အချိန်မီ ရောက်မှ သူက နိုင်မှာလေ။ ဒါပေမဲ့ လိပ်ကတော့ တရွေ့ရွေ့ပဲသွား တယ်။ လိပ်က သွားလာနေရင်း ဘယ်သူနဲ့တွေ့သလဲဆိုတော့ ခရုနဲ့ တွေ့တယ်။ ခရုက မသွားနိုင်တော့လို့ သူ့ကိုခေါ်သွားပေးပါဆိုပြီး လိပ်ကို ပြောတယ်။ လိပ်က နဂိုကတည်းက သဘောကောင်းသူဆိုတော့ ရတယ် ကျောပေါ်တက်ပေါ့လေ။ အဲ့ဒါနဲ့ သူက ကျောပေါ်တက်လာတယ်။ လိပ် ကလည်း ခရီးဆက်တာပေါ့။ သွားရင်းနဲ့ လမ်းရောက်ပြန်တော့ ပက်ကျိ နဲ့ ဆုံပြန်တယ်။ ပက်ကျိကလည်း ခရီးမဆက်နိုင်တော့လို့ သူ့ကို ကူညီ ပါပေါ့။ အဲ့ဒါနဲ့ ပက်ကျိကလည်း လိပ်ရဲ့ကျောပေါ် တက်ပြန်တယ်။ လိပ်ကျောပေါ်မှာ ခရုနဲ့ ပက်ကျိတို့ ဆုံကြတယ်။ ခရုက ပက်ကျိကို မြင်မြင်ချင်း ဘာပြောမယ်လို့ထင်သလဲ"

"ဟမ် ..."

ရုတ်တရက် ကောက်မေးလိုက်သောမေးခွန်းကြောင့် သူ့ကျော ထဲ စိမ့်ခနဲဖြစ်သွားသည်။ လက်စသတ်တော့ ဒါကလည်း ပဟေဠိတစ်ပုဒ် ပါပဲလား။ အမေးရှိတော့ အဖြေရှိရမှာပေါ့။ ဒီလောက်လွယ်တာလေး မဖြေနိုင်မှတော့ သူ လူမလုပ်သင့်ဘူးပေါ့။





"နှုတ်ဆက်မှာပေါ့"

"မဟုတ်ဘူး"

"morning"

"အဲဒီအချိန်က ညလည်း ဖြစ်နိုင်တယ်လေ"

"ဟိုင်း ... ငါက ခရုပါ"

"မှားတယ်"

"နေကောင်းရဲ့လား"

"သူတို့က ခုမှသိတာလေ"

ဖြေစရာက ရှားပါးစပြုလာသည်။ ကတ်သီးကတ်သတ်နိုင် ...ွန်းသည်။ တိရစ္ဆာန်ဘာသာစကားကို သူက ဘယ်လိုလုပ်ကျွမ်းကျင်မှာ ...ဲလဲ။ ပြီးတော့ ... ရွံ့စရာသတ္တဝါလေးတွေ။

"အချိန်ပြည့်တော့မယ်နော်"

"ဘာသာစကားအလိုက် နှုတ်ဆက်မယ်"

"မှားတယ်"

"မင်း ... ဘယ်သွားမှာလဲ"

"No ... No ... ခရုက သိပ်မစပ်စုဘူး"

"ဒါဆို ဘာလဲကွာ"

"ပန်းပေးပြီးနော် ... မပေးလို့လည်း မရတော့ဘူး။ အချိန်က ...ည့်ပြီ"

စိတ်က နည်းနည်းတိုချင်လာသည်။ သို့သော် သူ့မှာလည်း ...ောက်ထပ်မေးခွန်းတစ်ခု မေးပိုင်ခွင့်ရှိသေးသည်မို့ တိုနေသောစိတ်ကို

ဆွဲဆန့်ထားရသည်။

"ဖြေမှာသာ ဖြေပါ"

"သေချာကိုင်ထား ... အရမ်းမြန်တယ်"

ခရုသံနှင့်ပြောနေသော ငွေဇျိုင်းဖြူ၏အသံသည် ဩရှရှဖြ
သွားသောအခါ ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်လိုက်ရသည်။ ဟုတ်သ
ပဲ။ ဒီလိုဟာသမြောက်တာမျိုး သူ ဘာလို့ မတွေးခဲ့မိပါလိမ့်။ သူ
အနိုင်လိုချင်စိတ်တွေ ဒုက္ခပေးနေပြီထင်ပါရဲ့။

"ရှင် ... အခုရှုံးပြီနော်။ ကဲ ... ရှင့်အလှည့်"

နည်းနည်းတော့ သွေးပျက်ချင်လာသည်။ ဒီနောက်ဆုံးမေးခွ
က အရေးကြီးသည်။ သူ့မေးခွန်းကို ငွေဇျိုင်းဖြူ ဖြေနိုင်ပါက သူ
ငွေဇျိုင်းဖြူ၏ချစ်သူ လုပ်ရမည်။ မဖြေနိုင်ပါက ပြဿနာ နည်း၏
သရေပွဲမို့ ပွဲက ဒီအတိုင်းပြီးသွားမည်။

အနိုင်မရချင်နေပါစေ ရှုံးတော့ မရှုံးချင်ပါ။ အနိုင်ရချင်
တော့လည်း အနိုင်မရနိုင်တော့ဘူးဆိုတာ အဖြေက ကြိုထွက်ပြီးသာ
သို့သော် သရေကျဖို့အရေး ကြိုးပမ်းရပေတော့မည်။

"အမေတစ်ယောက်က သမီးကို ဈေးလွှတ်တယ်။ မုန့်ခုန
ဝယ်ခဲ့ပါလို့ အဘန်တန်မှာပြီး ခုနစ်ခုစာ ပိုက်ဆံပေးတယ်။ ဒါပေ
သမီးက မုန့်ကို ကိုးခုဝယ်ပြီး ပြန်လာတယ်။ အမေက သမီးကို ဆူမလာ
မဆူဘူးလား"

သူ့မေးခွန်းအဆုံးတွင် သူ့ကို ငွေဇျိုင်းဖြူက ပေမိုတ်မှတ် စိုက်
ကြည့်နေလေသည်။ ထိုအကြည့်ကို သူမုန်းသည်။ တစ်ခုခုအကြံထု





နေသည့်အကြည့်မျိုး မဟုတ်လား။ ဒီတစ်ခါတော့ ငွေဇျိုင်းဖြူ ဖြေနိုင်
သည်း မဟုတ်ဘူး ... မှားတယ်ဟုသာ သူ ငြင်းရပေတော့မည်။

"ချစ်သူဖြစ်တဲ့အထိမ်းအမှတ်အနေနဲ့ ရှင် ... ဖြူ့ကို ဘာပေး
လဲ"

"သေချာလှချည်လား"

"ငွေဇျိုင်းဖြူတို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူး။ လက်ဝါးနာ
သို့၊ ကဲ ... ပြောပါ"

"အပြောမကြီးစမ်းပါနဲ့။ ဖြေမှာသာ ဖြေစမ်းပါ"

"ရှင်က ကလိန်ကျပြီး မဟုတ်ဘူးလို့ငြင်းရင်တော့ ဖြူ့ထိုက်နဲ့
ကြက်ပေါ့။ ဒါပေမဲ့ အမှန်တရားကို ရေဆုံးမြေဆုံးလိုက်ရမှာပဲ။ ရှင်
သိထားဖို့က အမှန်တရားဆိုတာ ကြာရှည်ဖုံးကွယ်ထားလို့ မရပါဘူး။
အဲဒီတုန်းက လိမ်ညာခဲ့ပါလားဆိုတဲ့စိတ်က ရှင့်ကို အချိန်များစွာ ဒုက္ခ
ပေးလိမ့်မယ်။ ရှင့်ကိုယ်ရှင် ဘယ်တော့မှလဲ လိပ်ပြာလုံမှာ မဟုတ်ဘူး။
အမှန်တရားကို ဖြူသိသွားတဲ့နေ့တော့ ရှင် အရှက်ကွဲတဲ့နေ့ပဲ။ ဖြူ့
အကြောင်း ရှင်သိတယ်နော်"

အမယ် ... အလာကြီးပါလား။ သူ့စိတ်ကို ကြိုမြင်နေသည့်
အလား ကြိုပြီး ရှင်းလင်းရေးလုပ်နေသည်။ အကျပ်ကိုင်တာလား၊ ခြိမ်း
ခြောက်တာလားဆိုတာ ရေရေရာရာမသိတဲ့စကားလုံးမျိုးနှင့် အဖြေကို
သိနေတယ်၊ သိတဲ့အဖြေက မှန်ကန်ပါတယ်ဆိုပြီး အပိုင်ကြီးပြောနေလေ
သည်။ မခံချင်သော်လည်း စိတ်ကတုန်လှုပ်နေသည်မှာ အမှန်ပင်။
ခိုန်ခေါ်မိတာ မှားသွားလေပြီလား။ ဒီမိန်းမနဲ့ ဝေးဝေးနေချင်ကာမှ

နီးသွားရသည့်အဖြစ်မျိုးနှင့် ကြုံရတော့မယ်ထင်ပါရဲ့။

"သူ့အမေ ဝယ်ခိုင်းလိုက်တာက ခွန်၊ နှစ်ခုလေ။ သူ့အမေ
မှာတဲ့အတိုင်း ဝယ်လာတာပဲ။ ဘာဆန်းစရာရှိသလဲ"

မြတ်စွာဘုရား ... ဘယ်လိုလုပ်ရမလဲ။ အင်းလို့ ခေါင်းညိတ်
ပြန်ရင်လည်း ချစ်သူလုပ်ပေးရဦးမည်။ မဟုတ်ဘူးလို့ ငြင်းပြန်ရင်လည်
အရှက်ခွဲတာခံရဦးမယ်။

"ကဲ ... ပြောလေ၊ မှန်တယ်လို့"

ဒုက္ခပဲ။ ဒီနေ့ ဒီနေရာမှာ စာဖတ်နေမိတာကိုပဲ နောင်တ
ရချင်သည်။

ဒီနေ့ ပြဿနာ ... သူ ဘာလုပ်ရမလဲ။ ထိုမိန်းကလေး
ချစ်သူမဖြစ်ရအေး ဘယ်လိုဉာဏ်ဆင်ရမလဲ။ အပြင်းအထန်စဉ်းစားသော
အခါ အကြံဉာဏ်ထွက်လာသည်။

"ကောင်းပြီလေ။ အချစ်ဆိုတာကို ငါ နားလည်လက်ခံလာ
အောင် ရှင်းပြပေး ... ဒါဆို ငါ မင်းရဲ့ချစ်သူ လုပ်ပေးမယ်။ ဒါပေမဲ့
ချစ်သူက သက်တမ်းရှိတယ်နော်။ ဝဲကမ်းနေ့မှာဆိုတော့ အဲ ... ကျောင်း
ပြီးသွားရင်တော့ ဒီကတိ ပယ်ပျောက်ကြေး"

"အိုကေ ... ကြိုက်တယ်။ ရှင့်ကို နည်းနည်းလေး ဒုက္ခပေးရရင်
ကျေနပ်တယ်"

"ဘယ်လို ... "

"အံမယ် ... ရှင့်ကိုချစ်လို့ ချစ်သူလုပ်ချင်နေတယ်များ ထင်
သလား ... ဖြူမှာလည်း မိန်းမမာနနဲ့ပါရှင့်"



"ယုံချင်စရာတစ်ကွက်မှ မရှိဘူး။ ကဲ ... ထားပါ ဒီနေ့တော့
ငါ နည်းနည်းစိတ်ရှုပ်သွားပြီ။ အနားယူမှဖြစ်တော့မယ်။ လာမယ့် တနင်္လာ
နေ့မှာ ပြန်ဆုံးဖြတ်ကြတာပေါ့"

"ဖြူ့အနဲ့တာခံဖို့ အားမွေးဖို့လိုတာပဲ။ ရပါတယ် ... နားပါ"

နေနှင့်ဦးပေါ့ ငွေမျိုးဖြူရယ်။ အချစ်ဆိုတာ ဒီလောက်ကျယ်
ပြန့်တာ။ မင်း ငါလက်ခံလာအောင် ဘယ်လိုပြောမှာလဲ။ မင်း ပြော
သမျှကို ငါက ငြင်းပစ်တော့ရော ဘာဖြစ်ဦးမှာလဲ။ အချစ်အကြောင်း
ငြင်းခုံပွဲမှာတော့ ငါ သေချာပေါက်နိုင်ရမယ်။

သူကလည်း ရင်ထဲ အသံတိတ်ကြုံးဝါးနေသလို ငွေမျိုးဖြူ
ကလည်း သူ့ကို စွေစောင်းစောင်းကြည့်နေသည်။ ထိုအကြည့်ကို သူ
ရမစိုက်ချင်တော့၍ အတန်းထဲမှာ ချာခနဲလှည့်ထွက်လိုက်သည်တွင်
ငွေမျိုးဖြူ၏ သူငယ်ချင်းသုံးယောက်နှင့်ဆုံသည်။

"အမယ်လေး ... ဖြူရယ်၊ ရှာလိုက်ရတာ။ ရှင်က ဒီမှာရောက်
နေတာကိုး။ တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ"

"တစ်ယောက်တည်းမဟုတ်ဘူးဟေ့ ... နှစ်ယောက်။ ရှင်တို့
မမြင်ကြဘူးလား"

"ဗုဒ္ဓေါ်မြတ်စွာ ... ဒါဆို ... ရှင်က ... သူနဲ့"

"ဟဲ ... ဟဲ ... ဟဲ ... ဒီလိုပဲပေါ့ဟယ်။ ဒီလိုနေရာမျိုးဆို
တာ သူငယ်ချင်းတွေပါလို့ကောင်းတဲ့အရာမဟုတ်ဘူး ဟဲ ... ဟဲ ...
ငါတို့က အချစ်စမ်းနေကြတာ"

"အချစ်စမ်းတာ ... ဟုတ်လား"

"ငါက သူ့ကို တနင်္လာနေ့ အဖြေပေးမယ်လို့ပြောလိုက်ပြီး ဘယ်လိုလဲ နင်တို့ ငါ့ကို သူနဲ့သဘောတူရဲ့လား"

ငွေမျိုးဖြူက သူကြားအောင် တမင်တကာအေ်ပြောနေတာဲ ဆိုတာ သူ သဘောပေါက်သည်။

ခါးထောက်ပြီးရန်တွေ့ပစ်ချင်သော်လည်း အများနှင့်တစ်ယောက် မို့ ဒေါသကို တံတွေးနှင့်အတူမြိုချပြီး ခပ်သွက်သွက်လျှောက်လာ သည်။ နေနှင့်ဦးပေ့ါ ငွေမျိုးဖြူရယ်။







တနင်္လာနေ့ နံနက်စောစောတွင် သူနိုးရာကနိုးလာသည်။

ဒီနေ့ကျောင်းသွားရမလား၊ မသွားရဘူးလားဆိုတာ ဝေခွဲမရ နိုင်ပေ။ အမှန်အတိုင်း မမှုက်မကြောက်ဝန်ခံရပါလျှင် သူ ငွေမျိုးဖြူကို ရင်ဆိုင်ရမှာ ကြောက်နေမိသည်။ ရှုံးမှာကိုလည်း စိုးရိမ်သည်။ အချစ် အကြောင်းကို ငွေမျိုးဖြူက အဓိပ္ပာယ်ဖွင့်သမျှ သူက ဖတ်ဖူးသမျှ စာစုများကိုအားကိုးပြီး ငြင်းလိုက်ရင် ပွဲကပြီးသွားပြီဟု ထင်နေရသော် လည်း ယုံကြည်ချက်တို့ပျောက်ဆုံးနေသည်။ ငွေမျိုးဖြူက ဉာဏ်များ သောမိန်းကလေးဆိုတာ အတွေ့အကြုံအရ သိနှင့်နေပြီးသား။

ကျောင်းကိုသွားရမလား၊ မသွားဘဲရှောင်နေရမလား ဝေခွဲ မတတ်တော့။

သို့သော် ရှောင်နေလို့ပြီးသွားမယ့်ကိစ္စ မဟုတ်ပါဘူးဟု အားတင်းကာ ရဲတင်းချင်ယောင်ဆောင်ပြီး ကျောင်းသို့လာခဲ့သည်။

စိတ်တော့ သိပ်မလုံချင်ပါ။ ခြေလှမ်းတိုင်းက အယောင်ယောင် အမှားမှား။ ဖြတ်သွားဖြတ်လာများကလည်း သူ့အပေါ်သာ အာရုံစိုက်နေ သည်ဟု ထင်သည်။ လှည့်ပြန်သွားရမလား။ ရှောင်နေပြန်လျှင်လည်း သူမသိလိုက်ဘဲ ငွေမျိုးဖြူက တစ်ခုခုလုပ်လိုက်မှာစိုးသည်။ တစ်ကျောင်း

တည်း တစ်တန်းတည်း အတူတက်နေကြသူမို့ တစ်နေ့မဟုတ်တစ်နေ့ တော့ တွေ့ရမှာပဲ။ ဖြစ်လာမယ့်အခြေအနေကို ရင်တမမနှင့် စောင့်နေရမယ့်အစား ရင်ဆိုင်ကာဖြေရှင်းလိုက်ခြင်းက အကောင်းဆုံးရွေးချယ်မှုပဲဟု မိမိကိုယ်ကိုမိမိ အားပေးမိပြန်သည်။

"ရှင်က ... နေညီလား"

လှုပ်ရှားနေသောခြေလှမ်းများ တုန့်ခနဲရပ်သွားသည်။

"ကျွန်တော့်ကို သိလို့လား"

မိန်းကလေးသုံးယောက်အုပ်စုဖြစ်သည်။

သူ့ကို ပြုံးစိစိနှင့်ကြည့်နေသည်။ ဘယ်နေရာမှာ မှားနေတာလဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။

"မဟုတ်ပါဘူး ... နေညီ ဟုတ်၊မဟုတ် အတည်ပြုကြည့်တာပါ"

ဟုဆိုကာ မိန်းကလေးသုံးယောက်လုံး ခိုးခိုးခစ်ခစ်ရယ်ပြီး ထွက်သွားသည်။

"နေညီလား ..."

လာပြန်ပြီ နောက်နှစ်ယောက်။ မိန်းကလေးတော့မဟုတ်ဘဲ ယောကျ်ားလေးနှစ်ယောက်ဖြစ်သည်။

"ဟုတ်ပါတယ်"

"မင်းကတော့ စတားပဲ ... ကိုယ့်လူ။ တွေ့ရတာ ဝမ်းသာတယ်ကွာ"

ဘာပြောသွားပါလိမ့်။ ကြည့်ရတာတော့ စီနီယာတွေပုံပေါက်





သည်။ ဝေါက်နေပုံမျိုးလည်း မပေါ်ချေ။

တစ်နေရာမှာ တစ်ခုခုတော့လွဲနေပါပြီ။ ဘာလွဲတာလဲ။

"ဟင် ... နေညီ၊ ရှင် ဒီနေ့ကျောင်းလာတယ်"

ငွေမျိုးဖြူ၏ သူငယ်ချင်းမလေးသုံးယောက်ဖြစ်သည်။ ထိုသုံးယောက်လုံးက သူ့ကိုကြည့်နေပုံမှာ အထူးအဆန်းပုံမျိုးဖြစ်နေသည်။ ဘာတွေဖြစ်နေကြတာလဲ။

"ကျောင်းသားပဲ ... ကျောင်းလာတာ ဘာဆန်းသလဲ။ အဲဒီလို မေးခွန်းမေးတဲ့ ခင်ဗျားတို့တွေသာ ထူးဆန်းနေတာ"

မိန်းကလေးတွေဆိုသော်လည်း ငွေမျိုးဖြူ၏သူငယ်ချင်းတွေဖြစ်နေသောကြောင့် စကားကို ဘုတောပြီးဖြေလိုက်သည်

"ရှင့်ပုံကလည်း အေးတိအေးစက်နဲ့ လုံးဝမထင်ရဘူး"

"ခင်ဗျားတို့ ဘာပြောနေတာလဲ"

"ရှင် မသိသေးဘူးထင်တယ်။ ထင်တော့ထင်သားပဲ။ မျိုးဖြူ မေ့ပြန်ပြီထင်တယ်"

မေ့ပြန်ပြီဆိုပဲ။ ဘာလဲ ... ဘာကိုမေ့တာလဲ။

ဘယ်အရာကိုမှ ရေရေရာရာ မသိသေးသော်လည်း ခေါင်းတော့ ခပ်ကြိမ်းကြိမ်းပင်။

"အတန်းထဲ အရင်ဝင်ကြည့်လိုက်လေ။ ရှင် သိသွားပါလိမ့်မယ် ဟီး ... ဟီး"

အမျိုးသမီးသုံးယောက်မှာ သူ့ကိုလှောင်ပြောင်သရော်ပြီး ထွက်သွားကြသည်။

သိချင်စိတ်ကို မထိန်းနိုင်တော့ချေ။ ထို့ကြောင့် ဝတ်ထားသော ပုဆိုးကို ခါးပုံစမှဆွဲကိုင်ကာ ခပ်သုတ်သုတ်လျှောက်လာတော့သည်။

"ဟော့ ... ဟော့ ... ဟိုမှာ မင်းသား လာပြီ။ မင်းသား ..."

အတန်းထဲဝင်ရန် ကြံရွယ်နေဆဲမှာပင် အတန်းထဲမှထွက်ပေါ်လာသော အသံများကြောင့် ခြေလှမ်းတွေကို ရှေ့ဆက်မတိုးရဲတော့ပါ။

"မင်းသမီး ... ဘယ်ရောက်သွားသလဲ"

ဘာတွေပြောနေကြမှန်းမသိပေ။ မင်းသားနဲ့ မင်းသမီး ဆိုပါလား။ ရွေးချယ်ခဲ့ပြီးသား ကင်းနဲ့ကွင်းကိုများ ဆိုလိုသလား။ သူ့ကိုတော့ မင်းသားဟုပြောစရာ ဘာအကြောင်းမှမရှိချေ။

"နေကောင်းသွားပြီလား"

မျက်မှန်းတန်းမိသော်လည်း သိကျွမ်းခင်မင်ခြင်းမရှိသူများက သူ့ကို ဘာလို့များ နှုတ်ဆက်လာကြတာလဲ။

"ကောင်းပါတယ်"

"မင်းတော့ ကံကောင်းတာပဲ။ ငါ့ရည်းစားသာ ငါ့ကို အဲဒီ လောက်ချစ်ပြရင် အခုချိန် သေရမယ်ဆိုရင်တောင် ငါကျေနပ်ပြီ"

ဘာတွေပြောနေတာလဲ။ သူက ဘယ်တုန်းက နေမကောင်းဖြစ်သွားခဲ့လို့လဲ။ ပြီးတော့ ငါ့ရည်းစားသာဆိုရင်ဆိုသော အဓိပ္ပာယ်က သူ့မှာရည်းစားရှိနေသည်ကို အတတ်သိနေသောပုံနှင့်။ ကိုယ်ကိုယ်၌က ကိုယ့်ကိုယ်ကို ရည်းစားမရှိဘူးဟု သိထားသည်။

သံစိတ်နှင့် ဖြစ်ရပ်က လားလားမျှတိုက်ဆိုင်မှုမရှိလေသော



အခါ အိပ်မက်များလားဟု သံသယဝင်လာပြန်သည်။ မဖြစ်နိုင်ပါ။

မနက်က သူရေချိုးခဲ့သည်။ ကော်ဖီနှင့်မုန့် စားခဲ့သည်။ ပြီးကိုသောင်း၏ပို့ဆောင်ပေးမှုနှင့် ကျောင်းသို့ရောက်လာသည်။ ကားမှဆင်းခဲ့သည်။ ကျောင်းထဲဝင်လာသည်။ ထိုသို့ ထူးဆန်းသောအကြည့်မျိုးနှင့် အကြည့်ခံရသည်။

ချွတ်ချော်တိမ်းစောင်းမှု တစ်ခုမှမရှိချေ။

သူ့ကိုဝိုင်းကြည့်နေသောလူများကို ကြောင်တောင်တောင်နှင့်ဖြတ်ကျော်ကာ ထိုင်နေကျခုံတွင် ဝင်ထိုင်လိုက်သည်။

ခေါင်းငုံ့ထိုင်နေမိသော်လည်း စိတ်ထဲ သိပ်မလုံချင်လာတော့၍ တုန့်ပြန်ကြည့်လိုက်ရာ အားလုံးက သူ့ထံ စုပြုံကြည့်ကြဆဲဖြစ်သည်။

သူ ရုတ်ရုတ်နှင့် ထထွက်ဖို့ပြင်သည်တွင် ကျောက်သင်ပုန်းပေါ်မှ စာတန်းကြီးကို လှမ်းမြင်လိုက်သည်။

"ဘုရား ... ဘုရား"

ထိုင်ချမိလို့ ထိုင်ချမိမှန်းမသိအောင် အသိစိတ်တို့ လွှတ်ထွက်ကုန်သည်။

"ကျွန်မ ငွေချိုင်းဖြူ၏ချစ်သူ နေညီသည် အသည်းအသန်ဖြစ်၍ မနေ့ညက ဆေးရုံတင်လိုက်ရပါသဖြင့် နေညီ (ခေါ်) မောင်နေပြန်ကောင်းလာစေရန် အတန်းသားများအားလုံး ဝိုင်းဝန်းဆုတောင်းမေတ္တာပို့ပေးကြပါရန် အသနားခံအပ်ပါတယ် ... ရှင်"

ဟု အနီရောင်စာလုံးကြီးဖြင့် ရေးထိုးထားသည်။

"ဘုရား ... ဘုရား"

"ငွေချိုင်းဖြူ သနားပါတယ်ကွာ။ တစ်မနက်လုံး ဟိုမှိုင်သည်မှိုင်နဲ့ မနည်းဖျောင်းဖျနှစ်သိမ့်နေရတယ်။ မင်းကို တော်တော်ချစ်ရှာတာကွ။ ညကလည်း တစ်ညလုံး မအိပ်ထားဘူးလို့ပြောတယ်။ မျက်တွင်းလေးတွေ ချောင်ကျနေပြီ။ မင်း နေကောင်းပြီဆိုတဲ့အကြောင်း သွားပြောလိုက်ပါဦးကွာ"

သူ့ဘေးနားမှ အတန်းသားတစ်ယောက်က ဆိုခြင်းဖြစ်သည်။

ဒေါသထွက်ရမလား၊ ထိုင်ငိုရမလားဆိုတာ ဝေခွဲမရတော့ပေ။

ရှက်လွန်းလို့ နေရာက ထမရပ်နိုင်တော့ပါ။

ထိုနေ့က ရှက်ရှက်နဲ့ အတန်းထဲမှလစ်ထွက်ခဲ့သည်။

အိမ်ရောက်တဲ့အချိန်ထိ အရှက်မပြယ်နိုင်သေးပေ။

နောက်တစ်နေ့ ကျောင်းသွားရမှာကိုလည်း ကြောက်နေမိသည်။ ဖြစ်နိုင်ရင် ကျောင်းသို့မသွားချင်ပါ။ ထိုအာဂမိန်းမနှင့်လည်း ထပ်မတွေ့ချင်ဟော့ပါ။

သို့သော် ကျောင်းမသွားဘဲ ရှောင်နေပြန်လျှင်လည်း ဒီထက်ဆိုးတာတွေ လုပ်လာနိုင်သည်ကို သူ ရိပ်မိပြီးသား။ ငွေချိုင်းဖြူဆိုတဲ့ ထိုမိန်းမ အရှက်နည်းသည်ကို အတွေကအကြုံအရ သိနေပြီးဖြစ်သည်။

ချစ်သူပါဟု တစ်တန်းလုံးသိအောင် အနုနည်းနှင့် ကြော်ငြာလိုက်သည်။ လက်မခံလို့လည်း မရချေ။ ပြိုင်ပွဲမှာ သူက ရှုံးခဲ့ပြီးပြီကိုး။ ချစ်သူပါဟု လက်မခံလို့လည်း မရတော့ပေ။ တစ်တန်းလုံးရှေ့မှာ သူ့ကျွန်းမာရေးကြောင့် ငိုကြီးချက်မ ဖြစ်ခဲ့ပြီးပြီပဲ။ သည်လိုချစ်သူမျိုးကိုသူက အရေးမစိုက်ပါက အများအမြင်မှာ သူက လူယုတ်မာလုံးလုံး





ဖြစ်ရပြန်ဦးမည်။

နေနှင့်ဦးပေါ့ ငွေချိုင်းဖြူရယ်။ စောင့်ကြည့်နေ မင်းကိုငါကောင်းကောင်းဒုက္ခပေးပြမယ်ဟု အသံတိတ်ကြုံးဝါးပြီး အောင့်အီးသည်းခံကာ ချစ်သူတော်လိုက်ရသည်။

တစ်တန်းလုံးက သူနှင့်ငွေချိုင်းဖြူတို့ ချစ်နေကြသည်ဟု ယူဆကြသည်။ သို့သော် ငွေချိုင်းဖြူနှင့်သူသည် ချစ်သူအမည်ခံသက်သက်သာဖြစ်ပြီး ပေါင်းသင်းဆက်ဆံရေးသည် သူငယ်ချင်းထက် မပိုခဲ့ပေ။

သိပ်ရင်းနှီးသွားသောအခါမှ ငွေချိုင်းဖြူသည် အလိမ်အညာကောင်းပြောရတာ ဝါသနာပါသူဖြစ်ကြောင်း သိလာသည်။ တစ်ဖက်သားကို အလွန်အကျွံ စနောက်တတ်သည်။ ငွေချိုင်းဖြူက စနောက်သောသူများထဲတွင် သူပါသွားရခြင်းဖြစ်သည်။ သူ့ကိုအမြင်ကတ်လို့ ချစ်သူတော်ခဲ့ကြောင်း ပွင့်လင်းစွာဝန်ခံ၍ သူ စိတ်အေးသွားသည်။ ဘာပဲဖြစ်ဖြစ် သူ ငွေချိုင်းဖြူကို မချစ်ပေ။ ထို့ကြောင့် ငွေချိုင်းဖြူက သူ့ကိုသွယ်တာနေမှာမျိုးကို စိုးရိမ်သည်။ စိတ်မထင်ရင် မထင်သလို ပွတ်တီးပွတ်သပ်လုပ်လာမှာမျိုးကိုလည်း မလိုလားပေ။

သို့သော် ငွေချိုင်းဖြူက စည်းရှိသောမိန်းကလေးဖြစ်သည်။ နောက်ပြောင်လိမ်ညာပြောတတ်တာကလွဲလျှင် ဣန္ဒြေရသည်။ သိက္ခာရှိသည်။ သို့သော် ရံဖန်ရံခါ စနောက်တတ်၍ တော်တော်စိတ်ဆင်းရဲရသည်။

ငွေချိုင်းဖြူ၏ဒဏ်ကို သုံးနှစ်လောက် ခံလိုက်ရသောအခါ သံယောဇဉ် ဖြစ်လာသည်။ ထို့ကြောင့် ငွေချိုင်းဖြူတို့အုပ်စုနှင့် သူက

တစ်သားတည်းကျသွားသည်။

စာမေးပွဲနောက်ဆုံးနေ့သည် ငွေချိုင်းဖြူနှင့်သူ၏ ချစ်သူ သက်တမ်း ကုန်ဆုံးသည့်နေ့ ဖြစ်သည်။

အမှတ်တရအနေဖြင့် မိဘမဲ့ကလေးကျောင်းတွင် အလှူလု ကြသည်။

မိဘမဲ့ကလေးကျောင်းသို့ရောက်သောအခါ ငွေချိုင်းဖြူက ကလေးများနှင့်အတူ ဆော့ကစားသည်။ ကလေးများနှင့် ငွေချိုင်းဖြူတို့ တစ်သားတည်းကျ ပျော်ရွှင်နေပုံကိုကြည့်ပြီး ဘယ်တော့မှ အထင်မကြီး ခဲ့သော ငွေချိုင်းဖြူကို အထင်ကြီးချင်လာသည်။

"သူက ကလေးတွေနဲ့ရင်းနှီးတယ်လေ။ တစ်လ တစ်ခါ အမြဲ လာနေကျပဲ"

ကျောင်းအုပ်ကြီးက ထိုသို့ပြောသောအခါ သူ့ရင်ထဲ တစ်မျိုး တစ်မည် ခံစားလိုက်ရသည်။

ထို့ကြောင့် ငွေချိုင်းဖြူနှင့် သူ၏ချစ်သူဘဝသည် ကောင်းမွန် စွာ နိဂုံးချုပ်လိုက်နိုင်သည်။

အခင်ဆုံးသူငယ်ချင်းများအဖြစ် လမ်းခွဲလိုက်ကြသည်။ ထို အချိန်က ငွေချိုင်းဖြူသည် သူ့အိမ်သူသက်ထားဖြစ်လာလိမ့်မည်ဟု မတွေးခဲ့မိပါ။

ဘွဲ့ယူပြီးနောက်တစ်နေ့မှဖြစ်ရပ်သာ မရှိခဲ့လျှင် ...

သံဝရကိုသာ သူ အထင်မလွဲခဲ့လျှင် ... အရက်မူးစရာလည်း မလိုခဲ့သလို ငွေချိုင်းဖြူကို လက်ထပ်စရာလည်း မလိုခဲ့ပါ။ ခုတော့





အရာအားလုံး ပြီးဆုံးခဲ့ပါပြီ။ ငွေချိုင်းဖြူက သူ့ကို ဖိအားပေးနေသော အိမ်သူသက်ထား ... ။

ကိုယ်ဝန်ရနေပါပြီဟု အမြဲနောက်ပြောင်သော အိမ်ရှင်မ။ ထို့ကြောင့် ငွေချိုင်းဖြူ၏ကိုယ်ဝန်ကို အယုံအကြည်မရှိခဲ့သည့်သူ့ကို အနေခက်အောင်လုပ်နေသော အိမ်ရှင်မ။

"တော်လောက်ပြီ ... နေညီ။ မင်း ... သိပ်ကိုများသွားပြီ။ တော်ကြာ လမ်းမလျှောက်နိုင်ဘဲနေလိမ့်မယ်"

"ငါ ... ဒီနေ့ အိမ်မပြန်ချင်ဘူး သံဝရ။ အမူးသောက်ပါရစေ။ ပြီးတော့ ငါ့ကို ဟိုတယ်ကိုခေါ်သွားပါ"

"မင်း ... ဘာလို့ ဒီလောက်မူးချင်နေရတာလဲ"

"မသိဘူး။ ငါ ... မူးချင်နေတာပဲ သိတယ်"

သံဝရထံမှ သက်ပြင်းချသံကို ကြားလိုက်ရသည်။ သံဝရ သူ့ကို စိတ်ပျက်သွားပြီလား ဒါမှမဟုတ် စိတ်မရှည်တော့တာလား။ သို့သော် သူမူးလျှင်တော့ သံဝရက သူ့ကို ပစ်မသွားဘူးဆိုတာ သူ ကောင်းကောင်းသိသည်။ ထို့ကြောင့် တစ်ခွက်ပြီးတစ်ခွက် သောက်လိုက် သည်။

မှုန်ဝါးဝါးမြင်နေရသောမြင်ကွင်းသည် တဖြည်းဖြည်း အမှောင် ထုထဲကျသွားတော့၏။

သူ့အိပ်မက်သည် သိပ်ကိုလန်းဆန်းနေသည်။

ငါတို့ကြီးလာရင် ကမ္ဘာအနှံ့ အလည်သွားကြမယ်ဟု ငါးတန်း တုန်းက သံဝရပြောခဲ့သောစကားများသည် သူ့နားထဲ ပဲ့တင်ထပ်

နေ၏။

သူနှင့်သံဝရတို့သည် မြက်ခင်းလွင်ပြင်ကြီးထဲ ပြေးလွှားပြီး လွှတ်နေကြသည်။ သူကလည်း ပျော်နေသလို သံဝရကလည်း လို့။ သိပ်ကို ကျေနပ်စရာကောင်းနေလေသည်။ သို့သော် လက်တွင်မှ ... ။





"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် သံဝရကျွေးသော စတော်ဘယ်ရီကိုပင် းလိုက်နိုင်ဘဲ လန့်နိုးလာသည်။

"ဒေါက် ... ဒေါက်"

မျက်လုံးကိုပွတ်သပ်ကာ ညာဖက်သို့လှည့်ကြည့်သည်။

သံဝရလည်း သူနည်းတူ နိုးလာသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

နောက်တစ်ကြိမ် မြည်လာသောအခါ သံဝရနှင့် သူသည် သူလဲဆိုသောမေးခွန်းမျိုး မျက်လုံးခြင့် မေးပြီးသားပင်။ သူကလည်း ကို မသိသလို သံဝရလည်း သိပုံမပေါ်ချေ။

သူက အိပ်ရာထဲမှထရပ်ပြီး အပေါ်ဝတ်အကျႌကို ဖြစ်သလို ကာ တံခါးဖွင့်ပေးလိုက်သည်။

"ဟင် ... ဖြူ ..."

သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသော ငွေမျိုင်းဖြူ။

မျက်လုံးများက မီးဝင်းဝင်းတောက်နေသည်။

"ဖြူ ... မင်း ..."

"ရှင် ... ဘယ်မိန်းမနဲ့ အပျော်ကြူးနေတာလဲ"

ငွေချိုင်းဖြူသည် ပြောပြောဆိုဆိုပင် သူကိုယ်ကြီးကို ဖယ်ကာ အိပ်ခန်းထဲဝင်လာသည်။

"ဟင် ... သံဝရ"

အပေါ်ပိုင်းဗလာကျင်းပြီး ကုတင်ပေါ် ငုတ်တုတ်ထိုင်နေ သံဝရပုံ ငွေချိုင်းဖြူက တအံ့တသြ စိုက်ကြည့်နေလိုက်သည်။

"သံဝရ ... ရှင်နဲ့ဟုတ်လား"

ငွေချိုင်းဖြူ အမှန်တကယ် အံ့သြသွားခြင်းဖြစ်သည်။ အိမ်ပြန်မအိပ်ဘူးဆိုပါက အခြားမိန်းမတစ်ယောက်ယောက်နှင့် အိပ် မည်ဟု ထင်သည်။ နေညိုထံတွင် အချစ်ဦးရှိသည်။ အချစ်ဦးနှင့်လ သည့်အတွက် နေညိုက မိမိကို မကျေနပ်မှန်း ဖြူ သိသည်။ ထို့ကြေ နေညိုအပေါ် အနွံတာခံခဲ့သည်။ သို့သော် နေညိုထံမှ ရခဲ့တာ ဥပေက္ခာတွေချည်းသာဖြစ်သည်။ စိတ်မကောက်စဖူး တစ်ကြိမ် ကောက်ခဲ့မိပါတယ်။ ချော့ဖို့နေနေသာသာ ဟိုတယ်မှာ အိပ်သည် အချော့ခံချင်တဲ့သူက လည်ပင်းတစ်တောင်လောက် ရှည်နေ ဥပေက္ခာတွေများလာတော့ သံသယတွေ ဝင်လာသည်။ မိမိမဟုတ် သီးသန့်ချစ်သူမျိုး ရှိနေပြီလား။

သံသယသည် ထူးဆန်း၏။ သံသယနှင့်ကြည့်လိုက်မိသော အရာအားလုံးကို မရိုးသားဘူးဟု ခံစားရသည်။

အိမ်ပြန်မလာဘဲ အပြင်မှာ တစ်ညတလေအိပ်လျှင်ပင် အ ရှာသည်ဟု ထင်နေတတ်သည်။



ဖုန်း တစ်ချိန်လုံးခေါ်သည်။ စက်ပိတ်ထား၏။ ထို့ကြောင့် သောင်းထဲ မရမကစုံစမ်းပြီး ဟိုတယ်ထိလိုက်လာခဲ့ခြင်းဖြစ်သည်။

အားငယ်မိသည်။ တစ်လမ်းလုံး ရတက်မအေးခဲ့ချေ။ မိန်းမ ယောက်နဲ့အတူ မောင့်ကိုသာ တွေ့လိုက်ရပါက မိမိ ပုံလျက်များ ာသွားလေမလား။ မိမိနောက် ပြန်လိုက်လာရန် မောင့်ကို ဘယ်လို ရမလဲ။

မဟုတ်ပါစေနဲ့။ မောင်က အခြားမိန်းကလေးနဲ့ ဖောက်ပြန်နေ မဟုတ်ပါစေနဲ့ဟု ဆုတောင်းလာခဲ့မိသည်။

သို့သော် အခန်းထဲသို့ရောက်သောအခါ ဝမ်းနည်းအားငယ် က သတ္တိအဖြစ် အသွင်ပြောင်းလာသည်။

မောင်နှင့်ဖောက်ပြန်နေသော မိန်းကလေးကို တွေ့လို့ကတော့ င်ဆွဲပါးရိုက်ပြီး သူသေကိုယ်သေ ချရပေလိမ့်မည်။

ကိုယ်ဝန်ပျက်ကျပြီးကာစ သွေးနုသားနုဆိုပေမယ့် ဒေါသစိတ် တစ်ကိုယ်လုံးပျံ့နှံ့နေပါပြီ။

အဲဒီမိန်းမရဲ့ဆံပင်တွေကို တစ်မျှင်ချင်း ဆွဲမနှုတ်ရမချင်း ဟိုတယ် ပြန်ဘူးဟုပင် ရင်ထဲ တေးမှတ်ထားမိသည်။

သို့သော် အခုတော့ အထင်နှင့်အမြင် တစ်လွဲစီဖြစ်သွားသည်။ တဲ့။ မောင့်ရဲ့ငယ်ပေါင်းကြီးဖော် အခင်ဆုံးချစ်သူငယ်ချင်းကြီး သံဝရ သား။

အားနာလိုက်တာ။ သံဝရကို ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရမှန်း သိတော့ပါ။

သံဝရကလည်း ဖြူ့ကို မှင်တက်စွာကြည့်နေသည်။ အပေါ်ပိုင်း… ဗလာကျင်းထားသော ကိုယ်ခန္ဓာမှ ကြွက်သားအထစ်ကြီးများကိုလည်း… ဖြူ တွေ့မြင်နေရသည်။ ဖြူ ဘာလုပ်ရမလဲ။ သူတစ်ပါးရဲ့ အိပ်ချိန်… အနှောင့်အယှက်ပေးမိခဲ့တဲ့အတွက် တောင်းပန်သင့်သည်။

“ငွေမျိုးဖြူ …”

သံဝရကလည်း ဖြူ့ကို မှင်တက်စွာကြည့်နေလေသည်။ ဖြူ… သတိရသွားဟန်နှင့် စောင်ကို ဆွဲခြုံလိုက်သည်။ နှစ်ယောက်အိပ် ကုတင်… ကျယ်ကြီးမှာ သံဝရနဲ့အတူ မောင် အိပ်ခဲ့တာပေါ့။ ဘာလို့လဲ။ အခန်း… နှစ်ခန်း မရလို့လား။ ဒါမှမဟုတ် ငွေအပိုကုန်မှာစိုးလို့လား။ မောင်… ကပ်စေးမနဲ့တတ်သော်လည်း ဆရာဝန်ဖြစ်သော သံဝရကတော့… အရာရာတိုင်းကို ချွေတာတတ်မှန်းကို မောင့်စကားထဲမှ ရိပ်မိထားသည်…

“အားနာလိုက်တာ … ဘယ်လိုပြောရမှန်းတောင် မသိတော့… ဘူး။ ဆောရီး … သံဝရ … ဖြူ တောင်းပန်ပါတယ်။ ဖြူ… တစ်မျိုးထင်သွားလို့ပါ”

ငွေမျိုးဖြူက တောင်းပန်နေသော်လည်း တောင်းပန်ခံရသော… သံဝရ၏မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းနေလေသည်။

“အားနာလိုက်တာ … ဘယ်လိုအားနာမိမှန်း မသိတော့ဘူး… ဟိုတယ်ခန်းထဲမှာ တံခါးကို ဒီလိုပုံကြီးနဲ့ လာဖွင့်ပေးတဲ့မောင်ကြောင့်… ဖြူ ဘာမှမမြင်နိုင်ဘူးဖြစ်သွားတယ်။ ဆောရီးပါ … ဖြူ့ကြောင့် … အိပ်ရေးပျက်သွားပြီထင်တယ်။ ဟိုလေ … ဟို … အဲ … ဖြူ … lobby ထဲက စောင့်ပါ့မယ်။ မောင့်ကိုရော … ရှင့်ကိုရော မနက်…

…ကျွေးမယ်လေ။ ဟိုတယ်မှာ မစားနဲ့တော့။ မြို့မကျောင်းလမ်းထဲ ဒင်းဆမ်း… သွားစားရအောင်။ အဲ … မောင် … ရေချိုးပြီးသင်းခဲ့နော်”

ရှက်လွန်း၍ အခန်းထဲ ကြာကြာမနေရဲတော့ချေ။ ထို့ကြောင့် …ကားကို အမြီးအမောက်မတည့်ပြောပြီး ဖြစ်သလိုဖြတ်ချကာ မျက်နှာချို… သွေးနေမိသည်။ သို့သော် မောင်နှင့်သံဝရကတော့ ဖြူ့ကို မှင်တကေ… ကြည့်နေလေသည်။

“မောင် … ဖြူ … အောက်မှာစောင့်မယ်”

အခန်းထဲမှ အပြေးတစ်ပိုင်းထွက်သွားသော ငွေမျိုးဖြူကြောင့် …နေညီက သက်ပြင်းချမိသည်။

“ဆောရီး … သံဝရ၊ သူက အပြောအဆို သိပ်မယဉ်ကျေး… …မယ့် စိတ်ရင်းတော့ကောင်းပါတယ်”

“မင်း … သူ့ကိုချစ်နေပြီလား နေညီ”

“ဘာလို့လဲ”

သူနဲ့စကားမပြောတာလေးနဲ့ အရက်မူးအောင်သောက်တယ်။ …ပြီးတော့ ငွေမျိုးဖြူဘက်က ရှေ့နေလိုက်ပြီး ငါအထင်မလွဲအောင် …င်းပြတယ်ဟု ပြောချင်နေသောစိတ်ကို မျိုသိပ်ထားလိုက်ရသည်။

“ဘာမှမဟုတ်ပါဘူး”

“ငါ သူ့ကိုချစ်လာမှာ မဟုတ်ဘူး သံဝရ။ သူ့လိုစရိုက်မျိုးကို …မကြိုက်ဘူး။ ကြမ်းတမ်းပြီး ရဲတင်းတယ်”

“ဒါပေမဲ့ မင်းတို့အိမ်ထောင်သက်က ငါးနှစ်ကျော်ခဲ့ပြီ။ ပြီးတော့ …င်းတို့လက်ထပ်ထားတာက …”

"အဲဒီနေ့ကသာ မင်းနဲ့ပြဿနာမရှိထားဘူးဆို ငါမူးအောင် သောက်ခဲ့မှာ မဟုတ်ဘူး။ မမူးရင် သူနဲ့လည်း ခုလို အတူနေရစရာ အကြောင်း မရှိဘူး"

"ငါ့ကြောင့် မင်းစိတ်ဆင်းရဲနေရပြီ။ ဆောရီး ... ငါလည်း အဲဒီအချိန်တွေကို ဘဝထဲက ဖြတ်တောက်ပစ်လိုက်ချင်ပါပြီ"

"ရေချိုးခန်းထဲ မင်းမဝင်သေးရင် ငါ အရင်ဝင်လိုက်မယ်လေ"

"အင်း ... ဝင်လေ။ ရေမချိုးဘဲနဲ့တောင် မင်း ပြေးလိုက်သွားချင်နေပြီ မဟုတ်လား"

"ငါ့အကြောင်းကို မင်းလောက် ဘယ်သူမှသိနိုင်တော့မယ် မထင်ဘူး သံဝရ"

"ဒါပေမဲ့ ငွေဖျိုင်းဖြူက သိဖို့ကြိုးစားနေတယ်မဟုတ်လား။ နေရိပ်တယ်ဆိုတာ နေပူတဲ့နေရာရှိနေလို့ ပြောတာပါ။ မိုးသာအုံ့နေရင် နေရိပ်တယ်ဆိုတာ ပြောဖို့မလိုတော့ဘူး။ တခဏလေးပဲဖြစ်ဖြစ် နေကြတ်ခဲ့ရင် ကောင်းမယ်။ မှောင်နေတော့ ပတ်ဝန်းကျင်ကို သတိပြုစရာ မလိုတော့ဘူးလေ"

"သိတတ်နေတဲ့လူမျိုးတွေအတွက်ပါ။ တစ်ခါတစ်ရံတော့ ဘာမှ မရှိတဲ့ ဗလာနတ္ထိဘဝကို အားကျတယ်။ ပိုင်ဆိုင်တာ ဘာမှမရှိတော့ ဆုံးရှုံးစရာလည်း မလိုတော့ဘူးပေါ့။ ဒါပေမဲ့ ... ဘယ်လိုလုပ်မလဲ။ ငါတို့ရဲ့ဘဝကို သဘာဝကြီးက ဖန်တီးခဲ့ပေးပြီးသား။ ငါ့တို့သမိုင်းကို ကံကြမ္မာက ရေးထွင်းခဲ့ပေးပြီးသား"

"အချစ်ဆိုတာ အနေနီးခြင်း၊ ဝေးခြင်းနဲ့ သက်ဆိုင်သလား





နေညီ"

"နှလုံးသားချင်းနီးနေဖို့က အဓိကပါ။ ငွေဖျိုင်းဖြူနဲ့က ကျောချင်းကပ်နေထိုင်ကြတဲ့သူတွေလေ။ နှလုံးသားချင်း နီးလာနိုင်စရာ မရှိတော့ဘူး"

"လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာတဲ့။ ငါက သူတော်စင် ဟုတ်ပါဘူး။ အတ္တကြီးချင်တယ်။ တစ်ခါတစ်ရံ လက်ခုပ်က တစ်ဖက် ည်း တီးနေသလားလို့ ထင်မိတယ်။ မင်း ... နေထိုင်ရတာ အဆင်ပြေ ရဲ့လား"

"ဝလွန်းတဲ့ မိန်းမ၊ စကားများလွန်းတဲ့ မိန်းမ၊ အိမ်မှုကိစ္စ ိုင်နင်းတဲ့ မိန်းမ၊ ကလေးမမွေးနိုင်တဲ့ မိန်းမ၊ ငွေသုံးကြမ်းတဲ့ မိန်းမက သည်းခံစရာမကောင်းပေမယ့် ချစ်ပေးလို့ရသေးတယ်။ အပြစ်ရှာပြီး ရစ် လွန်းတဲ့ မိန်းမကိုတော့ ယောကျ်ားတွေမုန်းတာ သဘာဝကျမယ် ထင် တယ်"

"ချစ်တဲ့မျက်လုံးနဲ့ကြည့်ရင် မြင်မြင်သမျှ လှနေတတ်ပြီး မုန်း တဲ့မျက်လုံးနဲ့ကြည့်ရင် မြင်မြင်သမျှ အပြစ်တွေချည်းပဲ ဖြစ်နေတတ် တယ်တဲ့။ ငါတော့ မင်းကို ယောကျ်ားကောင်းတစ်ယောက် ဖြစ်စေချင် တယ်"

"ယောကျ်ားကောင်းရဲ့ဥပဒေသတွေကို ငါနားလည်ပါတယ်။ မင်းရဲ့စေတနာတွေကိုလည်း သိတယ်။ ဒါပေမဲ့ ... သံဝရ ..."

နေညီ စကားကိုဆုံးအောင် မပြောလိုက်နိုင်ပေ။ သံဝရထံ လှမ်းကြည့်လိုက်တာနှင့် ရှေ့ဆက်ပြောဖို့မသင့်တော့မှန်း သဘောပေါက်

လိုက်သည်။

"ငါ ... ရေချိုးတော့မယ်"

ရေချိုးခန်းတံခါးကို ဖွင့်ဝင်လိုက်သည်။ ရေကို ဖိမ်ခံကာချိုး လိုက်ချင်သော်ငြား ငွေမျိုးဖြူက lobby ထဲစောင့်နေမည်ကို စိတ်ရောက် သွား၍ ခပ်သွက်သွက်ပင် ချိုးဖြစ်သွားသည်။

သူ ရေချိုးခန်းထဲမှထွက်လာသည်နှင့်တစ်ပြိုင်နက် သံဝရက တဘက်တစ်ထည်ကိုင်ကာ စောင့်နေသည်။

"ရော့ ... သုတ်လိုက်ဦး"

ဟုဆိုကာ ရေချိုးခန်းထဲဝင်ရန် တံခါးကိုဖွင့်လိုက်သည်။

"ငါ ... ပြန်နှင့်မယ်"

"အင်း ... ညနေမှတွေ့ကြတာပေါ့"

သံဝရအသံက ခြောက်သွေ့နေသည်။ ထို့ကြောင့် သူ့ရင်ထဲ မကောင်းချေ။ သို့သော် တာဝန်နှင့်ဝတ္တရားအရ lobby သို့ အမြန်ဆုံး အခစားဝင်ရပေဦးမည်။





"ဖြူ ... မင်း အိမ်ပြန်နားရင် နားပါလား"

"ဟင့်အင်း ... ဒီမှာလည်း သက်တောင့်သက်သာရှိတာပဲ။ မောင်နဲ့ပဲ အတူပြန်မယ်လေ"

အလုပ်စားပွဲမှာထိုင်နေသောသူ့ကို သက်တောင့်သက်သာမရှိ အောင်လုပ်သူက ငွေမျိုးဖြူပဲ ဖြစ်နေတော့သည်။

မန်နေဂျာတင်ပြတဲ့စာရင်းတွေ စစ်ရဦးမည်။ ဟင်းပွဲအရေ အတွက်၊ ပါဆယ်အရေအတွက်၊ ဘယ်ဟင်း ဘယ်အမျိုးအစားက လူ ကြိုက်အများဆုံးလည်းဆိုတာ ဖျမ်းမျှခြင်းတွက်ရဦးမည်။ လချုပ်စာရင်း တွေ ကြည့်ရမည်။ ဝင်ငွေ၊ ထွက်ငွေတွေ စစ်ရမည်။ စားဖိုဆောင်ကို စာ်ဆေးရမည်။ ဝိတ်တာတွေရဲ့လုပ်ကိုင်ပုံကို စစ်ဆေးရမည်။ ဧည့်သည် အဝင်အထွက်ကို ဂရုစိုက်ရမည်။ သူ့မှာအလုပ်တွေက ပုံလို့။

"အများအမြင်မကောင်းဘူး ထင်လို့ပါ"

"မကောင်းရအောင် ဖြူက ဘာဖြစ်နေလို့လဲ"

မိန်းမက နောက်မှ တကောက်ကောက်လိုက်နေပါလျှင် ဖြူ့ အတွက် ဘာမှမဖြစ်ပေမယ့် သူ့အတွက်တော့ အလိုလိုနေရင်း သိက္ခာ ကျနေပြီးသားဖြစ်သည်ကို ဖြူက ဘာလို့မတွေးတာလဲ။ ပညာမဲ့တာလား၊

ရွှဲနေတာလား၊ အသိတရားမရှိတာလား။

"ဖြူကတော့ ဘာမှမငြင်းပါဘူး။ ဒါပေမဲ့ ဝန်ထမ်းတွေနဲ့ကျတော့ မောင်က အရှိအသေတန်တာပေါ့"

သူ့အသံကို ထိန်းပြီး ပြောလိုက်သည်။

ငွေမှိုင်းဖြူက သူ့ကို စူးရှစွာစိုက်ကြည့်နေမည်ကို သိသော်လည်း တန်ပြန်မကြည့်ဘဲ ရှုပ်ထွေးခြင်းမရှိသော စာရင်းဇယားများကိုသာ အာရုံစိုက်ဟန်ဆောင်နေလိုက်သည်။

ပြောပြီးကာမှ သူ့စကားမှားသွားမှန်း သိသည်။ သို့သော် လွန်သွားပြီမို့ ပြန်နုတ်၍မရတော့ပါ။ သူ ဘာလုပ်ရမလဲ။ သူ့အမှားကို ဘယ်လိုပြန်ပြင်ရမလဲ။ ဖြူတော့ စက်သေနတ်ပစ်သလို ရန်တွေ့တော့မှာပဲ။

"မောင့်ဆိုင်က ဝန်ထမ်းအသစ် မခေါ်ဘူးလား"

ဖြူ့အသံက တည်တည်ငြိမ်ငြိမ်ပင်။ သူ ထင်မှတ်မထားခဲ့သော စကား။ သူ အလန့်တကြား ဖြူ့ကို ကြည့်လိုက်သည်။ ဖြူ့မျက်နှာက ပကတိတည်ငြိမ်နေသည်။

သူ့အပေါ် ဒေါသထွက်နေခြင်း အလျဉ်းမရှိပေ။

မိန်းမတွေကို သူ နားမလည်ပါ။ စိတ်တွေက ဘယ်လိုတွေလဲ။

ဒေါသထွက်လောက်တဲ့စကားကို မထွက်ဘဲ မဟုတ်တာကိုတော့ ရေကြီးခွင်ကျယ်လုပ်ပြောသည်။

"ဝိက်တာဖြစ်ဖြစ် စာရင်းကိုင်ဖြစ်ဖြစ် လုပ်ပါ။ ဖြူလည်း စီးပွားရေးနဲ့ ဘွဲ့ရထားတာပဲ။ ကွန်ပျူတာလည်း ကောင်းကောင်းသုံးတတ်ပါ





တယ်။ အတွင်းရေးမှူးအလုပ်ဆိုလည်း လုပ်နိုင်တယ်။ ဆိုင်က နာမည်ရလာပြီလေ။ ဝန်ထမ်းအင်အားလည်း တိုးချဲ့ရမှာပေါ့။ ဖြူ့အတွက် တစ်နေရာစာတော့ မောင် ပေးနိုင်လိမ့်မယ်လို့ ဖြူ ယုံကြည်တယ်"

'ဖြူ ... မင်း ဘယ်လိုဖြစ်နေတာလဲ။ ငါ့ကို စာရင်းစစ်မလို့လား' ဟု တည့်တည့်မေးပစ်ချင်သည်။ မဆင်မခြင်သာ ပြောမိပါက ဝန်ထမ်းများရှေ့ အရှက်ကွဲလောက်အောင် ဖြူ၏ ရန်ထောင်ခြင်းကို ခံရပေလိမ့်မည်။ ထို့ကြောင့် ဒေါသကို မျိုသိပ်ပြီး ဟန်လုပ်ပြုံးလိုက်ရပြန်သည်။

"ပင်ပန်းပါတယ် ဖြူရယ်။ မလုပ်ပါနဲ့။ မောင်တို့အမျိုးက မိန်းမက သုံးတာ ယောက်ျားက ရှာတာပဲ။ သုံးတတ်ဖို့ကိုသာ ဖြူ သင်ယူပါ။ ရှာတာက အရေးကြီးသလို၊ သုံးတာကလည်း အရေးပါတယ်။ ဥစ္စာဖြိုးဖို့ကလို့တောင် ဆိုရိုးရှိသေးတယ် မဟုတ်လား"

"ရောဂါရှာစိုးရတယ် မောင်။ ဖြူ အညောင်းမိလိမ့်မယ်"

"မောင်တော့ ဖြူ့ကို ဘာမှမလုပ်စေချင်ဘူး။ မောင် ပြန်လာရင် ကြိုပေးတယ်ဆိုရင်ပဲ လုံလောက်ပြီ"

"စိတ်ပြေလက်ပျောက်ပေါ့။ နို့မဟုတ်ရင် မောင့်ကို ပြဿနာရှာတဲ့အလုပ်ပဲ ရှိတယ်။ ကြာတော့ မောင်လည်း စိတ်ညစ်မှာပေါ့"

ဩော် ... ပြဿနာရှာတာတော့ သိနေသားပဲ။ ဒီလောက်ဆိုရင်ပဲ မဆိုးပါဘူး။

"အလုပ်လုပ်မယ်လို့ စဉ်းစားလိုက်တော့ မောင့်ဆီပဲ စိတ်ရောက်နေတယ်။ လင်မယားနှစ်ယောက် အလုပ်အတူသွား၊ အတူပြန်လေ၊

အဲဒါမျိုးလေး အားကျတယ်"

သူ ဘယ်လိုငြင်းရမလဲ။ ဖြူနှင့် အမှန်တကယ် အလုပ်အ‌ေ မလုပ်ချင်ပါ။ မွန်းကျပ်သည်။ သို့သော် ဖြူ့အကြောင်း သူ သိသည်။ မရမက တွယ်ကပ်ပြောနေလိမ့်မည်။ ငွေဈိုင်းဖြူရယ် ... ဘာအပြီးနဲ့ များ ငါ့ကို နှိပ်စက်နေလေရော့သလဲ။

"မောင် ... ဖြူ့ကို စိတ်ဆိုးနေသလား"

ငါက မေးရမှာပါ ငွေဈိုင်းဖြူရယ်။ မင်း ထူးဆန်းနေတယ်။ ငါနဲ့သံဝရကို တစ်ခန်းတည်း ကိုယ်တိုင်တွေ့ခဲ့ပါလျက်နဲ့ ဘာကြောင့် မမေးတာလဲ။ ပြီးတော့ မှားနေတာက ငါလေ။ မင်းပါးစပ်တွေ ဘာကြောင့် ပိတ်နေတာလဲ။

အနည်းဆုံးတော့ ပြဿနာရှာမှာပဲ ဟု ထင်ထားခဲ့သည်။ ငွေဈိုင်းဖြူက နှုတ်ဆိတ်နေပြန်တော့လည်း ရင်ထဲ ခိုးလိုးခုလုနှင့်။ ဘယ်အချိန် ပေါက်ကွဲမယ်မှန်း မသိတဲ့ ချိန်ကိုက်ဗုံးတစ်လုံးကို ရင်တမမနှင့် ကြည့်နေရသလို။ ရင်ခုန်သံက တဒိန်းဒိန်း။

"မောင်က မင်းကို ဘာလို့စိတ်ဆိုးရမှာလဲ။ မနေ့က ပြန်လာတာ နည်းနည်း အမူးလွန်သွားလို့"

"ဖြူ စိတ်ကောက်နေလို့ မောင် စိတ်ညစ်နေတာလား"

ဟင် ... ဘယ်လိုကြီးလဲ။ လွန်ခဲ့တဲ့တစ်ပတ်က တာမှမဖြစ်ခဲ့သလိုလို။ မနေ့ကထိပဲ သူ့ကို စကားမပြောခဲ့တဲ့ ငွေဈိုင်းဖြူ။ ခုတော့ သူ မဟုတ်တော့သလို။

"မောင့်ကို မုန်းလိုက်ဖို့ ဖြူ ကကြိုးမဲကြိုးမံ ကြိုးစားပါသေးတယ်





မောင်။ အရင်ဘဝက ကုသိုလ်လုပ်ခဲ့တယ်ထင်တယ်။ ဖြူ မောင့်ကို န်းလို့လည်း မရဘူး။ စိတ်နာကြည့်လို့လည်း မရဘူး။ တကယ်တော့ ဖြူ အများကြီး စိတ်ကူးယဉ်ခဲ့ဖူးတယ်။ ကိုယ်ဝန်ကြီးနဲ့ ဖြူ့ကို မောင်က ဘာယာတဲ့နေရာကို ခေါ်ပြီး လမ်းတွဲလျှောက်ပေးလိမ့်မယ်။ မွေးဖွားခါနီး ဖြူက အော်နေရင်တောင် မောင်က နှစ်သိမ့်ပေးလိမ့်မယ်။ ကလေး ကြောင့် မခံမရပ်နိုင် နာကျင်နေရင် မောင့်ကို ထုရိုက်မယ်။ ပြီးရင် ကလေးနဲ့၊ မောင်နဲ့၊ ဖြူနဲ့ ဒီအိမ်ကြီးမှာ သာသာယာယာ ပျော်ပျော်ရွှင်ရွှင် နေကြမယ်ပေါ့။ ဒါပေမဲ့ ဖြူက ရှေးဘဝက ကုသိုလ်နည်းခဲ့တယ် ထင်တယ်။ ဘယ်အရာမှ ဖြူ့ဆန္ဒအတိုင်း ဖြစ်မလာဘူး။ ဆပ်ပြာပူဖောင်းလေးလိုပဲ မှုတ်တုန်းခဏလေး ပြီးရင် လေထဲ တဖောက်ဖောက်နဲ့ ကွဲ တုန်တယ်"

ငွေဈိုင်းဖြူက ထိုသို့ ရင်ဖွင့်ပြန်တော့လည်း သူက အပြစ် ကောင်းသလို ခံစားရသည်။ ငွေဈိုင်းဖြူက ကိုယ့်ဖနီးပါဆိုပြီး ရဲရဲ မကြည့် ဝံ့ပါ။

"ဒါတွေက ထားပါ။ ဖြူတို့မှာ အချိန်တွေရှိနေသေးသားပဲ။ ကြိုးစားကြတာပေါ့။ ဒီကြားထဲ ဖြူ စာတွေ အများကြီး ဖတ်ဖြစ်တယ်။ ကိုယ့်ကိုယ်ကို သုံးသပ်တယ်။ ကိုယ့်ကိုယ်ကို မြင်အောင်ကြည့်တယ်။ ဒါပေမဲ့ ခုတ်ခံအားနည်းတော့ ကိုယ့်ကိုယ်ကို မမြင်ရသေးဘူး။ ဒါနဲ့ တောင် မနေ့ညက မောင် တကယ်ပဲ သံဝရနဲ့ နှစ်ယောက်တည်း အိပ်တာလား"

ဘာပြန်ဖြေလို့ ဖြေရမှန်းမသိအောင် ထူပူသွားသည်။ ဘာ

ဖြစ်လို့လဲ။ မုန်တိုင်းတိုက်တော့မှာလား။

"အင်း ... ဘာဖြစ်လို့လဲ"

"သံဝရကလည်းနော် မောင့်အနား ရစ်သီ ရစ်သီလုပ်နေတာနဲ့ပဲ မိန်းမ ရတော့မှာမဟုတ်ဘူး။ သံဝရက ရည်းစားလေး ဘာလေး မရှိဘူးလား"

သံဝရ ရည်းစား။ သူ အံ့ဩသွားသည်။ ဟုတ်ပါရဲ့။ သံဝရကို ထိုအကြောင်း တစ်ခါမှ မေးမကြည့်မိပါ။

"မောင့်အနား မပြဲနေနေရတာနဲ့ပဲ သူ့ချစ်သူနဲ့ စကားတွေ များနေဦးမယ်။ မိန်းကလေးတွေက အထင်လွဲတတ်တယ်လေ"

ထိုစကားကို သူ မကြိုက်ချေ။ သို့သော် ဖြူ ဖြစ်နေသောကြောင့် သူ သည်းခံလိုက်သည်။

သူ့ကြောင့် သံဝရက ချစ်သူနှင့်စကားများစရာ အကြောင်းမရှိပါ။ ထိုသို့လည်း သံဝရက အဖြစ်ခံမည့်လူမျိုး မဟုတ်။ သံဝရအကြောင်း သူ ကောင်းကောင်းသိသည်။

"များမှာမဟုတ်ဘူး။ သံဝရက သူ့အပေါ် အထင်လွဲတတ်သူကို ဖြေရှင်းတတ်တဲ့ အမျိုးအစားထဲ မပါဘူး"

"တစ်မျိုးပါလား။ ဘာလို့လဲ"

"ကိုယ့်အပေါ် မယုံကြည်လို့ အထင်လွဲတာပဲ ရှင်းပြနေစရာ မလိုဘူးတဲ့။ ဒါက သံဝရရဲ့ လက်သုံးစကားပဲ"

"ဒါကြောင့် မောင်လည်း ဖြူ့ကို ဘယ်တော့မှ ရှင်းမပြတာပေါ့"

ထိုင်နေရာမှ ထရင်ကာ ဖြူက သူ့ထံ လျှောက်လာသည်။



ထို့ကြောင့် သူက သုံးလက်စကွန်ပျူတာကို ပိတ်လိုက်သည်။ allpaper ကို ဖြူ မမြင်စေချင်ပါ။ ဖြူ့ပုံမတင်ဘဲ ဘယ်သူ့ပုံတင်ထားာလဲဆိုပြီး ကြံဖန်အရစ်ခံနေရမှာမျိုး မလိုလားပေ။

"မိန်းမတွေ စိတ်ဆိုတာမျိုးက အရှင်းပြခံချင်လို့ ဂျိတိုက်တာ လည်း ရှိတယ် မောင်။ အဲဒါ မယုံလို့ မဟုတ်ဘူး။ ချစ်လို့"

မချစ်ပါနဲ့။ အဲဒီလိုအချစ်မျိုးကို ငါ စိတ်ပျက်လွန်းလို့ မချစ်ပါနဲ့ အကြိမ်ကြိမ်တောင် အော်ပြောပစ်လိုက်ချင်သေးသည်။

"နားလည်မှုမရသေးတဲ့ အိမ်ထောင်ရေးကို ဘာနဲ့တည်ဆောက် သိလား မောင်"

ဖြူက သူ့ပခုံးကို ကြင်နာစွာ ဖက်တွယ်ပြီး ပြောလာသည်။

"ဖြူ့အတွေ့အကြုံအရဆိုရင်တော့ တာဝန်ယူစိတ်ပဲ မောင်။ ကို မချစ်ဘူးဆိုတာ ဖြူ သိတယ်။ ဒါပေမဲ့ လက်မခံချင်လို့ မသိချင် ယောင်ဆောင်ခဲ့တယ်။ အချိန်ကြာလာသည်နှင့်အမျှ အမှန်တရားကို က်မခံလို့ မရဘူးဆိုတာ ဖြူ သိလာတယ်။ အမှန်တရားကို မျက်ကွယ် ခြင်းက စစ်မှန်မှုနဲ့ ဝေးကွာသွားစေတယ်။ အချိန်တွေက ဖြူ့ကို င်ကြားပေးသွားတယ်။ ဒါပေမဲ့ ဖြူ လက်မလျှော့ချင်သေးဘူး"

သူ့နားကို သူပင် မယုံချင်ပါ။ သူ့လက်ချောင်းများသည် အေးစက်စပြုလာသည်။ လေပြည်လေညင်းရဲ့ နောက်ကွယ်တွင် မုန်တိုင်း ပ်ပါလာစမြဲမို့ သတိထားနေရ၏။

"ဖြူ ... မောင့်အပေါ် ရိုးရိုးသားသားပဲ ဆက်ဆံပါတော့မယ်"

ရိုးရိုးသားသားဆိုပါလား။ အလံဖြူပြကာမှ ကြောက်စိတ်တို့

သူ့ရင်ထဲ အလုအယက် တိုးဝင်လာသည်။

"မောင့်ကိုချစ်တဲ့အချိန် ချစ်တယ်လို့ ပြောမယ်။ ချစ်သ ဆက်ဆံမယ်။ မုန်းတဲ့အချိန် မုန်းတယ်လို့ ပြောမယ်။ မုန်းနေသ ဆက်ဆံမယ်။ မောင်ပဲ စဉ်းစားကြည့်လေ။ လူတစ်ယောက်က ယောက်ကို ချစ်နေတဲ့အချိန်မျိုးချည်းပဲမှ မရှိတာ။ ရှိတယ်ပြောလ လိမ်တာပဲ။ အခု ဖြူ ကိုယ့်ကိုယ်ကိုလည်း မလိမ်တော့ဘူး။ မော လည်း မလိမ်တော့ဘူး။ ဖြူ ရိုးသားချင်တယ်။ မောင်နဲ့မသိခဲ့တဲ့ကာ ကလိုပဲ ဖြူနေတော့မယ်"

သူနဲ့မသိခဲ့တဲ့ကာလက ဖြူ။ ဘယ်လိုနေထိုင်ခဲ့တာလဲ။

"ချစ်သလားလို့ မေးမှ ချစ်တယ်လို့ ဖြေရတဲ့ မောင့်အသံ အချစ်မပါတာကို ဖြူ သိတယ်။ ဒါကြောင့် ပိုခံပြင်းခဲ့တယ်။ မေ အပေါ် တိုက်ရိုက်မကျတဲ့နည်းလမ်းတွေနဲ့ ဒုက္ခပေးခဲ့တယ်။ မရိုးသားခဲ့တာပါ။ ဖြူကတော့ မောင့်ကို ချစ်ခဲ့တယ်။ ချစ်လို့လ လက်ထပ်ခဲ့တယ်။ မောင်ပဲ စဉ်းစားကြည့်ပါ။ မိန်းကလေးတစ်ယော က ကိုယ်မချစ်တဲ့လူကို ဘဝကြီး ပုံပေးပါ့မလား"

ငွေမျိုးဖြူသည် သူ့အနီးမှ ထွက်ခွာသွားပြီး ပြတင်းဝမှ ဆင့် ပြင်ပကို ငေးပြန်သည်။

"မြဒေါင်းစိမ်းလို့ ခေါ်တဲ့ မောင့်အသံကြောင့် ဖြူ စိတ်လှုပ် ခဲ့ရတယ်။ မောင်ကတော့ မသိနိုင်ပေမယ့် ပထမဆုံး စတွေ့တဲ့နေ ပဲ ဖြူ မောင့်ကို ချစ်မိသွားခဲ့တယ်။ ဖြူစင်တဲ့ မောင့်အကြည့်၊ တည်ကြ တဲ့ မောင့်အသံ။ အဲဒီနေ့က သူငယ်ချင်းတွေကို ပြောမိခဲ့သေးတယ်





ငါရှာရှိသတို့သားလောင်းကို တွေ့ပြီပေါ့။ ဒါပေမဲ့ သူတို့က ဖြူ့ကို နောက် ပြောင်နေတယ်လို့ ထင်ကြတယ်"

အပြင်ကို ငေးကြည့်နေသော ငွေမျိုးဖြူသည် သူ့ထံသို့ လျှောက် လာပြန်သည်။

"မောင် ပြန်မလာတဲ့အချိန်တိုင်း တစ်ညလုံး ဖြူ တစ်ရေးမှ အိပ်မရပါဘူး။ မောင် ဘာလုပ်နေသလဲ၊ ဘယ်သူတွေနဲ့ တွေ့နေသလဲ၊ ဘယ်မှာ အိပ်သလဲလို့ စိတ်ပူတယ်။ မောင် အိပ်နိုင်မယ့်နေရာကို စုံစမ်းတယ်။ သတင်း အတိအကျရပေမယ့် ဖြူ ဟိုတယ်ရှေ့ကနေပဲ အမြဲ လှည့်ပြန်ခဲ့တယ်"

ဒါတော့ ဟုတ်သည်။ ဖြူ လာသွားတယ်ဆိုတဲ့အကြောင်း Reception တွင် မှာသွားပြီး ထွက်သွားတတ်တာ ဖြူ့အကျင့်။ သူမှာ တော့ ရင်တုန်ပန်းတုန်နှင့် အိမ်ကို ပြန်လာရတာလည်း အခါခါ။ သို့သော် သူ့ကို ကုတ်ခြစ်ရိုက်နှက်လိမ့်မည်ဟု ထင်ခဲ့သော်လည်း သူ အနာတရ ဖြစ်သွားအောင် ဖြူက ဘယ်တုန်းကမှ မလုပ်ခဲ့ပါ။ တကယ်ပဲ သူ့ကို ဖြူက ချစ်နေတာလား။

"မောင်နဲ့ ဖြူ မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို ဖြူ မတွေ့ရဲခဲ့ဘူး မောင်။ ဒါပေမဲ့ ဖြူ မနေ့ညက စဉ်းစားတယ်။ မောင့် အချစ်က တခြားတစ်ယောက်ဆီမှာ ရောက်နေမှတော့ ဖြူပဲ အလျှော့ ပေးလိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အားမွေးပြီး အခန်းတံခါးခေါက်လိုက်တယ်။ ဒါပေမဲ့ ဒေါသကို ဖြူ ထိန်းမနိုင်ခဲ့ဘူး။ ဒါပေမဲ့ သံဝရကို မြင်လိုက် ရတဲ့အခါ ဖြူ မောင့်ကို တော်တော် အားနာသွားတယ်။ ဖြူ ကတိ

ပေးပါတယ် မောင်။ နောက်ဆို ဖြူ့ကြောင့် မောင် အနှောင့်အယှ
မဖြစ်စေရပါဘူး။ သံဝရကိုလည်း ဖြူ အားနာပါတယ်။ ဖြူ အရမ်း
မှားသွားခဲ့တယ်။ မောင့်ကို ဖြူ တောင်းပန်ပါတယ်"

ဖြူ့ဘက်က ခုလို လျှော့ချလိုက်တော့လည်း သူ့ရင်ထဲ အ
ခက်သွားသည်။

သူကပဲ တစ်ဖက်သတ် ဖြူ့အပေါ် အနိုင်မယူချင်ပါ။

"မောင့်ဆိုင်မှာ အလုပ်ပေးဖို့ တောင်းဆိုတာလည်း မောင့်
နီးနီးကပ်ကပ်နေပြီး မောင့်အချစ်ကို ရဖို့ ကြိုးစားမလို့ပါ။ မောင့်
အနှောင့်အယှက်ပေးမလို့ မဟုတ်ပါဘူး"

"ဒါပေမဲ့ ဖြူရယ်။ ဒါက စားသောက်ဆိုင်လေ"

"သိပါတယ်။ ဖြူ အတင်းအကျပ် မတောင်းဆိုပါဘူး"

ငွေမျိုးဖြူက ပြောပြောဆိုဆိုပင် ချထားသော လက်ကိုင်အိ
ကို ယူလိုက်သည်။

"ပြင်ဖို့တော့ စဉ်းစားထားတယ်။ ဒါပေမဲ့ မောင် ခုနစ်
ရှစ်နှစ်လောက် အရိုးစွဲလာတဲ့ စိတ်က လောလောဆယ်တော့ ရုတ်တ
ပျောက်သွားမှာ မဟုတ်ဘူး။ ဖြူ့အပေါ် မောင်က ဘာတွေအလို
ဘူး၊ ဘာတွေမကြိုက်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါ။ ဖြူ ကြိုး
ပါ့မယ်"

ပြောပြောဆိုဆိုပင် ဖြူက တံခါးဖွင့်၍ ထွက်သွားသည်။
ကိုပင် ဖြူ ပြန်တော့မယ်ဟု နှုတ်ဆက်မသွားသော ဖြူ့ကို သူ နားမလ
ပါ။ ဖြူ့စိတ်ကို အကဲဖမ်း၍လည်း မရပါ။ သို့သော် ဒီနေ့ ဖြူ့ရဲ့





…းအချို့က သူ့ကို ဟတ်ထိစေသည်။

သူ့ကို ဖြူက ချစ်ခဲ့တယ်ဆိုပါလား။ နောက်ပြောင်နေတာ
…ား။ ရင်ထဲက အမှန်တကယ် ခံစားချက်လား။ ဖြူ့ကို သူ နားမလည်
… နားလည်အောင် ကြိုးစားရပါဦးမည်။ ကြိုးစားချင်စိတ်ရော အမှန်
…ကယ် ရှိရဲ့လား။



"သူက ငါ့ကို ချစ်ခဲ့တယ်တဲ့"

နေညီအသံက တုန်တုန်ယင်ယင်ဖြစ်သည်။ သံ၀ရကိုလည်း မခိုတရို အကဲခတ်နေသည်။

သံ၀ရက အချိုရည်ကို နှုတ်ခမ်းနှင့်တေ့ရုံ သောက်ပြီး ပြန်ချ လိုက်သည်။

"အဲ့တော့ ... မင်း ဘာပြန်ပြောလိုက်သလဲ"

"ထွေထွေထူးထူးမှမရှိတာ။ ပြီးတော့ စိတ်လှုပ်ရှားစရာ စကား လည်း မဟုတ်ဘူး။ ဒါနဲ့ မင်း ငါ့ကို ပြောစရာရှိတယ်ဆို"

"အင်း"

"ဘာလဲ"

"သူလာတော့ မင်း သိမှာပေါ့"

"သူ ဟုတ်လား ... ဘယ်သူလဲ"

"ငါ့ကို မေမေတို့က လက်ထပ်ပေးကြတော့မယ်"

သံ၀ရအသံက အက်ရှရှဖြစ်နေသည်။ ဖြူက ချစ်တဲ့အကြောင်း တတွတ်တွတ်ပြောသွားသော်လည်း သူ စိတ်မလှုပ်ရှားခဲ့ပါ။ သို့သော် သံ၀ရစကားလုံးကတော့ သူ့ကမ္ဘာကို ဖျက်ဆီးလိုက်တဲ့အလား တုန်လှုပ်





းသည်။

"လက်ထပ်မယ် ... ဟုတ်လား သံ၀ရ"

"အင်း ... သူက အမေရိကမှာနေတယ်။ လက်ထပ်ပြီးရင် ည်း အဲဒီကို လိုက်သွားရမယ်ထင်တယ်"

"မင်းရဲ့ဆန္ဒလား သံ၀ရ"

သံ၀ရ ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါပေ။ ငြိမ်သက် နေလိုက်ပုံမှာ အသက်မှ ရှူသေးရဲ့လား။

"စီစဉ်နေတာ ကြာပြီလား"

ရောက်တတ်ရာရာ စားပွဲမှ သံပရာရည်ကို ဆွဲယူမော့ချလိုက် ည်။

"အင်း"

"ဘာလို့ ငါ့ကို မပြောတာလဲ"

"အခု ပြောလိုက်တာကိုတောင် စိတ်ရှုပ်သွားပြီ မဟုတ်လား"

"စိတ်ရှုပ်သွားတယ်ဆိုပြီး မသိရဘဲ နေရမှာလား။ ဒါမှမဟုတ် ာဆောင်မှ ပြောမလို့လား"

"သူ ... လာနေပြီ"

သံ၀ရ အသံက မပွင့်တပွင့်။

သံ၀ရ လှမ်းကြည့်နေသော မြင်ကွင်းသို့ နေညီ လှည့်ကြည့် ည်။ ဆံပင်နီကြောင်ကြောင်နှင့် မိန်းကလေးတစ်ယောက်။

ကိုယ်ဟန်အနေအထား အချိုးကျပြီး စမတ်ကျသည်။ စတိုင်ပင်န် ာတ်အင်္ကျီကို ခပ်ချပ်ချပ် ၀တ်ထားသည်။

ဝတ်စားဆင်ယင်မှုသည် အမြင့်စား ကုမ္ပဏီဥက္ကဋ္ဌ၏ အတွင်းရေး... မှူးပုံမျိုး ဖြစ်သည်။ သို့သော် သိန်းကျော်တန်နေကာမျက်မှန်ကို တပ်... ထားသဖြင့် ဘဲဥပုံမျက်နှာကျမှာ စမတ်ကျနေသည် ဟု ထင်သည်။

"ကျွန်မ နောက်မကျပါဘူးနော်"

အသံက အသားလွတ် ဘဝင်မြင့်နေသည်ဟု ထင်သည်။ သံဝ... နှင့် အတူထိုင်နေသော သူ့ကို တစ်ချက်တောင် ပြုံးမပြဘဲ သံဝရဘေး... တွင် အမျိုးသမီးက ဝင်ထိုင်သည်။

မလိုအပ်ပါပဲ သံဝရနှင့် နီးနီးကပ်ကပ်တွင် ထိုင်နေသော... ကြောင့် သူ့ရင်ထဲ မတင်မကျဖြစ်မိသည်။

ရဲတင်းလိုက်တာ။ ဒီလိုမိန်းမမျိုးနဲ့သာ သံဝရ လက်ထပ်သွား... ပါက သံဝရသည် အလိုလိုနေရင်း မိန်းမတစ်ယောက်၏ ဦးဆောင်မှု... နောက်သာ လိုက်ပါသွားရပေလိမ့်မည်။

"မိတ်ဆက်ပေးရဦးမယ်။ ဒါက ကိုယ့်သူငယ်ချင်း နေညီတဲ့... စားသောက်ဆိုင်ဖွင့်ထားတယ်။ Face ဆိုင်ပိုင်ရှင်ပေါ့။ နေညီ ... သူ... ခရေညို့တဲ့။ ငါပြောတဲ့တစ်ယောက်ပေါ့"

ထိုအခါမှ မျက်နှာကြောတင်းနေတဲ့ မျက်နှာက အပြုံးပေါ်... သန်းလာသည်။ သို့သော် တင်းနေတဲ့မျက်နှာကြောတော့ ပြေလျော့... သွားခြင်း မရှိပါချေ။

"သံဝရပြောထားလို့ ရှင့်အကြောင်းကို ခရေ သိသင့်သလောက်... သိထားပါတယ်။ ရှင့်ဆိုင်မှာ ဖိတ်ကျွေးရင်လည်း တစ်ရက်လောက်တော့... စားချင်ပါသေးတယ်"





ငတ်ကြီးကျလှချည်လား။ ပုံစံကိုကြည့်တော့ အဆင့်အတန်းမြင့်နေပုံနှင့် ဒါလေးတောင် ဝယ်မစားချင်ဘူးလား။ ဒီမိန်းမ ပုံမှန်မဟုတ်ပါချေ။ စကားပရိယာယ်ကြွယ်လွန်းသည်။

"ခရေကလေ အစားအစာကို ချေးထူတတ်တယ်။ ငါက မင်းရဲ့ဆိုင်အကြောင်း ပြောဖူးလို့ပါ"

"မခရေညိုက ဒီမှာ ကြာဦးမှာလား"

တမင်တကာ မတပ်ခေါ်လိုက်ခြင်း ဖြစ်သည်။

သဘောကတော့ ခရေညိုကို သူ မရင်းနှီးချင်ဘူးပေါ့။ ဒါကို သံဝရကလည်း သဘောပေါက်ပါလိမ့်မည်။

"သူနဲ့တွေ့ဖို့ဆိုပေမယ့် အမျိုးတွေကို လွမ်းလို့လည်း ပါတယ်။ ခရေတို့က လေ့လာဆဲအဆင့်မှာပါ။ ဘယ်လောက်ကြာမယ် မကြာဘူးတော့ တိတိကျကျ မပြောနိုင်သေးဘူး"

အထာကိုင်သည်ဟု ထင်သည်။ မျက်လုံးကို ကြည့်လိုက်တာနဲ့ သံဝရကို စိတ်ဝင်စားနေပြီဆိုတာ အသိသာကြီးကို တမင်ဖိပြောနေသည်ဟု ထင်သည်။

"ရှင်တို့က ထူးဆန်းတယ်နော်။ တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က စီးပွားရေးသမား။ ဒါပေမဲ့ အခင်ဆုံးသူငယ်ချင်းတွေတဲ့။ ရယ်ရတယ်။ သံဝရ မေမေက ပြောပါတယ်။ သံဝရက ရှင့်ကို သိပ်ခင်တယ်တဲ့။ အဲဒီဒဏ်ကိုတော့ ခရေ သည်းခံရလိမ့်မယ် ထင်တယ်လို့ ကြိုပြောတယ်"

မှန်တာကိုပြောရလျှင် သူ့အကြောင်း ခရေညို ကြိုသိနေခြင်း

ကို သူ မနစ်သက်ပါ။ သူကတော့ ခုမှ ခရေညိုကို သိရတယ် မဟုတ်လား။

"ခရေ ... ဘာသောက်မလဲ။ မှာလေ"

"ဟင့်အင်း ... မသောက်တော့ဘူး။ ချိန်းထားပြီးသား ကတိ ပျက်သွားမှာစိုးလို့ ဝင်လာတာ။ တကယ်တော့ ခရေ တခြားလူနဲ့ ချိန်းထားသေးတယ်။ ကဲ ... ခရေ့ကို ခွင့်ပြုပါဦး။ နောက်မှ ပြန်ဆုံကြသေးတာပေါ့။ ဆောရီးနော်"

ကျေးဇူးတင်ပါတယ်။ မြန်မြန်သွားပါ။ ငါကလည်း မင်းကို သွားစေချင်လှပါပြီ ဟု မပြောရုံတမယ်သာ ရှိတော့သည်။

"ဘယ်လိုသဘောရသလဲ"

ခရေညို ကျောပြင် မြင်ကွင်းမှ ပျောက်မသွားသေးခင် သံဝရ က သူ့ကို မေးလာသည်။

"ငါ့သဘောအတိုင်း ပြောရမှာလား"

"အင်း ... မင်းစိတ်နဲ့ ငါ့စိတ်က တော်တော်နီးစပ်တယ်လေ"

"စိတ်ထဲရှိတဲ့အတိုင်းဆို ငါ သူ့ကို တော်တော်သဘောမကျဘူး"

သူက ရိုးသားစွာပြောလိုက်သောအခါ သံဝရက ထုံးစံအတိုင်း ပါးခွက်လေးပေါ်အောင် ပြုံးသည်။

"ဘာကို သဘောမကျတာလဲ"

"အားလုံးပဲ။ လမ်းလျှောက်တာရော၊ အသံရော၊ မျက်နှာရော၊ မျက်နှာထားရော"

"သူ ဘာလုပ်သလဲဆိုတာမျိုး မမေးတော့ဘူးလား"

•———ဪဪ———•



"မသိချင်ဘူး"

"ငါ ... မင်းကို အားကျတဲ့အထဲမှာ အဲဒီလို ပွင့်လင်းတာ သည်း ပါတယ်။ ငွေမျိုင်းဖြူရှေ့မှာလည်း အဲဒီလို ပွင့်လင်းနေကျလား"

"ငါ သူ့အပေါ် ရိုးသားလို့ မရဘူး။ အဲဒါ လုပ်ယူနေတာ မဟုတ်ဘူး။ အလိုလိုဖြစ်ပေါ်လာတဲ့ စိတ်"

"ငါလည်း ခရေညိုကို အဲဒီအတိုင်းပဲ"

"တကယ်တမ်း စဉ်းစားကြည့်ရင် ငါ မင်းအပေါ် မတရားခဲ့ တာတွေ အများကြီးပဲ"

"ငါတို့နှစ်ယောက်ကြားမှာ တရားတယ်၊ မတရားဘူးဆိုတာ ရှိ လို့လား။ ဒါတွေက ထားပါ။ ဒါနဲ့ မင်းကို ဖြူက ပြဿနာရှာသေးလား"

"သူ ပြောင်းလဲသွားပြီ သံဝရ။ ငါ သူ့ကို နားမလည်နိုင် တော့ဘူး"

"ကိုယ်ဝန်ပျက်ကျသွားရင် မိန်းမတွေက ဒီလိုဖြစ်တတ်ပါတယ်။ မိန်းမတစ်ယောက်ကို အသိတရားပေးနိုင်တာက မိခင်ဘဝတဲ့"

"မင်းက အဲဒီဒဿနကို ယုံလို့လား"

"မှန်နေလို့ ဒဿနလို့ မင်း သုံးနှုန်းလိုက်တာ မဟုတ်လား"

သံဝရရော နေညီပါ ပြိုင်တူ ပြုံးမိလိုက်ကြသည်။

သူတို့နှစ်ယောက်၏အပြုံးများသည် ဒေါသ၊ မောဟကင်းစင် န်းသည်။ မျက်ဝန်းများသည် တောက်ပနေသည်။

"ငါ့ကား မပါဘူး"

"ငါ ပို့ပေးမယ်လေ။ မင်းကားက ဘယ်ရောက်နေလို့လဲ"

•———ဪဪ———•

"ခဏ ခဏ ထိုးရပ်နေလို့ ဆိုင်ပို့သွားတယ်"

"မင်းရဲ့ကားကို လဲသင့်ပြီထင်တယ်။ မင်းက စားသောက်ဆိုင်ပိုင်ရှင်ပဲ"

"စိတ်မပူပါနဲ့။ ဒရိုင်ဘာခအဖြစ် ငါက ဒီပိုင်းကို ရှင်းမှာပါ"

နေညီ့စကားကြောင့် သံဝရက ရယ်ပြန်သည်။

"ကဲ ... ဒါဆို ငါတို့သွားရအောင်လေ"

သံဝရက ပြောလိုက်သောအခါ နေညီက ဝိတ်တာကို ဘေလ်ယူလာရန် အချက်ပြသည်။ ပြီးနောက် ငွေရှင်းပြီး ပြန်ဟန်ပြင်သည်။

"ဟင် ... ရှင် ... နေညီ"

ဝင်လာသော စုံတွဲနှင့် ထွက်ပေါက်ဝင်ပေါက်တွင် ပက်ပင်းတိုးသည်။

"သြော် ... မိနန်းပုံ"

ငွေမျိုင်းဖြူ၏ သူငယ်ချင်းမလေးဖြစ်သည်။ ခရီးလွန်နေသောကြောင့် မင်္ဂလာဆောင်ကို မလာနိုင်၍ ငွေမျိုင်းဖြူက မခေါ်တော့ဘူးဟု ပြောခဲ့သော အမျိုးသမီး။

ယခုတော့ လက်ချင်းချိတ်ထားတဲ့လူနဲ့။ ချစ်သူလား၊ ခင်ပွန်းလား။

"ဖြူ မပါဘူးလား"

"မပါဘူး"

"မတွေ့တာကြာပြီနော်။ ရှင်က ကျောင်းတုန်းကအတိုင်းပဲ။ ဝိန်လည်း မပိန်ဘူး၊ ဝလည်း မဝဘူး။ ရှင် တော်တော်ဝိတ်ထိန်းနိုင်

မျှဝေသော



တယ်။ ရှင်တို့ ကလေးရနေပြီလား"

"မရသေးပါဘူး"

"မိတ်ဆက်ပေးရဦးမယ်။ ဒါက နန်းရဲ့အမျိုးသားလေ။ သစ်တောဦးစီးအရာရှိ ကိုမင်းနောင်တဲ့။ ကိုမင်း ... သူက နေညီတဲ့။ ဖြူ့ရဲ့အမျိုးသားပေါ့"

"ဟုတ်ကဲ့ ... သိရတာ ဝမ်းသာပါတယ်"

နေညီနှင့် ကိုမင်းနောင်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ပြန်တော့မလို့လား။ ထိုင်ပါဦးလား"

"မထိုင်တော့ဘူး။ ကျွန်တော်က သံဝရနဲ့ ကားကြုံလိုက်ရမှာမို့ သွားမှဖြစ်တော့မယ်"

"ဖြူ့ဖုန်းက အရင်ဖုန်းပဲလား"

"အင်း"

"ဖြူဆီ အလည်လာပါဦးမယ်။ အဲဒီတည်းကနေ အခုမှ ရန်ကုန်မြေကို အခြေချမိတော့တာပဲ။ နန်းကို ဖြူ တော်တော်မှ စိတ်ဆိုးနေရဲ့လား"

"အင်း ... ဒါပေမဲ့ သူ နန်းအကြောင်းတော့ မကြာခဏပြောပါတယ်။ ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး။ နန်းတို့ အိမ်ကို အလည်လာဖို့လည်း ဖိတ်ပါတယ်"

"ကျေးဇူးပါ။ နန်း အလည်လာဖြစ်မှာပါ"

နေညီက ပြုံးပြပြီးထွက်သွားသည်တွင် မိနန်းပုံက နေညီ့ကျောပြင်ကို ငေးကြည့်နေလိုက်မိသည်။

မျှဝေသော

"တကယ်ပဲ မင်းသူငယ်ချင်းရဲ့ ခင်ပွန်းလား နန်း"

"ဘာဖြစ်လို့လဲ ကိုမင်း"

"ကိုယ် သူတို့ကိုကြည့်ရတာ တစ်မျိုးကြီးဖြစ်နေလို့ပါ"

"ချောလို့ မနာလိုနေတာလား"

"ယောက်ျားတစ်ယောက်နဲ့ မတူလို့"

"ဟာ ... ကိုမင်းကလည်း ဒီခေတ်က ဒီစတိုင်လ်ပဲလေ ကိုရီးယားမင်းသားတွေကို ကြည့်ပါလား။ ယောက်ျားက ယောက်ျား တူတာ ခပ်ရှားရှားရယ်"

မိနန်းပုံက ဖြေရှင်းလိုက်ရသော်လည်း ရင်ထဲမှာတော့ မတ မကျေနှင့်။ ဖြူ အိမ်ထောင်ရေးမှ အဆင်ပြေရဲ့လားဟု ဖြူ့ထံသာ စိ ရောက်သွားသည်။









"တို့သူငယ်ချင်းတွေ ဆုံကြရအောင်"

ဟု ဇင်မာက မက်ဆေ့ချ်ပို့ထားသဖြင့် ငွေမျိုးဖြူသည် ချိန်း ဆိုထားရာ စားသောက်ဆိုင်သို့ ရောက်လာသည်။

ငွေမျိုးဖြူ ရောက်သောအချိန်တွင် သူငယ်ချင်းများ စုံစုံညီညီ ရောက်နေပေသည်။

မိနန်းပုံ၊ ဇင်မာ၊ နှင်း ...

ငွေမျိုးဖြူက မိနန်းပုံကို မကျေနပ်သဖြင့် စကားမပြောပေ။ သို့သော် အမှားရှိခဲ့သော မိနန်းပုံကတော့ ငွေမျိုးဖြူကို မျက်နှာချို သွေးနေလေသည်။

"စိတ်မဆိုးပါနဲ့ ဖြူရယ်။ တကယ်ပဲ ငါက အဲဒီအချိန်တုန်းက လာလို့မရတဲ့ အခြေအနေပါ။ အချိန်တွေပဲ ဘယ်လောက်ကြာသွားပြီလဲ"

"ဟုတ်သားပဲ ဖြူရယ်။ နင်ကလည်း အမှတ်သည်းခြေကြီး လိုက်တာ။ ဟိုးတုန်းက နောက်တောက်တောက် ပြောင်ချော်ချော်နေ တတ်တဲ့ ငွေမျိုးဖြူကို ဘယ်မှာ သွားရှာရမှန်းတောင် မသိတော့ဘူး"

"ငါက အဲဒီလောက်တောင် ပြောင်းလဲသွားတာလား"

"နင်သာမကဘူး။ နေညီလည်း တော်တော်လေးကို ပြောင်းလဲ

သွားတာနော်"

မိနန်းပုံက ထိုသို့ပြောလိုက်သောအခါ အကြည့်တွေက မိနန်းပုံထံ စုပြုံလာကြသည်။ ထို့ကြောင့် မိနန်းပုံမှာ သောက်လက်စ ထောပတ်သီးဖျော်ရည်ပင် လည်ပင်းဝ၌ နင်သွား၏။

"မနေ့က ငါ သူနဲ့ မထင်မှတ်ဘဲ ဆုံတယ်။ နင့်ကို သူ ပြန်မပြောဘူးလား။ ငါက နင့်ကို သူ ပြောလိုက်လို့ နင် ဒီနေရာရောက်လာတယ် ထင်နေတာ"

"ဘယ်မှာတွေ့တာလဲ"

"ဆုံရာမှာ။ ကောင်တစ်ကောင်နဲ့ပဲ။ ခပ်ချောချောပဲ သိလား"

"ဩော် ... သံဝရနေမှာ။ အဲဒါ သူ့ရဲ့ Best Friend လေ"

"တော်တော်ချောတယ်နော်။ နေညိုထက်တောင် အရပ်ပိုမြင့်မယ် ထင်တယ်။ ချောလွန်းတော့ ကိုမင်းကတောင် အခြောက်လို့ ပြောနေသေးတယ်"

"ဟယ် ... ဘယ်ကလာ ပေါက်ကရတွေ။ အဲဒါ ဆရာဝန်ဟဲ့။ မခြောက်ပါဘူး။ ငါ သိပါတယ်။ သူနဲ့သံဝရက မူကြိုတည်းက လည်ပင်းဖက်ပေါင်းလာကြတာပါ"

"ကိုမင်းကိုသာ ငါက ဘူးခံငြင်းလိုက်ရပေမယ့် တစ်မျိုးတော့ တစ်မျိုးပဲ"

"ဟဲ့ ... ဟဲ့ ... မိနန်းပုံ ရှင့်စကားက ဘာလဲ။ အခုမှ ပြန်ခေါ်မလို့ စိတ်ကူးတုန်းရှိသေးတယ်နော်။ ငါ့ယောက်ျားကို ထင်ယောင်ထင်မှားမပြောနဲ့"



"အေးလေ ... ဟုတ်ပါ့။ မိနန်းပုံ ... ရှင်ကလည်း ငါးနှစ်ကျော် ပျောက်သွားပြီးမှ ပေါ်လာလာချင်း ပြောတဲ့စကားကြီးကလည်း နေညိုက ကျားကျားလျားလျားပါဟဲ့။ ဖြူ ကိုယ်ဝန်ပျက်ကျထားတာ ဘယ်လောက် ကြာသေးလို့လဲ"

နှင်းစကားကြောင့် အားလုံး ပြုံးစိစိဖြစ်သွားကြသည်။

"ဟင် ... ရှင် ကိုယ်ဝန်ပျက်ကျတယ် ... ဟုတ်လား။ ဘာဖြစ်လို့လဲ"

"လှေကားပေါ်က ချော်ကျတာ"

"ဒီတစ်ခါတော့ သေချာသွားပြီဟဲ့ ဆိုပြီး ငါနဲ့ ဇင်မာကတော့ ပျော်ပေးလိုက်ရတာ။ ခေါင်းပြားအောင်တောင် မအိပ်ရသေးဘူး အဘောရှင်းဖြစ်လို့ ဆေးရုံရောက်နေပြီတဲ့"

"ဟဲ့ ... နင်တို့ စကားက ဘာကြီးလဲဟ။ ငါ မရှိတဲ့ ဒီငါးနှင်အတွင်း ဘာဖြစ်သွားကြလို့လဲ။ ဒီတစ်ခါတော့ သေချာပြီဆိုတော့"

"ဖြူလေ ... ကလေးရှူးရှူးနေတာ။ လလေးနည်းနည်းကျော်သွားရင်လည်း ကိုယ်ဝန်လို့ ထင်လိုထင်။ အစားနဲ့အအိပ် မမှန်လို့ ပျို့ချင် အန်ချင်ဖြစ်ရင်လည်း ကိုယ်ဝန်လို့ ထင်လိုထင်နဲ့။ ငါတို့မှာ နေညိုကို အားတောင်နာတယ်။ ခဏ ခဏ ကလေးအဖေဆိုပြီး စလိုက်ရတာ"

"အေးဟယ် ... ဒီတစ်ခါ တကယ်ကို ကိုယ်ဝန်ရတော့ ငါတို့တောင် မယုံတော့တာ။ နေညိုက ယုံဦးမလား"

"ယုံပါတယ်ဟဲ့။ နင်တို့ကလည်း။ ငါ့ယောက်ျားက ငါ့ကို မယုံရင် ဘယ်သူ့ကို သွားယုံမလဲ ... ဟုတ်ဘူးလား"

"အမယ်လေး ... ရှင်က ကံကောင်းလို့ပါ ဖြူရယ်။ နေဦး လို ယောကျ်ားမျိုးမို့သာပဲ။ နို့မဟုတ်ရင် ရှင်တော့ အထုပ်ပိုက်ပြီ ဆင်းပြေးနေရပြီ။ ကျောင်းတုန်းကလည်း ကျောင်းတုန်းကအလိုက် နေဦ ရှင့်ကို ဘယ်လောက် သည်းခံနေရသလဲ။ ရှင်ကိုက ဆိုးတယ်"

"ဟုတ်ပ့ါ။ ရှင်တို့လင်မယား ရန်ဖြစ်ကြရင် ငါတို့တော့ နေဦ ဘက်ကပဲပါဖို့ စဉ်းစားထားတယ်။ ငါးနှစ်ကျော်လုံး ရှင့်ဇာတ်ကို သူ မညည်းမညူ အောင့်ခံခဲ့ရတယ်လေ"

"တော်ပါ။ မျှော်လင့်မနေနဲ့။ ငါတို့စုံတွဲက ဘယ်တော့ ရန်မဖြစ်ဘူး"

"ပြောလို့ရမလားဟဲ့။ လင်နဲ့မယား လျှာနဲ့သွားတဲ့။ ရန်မဖြ ဘူးဆိုတဲ့ လင်မယားက အောင့်နေကြတာလေ။ တစ်ချိန်ချိန်မှာ အောင့် ကွဲ ကွဲသွားတတ်တယ်။ လင်မယားဆိုတဲ့ အနှစ်သာရက ရန်ဖြစ်ကြတာ ပဲဟ။ ဟိုသီချင်းမကြားဖူးဘူးလား။ ငါတို့ကျောင်းတက်တုန်းက ခေတ်စား တယ်လေ။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နဲ့ သူ ကျွန်တော့်ကို ရက်စက် ဆိုတာလေ"

မိနန်းပုံစကားကြောင့် ဇင်မာ၊ နှင်းနှင့် ဖြူတို့မှာ ပြုံးစိ ဖြစ်ကုန်ကြသည်။

"ဘာပြုံးတာလဲဟဲ့။ ငါက အတည်ပြောနေတာကို"

"မသိပါဘူးဟယ်။ ငါ့သူငယ်ချင်းက တောသားနဲ့ ညားပြီး မြို့ အထာတွေ ပျောက်ကုန်မယ်ထင်တာ။ ဘယ်ဆိုးလို့လဲ"

"အံမယ် ... လူကိုများ အထင်သေးလို့"

•——မျှဝေသော——•



"ကဲပါ ... လူစုံပြီပဲ။ စားကြမယ်လေ"

ဟော့ပေါ့စားကြမယ်ဆိုပြီး ချိန်းဆိုထားသောကြောင့် ဟင်းပွဲ ဘေးတွင်ချပြီး ရောက်တတ်ရာရာပြောနေမိကြသည်။

"နေဦးဟ ... မစုံသေးဘူး။ တစ်ယောက်ကျန်သေးတယ်"

နှင်း၏စကားကြောင့် ကျန်သုံးယောက်မှာ နှင်းကို နားမလည် စိုက်ကြည့်လိုက်ကြသည်။

"အမယ်လေးဟယ် ... ကြက်သီးတောင် ထတာ။ နင်တို့က အကြည့်တွေ လျှော့ကြပါဦး"

"ရှင့်ရည်းစားနဲ့ မိတ်ဆက်ပေးမလို့လား။ ရှင် ရည်းစားရနေ နှင်း"

"အမယ်လေး ... မပြစ်မှားပါနဲ့ဟယ်။ ယင်ဖိုတောင် မသမ်း သေးတဲ့ အပျိုနုနုထွတ်ထွတ်ပါ"

"ႁနုထွတ်ထွတ်တဲ့။ အမယ်လေး ... လေး ... နှစ်ရေခန်း တောင် နူးတော့မယ့် အသားမဟုတ်ဘူး"

ဖြူက ရွတ်နောက်နောက်ဆိုသောအခါ တင်မာက သဘော ပြီး ကြိတ်ရယ်သည်။ ယခုချိန်ထိ ရည်းစားမထားဖူးသေးတဲ့ နှင်း တော့ ဖြူကို မျက်စောင်းတခဲခဲနှင့်။

"ဘယ်သူလဲ နှင်း"

မိနန်းပုံက မေးသောအခါ နှင်းက အားလုံးကို ခြုံကြည့်ပြီး...

"နင်တို့လည်း သိနေတဲ့လူပါ။ ငါတို့ ဆယ်တန်းကျောင်းသူဘဝ သတိရသေးတယ်ဆိုရင်ပေါ့"

•——မျှဝေသော——•

နှင်း၏စကားကြောင့် အားလုံးမှာ မျက်ဝန်းများ မှေး

သွားသည်။

"ငါ့ကို မှတ်မိကြသေးရဲ့လား"

တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော အသံတစ်ခု။

"ဟင်"

အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ အား

မှင်တက်ကုန်ကြသည်။

"ခရေညို"

သံပြိုင်ထွက်ပေါ်လာ၏။

ခရေညိုက ထုံးစံအတိုင်း ဆွဲဆောင်မှုရှိစွာ ပြုံးသည်။ ပြီး

ဝေ့ဝဲနေသော ဆံပင်ကို နားရွက်နောက်လေး ထိုးတင်ကာ ဖြူ

တွင် ဝင်ထိုင်သည်။

"ကော်ပါသေးရဲ့။ ငါ့နာမည်ကို မှတ်မိကြသေးလို့"

"အိပ်မက်များမက်နေသလားဟယ်"

"ဟုတ်ပ့ါ။ အမေရိကကို ပြောင်းသွားတယ်ဆို"

"ငါတော့ သူ့ကို စိတ်နာလွန်းလို့ မေ့ကို မေ့ပစ်လိုက်ချ

ဘယ့်နှယ်ဟယ်။ ထွက်သွားမယ်ဆိုလည်း သံချောင်းလေး ဘာ

ခေါက်ပါဦးလား။ ခုတော့ ကျန်ခဲ့တဲ့လူတွေက တုံးတိ"

"အမလေး ... ဖြူရယ် စိတ်လျှော့လိုက်ပါတော့။ နင့်မှာ

မေ့ပစ်ချင်တဲ့လူနဲ့၊ မုန်းပစ်ချင်တဲ့လူနဲ့"

နှင်းက ဖြေပြောသောအခါ ခရေညိုက ဖြူကို သိုင်း



ချော့သည်။

"ရှာရှာကြံကြံ ပြန်ဆုံရတဲ့ ဒီသူငယ်ချင်းလေးကို စိတ်မဆိုး

တယ်။ သူငယ်ချင်းဆိုတာ ရှားတယ်ဟဲ့။ ဒီအသက်၊ ဒီအရွယ်နဲ့

သူငယ်ချင်း မရနိုင်တော့ဘူး။ မိတ်ဆွေပဲ ရမယ်"

"အခုမှ သူငယ်ချင်းရဲ့တန်ဖိုးကို သိပ်သိနေတယ်ပေါ့ ဟုတ်လား"

"အေးပေါ့။ နှင်းနဲ့သာ မဆုံရင် ငါတော့ ရင်ကွဲရပြီ"

"ဘာလဲ ... အခုက အပြီးပြန်လာတာလား"

"အွန့်ဟွန်း ... ခဏ"

"အိမ်ထောင်ဖက်လာတွေ့တာတဲ့ အရပ်ကတို့ရေ"

နှင်းက အော်ပြောလိုက်သောအခါ ခရေညို့ထံ အကြည့်တွေ

စုပြုံရောက်ရှိသွားပြန်သည်။

"ဟယ် ... ရှင်တို့အကြည့်တွေကလည်း လျှော့ကြပါဦး။ ငါ့

ကြီး ပေါက်ထွက်ကုန်ပါ့မယ်"

"နင်လက်ထပ်တော့မယ်ပေါ့"

"အင်းပေါ့ ... ဖြူတောင် လက်ထပ်ပြီးတာ ကြာနေမှ။ ငါက

လို့ လက်မထပ်ရမှာလဲ"

"ဟော့ ... ဟော့ ... ငါ့ကို ဆွဲမထည့်နဲ့။ ငါက ချစ်လို့ကြိုက်လို့

ညအချင်းရှိရှိ လက်ထပ်ထားတာ။ ဘာအိမ်ထောင်ဖက်မှ တွေ့စရာ

ဘူး"

"ကြည့်စမ်း ... ကြည့်စမ်း ... စိတ်ပုတ်ကြီး။ ပြောလိုက်ရင်

ချိုးနှိမ်ဖို့ပဲ တတ်တယ်။ ငယ်ကအကျင့်ကို မပျောက်ဘူး"

"ပြောစမ်းပါဦး၊ နင့်အိမ်ထောင်ဖက်အကြောင်း၊ အဆင်ပြေ
ရဲ့လား"

"အင်း ... မဆိုးပါဘူး၊ သူက တည်ကြည်ခန့်ညား
ယောကျ်ားတစ်ယောက်ပဲ၊ ခုတော့ မချစ်သေးပေမယ့် လက်ထပ်ပြီး
တော့ အဆင်ပြေသွားမယ်လို့ ထင်ပါတယ်"

"အချစ်မပါတဲ့ အိမ်ထောင်ရေးဆို ငါတော့ အားမပေးဘူး"

ဖြူ့အသံက ခပ်ပြတ်ပြတ်ဖြစ်သည်။

"ဘာလို့လဲ ဖြူ"

"အချစ်ဆိုတဲ့အရာက အချိန်ကာလနဲ့ မဆိုင်ဘူး ခရေ၊ သိမ်
သလောက်လည်း နက်နဲတယ်၊ အချစ်ဆိုတဲ့အရာက အရာရာကို သည်း
နိုင်စွမ်းပေးသလို၊ စိတ်ခွန်အားလည်း ပေးတယ်၊ ဒါပေမဲ့ တစ်ခါတစ်
အားငယ်စေတတ်ပြန်တယ်"

"ဘယ်လိုကြီးလဲ ဖြူရယ်၊ နင့်စကားကလည်း"

"ရှင်းပြရရင်တော့ ရှည်တယ်ဟယ်၊ နင် သူ့ကို မချစ်ပေ
လက်ထပ်ဖို့ မစဉ်းစားနဲ့၊ လူနှစ်ယောက်က အတူနေထိုင်လာရင်
ပြဿနာတွေ ဘယ်လောက်များသလဲဆို ငါ့ကိုယ်တွေ့ပဲ ခရေရယ် သိလား"

"နင် အိမ်ထောင်ရေး အဆင်ပြေဘူးလား ဖြူ"

"ငါက သူ့ကိုချစ်တာကိုး၊ အဆင်ပြေတာပေါ့"

"အမယ်လေး ... ပေါ်တင်ကြီးဟယ်"

ဇင်မာက နောက်ပြောင်သော်လည်း ခရေနှင့်ဖြူက မပြ
နိုင်ပါ။





"အချစ်ဆိုတာမျိုးက မြင်မြင်ချင်း ရင်ဘတ်မှာ ဖြစ်ပေါ်လာတဲ့
ပေါင်းကူးတံတားပဲ ခရေ၊ အချိန်ယူပြီး စဉ်းစားဦးမယ်၊ လေ့လာဦးမယ်
ဆိုတာ သချာၤတွက်နေတာ၊ အဲဒီ အချစ်မဟုတ်ဘူး၊ နှလုံးသားမှာ
ပါဝါဆိုတာ ရှိတယ်၊ အဲဒီပါဝါက မျက်လုံးချင်း ဆုံလိုက်တဲ့ကောင်လေး
ကို ချစ်တယ်၊ မချစ်ဘူး တစ်ခါတည်း ဆုံးဖြတ်ပေးတယ်၊ မသိချင်ယောင်
ဆောင်မနေပါနဲ့ ခရေရယ်၊ ရှင် သူ့ကို ချစ်တယ်၊ မချစ်ဘူးဆိုတာ
နှင့်ရင်ထဲ ရှင်းနေလောက်ပါပြီ"

ဖြူက လေးလေးနက်နက် ပြောသောအခါ စကားဝိုင်းမှာ တိတ်
ဆိတ်သွားသည်။

"အဲဒါဆို ငါ့နှလုံးသားကို ငါက မေးရမယ်ပေါ့"

"ရှင် မေးပြီးနေလောက်ပါပြီ"

"လောကမှာ မချစ်ဘဲ လက်ထပ်ကြရင်း အဆင်ပြေနေတဲ့
လူတွေ အများကြီးပါ"

"စစ်တမ်းကောက်ကြည့်ပါ ခရေ၊ လက်ဆယ်ချောင်း ပြည့်
အောင် မချိုးရပါဘူး၊ အဲဒါ တကယ်အဆင်ပြေနေကြတာ မဟုတ်ဘူး၊
အဆင်ပြေချင်ယောင် ဆောင်နေကြတာ၊ လူနှစ်ယောက် ပေါင်းစည်း
ဘာပဲဟယ် လွယ်တာ မှတ်လို့"

"နင် အိမ်ထောင်ရေးအဆင်ပြေဘူးလား"

"အဆင်ပြေသလိုလေးနေပါတယ်၊ ငါ သူ့ကို မမုန်းမချင်းပေါ့"

"ဟယ် ... ဘယ်လိုကြီးလဲ"

"ဘယ်လိုမှမလဲဘူး ခရေရေ၊ သူတို့အိမ်ထောင်ရေး အဆင်

မပြောဘူးဆိုတာ နေညိုအမှား မဟုတ်ဘူး။ ဖြူ့အမှား"

"နေညို ... ဟုတ်လား"

"ဟုတ်ပ့ါ။ ဖြူ့လူက Face စားသောက်ဆိုင်ပိုင်ရှင်လေ"

"ဘုရား ... ဘုရား ... ကြုံမှကြုံတတ်ပါပေတယ်"

"ဟင် ... ဘာလို့လဲ ခရေ"

"ငါ့အိမ်ထောင်ဖက်လာတွေ့တာက ဒေါက်တာ သံ၀ရလေ"

"သံ၀ရ ... ဟုတ်လား"

ဖြူ့က တအံ့တသြပြောလိုက်သောအခါ အားလုံးမှာ ဖြူ့ကြောင်ကြောင် ဖြစ်ကုန်သည်။

"ဖြစ်မှဖြစ်ရလေ ခရေရယ်"

"ဟဲ့ ... ဟဲ့ ... နေဦး ... သံ၀ရဆိုတာ ငါတွေ့ခဲ့တဲ့ တစ်ယောက်လား"

မိနန်းပုံက စကားပြန်ထောက်သောအခါ ဖြူ့က ဖြူးစိစိဖြင့်...

"သူပဲ နေမှာပေ့ါ။ ငါ့ယောက်ျားမှာ သံ၀ရအပြင် အခြားသူငယ်ချင်းမရှိနိုင်ပါဘူး"

ဖြူ့စကားကြောင့် မိနန်းပုံသည် ခရေညို့ကို စွေကြည့်လိုက်သည်။ မိနန်းပုံ၏ မျက်လုံးများက စကားလုံးများစွာ ပြောနေသော်လည်း ထိုစကားလုံးများကို ခရေညိုက ဘာသာပြန်တတ်မည် မဟုတ်ချေ။

ယခုတော့ ခရေညိုနှင့် ငွေဖျိုးဖြူ့တို့ နှုတ်ခမ်းထက်တွင် အပြုံးတွေ ဝေလို့ ...။







"ခရေညိုနဲ့ မောင် ဆုံဖူးပြီးပြီ မဟုတ်လား"

ဖြူ့စကားကြောင့် ကြယ်သီးဖြုတ်နေသော သူ့လက်များ တုံ့ဆိုင်းသွားသည်။ ခရေညို ... ခရေညိုကို ဖြူ့က သိနေလို့လား။

"ခရေညိုက စတိတ်ကျောင်းတုန်းက ဖြူ့သူငယ်ချင်းလေ"

ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဖြစ်နိုင်လျှင် သံ၀ရနှင့် ပတ်သက်တာမှန်သမျှ ဖြူ့နှင့် မပတ်သက်စေချင်ပေ။

"ဟုတ်လား ... တော်တော့်ကို တိုက်ဆိုင်တာပဲ"

"ခရေညိုက လှတယ်နော်။ ပြီးတော့ ထက်မြက်တယ်၊ ဒီဂိုင်းပညာနဲ့ ကျောင်းပြီးထားတယ်"

တကယ်တော့ မရေညိုက ဘာကောင်လဲဆိုတာ သူ မသိချင်ပါ။ မသိချင်၍ပင် သံ၀ရကို မမေးခဲ့ပါ။ သံ၀ရကလည်း အလိုက်တသိ မပြောပြခဲ့။

"သံ၀ရကရော ခရေ့ကို သဘောကျရဲ့လား"

"သူတို့အကြောင်း မောင် မသိဘူး ဖြူ့"

အကျႌကိုချွတ်ကာ ခုတင်ပေါ်ပစ်တင်ပြီး ရေချိုးခန်းထဲ ဝင်လာသည်။

သူ ရေချိုးပြီးထွက်လာသောအခါ အခန်းထဲ ဖြူ မရှိတော့ပေ။ ရေစိုကိုယ်လုံးနှင့်ပင် ခုတင်ပေါ် ထိုင်ချလိုက်သည်။

ပြီးနောက် ဖုန်းကို ကောက်ကိုင်သည်။ သံဝရထံသို့ ဖုန်းခေါ်လိုက်၏။

"သံဝရ"

"အင်း ... ပြော ... နေညီ"

"ခရေညိုက ဖြူသူငယ်ချင်းတဲ့"

နေညီ ပြောလိုက်သောအခါ သံဝရထံမှ အသံတိတ်ဆိတ်သွားသည်။

"မင်း ဘယ်မှာလဲ သံဝရ"

"စိမ်းလန်းမှာ"

"ခရေညိုနဲ့လား"

"အင်း"

သံဝရ၏အသံက ခပ်အစ်အစ်ဖြစ်သည်။ သူ့ရင်ထဲ ပူလောင်သွား၏။ ဘာသဘောလဲ။ သံဝရရဲ့အသံက ဘာဖြစ်နေတာလဲ။

"နေညီ ... ပြီးမှ ငါ မင်းကို ဖုန်းပြန်ဆက်လိုက်မယ်"

ဟုဆိုကာ တတ္တတ္တနှင့် ဖုန်းလိုင်းကျသွား၏။

နေညီ့ရင်ထဲ ပူလောင်လာသည်။

ယနေ့အချိန်ထိ သူ ဖုန်းမချသေးဘဲ သံဝရက အရင်ဦးအောင် ဘယ်တုန်းကမှ ဖုန်းမချပစ်ဖူးပေ။

သံဝရ ဘာဖြစ်နေတာလဲ။ ခရေညိုက သံဝရကို အဲဒီလောက်



ထိ လွှမ်းမိုးနိုင်သွားပြီလား။

"မောင် ... ဘာထိုင်လုပ်နေတာလဲ။ အအေးမိကုန်တော့မှာပဲ။ ရေစိုကြီးနဲ့"

သူ ဘယ်လောက်ထိ အတွေးလွန်ကုန်မှန်း မသိပေ။ အခန်းထဲ ဖြူ ဝင်လာသည်ကိုပင် သတိမထားမိလိုက်ပါ။

"ခရေ့ဆီက ဖုန်းလာတယ်"

ဖြူက အမှတ်တမဲ့ ပြောချလိုက်သော်လည်း သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာတဲ့လဲ"

"သံဝရနဲ့ တွေ့နေတာတဲ့။ အိုကေတယ် ပြောတာပဲ။ ဟင်း... ဟင်း ... ဒီပုံအတိုင်းဆိုရင်တော့ ဖြူတို့ လက်ဖွဲ့ကြီးကြီး ပြင်ထားရတော့မယ် ထင်တယ်"

ဖြူရဲ့အပြုံးက သူ့ရင်ဘတ်ထဲ ဆူးတစ်ချောင်းလို နစ်ဝင်သွားသည်။

"မောင် ... ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ကောင်း ... ကောင်းပါတယ်။ ဘာ ... ဘာမှမဖြစ်ပါဘူး"

ရေစိုနေသော ဆံပင်များကို ဖြူလက်ထဲမှ တဘက်ဖြင့် သုတ်လိုက်သော်လည်း ရင်ခုန်သံတွေက မညီညာချင်ပါ။

"သံဝရလည်း လက်ထပ်သင့်နေပါပြီ။ အသက်ပဲ နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ် ဖြစ်နေပြီ။ အိမ်ထောင်ကျကျချင်း ကလေးက ရချင်မှ ရဦးမှာ။ ကလေးပြုစုရမှာနဲ့၊ အရွယ်တောင် လွန်နေပြီ ထင်တယ်"

"သံဝရ အိမ်ထောင်ပြုခြင်း၊ မပြုခြင်းက မင်းနဲ့ ဘာဆိုင်သလဲ ဖြူ။ သူများကိစ္စကို ဝင်မစွက်ဖက်ပါနဲ့"

"မောင် ... မောင် ... ဘယ်လိုပြောလိုက်တာလဲ"

သူ့လေသံက မာသောအခါ ဖြူ့မျက်ဝန်း၌ မျက်ရည်တို့ ရစ်သိုင်းလာသည်။

"ဖြူ့စကားက ဘာမှားသွားလို့လဲ"

"မှားတယ်။ မင်း စွက်ဖက်ပိုင်ခွင့်ရှိတာက ငါ့ကိုပဲ၊ ငါတစ်ယောက်တည်းကိုပဲ မင်း ချုပ်ချယ်လို့ရမယ်။ သံဝရကို မရဘူး"

"ဘယ်လို ... မောင်။ ငါ ... ဟုတ်လား။ ငါတဲ့လား မောင်ရယ်။ ဖြူက မောင့်ကို ဘာများချုပ်ချယ်မိလို့လဲ။ အခုပြောလိုက်တာကလည်း ပျော်စေ ပျက်စေ အပြောင်အပျက်သဘောမျိုးနဲ့ပါ။ အဲဒီလိုကြီး ဖြစ်သွားစေဖို့ မရည်ရွယ်ခဲ့ပါဘူး။ သံဝရကို မပြောနဲ့ မောင့်ကိုတောင် ချုပ်ချယ်လိုစိတ် ဖြူ့မှာ မြူတစ်မှုတ်တောင် မရှိဘူး မောင်"

"အဲဒီလိုမုသားစကားတွေနဲ့ပဲ ငါ့ကို ဝါးမျိုလာတာ ဘယ်လောက်ကြာနေပြီလဲ။ သံဝရ စိတ်မပါဘဲနဲ့ ခရေညိုကို အတင်းကြီး သံဝရဆီတွန်းမလွှတ်ပါနဲ့။ ငါနဲ့သံဝရ တွဲနေတာ မကြိုက်ဘူးဆိုလည်း တည့်တည့်ပဲ ပြော ... ရတယ်"

"မောင် ဘယ်လိုဖြစ်နေတာလဲ ... မောင်။ သံဝရကို ချစ်တယ်၊ ခင်တယ်ဆိုတာ ဖြူ လက်ခံပါတယ်။ နားလည်ပေးလို့လည်း ရတယ်။ ဒါပေမဲ့ ဒီလောက်လေးပြောမိတာနဲ့ အဲဒီလောက်ထိကြီးတော့ မဖြစ်သင့်ဘူး မောင်"

ရှုမဝ



"ဖြစ်တယ်ကွာ ဖြစ်တယ်"

သူ ဒေါသထွက်ထွက်နှင့် မှန်တင်ခုံပေါ်မှ ရေမွှေးတစ်ပုလင်းကို ဆွဲယူကာ ပေါက်ခွဲပစ်လိုက်သည်။

ခလွမ်းဆိုသော ကျကွဲသံနှင့်အတူ ဆူညံသံများသည် ရုတ်ခြည်းတိတ်ဆိတ်သွား၏။

သူ ဖြူ့ကို ထပ်မမြင်ချင်တော့ပေ။

မိန်းမတွေရဲ့ထုံးစံအတိုင်း မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနဲ့ အသနားခံပေဦးမည်။ ဒီအထာတွေ သူ့အတွက် ရိုးနေပါပြီ။

ထို့ကြောင့် ဖြူ မျက်ရည်ကျနေမယ်ဆိုတာ သိသိချည်းနဲ့ ဖြူ့ကို မကြည့်ဘဲ တွေ့ကရာ အင်္ကျီကိုသာ ကောက်စွပ်ဝတ်ဆင်ကာ ကားသော့ဆွဲပြီး ထွက်လာသည်။

သူ၏သွေးခုန်နှုန်းတွေက မတည်ငြိမ်ပါ။ စိတ်တွေကလည်း ဟိုရောက်လိုက် ဒီရောက်လိုက် ဖြစ်နေသည်။

ဘာကိုဒေါသထွက်နေမိဒနမှန်း မသိသော်လည်း ဒေါသတို့က တစ်ကိုယ်လုံး ဖုံးနှံ့ဒနေသည်။

"ဟားကွာ ... ဘုန်း ... ဘုန်း"

စတီယာရင်ကို တဘုန်းဘုန်း ထုရိုက်လိုက်သောအခါ ဟွန်းသံက ဆူဆူညံညံ ထွက်ပေါ်လာသည်။

ခြံအမှတ် (၄၀၅) သည် ကုလားတိုက် ကျွန်းဝင်ကိုက်သလို ဆူညံသွားပြီးနောက် ကားစက်နှိုးသံ၊ မောင်းထွက်သွားသံနှင့်အတူပြန်လည် တိတ်ဆိတ်သွားရပြန်သည်။

ရှုမဝ



"ခရေကတော့ ကီဝီသီးဖျော်ရည်ကိုပဲ စွဲစွဲမြဲမြဲသောက်တယ်"

"ကျွန်တော်က ကီဝီသီးကို မကြိုက်ဘူး။ ကျွန်တော်က အချို သမားလေ။ အချဉ်ကြိုက်တဲ့လူတွေက ပြတ်သားတဲ့သဘောဆောင်တယ်လို့ ကြားဖူးတယ်"

"အချိုကြိုက်တဲ့လူတွေလည်း တုံ့ဆိုင်း နှေးကွေးတဲ့သဘောမှာ ရှိတယ်လို့ မှတ်သားဖူးပါတယ်"

ခရေညိုသည် လုတယ်ဆိုတာ မှန်၏။ သို့သော် တစ်ခွန်းမခံ ကန့်လန့်တိုက်နေသည်ဟု ထင်သည်။ ခရေညိုနှင့် စကားပြောရသည်မှာ အဆင်မပြေပေ။ ဝိရောဓိကို သမ္မဟဖြစ်အောင် လုပ်ဖို့ သူ့ထံ သာမာဓိအားက ကောင်းမနေပြန်ပါ။

ခရေညိုက ကီဝီသီးကြိုက်ရုံဖြင့် သူက မုန်းသော ကီဝီသီးကို ကြိုက်ပါတယ်ဟုလည်း ဟန်ဆောင်မပြောလိုပါ။

"မဆိုးပါဘူး။ ရှင်နဲ့ စကားပြောရတာ စိတ်ဝင်စားဖို့ကောင်းသားပဲ။ ရှင်က သိပ်ဟန်မဆောင်တတ်ဘူး။ တမင်တကာလည်း ခရေကို အလျှော့ပေးပြီး မပြောဘူး။ သံဝရ ... ရှင်က ဆွဲဆောင်မှုရှိတဲ့ ယောကျ်ားတစ်ယောက်ပါ"





ခရေညိုက သူ့ကိုယ်သူ အမှတ်ပေး ဒိုင်လူကြီးဟု ထင်နေလေ ရော့သလား မသိပေ။ အံ့ဩမိ၏။ ယောကျ်ားတစ်ယောက်ကို ပြိုင်ပွဲဝင် သင်တန်းသားတစ်ဦးလို သတ်မှတ်နေသော မိန်းမတစ်ယောက်ကို သူ အထင်ကြီးကြည့်၍ မရပါ။ သို့သော် ဣန္ဒြေနှင့်သိက္ခာကို ဆယ်လိုသော ကြောင့် မှင်တေတေနှင့်သာ ပြုံးနေဖြစ်သည်။

"အကယ်၍ ရှင်နဲ့ခရေသာ ရေ့ဆက်ဖြစ်မယ်ဆို အချက်အလက် တော်တော်များများကို ညှိယူရမယ် ထင်တယ်"

"ကျွန်တော်က နည်းနည်းအတ္တကြီးတတ်တယ်။ မလိုက်လျော နိုင်တဲ့အရာဆို ဘယ်တော့မှ အလျှော့မပေးဘူး"

"ဘလိုင်းကြီးလိုက်လျောနေတဲ့ ယောကျ်ားတွေထက်စာရင် မလိုက်လျောတတ်တာက ပိုပြီး စိတ်ဝင်စားဖို့ ကောင်းမယ်ထင်ပါတယ်"

ပြဿနာပါပဲ။ ဒီအမျိုးသမီးက တစ်မျိုးပါလား။

လူပုံကိုကြည့်တော့ ထက်ထက်မြက်မြက်ရှိမယ့် ပုံပါပဲ။ ဒါပေမဲ့ ဘာလို့ အဲဒီလောက်တောင် တုံးအရတာလဲ။ အရိပ်သုံးပါး နားမလည် ဘူးလား။

"ခရေက အခါးရည်သောက်ရတာကို ကြိုက်တယ်။ ခရားအိုး ထဲက အခါးရည်ကို ခွက်ထဲ ငှဲ့လိုက်တယ် ထားပါတော့ ... ပူနေတော့ အငွေ့ထွက်မှာပေါ့။ ပူမှန်းသိနေတယ်ဆို ခွက်ကို လက်အပူခံပြီး မကိုင် ဘူး။ သောက်ခါနီးဆို ခွက်ကို ပြန်စမ်းကြည့်မယ်၊ ပူနေသေးရင် သောက်ဘူး။ ဒါပေမဲ့ ကံဆိုတဲ့ မမြင်နိုင်တဲ့အရာကြောင့် ခွက်က ပူနေရင် အပူအအေးကို လက်က သဲသဲကွဲကွဲ မသိနိုင်တော့ဘူး။

အဲဒီအချိန်မှာ ရေငတ်နေတဲ့ ခရေက အဲဒီလက်ဖက်ခါးရည်ကို သော မိကောင်း သောက်မိလိမ့်မယ်။ သောက်လိုက်တဲ့အချိန်မှ ပူသွားမှ သိပေမယ့် ဘယ်တော့မှ ထွေးမထုတ်တော့ဘူး။ ပူတဲ့အတိုင်းပဲ မျို လိုက်တယ်။ ပူတဲ့အရသာက လည်ချောင်းကတစ်ဆင့် အူထဲရောက်သွာ ချိန်ထိ မအေးဘူး။ အဲဒီဖြစ်ရပ်ကြောင့် တစ်ချိန်ချိန်မှာ ခန္ဓာကိုယ် ဆိုးကျိုးတစ်ခု ဖြစ်လာမယ်ဆိုလည်း ခရေ မကြောက်ဘူး။ ခရေ ကိုယ်တိုင် သောက်လိုက်တဲ့အရာမို့ပါ။ ခရေက အဲဒီလို လူမျိုး သံဝရ

အမုန်က အခါးရည်ဥပမာကို သူ စိတ်မဝင်စားပေ။ သို့သော် စိတ်ရှုပ်ရှုပ်ထားပြီး နားထောင်လိုက်တော့လည်း ခရေညိုကို နည်းနည်းလန့်မိသည်။

"ကျွန်တော့်ကိုရော အခါးရည်တစ်ခွက်လို သဘောထားနေ တာလား"

သူ့မေးခွန်းက ပြောင်ကျလှသော်လည်း ခရေညိုက မျက်နှာ တစ်ချက်ပျက်မသွားချေ။

"ခရေရဲ့ တစ်နေ့တာလုံးကို အခါးရည်နည်းနည်းနဲ့ပဲ ကျော်ဖြတ် တယ် သံဝရ"

"ညီမျှခြင်းချပြီး တွက်ရတဲ့ ပုစ္ဆာတစ်ပုဒ်က နှစ်ဖက်ညီမျှနေ မှ တွက်လို့ကောင်းတာပါ"

"ခရေ့ကို ပုစ္ဆာလို့များ သံဝရ ဆိုလိုချင်နေတာလား"

"ကျွန်တော်ရဲ့ တစ်နေ့တာလုံးကလည်း ပုစ္ဆာသဘောမျိုး သက်ဝင်နေလို့ပါ"





အမုန်က သူ့ စကားကို ကတ်သတ်ပြောလိုက်ခြင်းသာ ဖြစ် သည်။ သို့သော် ခရေညိုက အပြုံးမပျက်ချေ။

"သံဝရက အချစ်ဆိုတာကို ဘယ်လိုနားလည်သလဲ"

"ပိုင်ဆိုင်ရခြင်း၊ မပိုင်ဆိုင်ရခြင်းနဲ့ မဆိုင်ဘဲ အချစ်ဆိုတာ ချစ်နေဖို့ပဲ လိုတာလို့ ထင်တယ်"

"ချစ်နေဖို့ပဲလိုတယ် ... ဟုတ်လား"

ထိုအဖြေကို ခရေညို သဘောကျသွားသည်။ သံဝရသည် ဘုးဆန်းသော ယောက်ျားတစ်ယောက် ဖြစ်သည်။ လောဘနည်းသည်။ ဟန်ဆောင်မှု မရှိချေ။ ခရေညို့ဘဝတွင် အိမ်ထောင်ဖက်တွေ့ခဲ့သည် ဟ ဒီတစ်ကြိမ်တည်း မကတော့ပါ။ သံဝရသည် ငါးယောက်မြောက် ဖြစ်၏။

ခရေညို့ကို အိမ်ထောင်ပြုစေချင်သော မိသားစု၏ဆန္ဒကို ဆန့်ကျင်ချင်၍ပဲလား၊ ခရေညိုကိုယ်တိုင်က စိတ်တိုင်းမကျတာဘဲလား သိ၊ သံဝရ၏ ရှေ့အရင်က တွေ့ခဲ့တာ မှန်သမျှကို တစ်ကြိမ်တည်း တွေ့ကြည့်ရုံနဲ့ ခါးခါးသီးသီး ငြင်းလိုက်သည်ချည်းသာ ဖြစ်၏။

ကြာလာလျှင် အိမ်က လက်လျှော့သွားမည်ဟုထင်သော်လည်း ခု မြန်မာပြည်ကို အလည်အပတ်သွားရင်းနဲ့ လမ်းကြုံ အိမ်ထောင်ဖက် င်တွေ့ပါဆို၍ စိတ်မပါသော်လည်း လက်ခံဖြစ်သည်။

အံ့သြရပါ၏။ သံဝရနှင့် ပထမအကြိမ် တွေ့ပြီးတည်းက သံဝရ ကို စိတ်ဝင်စားသည်။ နောက်တစ်ကြိမ်တွေ့ချင်သည်။

ခရေညိုက မဆိုးပါဘူးဟု မှတ်ချက်ပေးသောအခါ ပျော်သွား

သော မေမေ့အသံက ပီတိဖြစ်ချင်စရာကောင်းသည်။

မေမေက တက်တက်ကြွကြွ လှုပ်ရှားနေသောကြောင့် အချိန်တိုတိုနှင့် ခရီးရောက်လာပြီဟု ဆိုရမလားပင်။

ယခုတော့ ခရေညိုနဲ့ သံဝရက အချစ်အကြောင်းပင် ဆွေးနွေးသော အဆင့်ထိ ရောက်လာခဲ့ပြီဖြစ်၏။

ဒါလည်း ခရေညိုကသာ ဦးဆောင်နေခြင်း ဖြစ်သည်။ သံဝရက အရင်တွေ့ဖူးသော ယောကျ်ားများလို ခရေညိုကို မျက်လုံးပြူးကြီးနှင့် မကြည့်ပေ။ ဣန္ဒြေရသည်။ စကားလုံးကိုလည်း ချေတာပြီး ပြောသည်။ ရှမ့်ကြနည်းသော ယောကျ်ားတစ်ယောက် ဖြစ်၏။ သံဝရပုံသည် မထုံတက်သေးနှင့်မို့ ကိုင်လှုပ်ချင်စရာပင် ကောင်းနေတော့သည်။ ကျွန်မက မလှလို့လားဟုပင် မေးပစ်လိုက်ချင်သည်။

ခရေညိုသည် မွေးကတည်းက ယခုချိန်ထိ မိမိ၏အလှတရားအပေါ် သံသယမရှိခဲ့ဖူးပါ။ အမြဲတမ်း ကျော့ကျော့ရှင်းရှင်းနှင့် ယုံကြည်မှုရှိရှိ နေတတ်သည်။ သံဝရ အရင်လူလေးယောက်ကို ခရေညို ငြင်းလိုက်သည်ဆိုတာကလည်း ဣန္ဒြေပျက်လောက်အောင်ပင် ခရေညို့အလှကို ငေးပြီး ခရေညို့ဆန္ဒကို လိုက်လျောလွန်း၍ ဖြစ်သည်။

ခရေညို ခံယူထားသည်က ယောကျ်ားတစ်ယောက်သည် ကိုယ့်ခံယူချက်နှင့် ကိုယ် ရှိရမည်။ မိန်းမတစ်ယောက်၏ ဆန္ဒနှင့် ယောကျ်ားတစ်ယောက်၏ဆန္ဒသည် ဘယ်လိုမှ ထပ်တူမကျနိုင်ပေ။ တရားလွန်ထပ်တူကျနေပါက ဟန်ဆောင်နေ၍သာ ဖြစ်သည်။ ဟန်ဆောင်တတ်သော ယောကျ်ားတစ်ယောက်ကို ခရေညို မယုံချေ။ ဟန်ဆောင်မှုကြီး



...ကျသွားသောအခါ အတွင်းမှ ဘီလူးမျက်နှာကြီး ဘွားခနဲ ပေါ်လာ...နိုင်ဖွယ် ရှိသည်။

အစမလှခဲ့သော ဇာတ်လမ်းသည် အဆုံး ကောင်းတတ်တယ်...တာ ဆိုရိုးစကားရှိသည်။ ခရေညိုသည် ပြဿနာကို ရှောင်လွှဲတတ်...သော လူစားမဟုတ်ချေ။ ပြဿနာတစ်ခုရှိပါက အားနည်းချက်၊ အားသာ...က်ကို မရ၊ အရ ရှာပြီး သံဝေဂယူကာ မိမိကိုယ် မိမိ ဆုံးမတတ်...သောလူစားမျိုး။

မညီမျှတာကို ညီမျှတဲ့အထိ စွမ်းဆောင်နိုင်မှ အရည်အချင်း...သည်ဟုလည်း ယူဆသည်။ ထို့ကြောင့် မညီမျှသော သံဝရနှင့် မိမိ၏...ခြေအနေကို ညီမျှခြင်းချရပေလိမ့်မည်။

ဘုရားရေ ... သူ ခရေညို့ကို ဆွဲဆောင်လိုက်နိုင်ပြီလား။

"ချစ်နေရုံနဲ့ပြီးမလား သံဝရရဲ့။ ချစ်နေရင် ပိုင်ဆိုင်ဖို့ ကြိုးစား...ယ်လေ"

"အတ္တဖက်လိုက်ရင် အချစ်မဟုတ်ဘူး။ အချစ်ပါလို့ ဟန်ဆောင်...နေတာ"

"သံဝရက ချစ်ဖူးတယ်ထင်တယ်နော်"

"ဒီအရွယ်ထိ မချစ်ဖူးပါဘူးလို့ ပြောရင် ညာတာပေါ့"

"အဲ့တုန်းကရော ချစ်သူကို ပိုင်ဆိုင်ဖို့ မကြိုးစားခဲ့ဘူးလား"

"ကျွန်တော် အတ္တမကြီးတတ်ပါဘူး"

ဘုရား ... ဘုရား ... စမတ်ကျလိုက်တာ။ ဘာလို့မှ ခုချိန်...တွေ့ရသလဲ။ နောက်ကျလိုက်တာ။

"သံဝရချစ်သူ ဘယ်နယောက်ထားဖူးလဲ"

"ကျွန်တော့်ပုံက အချစ်တွေ သိပ်ပေါနေတဲ့ပုံ ပေါက်နေလို့လား"

"အဲ ... အဲဒီလိုသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး။ ခရေညို့အပေါ် သံဝရက ဘယ်လိုမြင်သလဲဆိုတာလေး သိချင်လို့ပါ"

"ကျွန်တော့်အမြင် ... ဟုတ်လား"

ခရေညို ခေါင်းညိတ်ပြမိသွားသည်။

မြတ်စွာဘုရား ... ငါ ဘာတွေလုပ်နေမိပါလိမ့်။ ယောကျ်ားတစ်ယောက်ရှေ့မှာ ပုတ်သင်ညိုတစ်ကောင်လို ဖြစ်ရလိမ့်မည်ဟု ခရေညို မိမိကိုယ်မိမိ တစ်ကြိမ်တစ်ခါမှ မတွေးခဲ့ဖူးချေ။

"တူ ... တူ"

Silent လုပ်ထားသော သံဝရဖုန်းက ခုံပေါ်တွင် တဒစ်ဒစ် မြည်လာသည်။

အမှန်က သံဝရဖုန်းကို ပိတ်ထားသင့်သည်။ အိမ်ထောင်ဖက်ကလည်း ဘဝမှာ အရေးကြီးဆုံးထဲက တစ်ခုအပါအဝင်ပဲ မဟုတ်ပါလား။

ပမာမခန့်ပုံလေးကို သဘောကျချင်သော်လည်း ခရေညိုကလည်း မိန်းမထဲက မိန်းမတစ်ယောက်မို့ မိမိသဘောကျပါတယ်ဟု ကြေညာထားသော ယောကျ်ား၏ အလေးထားခြင်းကိုတော့ ခံယူချင်သေးသည်။

"ခဏနော် ... ခရေညို"

မဆိုးပါဘူး။ ဖုန်းပြောဖို့ ခွင့်တောင်းလိုက်တာကိုပဲ အမှတ်ပေးရတော့မလိုလို။



"ဟလို ... နေညီ"

ဖုန်းထူးလိုက်သော သံဝရ၏အသံကြောင့် ခရေညို အံ့သြသွားသည်။ နေညီဆိုပါလား။ ဒါဆို ... ဖြူရုံခင်ပွန်းပေါ့။ ယခုပဲ ည ရှစ်နာရီခွဲနေပြီ။ ဒီအချိန်ကြီး နေညီက ဘာလို့ သံဝရကို ဖုန်းဆက်တာလဲ။ ဘယ်လောက်ပဲ ခင်ကြတဲ့ သူငယ်ချင်းတွေကပဲဖြစ်နေပါစေ ယခုလို နားချိန်မှာတော့ ဇနီးသည်နှင့် ကြည်နူးနေသင့်သည် မဟုတ်ပါလား။

"ဘာ"

ဖုန်းပြောရင်း နေရာမှ ထရပ်လိုက်သော သံဝရကြောင့် ပို၍ နားမလည်နိုင်ဖြစ်သွားသည်။

သံဝရက မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ဖြစ်သည်။ ဘာများ၊ ဘယ်အကြောင်းအရာကများ အဲဒီလောက်တောင် အရေးကြီးနေတာလဲ။ ဘာဖြစ်လို့လဲ။ နေညီများ တစ်ခုခုဖြစ်လို့လား။

ဖုန်းပြောနေသော သံဝရ၏ပုံသည် တစ်မျိုး ထူးဆန်းနေသောကြောင့် ခရေညိုပင် ရင်တုန်ပန်းတုန် ဖြစ်လာသည်။ ဖြူများ တစ်ခုခု ဖြစ်လို့လား။

"ခရေညို ... ဆောရီးပဲကွာ။ ကျွန်တော် အခုသွားမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"တက္ကစီငှားပြီး အိမ်ပြန်လို့ရတယ် မဟုတ်လား"

ဘဝင်မကျသော်လည်း သံဝရမျက်နှာက တကယ် အရေးကြီးနေသော ပုံမျိုး ဖြစ်သည်။ ထို့ကြောင့် မရစ်ချင်တော့ပေ။

"ဟုတ်ကဲ့ ... ရပါတယ်။ ဒါနဲ့ ... ဘာလို့လဲ"

"နေညီ ... သူ ... သူ အက်ဆီးဒင့်ဖြစ်လို့တဲ့"

သံဝရမျက်လုံးတွင် မျက်ရည်စလေးများပင် ရစ်သီလာသ

ခရေညို့ရှင်ထဲ ထိနိုက်သွားသည်။

နေညီက တော်တော်လေးများ ဖြစ်သွားသလား။ ဘုရား ... ဘုရား ... ဘာမှမဖြစ်ပါစေနဲ့။

"သွားပါ ... သွား ... အကျိုးအကြောင်းလေး ခရေ ဖုန်းဆက်ပေးဦးနော်"

သံဝရလက်များ တုန်ယင်နေသည်။

သွားတော့မယ် ဟုပင် နှုတ်ဆက်မသွားသော သံဝရကို ခ ညို စိတ်မဆိုးနိုင်ပေ။

ခင်ရှားသားပဲ။ နေညီ့ကိုတော့ သံဝရက သိပ်ကိုခင်တယ် တာ သံဝရ၏ အမူအရာအရ ခရေညို ခန့်မှန်းမိလိုက်ပါသည်။ ရော သိရဲ့လား။ ဒါမှမဟုတ် ဖြူရောလား ... ဆိုသော အတွေ ဝင်လာသောအခါ ပူပန်မှုသည် ကြီးသွား၏။

"ဟလို"

ဖုန်းထူးလားသော ဖြူ့အသံက ခပ်အစ်အစ်ဖြစ်သည်။ ငိုများထားသလား။ နေညီ့သတင်းကို ဖြူ သိပြီးသွားပြီလား။

"ဖြူလား ... ခရေပါ"

"အင်း ... ခရေ ပြော"

"နင် ဘယ်မှာလဲ ဖြူ"

"အိမ်မှာလေ။ ဘာလုပ်မလို့လဲ"





"ဟယ် ... ဘုရားရေ ... ဒါဆို နင် မပါဘူးပေါ့"

"ခရေ ... နင် ဘာကိုပြောနေတာလဲ"

"စောစောက သံဝရဆီ နေညီ ဖုန်းဆက်တယ်"

"အင်း ... သူတို့နှစ်ယောက်က တစ်ခါတစ်ရံ ဒီလိုပဲ"

"မဟုတ်ဟဲ့ ... နေညီ အက်ဆီးဒင့်ဖြစ်လို့တဲ့"

"ဘာ ... ဘယ်လို"

မသိသေးဘူးလားဆိုတဲ့ သံသယကြောင့် ပြောလိုက်မိသည်။ အမှန်ပဲ ... ဖြူက မသိသေးခြင်းဖြစ်၏။

"သူ ဘယ်မှာလဲ ခရေ။ သူ ဘာဖြစ်သွားသေးလဲ။ အခု သူ သူ"

"အရမ်းလည်း မစိုးရိမ်ပါနဲ့ ဖြူရယ်။ သံဝရ အခုပဲ လိုက်သွားပါတယ်"

"သံဝရလိုက်သွားတယ် ... ဟုတ်လား။ ဘယ်မှာတဲ့လဲ၊ ဘာတဲ့လဲ၊ ဘာတွေဖြစ်သွားသေးလဲ၊ သူ ... သူ သေတော့ မသေပါဘူးနော်"

"အဲဒီလောက်ကြီး မဆိုးနိုင်ပါဘူး ဖြူရယ်။ စိတ်ကို ထိန်းပါ။ သံဝရကို ဖုန်းဆက်မေးရင်တော့ သိနိုင်ပါတယ်"

"ကျေးဇူးပဲ ... ခရေ။ ငါ သံဝရဆီ ဖုန်းဆက်လိုက်ဦးမယ်"

ဖြူ့အသံတွေက တုန်ယင်နေသည်။ ဖြူ ငိုနေသည်ဆိုတာ ခရေ အတတ်သိသည်။ ဘာလို့များလဲ။ ဖြူနဲ့ နေညီတို့ ရန်ဖြစ်ထားကြတာလား။ ဇနီးဖြစ်သူက ဖြစ်ကြောင်းကုန်စင်ကို မသိရဘဲ သံဝရ

ကိုသာ အရင်ဆုံး ဆက်သွယ်ခြင်းကလည်း သိပ်သဘာဝမကျဘူး ဟု ထင်သည်။

ဖြူ ... စိုးရိမ်နေမှာစိုးလို့လား။ အရမ်းထိခိုက်သွားသလား။ ဖြူတော့ ဘယ်လောက်ထိ ရတက်မအေးဖြစ်ရသလဲ မသိပေ။ ခရေ ကတော့ ရင်တုန်ပန်းတုန်ဖြစ်ရ၏။ ထို့အတူ ပဟေဠိလည်း ဖြစ်သွားသည်။ ဖြူ အိမ်ထောင်ရေးမှ အဆင်ပြေရဲ့လား။





"ဖြူ ... ဆေးရုံတင်ထားရတယ်"

ဟု နှင်းက ဖုန်းဆက်သောကြောင့် ခရေသည် အိပ်ရာမှ ထချင်းပင် ရေမိုးချိုးပြီး ဆေးရုံသို့ လိုက်လာသည်။

ဆေးရုံသို့ရောက်သောအခါ ဖြူဘေး၌ နှင်းရှိနေသည်။ ဖြူ့ အဖေရော၊ အမေရော၊ ယောက္ခမရော မတွေ့ရချေ။

ဖြူကတော့ အိပ်ရာပေါ် ဖြူဖျော့ဖျော့လေး ခွေနေသည်။ ဒါ ခရေသိတဲ့ ဖြူမှ ဟုတ်ပါလေစ။

ဖြူသည် အမြဲတမ်း ရွှတ်နောက်နောက်နှင့် ပြုံးရွှင်နေတတ် သူ ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ နှင်း"

"အားနည်းတာတဲ့။ ဆရာဝန်က အိပ်ပျော်အောင်နေမှ အား ရှိမယ်ပြောတယ်။ အခုတော့ မှိန်းနေတယ်။ အိပ်ရေးပျက်တဲ့ညတွေ များနေတယ်တဲ့၊ ပြီးတော့ ဖြူက သွေးနုသားနုလေ"

"အန်တီတို့ကိုရော အကြောင်းကြားပြီးပြီလား"

"ဟင့်အင်း ... အန်တီတို့ကို မပြောနဲ့လို့ ဖြူက ပြောထား တယ်။ လူကြီးတွေ စိတ်ပူနေကြမှာ စိုးလို့ထင်တယ်"

"နေညီရော"

"ဖုန်းဆက်လို့ မရ ဘူး။ ပိတ်ထားတယ်။ ဖြူက နေညီ
သိပ်ချစ်တယ်။ အခုလည်း နေညီကြောင့်ပဲ ထင်တယ်။ မနေ့ည
အက်ဆီးဒင့်ဖြစ်တယ်ဆို"

"ဟင် ... ခုထိ မဆက်သွယ်သေးဘူးလား"

"နေညီက ဖြူနဲ့စကားများပြီးအပြင်ထွက်သွားတာလို့ ကိုသော
က ပြောတယ်။ ဖြူက နေညီ အဲဒီလိုဖြစ်ရတာ သူ့ကြောင့်ဆိုပြီး ငို
ရင်း လဲကျသွားတယ် ပြောတာပဲ"

"နင်က ဘယ်လိုလုပ် ..."

"ကိုသောင်းနဲ့ ငါက ခင်တယ်လေ။ လူကြီးတွေ စိတ်ပူမှာ
လို့ ငါ့ကိုပဲ အကြောင်းကြားတာ။ ငါတစ်ယောက်ပဲ ဖြူတို့အိမ် အ
အထွက်ရှိတာကိုးဟဲ့"

"ဒါဆို ... နင် ... ညကတည်းက ဖြူ့အနားမှာရှိနေတာပေ

"အင်း ... ဟုတ်တယ်။ ဟွန်း ... ဖြူ့ခမျာလည်း သနာ
ပါတယ်"

"သူတို့အိမ်ထောင်ရေး အဆင်မပြေဘူးလား"

"ဘယ်လိုရှင်းပြလို့ ရှင်းပြရမှန်းတောင် မသိတော့ပါဘူး"

"ဒါကနောက်မှ ရှင်းပြပါ။ နေဦး ... ငါ သံဝရကို ဆ
သွယ်လိုက်ဦးမယ်"

ဟုဆိုကာ ဖုန်းကို ထုတ်ပြီး နှိပ်လိုက်သောအခါ ဖုန်းဝင်သွာ
၏။ သို့သော် ဖုန်းမကိုင်ချေ။



ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့များလဲ။

ခရေရင်ထဲ သံသယက ပိုပြီး ကြီးထွားလာ၏။ ဘာကို သံသယ
ဖြစ်နေမိမှန်း မသိသော်လည်း သံသယဖြစ်နေတာတော့ အမှန်ပင်။

"ဆက်လို့ရသလား"

"မကိုင်ဘူး"

"ဟင်း ... ဟင်း"

နှင်းနှင့် ခရေတို့ အပြန်အလှန်ပြောနေကြစဉ် ဖြူထံမှ ညည်း
သံ ထွက်ပေါ်လာသည်။

"ဖြူ ... ဖြူ"

ဖြူ မျက်လုံးပွင့်လာသည်။ သို့သော် ဖြူ့ မျက်ဝန်းများက
အရောင်မကောင်းချေ။

"ဖြူ ... ရှင် နေသာရဲ့လား"

"မောင် ... မောင် ဘယ်မှာလဲဟင်။ အက်ဆီးဒင့်ဖြစ်ထား
တယ်ဆိုတာရော"

ဖြူက နိုးနိုးချင်းပင် နေညီ့အကြောင်းမေးကာ ခုတင်ပေါ်မှ
လူးလဲထနေ၍ နှင်းက ဖြူ့ကို ဖေးမထားလိုက်ရသည်။

"ဖြူ ... နင် စိတ်ထိန်းပါဟယ်။ ငါတို့လည်း စုံစမ်းနေပါတယ်။
ရဲစခန်းမှာတော့ နေညီ့ကားနံပါတ်အတိုင်း လိုက်မေးတာ ဘာအမှုမှ
ဖြစ်မထားဘူးတဲ့"

"ဟုတ်ပ့ါ ဖြူရယ်။ သိပ်မထိခိုက်လို့ ရဲစခန်းမှာ စုံစမ်းလို့မရတာ
ပေ့ါ။ စိတ်အေးအေးထားမှပေ့ါ ဖြူရယ်။ နင့်ပုံစံကိုလည်း ပြန်ကြည့်ဦး"

"သူ ... ငါ့ကို စိတ်ဆိုးပြီး အိမ်ကထွက်သွားတာ။ ငါ့ကြောင့်ပါ။ သူ့ကို ရှာပေးပါ ခရေရယ်။ ငါ သူ့ကိုမြင်ရမှ သူ ဘာမှမဖြစ်ဘူးဆိုတာ ယုံနိုင်မယ်။ သူ့ကို ရှာပေးပါ ... နော် ... နော် ... ခရေ"

ခရေနှင့် နှင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ နှင်းက မျက်နှာရိပ်ပြလိုက်သောအခါ ခရေကလည်း သဘောပေါက်သွားသည်။

"အေးပါ ... ငါ ... သူ့ကို သွားခေါ်ပေးပါ့မယ်"

ဘုမသိ ဘမသိပင် ခရေ ပြောလိုက်ရသည်။ လင်မယားနှစ်ယောက် ဘာကြောင့် ရန်ဖြစ်ကြမှန်းလည်း မသိပေ။ ကြားသုံးကြားမဝင်ကောင်းဘူးဆိုသော်လည်း ဖြူ့ကို သနားလွန်း၍ မရည်ရွယ်ပါဘဲ ဝင်လိုက်ရပြန်သည်။

နေညီ့ကို ရှာပေးပါ့မယ်ဆိုပြီး ထွက်လာခဲ့သော်လည်း ဘယ်မှာ ရှာလို့ရမှန်းမသိပေ။

ဖြူ့ခင်ပွန်းဆိုတာကြောင့် ရင်းနှီးချင်ယောင်ဆောင်လိုက်ရသော်လည်း နေညီနှင့် ခရေက တစ်ကြိမ်သာ ဆုံထားဖူးသည်။ ဒါလည်း မိနစ်ပိုင်းမျှသာဖြစ်၏။

နေညီ့ကို ခရေ ရှာနိုင်သောနေရာက နှစ်ခုသာရှိ၏။ သံဝရ၏ ဆေးခန်းတွင်လည်းကောင်း၊ နေညီပိုင် Face ဆိုင်များတွင်လည်းကောင်းသာ ဖြစ်၏။ နှစ်နေရာလုံး မရှိပါက ဒီထက်ပိုပြီးလည်း ခရေ မရှာတတ်တော့ပါ။

အကယ်၍ နေညီ့ကိုသာ မတွေ့ပါက ဖြူ့ကို ဘာပြန်ပြောရမလဲ





ဆိုတာကိုသာ တွေးနေမိတော့သည်။

ထိုစဉ် ခရေအလွတ်ရနေသော ကားတစ်စီးကို မီးပွိုင့်ထိပ်တွင် တွေ့လိုက်ရသည်။

"ဟင် ... ဒါ ... သံဝရကား"

ချက်ချင်းပင် ကားပေါ်မှ ဆင်းပြီး ဆင်းတွေ့လိုက်ချင်သည်။ သို့သော် မီးပွိုင့်က စိမ်းနေပြီမို့ ကားပေါ်မှ ဆင်းသွား၍ မဖြစ်တော့ပါ။ ထို့ကြောင့် အလိုက်သင့်ပင် သံဝရကားနောက်မှ မျက်ခြည်မပြတ်လိုက်လာခဲ့သည်။

ကားသည် ဒင်းဆန်းဆိုင်ရှေ့တွင် ရပ်တန့်ပြင်နေသည်။ ခရေ ဒေါသဖြစ်သွား၏။

စောစောက ခရေဖုန်းဆက်သေးသည်။ သို့သော် သံဝရက မကိုင်ချေ။

ဘာသဘောလဲ။ ဘာအချိုးလဲ။

တိမ်ဝင်လုလုဖြစ်နေတဲ့ မာနက ဟုန်းခနဲ တောက်လောင်လာ၏။

ခရေ့ကားလည်း ပါခ်ရှာရပ်နေဆဲမှာပင် သံဝရက ကားပေါ်မှ ဆင်းသွားသည်။

သံဝရဘေးမှ ကပ်လိုက်သွားသော နေညီ။

ဘာသဘောလဲ။ ကားအက်ဆီးဒင့်ဖြစ်တယ်ဆိုပြီး သိထားတဲ့ ခရေ့အသိက ဘာဖြစ်သွားပြီလဲ။ သံဝရက ညာပြောသွားတာပေါ့။ ခရေကတော့ မသိဘဲ သံဝရကို ယုံပြီး ဖြူ့ကို ပြောလိုက်တာ ဖြူမှာ မသေ

ရှုံတစ်မယ် မျှော့မျှော့လေးသာ ကျန်တော့သည်။

သူတို့ကတော့ ဒီမှာ ဒင်းဆန်းလာစားနိုင်ကြသေးသည်။ ရုတ်တရက်ဆိုသလို ခရေ့ရင်ထဲ ဖြူကို သနားသွားမိသည်။ ဖြူဘက်မှ ရပ်တည်ပေးချင်သည်။ ခရေ့စိတ်အတိုင်းသာဆိုလျှင် ချက်ချင်း ကားပေါ်မှ ဆင်းပြီး ရန်တွေ့ပစ်လိုက်ချင်၏။ သို့သော် ကားမောင်းသိပ်မကျွမ်းကျင်သော ခရေက ရုတ်တရက် ကားကို နေရာချ၍မရနိုင်ပါ။ ခရေညို၏ရင်ထဲမှာတော့ ဒေါသတွေ အလိပ်လိုက်။

"ဒုန်း"

ကားနောက်မီးလုံးကို တစ်စုံတစ်ခုနှင့် တိုက်မိလိုက်ပြီဆိုတာ ခရေညို သိလိုက်ရသည်။

"အရေးထဲ"

မချိတင်ကဲပြောလိုက်သော ခရေညို၏အသံထဲတွင် စိတ်မရှည်နိုင်မှုတွေက ပြည့်သိပ်လို့။





"ဆားဘဲဥစားလေ"

သံဝရသည် ဆားဘဲဥတစ်ခုကို တူဖြင့် ညှပ်ပြီး နေညီပန်းကန်...သို့ ထည့်ပေးလိုက်သည်။

"မင်း ခေါင်းကိုက်တာတို့ ဘာတို့ ဖြစ်သေးသလား နေညီ"

"မဖြစ်ပါဘူး။ အေးဆေးပါပဲ"

"သိန်းနှစ်ဆယ်နဲ့ပြီးသွားလို့ တော်သေးတာပေါ့။ ဘဲကြီးက သစ်...ပ်ကြီး"

သံဝရက ကော်ဖီကို တစ်ငုံမျှသောက်ပြီး မြည်တွန်တောက်တီး...ပ်သည်။

သံဝရ ပြောရင်လည်း ပြောစရာပင်။ ကားနောက်မြီးလေးပွတ်...လေး တိုက်မိပါတယ်။ ရစ်၍ မပြီးနိုင်တော့ပေ။

နေညီက မှားသည်ဆိုသော်လည်း တစ်ဖက်ကားမှာ ဘော်ဒီ...လေး ပိန့်ရုံသာဖြစ်သွားပြီး နေညီကား မီးသီးတော့ ကွဲသွားသည်။

တက္ကစီသမားပိပိ အုံနာနှင့် ခြိမ်းခြောက်ပြီး ကားကို ဖုန်းဖြင့်...တ်ပုံရိုက်ကာ အွန်လိုင်းပေါ်တင်မယ် တကဲကဲ ခြိမ်းခြောက်နေသည်။

စီးပွားရေးလုပ်ငန်းလုပ်နေသော မျက်နှာကြီးမှန်သမျှ ထိုအချက်

ကို ကြောက်မည်မှန်း ထိုပုဂ္ဂိုလ်က ရိပ်မိပြီးသား။ ဖုန်းကို ကိုင်ပြီး ဂျာနယ်လစ်တွေဆီ ဖုန်းဆက်မယ်၊ မကျေနပ်ဘူး ဟု ရစ်နေသောကြောင့် နေညိုမှာ ကြံရာမရဖြစ်ပြီး သံဝရထံ လှမ်း၍အကူအညီတောင်းလိုက်ခြင်း ဖြစ်သည်။ သံဝရ ရောက်လာတော့မှ သံဝရက ခပ်ကြမ်းကြမ်း ဖြေရှင်းလိုက်သောအခါ သိန်းနှစ်ဆယ်နှင့် လူမသိ သူမသိ ဈေးပြတ်သွားသည်။

ရလဒ်အဖြစ် နေညို့ကားက ဝပ်ရှော့ပို့လိုက်ရ၏။

"လွန်ပါတယ်ကွာ။ ငါက အနောက်က ဝင်တိုက်တယ်ဆိုပေမယ့် ကားအသွားအလာရှင်းနေတဲ့လမ်းမှာ သူက ကားကို ရုတ်တရက် ထိုးရပ်လိုက်တာကိုးကွ"

"ဘရိတ်ဆောင့်မနင်းလိုက်ဘူးလား"

"နင်းလိုက်လို့ပေါ့။ မဟုတ်ရင် သူနဲ့ငါတစ်ယောက်ယောက် ဆေးရုံရောက်နေလောက်ပြီ"

"ညက မင်း စိတ်ရှုပ်နေပုံပေါ်လို့ ဘာမှမမေးတော့တာ။ ဘယ်လိုဖြစ်တာလဲ။ ငါသိတဲ့ နေညိုက ကားမောင်းအင်မတန် သတိကြီးတဲ့လူပါ"

"တစ်ခါတစ်ရံတော့ ဖြစ်တတ်ပါတယ်"

"အက်ဆီးဒင့်ဖြစ်လို့လို့ မင်းအသံကြားတော့ ရင်တွေကို ပူရှိန်သွားတာပဲ။ လမ်းတစ်လျှောက်လုံး ဆုတောင်းလိုက်ရတာကွာ။ ဟိုပုဂ္ဂိုလ်နဲ့ စကားများနေတဲ့ မင်းကို မြင်မှပဲ စိတ်ချမ်းသာတော့တယ်"

"မင်း ဘယ်လိုရှင်းလိုက်တာလဲ"





"ကားပြင်ပေးမယ်ပေါ့။ ငါက ကားဝပ်ရှော့ခ်ပို့ထားတာတို့ ဘာတို့ ပြောတော့ တကယ်ယုံသွားတယ်။ အေးဆေးပြီးချင်ရင် သိန်းနှစ်ဆယ် ပိုက်ပြီး ပြန်။ နို့မဟုတ်ရင် တစ်ပြားမှမပေးဘူးပေါ့။ အမှန်က မင်းက နှစ်ဆယ်ပေးမယ်ပြောပြီးလို့ ပေးလိုက်ရတာ၊ ဆယ်သိန်းဆိုတာတောင် တော်တော်များနေပြီ။ ဘာမှဖြစ်သွားတာမှ မဟုတ်တာကွာ"

"တော်ပါပြီကွာ။ သိန်းနှစ်ဆယ်လည်း နှစ်ဆယ်၊ ဒီ့ထက် စိတ်ရှုပ်မခံနိုင်တော့လို့"

"ဘာလဲ ... ဖြူနဲ့ ရန်ဖြစ်ခဲ့ပြန်တာလား"

သံဝရ၏အမေးကို နေညိုက မဖြေဘဲ ဒင်းဆန်းကိုသာ တူဖြင့် ညှပ်ပြီး တစ်လုံးပြီးတစ်လုံး ကောက်စားနေလိုက်သည်။

နေညို့ပါးစပ်ထဲ ဒင်းဆန်းမရောက်ခင်မှာပင် နေညို့လက်ကို ဆွဲကိုင်ခြင်း ခံလိုက်ရသည်။

"ဟင် ... ခရေညို"

ခရေညို့မျက်နှာက တည်တင်းနေသည်။ တစ်စုံတစ်ယောက်ကို ဒေါသထွက်နေမှန်း ပေါ်လွင်နေ၏။

ဘယ်သူ့ကိုဒေါသဖြစ်နေတာလဲ။ ခရေညို ဒေါသဖြစ်ရလောက်အောင် သံဝရ တစ်ခုမှ မလုပ်ခဲ့ဖူးချေ။

"ရှင်တို့က သိပ်သာယာနေတယ်ပေါ့ ဟုတ်လား"

"မင်း ဘာတွေလာပြောနေတာလဲ။ သံဝရ ... သူ ဘာဖြစ်နေတာလဲ"

သံဝရသည် နေညီကို အားတုံ့အားနာ ကြည့်ကာ ခေါင်းငြ

ပြသည်။

"သံဝရ ... ရှင့်ကို လူကောင်းတစ်ယောက်လို့ ထင်ခဲ့တာ ကျွန်မ လူအကဲခတ်ညံ့မှန်း အခုမှ သိတော့တယ်"

"မင်း ဘာတွေလာပြောနေတာလဲ ခရေညို။ မင်းလုပ်ပုံ နည်းနည်းမှ မယဉ်ကျေးဘူးနော်။ ဘာလုပ်တာလဲ။ မင်း ရူးနေသလား"

"ရှင်တော့ သိပ်ယဉ်ကျေးနေတယ်ပေါ့"

"ဘာ"

"မိန်းကလေးတစ်ယောက်ကို လိမ်ညာပြီး ထွက်သွားစရာ မလိုပါဘူး။ ဒဲ့ပြောလိုက်ပါလား။ နေညီနဲ့အရက်သောက်သွားမလို့လို့ ခုတော့ ..."

"မင်း တစ်ခုခု အထင်လွဲနေပြီ ခရေညို။ မနေ့က နေညီ တကယ်ပဲ အက်ဆီးဒင့်ဖြစ်ခဲ့တာပါ။ မင်းကိုငါ လိမ်စရာ ဘာအကြောင်း မှ မရှိဘူး"

"ဒါပေမဲ့ ဘာမှမဖြစ်ဘူး မဟုတ်လား။ ရှင့်မိန်းမတော့ သိ ကံဆိုးတာပဲ။ ရှင်လိုယောကျ်ားတစ်ယောက်ကို ကျွန်မ အံ့ဩတယ် နေညီ"

"ဒီမှာ ခရေညို ... သံဝရကြောင့် မင်းကို သည်းခံနေတာ မင်းကိုယ်မင်း ဟုတ်လှပြီ ထင်နေသလား"

နေညီ ဒေါသဖြစ်သွား၍ ပြောလိုက်ရာ အသံသည် တစ်ဆိုင် လုံး ပဲ့တင်ထွက်သွားသည်။

ထို့ကြောင့် စားသောက်နေသူအချို့က ကွက်ကြည့် ကွက်ကြည်



ဖြစ်ကုန်သည်။

"သည်းခံနိုင်၊ မခံနိုင်ဆိုတာ ကျွန်မ စိတ်မဝင်စားဘူး။ အခု ရှင့်မိန်းမ ငွေဈိုင်းဖြူ သေကောင်ပေါင်းလဲဖြစ်နေတယ်ဆိုတာပဲ ကျွန်မ သိတယ်"

တောက်ပနေသော နေညီ့မျက်လုံးအရောင်များ လျော့ကျသွား သည်။ ထိုင်နေသော သံဝရသည်လည်း ထရပ်လာသည်။

"ဘယ်လို ... ခရေညို။ ငွေဈိုင်းဖြူက ဘာဖြစ်တယ်"

"ရှင့်သတင်းကြားပြီး မူးလဲလို့ ဖြူကို ဆေးရုံတင်လိုက်ရတယ် သိပြီလား။ ကျွန်မတော့ ကျွန်မတာဝန်ကျေပြီဆိုတော့ ကျန်တာ ရှင့် ဘာရှင် ဘာလုပ်လုပ်"

ခရေညိုသည် ပြောပြီးပြီးချင်းပင် ဆိုင်ထဲမှ ဆတ်တောက် ဆတ်တောက် ထွက်လာသည်။

မိမိစကားကို သံဝရနှင့်နေညီ နားလည်မလည် မသိပေ။ နားလည်အောင်လည်း အချိန်ကုန်ခံပြီး မရှင်းပြချင်ပါ။

"ခရေညို ... ခရေညို ... ခဏနေပါဦး"

ထင်ထားသည့်အတိုင်းပင် နေညီက ခရေညိုနောက်မှ ပြေး လိုက်လာသည်။ ဒီလိုကျတော့လည်း သိပ်မဆိုးသေးဘူးပဲ။ တာဝန်ယူ စိတ်တော့ ရှိသား။

ခရေညိုသည် ခပ်တည်တည်ပင် လှည့်ကြည့်လိုက်သည်။

"မင်း ငါ့ကို ညာနေတာတော့ မဟုတ်ပါဘူးနော်"

လုံးဝထင်မထားသော မေးခွန်းတစ်ခု ဖြစ်သည်။

ဘယ်လိုလက်ခံရမှန်းပင် မသိနိုင်တော့ပါ။ ဇနီးသည် ဆေး... တက်ရတယ်ဆိုတာက ညာစရာလား။ ဒါ ... သက်သက် ခရေသီကျ... ကို စော်ကားတာ။

"ရှင် ... ကျွန်မကို ဘာထင်နေတာလဲ နေညီ။ ဖြူရဲ့ခင်ပွန်း... မို့ သည်းခံနေတာ။ ရှင် မစော်ကားနဲ့။ ဖြူကို ဆေးရုံတက်ရပါတ... ဆိုပြီး ညာပြောရလောက်အောင် ကျွန်မ မယုတ်ညံ့ဘူး။ ရှင်တို့နဲ့ က... ရလောက်အောင်လည်း ကျွန်မမှာ အချိန်မပေါဘူး။ ကျွန်မသူငယ်ချ... ကို လူကောင်းချည်းကနေလို့ လူမမာဖြစ်အောင် ကျွန်မပါးစပ်က ဖန်တီ... လိမ့်မယ်လို့ ရှင်ထင်သလား။ အဲလေ ... ထင်လို့လဲ ဒီလိုစကား... ထွက်လာတာပေါ့။ ရှင့်ကို ကျွန်မ သိပ်အံ့သြတယ် နေညီ"

"မင်း ငါ့ကို အဲဒီလော်ကထိပြောနေတာ လွန်လွန်းတယ်... မထင်ဘူးလား။ မင်းပုံက သိပ်ကို အိုဗာဖြစ်နေပြီ။ ဖြူက မင်းချစ်သူ... မို့လား"

ကြားလိုက်ရသောစကားကြောင့် ခရေညိုက လက်သီးကို ကျ... ကျစ်ပါအောင် ဆုပ်ထားမိသည်။

ကြည့်ပါဦး။ ဒါက ယောကျာ်းကောင်းတစ်ယောက် ပြော... မယ့် စကားတဲ့လား။ ပြောသင့်တဲ့စကားလား။

ယောကျာ်းကြီးတန်မဲ့ တစ်ခွန်းမခံ ကက်ကက်လန် ရန်တွေ့... တယ်ဆိုကတည်းက မဟုတ်တော့ပေ။

ဘာသဘောလဲ။ ဘာကြောင့် နေညီက ခရေ့ကို အသလွတ်... ကြီး မုန်းနေရတာလဲ။

"ရှင်ဟာလေ ပုဆိုးဝတ်ဖို့ မကောင်းဘူး နေညီ။ လုံချည်ဝတ်... ...းဖို့ ကောင်းတယ်"

"ဘာ ... ဘောပြောတယ် ... မင်း"

"တော်ပါတော့ နေညီရယ်"


နေညီကလည်း ဒေါသထွက်နေသလို ခရေညိုကလည်း ဒေါသ... ...က်သည်။ သံဝရ ရောက်လာ၍သာ။ နို့မဟုတ်ပါက နေညီနှင့် ခရေ... ...တို့ ဘာဖြစ်ကြမည်မသိ။ နှစ်ယောက်လုံးက တစ်ယောက်မှ မလျှော့... ...။

"လူမြင်ကွင်းကြီးမှာ ရှက်စရာကြီးပါကွာ။ ပြီးတော့ ဖြူဆီသွား... ...ာ အဓိကမဟုတ်လား။ ဖြူအခြေအနေက ဆိုးသလား ခရေညို"

"ကျွန်မက ပြောနေရင် ပိုရာကျဦးမယ်။ ရှင်တို့မျက်စိနဲ့... ...တည်ပြုပါ"

အမှန်က ခရေညို နေညီကို မဂျေနပ်ပေ။ တစ်ခုခုလုပ်ပစ်... ...က်ချင်သည်။ သို့သော် အသိစိတ်က အရာရာကို ထိန်းချုပ်နေမိ၏။

နေနှင့်ဦးပေါ့ နေညီ။ ရှင် ကျွန်မနဲ့တွေ့မယ်။ ကျွန်မက ...ယ်တုန်းကမှ ဘယ်သူ့ကိုမှ အရှုံးမပေးတတ်တဲ့ ခရေညိုပါ။



လူနာကို ဂရုစိုက်ပါ။ လူနာမှာ နှလုံးရောဂါလက္ခဏာ[illegible]
တွေ့ရတယ် ဟု ဆရာဝန်က သတိပေးစကားဆိုလိုက်သောအခါ [illegible]
တုန်လှုပ်သွားသည်။

ဖြူ့စိတ်နဲ့ ဖြူ့ကိုယ်ဆိုသော်လည်း ဖြူ ဆေးရုံရောက်တဲ့အ[illegible]
တိုင်း သူ့ပယောဂ မကင်းချေ။

"ဖြူ နေသာရဲ့လား"

"ရပါတယ် မောင်။ အရမ်း စိတ်မပူပါနဲ့တော့။ ဖြူ ဘာ[illegible]
မဖြစ်တော့ပါဘူး'

ဟုဆိုကာ ဆေးရုံမှဆင်းမယ်တကဲကဲ လုပ်နေသောကြော[illegible]
ဆရာဝန်ထံ ခွင့်ပြုချက်တောင်းပြီး ဆေးရုံမှ ဆင်းလာခဲ့သည်။

ဖြူ့မျက်နှာက ရက်ပိုင်းအတွင်း ချောင်ကျသွားသည်။

ဒီလိုဖျော့တော့နေပြန်တော့လည်း ဖြူ့အပေါ် သနားသလိုတော[illegible]
ဖြစ်မိသား။

"ဒီရက်ပိုင်းအတွင်း ဖြူ နားနားနေနေ နေပါ။ အိမ်အလု[illegible]
တွေ ဘာမှမလုပ်နဲ့"

ဟု သူကဆိုသောအခါ ဖြူက ခေါင်းသာ တစ်ချက်ညိတ်[illegible]
ပြီး သူ့ကို ဘာမှစောဒကမတက်ချေ။





ဖြူက ခုလိုတိတ်ဆိတ်နေပြန်တော့လည်း ကစ်ခုခုလိုနေသလို
[illegible]ားရသည်။

ခါတိုင်းဆို သူက တစ်ခွန်းပြောလျှင် ဆယ်ခွန်းလောက် ဆင်ခြေ
[illegible]က်တတ်တဲ့ ဖြူ။

ဖြူ့ပုံက နွမ်းလျနေသောအခါ သူ ဆိုင်သို့ပင် မသွားဖြစ်ဘဲ
[illegible]အနားတွင်သာ နေဖြစ်သည်။

"မောင် ဆိုင်မသွားဘူးလား"

"ရပါတယ်။ မန်နေဂျာနဲ့ လွှဲထားတယ်"

"မေမေတို့ကို ဖြူ့အကြောင်းပြောလိုက်သေးလား"

သူ ခေါင်းခါပြသည်။

"မပြောတာ ကောင်းပါတယ်။ ဆရာဝန်က မောင့်ကို ဘာမှာ
[illegible]ခဲ့သေးလဲ"

"သိပ်တော့ ထွေထွေထူးထူး မရှိပါဘူး။ ဒီနေ့ ဆေးစစ်ချက်
[illegible]သိရမယ်။ ဖြူ လိုက်ဦးမလား"

"ဖြူ နည်းနည်းမောနေလို့ မလိုက်တော့ဘူး"

"ဒါဆို မောင် သွားပြီးပြန်လာခဲ့မယ်နော်"

"မောင် ကားကို ဂရုစိုက်မောင်းသွားဦးနော်"

"အင်း"

"မောင် ... ဆင်းသွားရင် မအေးမြကို ဖြူ့ဆီ လွှတ်လိုက်ပါဦး"

"အင်း ... ဖြူ ဘာစားချင်လဲ။ ဆိုင်မသွားတာလည်း သုံးရက်
[illegible]လောက်ရှိပြီဆိုတော့ ဆိုင်သွားရင်း မောင် ယူလာခဲ့မယ်လေ။ ဆိုင်တစ်က

စားဖို့မှုးဦးသစ်က လက်ရာကောင်းတယ်"

"မောင် အဆင်ပြေတာပဲ ယူလာပါ။ ဖြူက မောင်ကြိုက်ဒဲ့ ဟင်းဆို ကြိုက်ပါတယ်"

"အင်း ... အဲဒါဆို မောင်သွားမယ်နော်။ ဝရန်တာမှာလည်း အကြာကြီး မနေနဲ့ဦး။ လေတိုက်တယ်"

မောင့်ကို ခေါင်းညိတ်ပြလိုက်သည်။

ထွက်သွားသော မောင့်ကျောပြင်ကို ကြည့်ပြီး ပြုံးမိသည်။ ရုတ်တရက် မောင့်ဂရုစိုက်မှုကို ရလိုက်ပြန်တော့လည်း မနေတတ် မထိုင်တတ်ဖြစ်မိသား။

"မမလေး"

"ဩော် ... မအေးမြ ... လာလေ"

"ဘာနိုင်းစရာရှိလို့လဲ မမလေး"

"ဖြူ ဆေးရုံတက်ရတဲ့အကြောင်း မေမေတို့ဆီ သတင်းပို့ထားသေးလား"

"မမလေးရဲ့အမေဆီ ဖုန်းဆက်ပေမယ့် ရိပ်သာဝင်နေတယ်လို့ ပြောလို့ ဘာမှမပြောလိုက်တော့ဘူး။ မေမေကြီးဆီတော့ ဆက်မထားဘူး"

"ကောင်းပါတယ်။ အရာရာတိုင်းကို မပြောပါနဲ့။ လူကြီးတွေ စိတ်မကောင်းဖြစ်နေကြဦးမယ်။ ဆေးရုံက ဆင်းလာတာမှ တစ်လ မပြည့်သေးဘူး။ နောက်တစ်ကြိမ် ထပ်တက်ရတယ်ဆို မေမေက မောင့်ကို ဆူလို့ပြီးမှာ မဟုတ်ဘူး"



"မမလေး ... ဒီမနက်စာကို ဘာစားမလဲ"

"ထမင်းပဲစားမယ်။ ဆွတ်ပြုတ်ပူပူလေးနဲ့ ထမင်းဖြူပဲ ပြင်ပေးပါ"

"ဟုတ်ကဲ့။ ဒီကိုပဲ ယူလာခဲ့ရမလား"

"အင်း"

"အစ်ကိုလေးက မှာထားတယ်။ မမလေးကို ဝရန်တာမှာ အကြာကြီး မထိုင်စေနဲ့တဲ့"

ဖြူရင်ထဲ နွေးသွားသလို ခံစားရသည်။ ဖြူကိုယ်ဝန်ပျက်ကျတဲ့အချိန်တုန်းကပင် ခုလောက်ထိ ဂရုစိုက်မခံရပါဘဲနဲ့။

ခရေညို ... ခရေက မောင့်ကို ဘာများပြောလိုက်လို့လဲ။

ဖြူစိတ်ထဲ အတွေးတွေက လှုးလားခေါက်တုံ့။

မအေးမြထွက်သွားသည့်တိုင် ဖြူစိတ်ထဲ ခရေက စိုးမိုးဆဲ။

ခရေက ဆွဲဆောင်မှုရှိပြီး အပြောပြတ်သားတာကို ဖြူလည်းသိသည်။

ထိုနေ့က မောင့်ကို ခရေညို ခေါ်လာခြင်းဖြစ်၏။

မောင့်ကို ခရေက ဘယ်က ဘယ်လိုရှာတွေ့ခဲ့တာလဲ။

ပဟေဠိဖြစ်နေခြင်းကို ဖြေရှင်းချင်မိသည်။

ထို့ကြောင့် ဖုန်းကောက်ကိုင်ကာ ခရေ့နံပါတ်ကို နှိပ်သည်။

သို့သော် ဖုန်းမြည်သံက ဖြူအနီးမှသာ ထွက်ပေါ်လာသည်။

"ဟင် ... ခရေ ... ရှင်"

"နင် ဝရန်တာထွက်ပြီး ထိုင်နေတယ်ဆိုလို့ တက်လာတာ"

"တိုက်ဆိုင်လိုက်တာဟယ်။ ဖြူ အခုပဲ ရှင့်ကို ဖုန်းဆက်နေတာ"

"သိပ့်။ အကြားအမြင်ရနေတယ်လေ။ ဖြူများ ငါ့ကို တွေ့ချင်နေမလားလို့ အတွေးဝင်လာပြီး အခစားဝင်ရကြောင်းပါ"

ခရေက ပြောပြောဆိုဆိုပင် မောင် ထိုင်သွားသော ခုံကို ဆွဲယူကာ ဖြူ့အရှေ့တွင် ဝင်ထိုင်သည်။

"နေသာရဲ့လား ဖြူ"

"နေသာပါတယ်ဟယ်။ ဘာဖြစ်တာမှတ်လို့။ နင်နဲ့မောင်တို့ လုပ်လိုက်မှပဲ ငါလည်း ရောဂါသည်လုံးလုံးဖြစ်ရော"

"နင့်ပုံက အားရှိတဲ့ပုံမပေါက်ပါဘူး။ အဲ ... နင် ဆေးစစ်ထားတယ်ဆို။ အဖြေ သိရပြီလား"

"အင်း ... မောင် ဆရာဝန်နဲ့ သွားတွေ့နေတယ်"

ဖြူနှင့်ခရေကြားတွင် တိတ်ဆိတ်သွားပြန်သည်။ ခရေကလည်း စကားလုံး ရွေးချယ်နေသလို ဖြူကလည်း မောင့်ကို ဘယ်မှာရှာတွေ့ခဲ့တာလဲဟု မေးသင့် မမေးသင့် ချင့်ချိန်နေသည်။

"ကျေးဇူးပဲ ခရေ။ ငါ နင့်ကို အရမ်းအားနာတာပဲ။ ဝေးနေတာ ကြာပြီဖြစ်တဲ့ သူငယ်ချင်းလေးနဲ့ ဆုံရတဲ့ခဏမှာ ငါ့ရဲ့အခြေအနေက ..."

"ဟယ် ... နင်ကလည်း သူငယ်ချင်းအချင်းချင်း အဲဒါတွေ ပြောဖို့ မလိုပါဘူး"

"နင့်ကားမီးသီးကွဲသွားတယ်ဆို။ နင်း ပြောလို့ ရင်တောင်ထိတ်သွားတာပဲ။ အက်ဆီးဒင့်ဖြစ်လို့လား"



"မဟုတ်ပါဘူး။ ကားဘက်ဆုတ်ရင်းနဲ့ အုတ်ခုံနဲ့ဆောင့်မိလိုက်တာ။ ဖြူ ... နင်ကလည်း ခုမှ ဆေးရုံကဆင်းလာတာ စိတ်ဖိစီးမှုလေးတာလေး လျှော့ပါဟာ။ ကိုယ့်ကိုယ်ကို နှိပ်စက်နေသလိုဖြစ်မယ်။ နေပါဦး ရှင်က အရင်က အဲဒီလိုပူပင်ကြောင့်ကြမှုများတတ်တဲ့လူ မဟုတ်ပါဘူး။ ဘယ်က ဘယ်လိုဖြစ်သွားရတာလဲ"

"ဒီလိုပါပဲဟာ။ ငါ့ကိုယ်ငါတောင် အံ့ဩတယ်"

"ငါလည်း အံ့ဩတယ်။ နင် နေညို့ကို အဲဒီလောက်တောင် ချစ်တာပဲလား"

ခရေညို့အပြောကြောင့် ဖြူက ရုက်ပြုံးလေး ပြုံးရှာသည်။

"ငါ့ပုံစံက အရမ်းပေါ်လွင်သွားလို့လား"

"ငါ့အပြစ်ပါ။ ငါကလည်း သူ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရတယ်ထင်ပြီး နင့်ကို ဖုန်းဆက်အသိပေးလိုက်တာ။ အက်ဆီးဒင့်ဖြစ်တဲ့သူက ဒင်းဆန်းတွေ စားလို့။ သတင်းကြားရတဲ့လူကတော့ ဆေးရုံရောက်နေပြီ။ တကယ်ပဲ ပြောင်းပြန်တွေ ဖြစ်လည်း ဖြစ်တတ်တယ်"

"ဘယ်လို ... ဒင်းဆန်း ... ဟုတ်လား"

"အင်းလေ ... ရှင်က မျက်နှာငယ်လေးနဲ့ ပြောတော့ ငါ့မှာ ကြံရာမရဖြစ်ပြီး ပြေးလာခဲ့တာ။ ပြီးမှ ဘယ်မှာရှာလို့ရှာရမှန်းမသိနဲ့။ တော်သေး ... မီးပွိုင့်မှာ တိုက်တိုက်ဆိုင်ဆိုင် ဆုံလို့"

"မီးပွိုင့်မှာ ဟုတ်လား"

"သံဝရရဲ့ကားနံပါတ်ကို ငါ သိနေတာကိုး။ ငါလည်း မျက်ခြည်မပြတ်လိုက်တာပေါ့။ နောက်တော့ ဒင်းဆန်းဆိုင်ရှေ့မှာ ဂိတ်ဆုံးတာပဲ"

ဖြူရင်ထဲ နာကျင်သွားသည်။

ဖြူသည် ဒင်းဆန်း သိပ်ကြိုက်၏။ မနက်ပိုင်း ဒင်းဆန်းလေး သွားစားရအောင်ပါဟု မောင့်ကို အဖော်ညှိတိုင်း မောင်က အကြောင်း အမျိုးမျိုးပြပြီး ငြင်းတတ်သည်။ အခုတော့ မောင်က ဒင်းဆန်းစားတယ် ဆိုပါလား။ ဒါလည်း သံဝရနဲ့အတူတဲ့။

"ငါလည်း ဘာကိုဒေါသဖြစ်လို့ဖြစ်နေမှန်း မသိဘူး။ ကားပုံ ကင်ရှာရင်းနဲ့ ကားမီးလုံးကွဲရော"

"နင်နဲ့ သံဝရရော အဆင်ပြေသလား"

"ငါ ပြန်စဉ်းစားရလိမ့်မယ်"

"ဘာလို့လဲ။ သံဝရက လူကောင်းတစ်ယောက်ပါ။ စီးပွားရေး လည်း သင့်တင့်ရှိပြီးသား။ ပြီးတော့ အထူးကုဆေးခန်း ဖွင့်ထားတဲ့ ဆရာဝန်။ ရုပ်ရည်၊ အကျင့် ဘာငြင်းစရာ ရှိလို့လဲ"

"လူဆိုတာ အပြင်ပန်းကြည့်ရုံနဲ့ သမိုင်းကို သတ်မှတ်လို့ မရ ဘူး ဖြူရဲ့။ သံဝရနဲ့ ငါ အဆင်ပြေတာ မှန်တယ်။ ရုပ်ရည် ပြောစရာ မရှိတာလည်း ငါ လက်ခံတယ်။ ပညာအရည်အချင်းကိုလည်း ငါ နှစ်သက် ပြီးသား။ ဒါပေမဲ့ အရေးအကြီးဆုံးက အကျင့်စရိုက်"

"အကျင့်စရိုက် ... ဟုတ်လား။ သံဝရက ဘာဖြစ်နေလို့လဲ"

"မသိဘူး။ ငါ့ရင်ထဲက အလိုလိုနေရင်း သက်ာမကင်းဖြစ်နေ တာပါ"

"အပျိုကြီးဖြစ်မယ့်လက္ခဏာရပ်တွေပဲ သူငယ်ချင်း။ အသက် လည်း မ◌ယ်တော့ဘူး။ သံသယတွေကို လျှော့ပါ"





"ငါ သူ့ကို လေ့လာချင်သေးတယ်"

"သံဝရကိုလေ့လာမယ့်အစား ရှင့်ရင်ဘတ်ကို ရှင် ဆန်းစစ်ပါ လား ခရေရယ်။ အချစ်မပါတဲ့ အိမ်ထောင်ရေးက ရှေ့ဆက်ဖို့ အဆင် မပြေဘူး။ အချစ်ပါခဲ့တာတောင် ရှေ့ဆက်လို့ ခက်ခဲတာမျိုးတွေရှိနေတာပဲ"

"ရှင်ရော အဆင်ပြေရဲ့လား ဖြူ။ ငါက ရှင့်အိမ်ထောင်ရေးကို မစပ်စုချင်ပါဘူး။ ဒါပေမဲ့ ငါ့ရင်ထဲမှာ တစ်မျိုးပဲ ဖြူရယ်"

"သူ ငါ့ကို မချစ်ဘူး ခရေ"

"နေညီကလေ ... နင့်ကို ... ဟုတ်လား။ အံ့ဩပါရဲ့ဟယ်။ နင်က ဒီလောက်ချစ်ဖို့ကောင်းနေတာ"

"ငါ့ကို သူ ချစ်နေပါပြီလို့ ငါက တစ်ဖက်သတ်အထင်လွဲပြီး လက်ထပ်ခဲ့တာ"

ဖြူတို့ကိစ္စက ထင်ထားတာထက် ပိုပြီး စိတ်ဝင်စားလာသည်။ နှင်းပြောပြပုံအရ ဖြူနှင့်နေညီတို့က တစ်ညတာ အမှားအတွက် လက်ထပ် ခဲ့ကြတယ်ဆိုတာ ခရေ သိထားပြီးဖြစ်သည်။

"အဲဒီနေ့က သူ ငါ့ဆီဖုန်းဆက်တယ်။ သူ ဝမ်းနည်းနေတယ်။ သူ့ဆီလာပေးပါဆိုလို့ ငါ သွားတော့ သူက အရက်မူးနေပြီ။ ဘာကြောင့် မူးတာလဲဆိုတာ ငါ မသိဘူး။ နောက်မှ ငါ သိလိုက်ရတာက သံဝရ နဲ့ စကားများကြလို့တဲ့"

"သံဝရ ဟုတ်လား"

"သူနဲ့ သံဝရက သိပ်ချစ်ကြတာလေ။ မူကြိုတည်းက ခုချိန်ထိ စကားမများဖူးကြဘူးတဲ့။ သူက ရင်ဖွင့်တယ်။ မူးနေတဲ့လူကို ငါက

ဘယ်ကိုပို့ရမှာလဲ။ အဲဒါနဲ့ သူ့ကို သိပ်ဖို့ ဟိုတယ်ကို ခေါ်လာတယ်။ အဲဒီအချိန်တုန်းက သူနဲ့ငါက ချစ်သူတွေလေ။ အဲဒီညမှာပဲ သူက အချစ်အကြောင်းတွေ ပြောပြီး ချစ်တယ်လို့ ပြောတယ်။ သူ့နှုတ်ဖျား က အဲဒီလိုစကားတွေ မကြားဖူးတဲ့အတွက် ငါလည်း ယစ်မူးသွားတယ်။ အဲဒီစကား ငါ့ကို ပြောတယ်လို့ထင်နေတာကို။ ငါ သိပ်ရူးတာပဲနော်

"နေညီမှာ နင့်အပြင် ချစ်သူရှိနေသလား"

"ရှိမှာပေါ့။ ရှိလို့လည်း ချစ်တယ်လို့ ပြောတာလေ။ ငါ့အ နဲ့ ငါ ခံရတယ်လို့ပဲ မှတ်ပါတယ်။ ငါက သူ့ကို ပိုင်ဆိုင်ချင်ခဲ့တာကိုး"

"ရှင်တို့ ဘယ်လိုလက်ထပ်ဖြစ်သွားတာလဲ"

"ငါ သူ့ကို ညာခဲ့တယ်"

"ညာတယ် ... ဟုတ်လား"

"အင်း ... ငါက မြန်မာမိန်းကလေးတစ်ယောက်ပါ။ သူနဲ့ လက်မထပ်ရင် ငါ့ကိုယ်ငါ မလုံဘူး။ ပြီးတော့ သူက အဲဒီညကကိစ္စ ကို မေ့ပစ်ကြဖို့ ပြောတယ်လေ။ ငါက နစ်နာတာပေါ့။ သူ့ကိုလည်း ချစ်ဘယ်။ ပိုင်လည်း ပိုင်ဆိုင်ချင်တယ်။ ဒါကြောင့် ငါ့မှာ ကိုယ်ဝန်ရှိ နေပြီလို့ လိမ်ပြောလိုက်တယ်။ ငါ့စိတ်ကူးကတော့ လက်ထပ်ပြီးရင် ကလေးရမှာပဲ ဘာဖြစ်လဲပေါ့။ ဒါပေမဲ့ ငါ သိပ်မှားသွားခဲ့တယ်။ မရှက် မကြောက် ဝန်ခံရရင် ငါ သူ့အချစ်ကို ရဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးစား ခဲ့ပါတယ်။ သူ မူးပြီးပြန်လာတဲ့နေ့ကလွဲရင် ငါတို့ အိမ်ထောင်ရေးက ဘယ်တော့မှ မသာယာခဲ့ပါဘူး"

"သူ အပြင်မှာ ချစ်သူရှိလား"



"လက်ဆုပ်လက်ကိုင် မပြနိုင်ပေမယ့် ငါ့ရင်ထဲက အလိုလို သိနေကယ်။ အပြင်မှာ သူချစ်သူ ရှိကိုရှိရမယ်"

"သံဝရကို မေးမကြည့်ဘူးလား"

"မေးတာပေါ့။ ဒါပေမဲ့ သံဝရက နှုတ်လုံတယ်။ လုံမှာပေါ့ သူ့ရဲ့ချစ်သူငယ်ချင်းပဲ"

"ကလေး ထပ်မရဘူးလား"

"ထင်ယောင်ထင်မှားတွေ မကြာခဏ ဖြစ်ခဲ့တယ်။ ငါ့အကျင့် ကလည်း သိတဲ့အတိုင်းပဲ။ မမျိုသိပ်ထားတတ်တာက ငါ့ရဲ့အားနည်းချက် လေ။ ကိုယ်ဝန်လို့ သံသယဖြစ်တိုင်း သူ့ကိုပြောတော့ ငါက ညာနေ တာလို့ သူက ထင်သွားရော"

"နင့်ကို ရိုက်နှက်တာတို့ ဘာတို့ လုပ်လား"

"ဟင့်အင်း ... စကားကြမ်းကြမ်းတောင် မပြောပါဘူး။ ဒါပေမဲ့ သံဝရကို ထိလို့တော့ မရဘူး။ အဲဒီနေ့ကလည်း သံဝရကြောင့်ပဲ သူနဲ့ ငါ စကားများပြီး ကားမောင်းထွက်သွားရာက အက်ဆီးဒင့်လို့ အသံ ကြားရတာပဲ"

ဖြူ့စကားက သာမန်ဆိုသော်ငြား ခရေ့ရင်ထဲ သံသယတို့ ဆင့်ပွားဖြစ်လာသည်။

ထိုနေ့က သံဝရနှင့် နေညီ ဖုန်းပြောနေပုံကို ခရေ မျက်စိနှင့် မြင်ခဲ့ရသည်။

နေညီက အက်ဆီးဒင့်ဖြစ်ပြီဟု သိလိုက်ရသော သံဝရသည် ယောက်ယက်ခတ်သွားသည်။ ထို့ကြောင့် နေညီ အပြင်းအထန်ဖြစ်ပြီ

ဟု ထင်ကာ ဖြူ့ထံ အကြောင်းကြားလိုက်မိခြင်း ဖြစ်သည်။

"သံဝရနဲ့သူက အရမ်းခင်ကြသလား"

"**အင်း** ... မူကြိုတည်းကလို့ သူ ပြောဖူးတယ်။ သံဝရ ဖုန်းဆက်လာလို့တော့ အိပ်နေရင်းနဲ့တောင် ထထွက်သွားတတ်တာက သူ့အကျင့်။ သူ့ဘဝမှာ သံဝရက နံပါတ်တစ်လေ"

ခရေ့စိတ်ထဲ ဇဝေဇဝါဖြစ်လာသည်။

နေညို့မျက်လုံးတွေက ခရေ့ကို လိုလားဟန်မရှိမှန်း ခရေ ရိပ်မိသည်။ အမှန်က ခရေသည် ဖြူ၏သူငယ်ချင်းဖြစ်သည်။ သံဝရနှင့်ပတ်သက်၍ကတစ်ကြောင်း၊ ဖြူနှင့်ပတ်သက်၍ကတစ်ကြောင်း နေညိုသည် ခရေ့ကို ပိုပြီး ရင်းနှီးသင့်သည်ဟု ထင်သည်။ အခုတော့ နေညို့မျက်လုံးတွေက ခရေ့အပေါ် ခက်ထန်နေသည်။ နှင်းပြောပုံအရဆို နေညိုက ခင်မင်တတ်ပြီး စိတ်ထားကောင်းတဲ့လူဟု ခရေ ခန့်မှန်းမိသည်။

ကိုယ်တွေကြုံလိုက်သောအခါ နှင်း၏ စကားတွေက အလိမ်အညာများလားဟု သံသယ ဝင်မိသည်။ သို့သော် နှင်းသည် အပိုအလို ပြောတတ်သူ မဟုတ်မှန်း ခရေ သိ၏။

ဒါဆို ဘာလဲ။ နေညိုက ခရေ့ကို ဘာလို့မလိုလားတာလဲ။ သံဝရကြောင့်လား၊ ဖြူကြောင့်လား။ ဖြူကြောင့်တော့ မဖြစ်နိုင်ပါ။ ဖြူ့ကို ခရေက ကူညီခဲ့သေးတာပဲ။ ဖြူ့ကြောင့် ရန်တွေ့တယ်ဆိုတာလည်း ကရုဏာဒေါသနှင့်။ ဒါကို နေညို နားလည်လိမ့်မည်ဟု ထင်သည်။

ဒါဆို သံဝရကြောင့်လား။ ဒါလည်း မဖြစ်နိုင်ပါ။ သံဝရက နေညို့ဆီ သွားမယ်ဆိုတုန်းက ခရေ တစ်ချက်မတားခဲ့ပါ။ ပြီးတော့



သံဝရနဲ့ နေညိုက အခင်ဆုံးသူငယ်ချင်းတွေ။ ပြီးတော့ ယောကျ်ားသားချင်းချင်း။

နေညို့ကို ခရေ နားမလည်နိုင်ပေ။ နေညို့ကို နားမလည်နိုင်သည့် စိတ်က သံဝရထံသို့ ကူးစက်လာသည်။

နေညိုက သေလောက်တဲ့ ဒဏ်ရာရတာလည်း မဟုတ်ဘဲနဲ့ ဘာလို့များ မျက်စိပျက် မျက်နှာပျက် ထွက်သွားရတာလဲ။ ပြီးတော့ နေညိုကလည်း မိမိ အက်ဆီးဒင့်ဖြစ်တာကို ဇနီးသည်ဖြစ်တဲ့ ဖြူ့ကို အသိမပေးဘဲ ဘာလို့ သံဝရကိုမှ ခေါ်ရတာလဲ။

ပြီးတော့ အခု ဖြူ့ဆီက သိရသည်က သံဝရက နေညို့ဘဝရဲ့ အမတဲ့။ ဘာတွေလဲ။

"ဟော့ ... ခရေ ဘာတွေ တွေးနေတာလဲ"

"အဲ ... ဘာရယ်မဟုတ်ပါဘူး။ တွေးမိတွေးရာပေါ့"

"ငါ့ကြောင့် စိတ်ရှုပ်သွားပြီလား"

"မရှုပ်ပါဘူး။ အဖြေကို ရှာကြည့်နေတာပါ"

"ရပြီလား။ သပွတ်အူလို၊ ဝက်ပါလိုပဲ။ ငါက သိပ်မရှင်းဘူး"

"ဘာကိုမရှင်းတာလဲ"

"အားလုံးကိုပေါ့။ အဲ ... ဒါနဲ့ သံဝရအကြောင်း မေးရဦးမယ်"

"သံဝရအကြောင်း ... ဟုတ်လား။ အင်း ... မေးလေ။ ပေမဲ့ သိပ်တော့ မသိဘူး။ သူက သံဝရအကြောင်းမေးရင် သိပ်ကြိုက်လို့ ငါလည်း မမေးဖြစ်ဘူး"

"နင် နေညို့ကို ကြောက်ရသလား"

"ချစ်တာကိုးဟဲ့"

"ချစ်နေရင် ချစ်ကြောင်း ဘယ်တော့မှ ထုတ်မပြနဲ့ ဖြူ။ ချစ်ကြောင်းထုတ်ပြမိတဲ့လူက ရှုံးတဲ့လူပဲ"

"ဒါကြောင့် ငါ အကြိမ်ကြိမ်ရှုံးခဲ့တာပဲ"

"နင့်လူမှာ ချစ်သူရှိဖူးသလား"

"သူက သိပ်သိုသိပ်တာ။ နင့်ကို ငါ ပြောပြီးပြီပဲ။ ရှိနေတယ်ထင်တယ်လို့"

"သေချာအောင်လို့ပါ။ ကဲ ... ရှိတယ်ပဲ ထားပါ။ နင်က ထင်ယောင်ထင်မှားဖြစ်နေတယ်လို့ မထင်ဘူးလား"

"ငါက သူ့ကို အရိပ်လိုကြည့်နေခဲ့သူပါ ခရေရယ်။ သူအပြင်သွားကတည်းက ကြယ်သီး ဘယ်နှလုံးတပ်သွားတယ်။ ဆံပင်က ဘယ်လိုပုံဖြစ်နေတယ်။ ဘာရေမွှေးသုံးသွားတယ် ဆိုတာ သိပါတယ်။ ဒါပေမဲ့ သူ မူးလို့ ဆိုင်မှာအိပ်ပြီးပြန်လာတယ်ဆိုတဲ့နေ့ကျရင် သူ့ကိုယ်ပေါ်က ရေမွှေးအနံ့ ပြောင်းနေတယ်။ သူ့ဆံပင်တွေက ပုံမှန်မဟုတ်တော့ဘူး ပြီးတော့ နင့်ကို ပြောမကောင်းတဲ့ လင်မယားကိစ္စတွေ ရှိတယ်။ ငါ ထင်ယောင်ထင်မှားဖြစ်ပြီး ပြောနေတာ မဟုတ်ဘူး"

"ဆိုင်မှာ အိပ်တယ် ဟုတ်လား"

"သူပြောတာပါ။ ဒါပေမဲ့ သူဆိုင်မှာ မအိပ်မှန်း ငါသိတယ်။ သူ ဟိုတယ်မှာ အိပ်တာ"

"ဟိုတယ်မှာ ဟုတ်လား"

"အင်း ... သူရှိတဲ့ဟိုတယ်ကို ငါ လိုက်သွားပါတယ်။ ဒါပေမဲ့



... သတ္တိသိပ်နည်းတယ် ခရေရယ်။ ငါ ... သူ့အခန်းရှေ့အရောက် ...သွားနိုင်ခဲ့ဘူး။ တခြားမိန်းမတစ်ယောက်နဲ့ အခန်းထဲက အတူထွက် ...လာမယ့် အခြေအနေကို ငါ မခံစားနိုင်ခဲ့ဘူး။ ဒါကြောင့် ငါ အမြဲတမ်း ...ည့်ပြန်ခဲ့ရတယ်"

ငွေဖျိုင်းဖြူသည် ပြောရင်းပင် မျက်ရည်ဥကြီးများ စီးကျလာ ...ခဲ့သည်။

"ဖြူရယ် နင့်အဖြစ်ကလည်း"

"အစပိုင်းတော့ ငါ သူ့ကို ရန်လုပ်တယ်။ စွပ်စွဲတယ်။ ဒါပေမဲ့ ...သူက မဖြေရှင်းဘူး။ ငါ ရန်လုပ်လိုက်တိုင်း အပြင်မှာ နှစ်ရက်၊ သုံး ...ရက်လောက်နေပြီး အိမ်ပြန်မလာဘူး။ ကြာလာတော့ ငါ သူ့ကို ရန် ...လုပ်နိုင်တော့ဘူး။ သူ့ကို ချောတယ်။ ငါ့အရှေ့မှာ ပြုံးပြနေတဲ့ သူ့ ...မျက်ခမ်းက လှမှမလှတော့တာ။ ငါ့ကို ဖြူလို့ခေါ်ပြီး သူ့ကိုယ်သူ မောင် ...လို့ နာမ်စားသုံးပေးတာနဲ့တင် ငါက ကျေနပ်နေရတာပါ"

"ဖြူရယ် ... ဒါကို နင်းတို့ သိလား"

"ဟင့်အင်း ... သူတို့သိရင် သူ့ကို မကောင်းမြင်ကြမှာစိုးလို့ ...ငါ မပြောရက်ခဲ့ပါဘူး။ နင်က သံဝရနဲ့ ဆက်စပ်နေလို့ မျိုသိပ်လာရသမျှ ...ဖွင့်မိတာပါ။ ခရေရယ် ... ငါ့ဘက်ကများ သူ့ကို တစ်ဖက်သတ် ...ထင်လွဲနေတာလား"

"သူ နင့်ကို ကွာရှင်းဖို့ ပြောလား"

"အင်း ... ပြောတယ်"

"နင်ကရော"

"ငါက မြင့်မာလူမျိုးပါ။ တစ်လင်တစ်မယားစနစ်ကို ထုတ်တဲ့ထိ ကျင့်သုံးချင်တာပါ။ ဒါကြောင့်လည်း တစ်ခါမိုက်မှား သူ့ကို မျက်စိစုံမှိတ် လက်ထပ်ခဲ့တာပေါ့။ လင်ကွဲ မယားကွဲဆို ငါတို့ မိန်းကလေးတွေအတွက် ဘာကောင်းတာ မှတ်လို့လဲ။ ဒါ သူက ငါနဲ့နေတာ မပျော်တော့ဘူးဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့ သူ့ ကွာရှင်းပေးမယ်လို့ ငါ ဆုံးဖြတ်ခဲ့တယ်"

"ဘာလို့မကွာရှင်းဖြစ်တာလဲ"

"မထင်မှတ်ဘဲ ငါ ကိုယ်ဝန်ရသွားတယ်လေ။ ငါ ပျော်ခဲ့တယ် သူနဲ့ငါ့ကို ကလေးက ချည်နှောင်လိုက်ပြီ။ သာယာတဲ့အိမ်ထောင်ရေး ဖြစ်လာတော့မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ငါ အမေဖြစ်ကံ ပါမလာ ဘူး ထင်တယ်"

"ဝမ်းနည်းစရာတွေ မတွေးပါနဲ့ ဖြူရယ်။ နင် အခုမှ ငယ် လေး ရှိသေးတာပဲ။ ထပ်ရနိုင်ပါသေးတယ်"

"သူ ဘယ်အချိန်ကွာရှင်းဖို့ ပြောလာပြန်မလဲလို့ ရင်တမမ စိုးရိမ်နေရတယ်။ တကယ်တော့ ငါက သူနဲ့အတူ သာယာတဲ့မိသား ဘဝကို ဖန်တီးချင်တာပါ"

"ဖြူရယ် ... နင့်အဖြစ်ကလည်း မလွယ်လိုက်တာ"

"ငါ အဲဒီလိုပြောလို့ သူ့အပေါ် နင် အမြင်မစောင်းပါနဲ့ ချိတ်ဆိုတာ နှစ်ဖက်ကောက်မှ ချိတ်တာပါ။ ငါ့မှာလည်း ဘာချို့ယွင်း ချက်တွေ ရှိသလဲဆိုတာ ငါမှ မသိတာ။ လူဆိုတဲ့အမျိုးကလည်း သူများ ကိုသာ မြင်တတ်တာ မဟုတ်လား။ နင်က ဘေးလူဆိုတော့ ငါ့ကို



ကြည့်ပေးပါလား။ ငါ ဘာတွေလိုအပ်နေသလဲ။ ဘာတွေ ပြုပြင်ရ လဲ၊ ဘယ်လိုနေထိုင်မှ သူနဲ့ အဆင်ပြေနိုင်မှာလဲ"

ဖြူ့စကားကြောင့် ခရေရင်ထဲတွင် ဆို့ဆို့ကြီး ခံစားရသည်။ ကို သနားမိသည်။ အမြဲတမ်း ပြုံးရွှင်ရယ်မောနေတတ်တဲ့ ဖြူ့နှုတ်ခမ်း အပြုံးတွေ ဘယ်ရောက်ကုန်ပြီလဲ။ ဖြူရယ် ဖြစ်မှဖြစ်ရလေ။ နင်က ယောကျ်ားတစ်ယောက်ကို အဲဒီလောက်ကြီး ချစ်တတ်သွားလိမ့်မယ်လို့ ဘယ်ထင်ထားမလဲ။

ဖြူ့မျက်လုံးကို ကြည့်ရုံနဲ့တင် ဖြူ့ရင်ထဲ ဘယ်လောက် နာကျင် နေမလဲဆိုတာ ခရေ ခန့်မှန်းမိသည်။ ထို့ကြောင့် ကိုယ့်ကို မကြင်နာ တဲ့ယောကျ်ားတစ်ယောက်ကို ကွာရှင်းလိုက်ပါလား ဟု တရားလက်လွတ် မပစ်နိုင်ချေ။

"အားတင်းထားပါ သူငယ်ချင်းရယ်။ ပြဿနာတစ်ခုဆိုရင် ဖြေတော့ သေချာပေါက် ရှိမှာပါ။ ဖြေရှင်းရမယ့်နည်းလမ်းကို သိဖို့ လိုနေတာ။ ငါ သံဝရကို မေးကြည့်ပါဦးမယ်"

"အားကိုးပါတယ် ခရေရယ်။ သူ့အကြောင်းကို သံဝရက လွဲရင် ဘယ်သူမှ အကုန်မသိနိုင်ဘူး"

"ဒါနဲ့ နင်တို့အိမ်ထောင်ရေးက အဲဒီလိုဖြစ်နေတာ နင့်ယောက္ခ ကြီး မသိဘူးလား"

"မသိဘူး။ ငါ့ယောက္ခမကြီးက ကောင်းပါတယ်။ ငါနဲ့သူ့သား ဘယ်တော့ ရန်ဖြစ်ဖြစ် ငါ့ဘက်ကပဲ။ သူ့ကိုပဲ ဆူတယ်။ ငါထင်တယ် ယောက္ခမကြီး မရှိတော့တဲ့နေ့က သူနဲ့ငါနဲ့ ကွာရှင်းတဲ့နေ့ပဲ"

"ဟယ် ... နင်တို့ဟာလည်း မဟုတ်သေးပါဘူး။ အိမ်ထော သက်ပဲ ငါးနှစ်ကျော်နေပြီ။ မချစ်မနှစ်သက်ဘဲ လက်ထပ်ခဲ့ကြတာလည်း မဟုတ်ဘူး။ မချစ်ခဲ့ကြဘူးထားဦး။ ဒီလောက်အချိန်တွေ အကြာကြီး ကျော်ဖြတ်ခဲ့ကြတာပဲ သံယောဇဉ်တော့ ရှိရမှာပေါ့။ နင်ကရော တကယ် ပြတ်နိုင်လို့လား။ သူကလည်း အဲဒီလောက်ထိ ဖြစ်လိမ့်မယ်လို့ မထင် ပါဘူး။ တချို့လင်မယားတွေက ကျောချင်းကပ်လွဲနေတာမျိုးလည်း ရှိ တာပဲ။ နေပါဦး ... ငါ အဖြေရှာကြည့်ပါဦးမယ်"

ဟု ဖြူ စိတ်ဖြေသာအောင် ပြောလိုက်ရသော်လည်း အ ကိုယ်၌က ပြဿနာကို ဘယ်လိုအဖြေရှာရမှန်း မသိပေ။ ဘာပဲဖြစ်ဖြစ် သံဝရနဲ့ တွေ့ကြည့်တာက လမ်းစတစ်ခုပေါ်နိုင်တာပဲဟု ယူဆသည်။

သံဝရနှင့် ဘယ်လိုအကြောင်းပြပြီး တွေ့ရမလဲ။

ဆေးရုံမှာ နောက်ဆုံးတွေ့ခဲ့ချိန်တုန်းကလည်း စိတ်ဆိုးဆိုးနှင့် ကို လှည့်ပင်မကြည့်ခဲ့။ ယခုတော့ ဘူမဘက်မှ စတင်ဆက်သွယ်ရ တော့မည်ပေါ့။









"ဒေါက်တာ သံဝရနဲ့ တွေ့ချင်လို့ပါ"

မျက်နှာထားတင်းတင်းပင် စုံစမ်းရန် ဌာန၌ မေးသည်။

"ဆရာနဲ့ချိန်းထားလို့လား မသိဘူး"

"ခရေညိုဆို သူ သိပါတယ်"

ဟု ခပ်မာမာဖြေသောအခါ အထိုင်ဖုန်းအနီရောင်လေးကို ဝန်ထမ်းက ကောက်ကိုင်သည်။

"ဆရာသံဝရ ... ဧည့်သည် ရောက်နေပါတယ်"

ဝန်ထမ်း၏ပြောသံကိုသာ ကြားရပြီး တစ်ဖက်မှ ဘာပြောလိုက် တယ်ဆိုတာ ခရေ မသိပေ။

"ခရေညိုတဲ့"

နည်းနည်းတော့ အောက်သည်ဟု ထင်သည်။ ခရေညို သိ သော သံဝရက ရိုးရိုးသာမန်လူပါပဲ။ သို့သော် ဆေးရုံဝန်ထမ်းများက တခမ်းတနားလုပ်နေ၍ သမ္မတအိမ်တော်ရောက်နေသလားဟုပင် ထင် မိသည်။

တစ်ဖက်မှ ဘာပြောလိုက်မှန်း မသိသော်လည်း နားထောင် သူ ဝန်ထမ်း၏ မျက်နှာသည် တစ်မျိုးတစ်မည် ပြောင်းလဲသွား၏။

"မခရေညှို့ဆိုရင် အထဲကို ကြွပါတဲ့။ ဆရာ နေ့လယ်စာ... ထွက်သွားတယ်လို့ ပြောပါတယ်။ ကျွန်မနောက်လိုက်ခဲ့ပါနော်"

အထဲက ဘာပြောလိုက်မှန်း မသိချေ။ ဝန်ထမ်းအမျိုးသမီး... မျက်နှာထားနှင့် လေယူ့လေသိမ်းမှာ ချက်ချင်း သိမ်မွေ့သွားသည်။

သံဝရက ဒီလောက်ထိပဲ ဩဇာအာဏာကြီးမားသူလား။ ဟုတ်... မှာပေ့ါလေ။ သူ့ရဲ့ ကိုယ်ပိုင်ဆေးခန်းပဲ။

ဝန်ထမ်းအမျိုးသမီး ဦးဆောင်ရာနောက်သို့ တစိုက်မတ်မတ်... လိုက်လာခဲ့သည်။

အပြင်ပိုင်းကကြည့်သောအခါ ဆေးခန်းက သေးတယ်ဟု ထင်... ရသော်လည်း အတွင်းဘက်တွင် အခန်းပေါင်းများစွာ ရှိနေသည်။ ... ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း စုံစုံလင်လင် ရှိနေသည်။

နံရံမှာကပ်ထားသော တာဝန်ကျဆရာဝန်နာမည်စာရင်းလည်း... များလှသည်။ မြန်မာပြည်နှင့် အနေစိမ်းသော ခရေက ထိုစာရင်းများ... မှ ဆရာဝန်များသည် နာမည်ကြီးများဟုတ်,မဟုတ် အတိအကျ မသိ... နိုင်သော်လည်း ဆေးခန်း၏အပြင်အဆင်မှာ စနစ်ကျပြီး ခမ်းနားနေ... သည်က အမှန်ပါ။

သန့်ရှင်းရေးလုပ်နေသော ဝန်ထမ်းများကိုလည်း တူညီဝတ်စုံ... ပိတောက်ခြောက်များနှင့် စမတ်ကျကျ တွေ့ရသည်။

ဖြတ်သွားဖြတ်လာ နာ့စ်များကိုလည်း တွေ့ရ၏။

သံဝရသည် အထူးကုဆေးခန်း ဖွင့်ထားမှန်းသိသော်လည်း... ဤမျှထိ ကြီးသော ဆေးခန်းဖြစ်မည်ဟု ထင်မထားခဲ့ပါ။

ပြီးသော



"ဒီကို ကြွပါရှင်"

"ဒါက ..."

"ဒေါက်တာသံဝရရဲ့ ရုံးခန်းပါ"

စိတ်ထဲ တစ်မျိုးတော့ဖြစ်သွားသည်။ မိမိက သံဝရ၏ သက်ဆိုင်...သူဟု ထင်နေပုံရ၍ သိပ်ပြီး လိပ်ပြာမလုံချင်ပါ။

"အစ်မ ... အပူသောက်မလား၊ အအေးသောက်မလား"

"ရေအေးအေး တစ်ခွက်လောက်ဆို အဆင်ပြေပါတယ်"

"ဟုတ်ကဲ့"

ဝန်ထမ်းက တံခါးဖွင့်ပေးသဖြင့် အခန်းထဲသို့ ခရေ ဝင်လာ...သည်။ ဝင်ဝင်လာချင်းမှာပင် ဆေးရုံနှင့်မတူသော ရနံ့တစ်မျိုးကို ရှူ...ိုက်လိုက်ရသည်။

ဘာအနံ့လဲ။

ရလိုက်သော အနံ့ကို အာရုံခံလိုက်သောအခါ ရေမွှေးနံ့ ဖြစ်...ည်ဟု ခန့်မှန်းမိသည်။

ထိုရေမွှေးနံ့သည် စွဲလမ်းစရာကောင်းသည်။ နှင်းဆီရနံ့လား။ ...ါလည်းမဟုတ်ပါ။ ထုံအီအီဖြစ်နေသည်။ အမျိုးသားသုံး ရေမွှေး မဟုတ်...ာတော့ သေချာ၏။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံနှင့်အတူ တံခါးရွက် ပွင့်သွား၏။

ရေပုလင်းနှင့် ရေခွက်ကို လင်ပန်းလေးနှင့် မ,ဝင်လာသော ...န်ထမ်းအမျိုးသမီး။

ပြီးသော

"ဆရာ့အခန်းထဲ ဝင်လိုက်ရင် သိပ်စိတ်ချမ်းသာတာပဲ။
ပါလားဆိုတဲ့ အသိကို ခဏလေး မေ့သွားတယ်။ သန့်ပြန့်နေတာ
ဆရာ အသန့်ကြိုက်ချက်တော့ မိန်းကလေးထက် ဆိုးတယ်"

ဝန်ထမ်းအမျိုးသမီးက ဖော်ရွေစွာပြောပြီး လင်ပန်းကို
ပေါ်ချလိုက်သည်။

"ဆရာက လာနေပါပြီတဲ့။ သိပ်မကြာတော့ပါဘူး"

ဟုဆိုကာ ခေါင်းလေးညွှတ် အရိုအသေပြုကာ ထွက်
ပြန်သည်။

ညွှသည်လာလေ့လာထရှိသည် ထင်ပါရဲ့။ ဆက်တီဝိုင်းအ
အဆင်သည် ခမ်းနားလှပါသည်။

စားပွဲပေါ်၌ အလှပန်းအိုးရှိသော်လည်း ထိုပန်းအိုးထဲ နှင်း
တစ်ပွင့်သာ ထိုးထားသည်။

ထိုအပြုအမူမျိုးကို ခရေ သိပ်မနှစ်သက်ပေ။

မိန်းမဆန်သည်ဟု ထင်သည်။ ခရေသည် မိန်းမတစ်ယော
ဖြစ်သော်လည်း အလုပ်စားပွဲပေါ်တွင် ပန်းအိုးထားတာမျိုး မကြိုက်
အလုပ်ကို အနှောင့်အယှက်ဖြစ်သည်ဟု ခံစားရသည်။

မတော်၍ ပန်းအိုးလဲကျသွားပါက အိုးထဲမှ ရေတွေ ဖိတ်
ချုပ်လက်စ ပိတ်စတွေနှင့် အရေးကြီးစာရွက်စာတမ်းများ ပြသ
ဖြစ်သွားနိုင်သည်။

ခရေ သိပ်ကြိုက်သည်က အနုပညာမြောက်သော ပန်းချီ
များသာ ဖြစ်သည်။



သို့သော် သံဝရ၏ ဤရုံးခန်းထဲတွင် ပန်းချီကားကို မတွေ့ရ
ချေ။ အလုပ်စားပွဲပေါ်တွင်တော့ ဓာတ်ပုံတစ်ပုံ ထောင်ထားသည်ကို
တွေ့သည်။

သို့သော် ထိုဓာတ်ပုံသည် အလုပ်လုပ်ရာ ဆုံလည်ထိုင်ခုံသို့
မျက်နှာမူနေ၍ ဘာပုံလဲဆိုတာ ခရေ မသိရပေ။ သံဝရဟာ ဘယ်လို
လူမျိုးလဲဆိုတာ ရုတ်တရက် သိချင်လာသည်။

ပိုင်ရှင်မရှိသောအခန်းထဲ နေရသည်မှာ မဝံ့မရဲဖြစ်၏။

ပိုင်ရှင်၏ခွင့်ပြုချက်မရဘဲ မည်သည့်ပစ္စည်းကိုမှ ကိုယ့်စိတ်
ကြိုက် ကိုင်တွယ်ခွင့် မရှိသော လူ့စည်းကမ်းကို ခရေ နားလည်သည်။

သို့သော် ထိုဓာတ်ပုံကို ကြည့်ချင်သည့်စိတ်ကို ထိန်းမရပေ။
ထိုဓာတ်ပုံကို ကြည့်လိုက်ပါ သံဝရ၏ စိတ်နေသဘောထားကို ခန့်မှန်း
နိုင်မည်ဟု ထင်သည်။

ဘယ်သူ့ပုံလဲ။ သံဝရက ချစ်ဖူးသည်ဟု ဝန်မခံခဲ့သော်လည်း
ချစ်သူရှိခဲ့ပါသည်ဆိုသော အဓိပ္ပာယ်သက်ရောက်သည့်စကားလုံးမျိုး
ပြောခဲ့သည်။

သံဝရဲ့ချစ်သူပုံလား။ ချစ်သူရှိလျက်နဲ့ ဘာလို့များ ခရေ့ကို
အိမ်ထောင်ဖက်တွေခဲ့တာလဲ။

ခရေသည် ချီတုံချတုံဖြစ်နေရာမှ စိတ်ပိုင်းဖြတ်ကာ ထိုင်ရာမှ
ထရပ်သည်။

ဓာတ်ပုံလေးတစ်ပုံကို ကြည့်ရုံမျှနှင့်တော့ ပျူကျင့်ဝတ်ကြီး
ပျက်စီးမသွားလောက်ဘူးဟု ထင်သည်။

ထို့ကြောင့် သံဝရ၏ အလုပ်စားပွဲရှိရာသို့ တရွေ့ရွေ့ လှမ်းလာသည်။

ထောင်ထားသော ဓာတ်ပုံကို ကိုင်ဟန်ပြုပြီးမှ လက်ကို ပြန်ရုပ်သိမ်းထားလိုက်သည်။

တကယ်တော့ သံဝရနှင့် ခရေတို့အခြေအနေသည် အိမ်ထောင်ဖက်တွေကြသော အနေအထားမှာသာ ရှိသည်။ သိကြတဲ့အချိန်ကလည်း ဘယ်လောက်မှ မရှိသေးသလို ဘာမှလဲ မပတ်သက်ကြသေးပေ။

ခရေက သံဝရကို ပိုင်သောပုံနှင့် သံဝရ၏ပစ္စည်းတွေကို ကိုင်ကြည့်ခွင့်ရှိရဲ့လား ဟု စဉ်းစားသည်။

သို့သော် သံဝရသည် မိမိခင်ပွန်းလောင်းဖြစ်နေသည်ကို သတိရပြန်သည်။ သံဝရနှင့် မိမိ၏ အခြေအနေသည် စည်းတစ်ခုကို ကျော်လိုက်တာနှင့် ဘဝနှစ်ခု ပေါင်းစပ်ပြီးသား ဖြစ်သွားလိမ့်မည်။

နာမည်က သံဝရ။ ခန့်ညားတည်ကြည်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။ နူးညံ့သိမ်မွေ့သည်။ ဆရာဝန်တစ်ယောက် ဖြစ်ပြီး အဆင့်အတန်းရှိသော မိသားစု၏ တစ်ဦးတည်းသောသား တစ်ယောက်. ဆိုတာက လွဲရင် သံဝရအကြောင်း ဒီထက်ပိုပြီး ခရေ မသိပေ။

နှစ်ပေါင်းလေးဆယ်နီးပါးလောက်ထိ အတူနေရနိုင်ဖွယ် ရှိသည့် ယောကျ်ားတစ်ယောက်ကို ဘုမသိ ဘမသိ လက်ထပ်လိုက်ရတော့မှာလား။ အမြင်နဲ့ပဲ ခရေ ဆုံးဖြတ်တော့မှာလား။ သံဝရအကြောင်း ဒီထက်ပိုပြီးတော့ မသိသင့်ဘူးလား။ သိအောင်ရော မကြိုးစားသင့်ဘူး



လား။ လက်ထပ်ပြီးကာမှ ဖြူလို ဆုပ်လည်း စူး၊ စားလည်း ရှူးဖြစ်နေရင် ခက်ပေဘူးလား။

သံဝရကို သံယောဇဉ်ပိုမဖြစ်မိသေးခင်၊ သံဝရထံသို့ ခြေလှမ်းတွေ မကျွံမိသေးခင် သံဝရအကြောင်း သိမှဖြစ်မည်။ မိန်းကလေးတစ်ယောက်က မိမိလုံခြုံမှုအတွက် စပ်စုတာကို အပြစ်ကြီးတစ်ခုလို့ ခေါင်းစဉ်တပ်ရင်လည်း ခရေ လက်ခံလိုက်တော့မည်။

ထိုသို့ စဉ်းစားလိုက်သောအခါ ခရေ့ရင်ထဲ သတ္တိတွေ ဘယ်က ဘယ်လိုဝင်လာမှန်း မသိတော့။ ခရေသည် ရဲရင့်သော ကျားသစ်မအသွင် ကူးပြောင်းသွားသည်။

အကယ်၍ သံဝရမှာ အရမ်းချစ်ရတဲ့ချစ်သူ ရှိခဲ့ပါလျှင် ခရေ နောက်ဆုတ်လိုက်မည်ဟု ဆုံးဖြတ်မိသည်။

ချစ်ရသူကို ရင်ထဲ သိမ်းဆည်းမြှုပ်နှံထားပါလျှင် သံဝရအတွက် အဆင်မပြေနိုင်သလို၊ ခရေ့အတွက်လည်း စိတ်ဆင်းရဲစရာ ဖြစ်လာနိုင်သည်။

"ခုရှုပ်မှ နောင်ရှင်း"

ဟု အားတင်းကာ တစ်ခုတည်းသော ဓာတ်ပုံကို လှမ်းကြည့်လိုက်သည်။

"ဟင်"

ခရေ့ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။

ဘာကြီးလဲ။ ဘာပုံကြီးလဲ။ ဒါက ဘာကြီးလဲ။

မိမိမျက်စိနှင့် တပ်အပ်မြင်လိုက်ရသော်လည်း မြင်ကွင်းကို မယုံ

ကြည်နိုင်ပါ။

"ဝုန်း"

ထိုစဉ် အခန်းတံခါးသည် လျှပ်စီးလက်သလို လျှောခနဲ ပွင့်သွားသည်။

"ခရေညို"

ဝင်ပေါက်ဝ၌ ခရေကို ပြူးပြူးကြီး စိုက်ကြည့်နေသော သံဝ...

သံဝရ မျက်လုံးတွေက အရောင်များစွာ။

"ခရေညို ... မင်း ... ဒါ ဘာလုပ်တာလဲ"

သံဝရသည် ပြောပြောဆိုဆိုပင် ခရေညို့လက်ထဲမှ ဓာတ်...ကို ဆွဲလုသည်။

သံဝရ၏ လက်တွေက တုန်ယင်နေသလို၊ မျက်လုံးငွေ...ချောက်ချားနေသည်။ စာမရသော ကလေးတစ်ယောက်က ဆရာ...အရိုက်ခံရမည်ကို ကြောက်နေသော အဖြစ်မျိုး။

"ငါ့ပစ္စည်းတွေကို ငါ့ခွင့်ပြုချက်မရဘဲ ကိုင်တာကို ငါ အမုန်းဆုံးပဲ"

ထိုအသံသည် ခရေညို့နားထဲ ခါးသက်သွားသည်။ ခရေညို...လက်ဖျားတွေ တုန်ယင်အေးစက်နေသည်။ အပွဲပွဲနွှံလာခဲ့တဲ့ ခရေညို...အဆင့်အတန်းရှိသော ယောကျ်ားတွေကို လက်မခံနိုင်ပါဘူးဆို...ပြတ်ပြတ်သားသား ငြင်းလာခဲ့တဲ့ ခရေညို။ အခုတော့ ... အခုတော့...

"အမုန်းဆုံး ... ဟုတ်လား သံဝရ။ ရှင်က ကျွန်မ...အမုန်းဆုံးလို့ ပြောပြီး ရန်တွေ့နေတာလား"

မျှဝေသူ



သံဝရသည် ခေါင်းကို ငုံ့ထားသည်။ အရပ်မြင့်ပြီး ဖွံ့ဖြိုး...ထွားကျိုင်းသည့် ခန္ဓာကိုယ်ကို သေးသေးဖြစ်အောင် ကျုံ့ထားသည်။

"ပြောစမ်း ... ရှင် ... ကျွန်မကို ရန်တွေ့နေတာလား"

ခရေညို့အသံသည် ကျယ်လောင်လာသည်။

"တိုးတိုးပြောပါ ခရေညို။ ဒါက ဆေးရုံပါ။ ပြီးတော့ ဒီမှာ...ဒါက ဆေးရုံအုပ်"

"ဘာ ... ဟဟ .. ဟား ... ဆေးရုံအုပ် ... ဟုတ်လား။ ...ရှင်က အရှက်နဲ့ဂုဏ်သိက္ခာကို ထိန်းနေသေးတာလား"

ဝမ်းနည်းခြင်းမှ ဒေါသသို့ အသွင်ကူးပြောင်းလာသည်၊ ခရေ...ညိုက သံဝရကို တည့်တည့်ကြီး စိုက်ကြည့်သည်။

"အံ့သြတယ်။ သိပ်အံ့သြတယ်။ ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့...ထင်နေတာ။ သိပ်ရှက်ဖို့ကောင်းတယ်။ ကျွန်မက ပိပိရိရိ အလိမ်ခံ...လိုက်ရတာပဲ ... တောက်"

"မင်းကိုငါ ညာထားတာ တစ်ခုမှ မရှိပါဘူး"

"ဖြန်း ... အဲဒါ ကျွန်မအတွက်။ ဖြန်း ... အဲဒါက ဖြူ့...အတွက်"

ဒေါသက ထိန်း၍မရနိုင်တော့ပေ။

ညာထားတာ တစ်ခုမှ မရှိဘူးတဲ့။ အကောင်ကြီးမြင်နေတာ...အောင် ပြောင်လိမ်ချင်သေးတဲ့ လူကို ဒိုးထက်နာကျင်အောင် လုပ်ပစ်...လိုက်ချင်သည်။

"ရှင့်လိုလူမျိုးနဲ့ ဘဝအဆက်ဆက် မဆုံပါရစေနဲ့လို့ ဆုတောင်း

မျှဝေသူ

တယ်"

ခရေအသံက အေးစက်နာကျင်နေသည်။

ခရေ အားပါးတရ အော်ငိုပစ်လိုက်ချင်သည်။ ကလေးတ ဒယောက်လိုပင် ခြေကန်ပြီး ငိုချပစ်လိုက်ချင်သည်။ မုန်းမိသည်။ ကို ကိုယ်ကိုရော၊ အရာအားလုံးကိုရော မုန်းသည်။ သံဝရကို သတ် လိုက်ချင်သည်။

ကမ္ဘာမြေကြီးပေါ်က ထာဝရပျောက်ကွယ်သွားအောင် လုပ် လိုက်ချင်သည်။





"ဘယ်လို ... ခရေ သံဝရက အခြောက်ကြီး ... ဟုတ်လား"

အားရင် ထွက်လာခဲ့ပါဟု ခရေက ဖုန်းဆက်ထားသောကြောင့် ဘာ အားမရှိသော်လည်း အားတင်းကာ ထွက်လာခဲ့သည်။

သို့သော် ရောက်ရောက်ချင်း ကြားလိုက်ရသော စကားကြောင့် ယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်သွားရသည်။

"ဟုတ်တယ် ... ဟုတ်တယ်။ ငါ ရှက်လိုက်တာလေ။ အရမ်းပဲ။ ရာမှာတင် အငွေ့ပျံပြီး ပျောက်သွားချင်တယ်။ ခြောင်လိမ်ခြောင်စား ်နေတဲ့သူ့ကို ပါးရှစ်စိတ်ကွဲအောင် ရိုက်ပစ်လိုက်ချင်တယ် သိလား။ တော့ နှစ်ချက်တည်း ရိုက်ခဲ့ရတယ်"

ခရေသည် ပြောရင်းဆိုရင်းပင် မျက်ရည်တွေ စီးကျလာသည်။

"သူ့ကိုယ်သူ အခြောက်မှန်း သိနေတာပဲဟာယ်။ ငါနဲ့ အိမ်ထောင် ်တွေ့စရာလား။ ငါကတော့ သူ့ကို အပုန်းကြီးမှန်းမသိဘဲ အမှတ် ရှာကြံပြီး ပေးလိုက်ရတာ။ အချိန်တွေကို နမြောလိုက်တာဟယ်။ ကြောင့်ချည်း မဟုတ်ပေမယ့် အမေရိကနဲ့ မြန်မာပြည်က နီးတဲ့ လားဟဲ့။ ရှက်လိုက်တာ။ အရင်က ငါငြင်းခဲ့တဲ့ယောကျ်ားတွေများ ကြောင်းကို သိသွားရင် ငါက ဘယ်မျက်နှာနဲ့ ရှေ့ဆက်ပြီးနေထိုင်

သွားရမှာလဲဟဲ့။ ဒီလောက် ပက်ပင်းကြီး မိလိုက်တာတောင် မဟုတ်... ဘူး၊ လိမ်ထားတာ မရှိပါဘူးဆိုပြီး မျက်နှာပြောင်တိုက်နေသေးတယ်... မုန်းလိုက်တာဟယ် ... ငါ ... သူ့ကိုသတ်သာ သတ်ပစ်လိုက်ချင်တယ်...

မျက်ရည်ပူတွေ စီးကျပြီး ပြောနေသော ခရေ့ကြောင့် ဖြူ... ယုံရခက်၊ မယုံရခက်။

သံဝရက ခြောက်နေတယ်ဆိုတာတော့ မယုံချင်ပေမယ့် ခရေ... ပုံစံက မယုံ၍မရတော့သည့် အခြေအနေ။

သံဝရက တကယ်အခြောက်ကြီးလား။

"စိတ်လျှော့ပါ ခရေရယ်။ နင် အသိမှားတာလည်း ဖြစ်နိုင်... တယ်"

"မမှားဘူးဟဲ့ ... မမှားဘူး။ ငါ့မျက်လုံးနှစ်လုံးနဲ့ မြင်ခဲ့တာ... ဓာတ်ပုံကြီးဟဲ့ ... ဓာတ်ပုံ ... ဓာတ်ပုံမှ သူ့အလုပ်စားပွဲပေါ် ထော... ထားတဲ့ ဓာတ်ပုံ"

"ဘာပုံမို့လဲ ခရေရယ်"

"နင့်ယောက်ျားနဲ့ သူ နှုတ်ခမ်းချင်းတေ့ပြီး နမ်းနေတဲ့ပုံ"

"ဘာ"

ဖြူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားသည်။

"ပြောရမှာတောင် ရှက်ပါတယ်ဟဲ့။ စဉ်းစားကြည့်စမ်းပါ။ သူ... အဆင့်အတန်းနဲ့။ နေညှိကိုလည်း အံ့သြပါရဲ့။ အိမ်မှာ မိန်းမအစစ်... ကို ဝှတ်ကုဘ်ကြီးထားပြီး ..."

ဖြူ့နား‌ထဲ ခရေ့အသံကိုပင် သဲသဲကွဲကွဲ မကြားနိုင်တော့...





...တ်ရဲ့လား ... ဟု သံသယရှိနေသော်လည်း ဖြစ်နိုင်မှန်း ရိပ်မိသည်။

ဟိုတယ်ခန်းထဲမှ တွေ့ခဲ့သော သံဝရ၏ပုံကို အထပ်ထပ် ...မြင်ယောင်နေမိသည်။

ထိုစဉ်က မျက်စိမျက်နှာပျက်နေသော သံဝရကို ဖြူ့စိတ်ထဲ ...သင်မကျရှိခဲ့သည်။

သို့သော် မောင့်ကိုရော၊ မောင်ချစ်သော မောင့်သူငယ်ချင်း ...ကိုပါ အထင်မလွဲရက်ခဲ့ပေ။

"ငါ့စိတ်ထဲ ... ဟုတ်ပုံမလားဆိုပြီး သံသယရှိနေတာ ကြာပြီ။ ...ပေမဲ့ တစ်ဖက်က ရိုးသားနေရင် ငါပဲ အပြစ်ဖြစ်မှာစိုးလို့ သံသယ ...ကို ဖယ်ဖျောက်ခဲ့တယ်။ အခုတော့ ကောင်းကောင်းအရှက်ကွဲတာပဲ။ ...ပြန်ရောက်သွားရင် မေမေ့ကို ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ ...ဘူး၊ အဆင်ပြေတယ်။ သံဝရဆိုရင်တော့ သမီး ငြင်းစရာမရှိပါဘူးလို့ ...ပြောထားတာ။ ဘယ်နှရက်ရှိသေးလို့လဲ။ သူ့ကို မုန်းတယ်ဆိုတာထက် ...ကိုယ်ငါ ပိုမုန်းတယ်။ ဖြူ ... ရှင် ... ဘာကိုမှ တွေဝေမနေနဲ့တော့ ...ယောက်ျားကို ကွာရှင်းလိုက်တော့"

ခရေ့အသံကို ကြားနေရသော်လည်း ဖြူ့စိတ်တွေက ဘယ် ...ရောက်လို့ ရောက်နေမှန်းမသိပါ။

"ဖြူ ... ဖြူ ... နင် ... ငါ ခေါ်နေတာ ကြားရဲ့လား"

ခရေက ဖြူ့ပခုံးကို ကိုင်လှုပ်လိုက်သည်။

"အင်း ... ကြားပါတယ်"

"ရှင် ဘာဖြစ်နေတာလဲ။ ဒေါသမထွက်ဘူးလား။ နေညှိကို

ရိုက်သတ်ချင်စိတ် မပေါက်ဘူးလား။ ဒီမှာ ဖြူ ဒီပြဿနာမျိုးဆို
ငြိမ်ခံနေလို့ ကောင်းတာမဟုတ်ဘူး။ အပြတ်သာရှင်းပစ်လိုက်"

"ငါက ဘယ်ကစရှင်းရမှာလဲ ခရေရယ်"

"ဖြူ ... ရှင် ဘာဖြစ်နေတာလဲ။ သူ့ကို ရှင် ဒေါသ
ရမှာလေ။ မိန်းမတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ဖောက်ပြန်
ယောကျ်ားဆို ထားပါတော့။ အခုဟာက ... တောက် ... လက်တ
ခြား ပိပိရိရိလိမ်ထားတာကွ။ သူ သူ့အမေကို ကြောက်တယ်မဟုတ်
သူ့အမေနဲ့ တိုင်လိုက်။ ရှင်းလိုက်။ အဲ ... ဒါကို သူ့အမေ
သားလား"

"အန်တီက ဘာမှမသိပါဘူး။ အန်တီက အမှန်တကယ်
ရင်း ကောင်းတဲ့လူပါ ခရေ။ ဒီကိစ္စကို ငါ အန်တီ့ကိုပြောရင် သွေး
ရှိတဲ့အန်တီ့ကို ငါက သတ်လိုက်သလို ဖြစ်သွားမယ်"

"ဘာ ... ဖြူ ... ရှင် ... အခု ဘယ်သူ့ကို စိုးရိမ်နေ
လဲ။ ဒီအခြေအနေက ရှင့်ကိုယ်ရှင် စိုးရိမ်ရမှာလေ။ ဒါက ရှင့်
တစ်ဘဝတာလုံး ငရဲကျမယ့်အခြေအနေကွ။ ရှင်သိလား။ ရှင့်ယောကျ်ား
ရဲ့ အချစ်တော်က မိန်းမမဟုတ်ဘူးကွ။ ဟား ... လူကြားလို့တော
မကောင်းပါဘူး။ ရှင့်မှာ ဒီလောက်လိုအပ်ချက်မရှိ ပြည့်စုံနေရဲ့သား
သူမို့ လုပ်ရက်တယ်။ သူမို့ ရက်စက်တယ်ကွာ။ အံ့ဩပါရဲ့"

"ရှင် ... ဘာဆက်လုပ်မလဲ ခရေ"

"ပြန်မှာပေါ့။ ဒီမှာနေရင် မမြင်ချင်တဲ့ အဲဒီမျက်နှာကြီး
မြင်နေရဦးမှာ။ သူနဲ့ပတ်သက်မိခဲ့တာတောင် ငါ့သမိုင်းက ပုတ်



ယ်။ ဓင်းဆန်းဆိုင်မှာ အဲဒီပုံစံတွေကတည်းက သဘောပေါက်လိုက်
သင့်တာ။ ငါကိုက ညံ့ပါတယ်။ သူ့ဆေးရုံကို ရောက်တော့ ဝန်ထမ်း
တွေက ငါ့ကို မျောက်ပွဲကြည့်သလိုပဲ။ ငါကတော့ မာန်တက်လိုက်ရတာ။
က်စသတ်တော့ အဲဒီအကြည့်တွေက ငါ့ကို သနားစရာသတ္တဝါလို
သဘောထားနေကြတာ။ ငါကိုက ညံ့လွန်းပါတယ်"

"ခရေ ... နင် ဒီအကြောင်းတွေကို နင်းတို့ကို ပြောမသွားနဲ့
နော်"

"ဘာလဲ ... နင့်ယောကျ်ား သိက္ခာကျမှာစိုးပြန်ပြီလား"

ဖြူ ပြန်မဖြေပေ။ ခရေ့ကိုသာ မျက်နှာငယ်လေးနှင့် ကြည့်
ရှာသည်။

ခရေသည် ဖြူ့စိတ်ကို အားမလို အားမရဖြစ်မိသည်။
ဖြူ့နေရာမှာသာ ကိုယ်စားဝင်ပြီး အားလုံးကို ပတ်ရမ်းပစ်လိုက်
သည်။

"ဖြူ ... နင် ... ဘာဖြစ်နေတာလဲ။ ဘာတွေတွေးနေတာလဲ။
ကိုချင့်ချိန်နေတာလဲ။ ငါ ဘယ်လိုကူညီရမလဲ"

"ရတယ် ခရေ။ ရှစ်နှစ်လောက် ပဟေဠိဖြစ်ခဲ့တာကို အဖြေ
ပေးခဲ့ပြီးပဲ။ နင့်ကို ကျေးဇူးတင်ပါတယ်"

"နင် ဘာဆက်လုပ်မလဲ"

"အခုလောလောဆယ်တော့ ငါ ဘာကိုမှ စဉ်းစားလို့ မရသေး
ပြဿနာအရင်းအမြစ်ကို သိပြီဆိုတော့ ဖြေရှင်းဖို့နည်းလမ်းကို
ရမှာပေါ့"

"နင် သူနဲ့ကွာရှင်းတော့မှာလား"

"လက်ထပ်ခြင်းနဲ့ ကွာရှင်းပြတ်စဲခြင်းဆိုတာ ကလေးကစား လို လုပ်လို့မရဘူး ခရေ။ အဲဒါက ဘဝနှစ်ခု။ အဲဒီထက် ပိုကျယ်ကျ ပြန့်ပြန့် ပြောရရင် အသိုင်းအဝိုင်းနှစ်ခု။ အကယ်၍ ဆုံးဖြတ်ချ မှားသွားရင် နစ်နာမှာက ကိုယ်တစ်ယောက်တည်းမကဘူး။ မျက်ရည် အများကြီးဖြစ်လာရလိမ့်မယ်။ နင့်ကို ငါက မေးမယ်။ နင်က လူတွေ ငိုအောင်လုပ်ချင်သလား၊ ပျော်အောင် ဖန်တီးပေးချင်သလား"

ဖြူ့စိတ်ထဲ ဘာတွေတွေးနေသလဲဆိုတာ ခရေ မသိနိုင် သို့သော် ဖြူက ပြောင်းလဲသွားသည်။ အတော်ပင် ပြောင်းလဲသွားပြီ ဖြူ ဒီလိုပြောင်းလဲသွားရတာက နေညိုပေးလိုက်သော စိတ်အနာ တွေကြောင့်များလား။

"ငါ သွေးပူတုန်း ဘာမှမဆုံးဖြတ်ချင်ဘူး။ အေးအေးဆေး စဉ်းစားဖို့ ငါ့မှာ အချိန်တွေ လိုတယ်"

သံဝရနှင့် နေညို၏ အကြောင်းကို ပြောလိုက်ရင်ဖြူ ခံနိုင်ရ ရှိပါ့မလားဟု စိတ်ပူခဲ့သည်။ ထို့ကြောင့်ပင် သုံးရက်လောက်ကြာတဲ့ စောင့်ခဲ့သည်။

အရက်လည်း အနည်းငယ်ပြယ်ပြီဆိုတော့မှ အမေရိကပြန် စိစဉ်ရင်း ဖြူ့ကို တွေ့ဖို့ ချိန်းဆိုလိုက်ခြင်းဖြစ်သည်။ ဖြူ ခံနိုင်ရည် ဘဲ လဲကျသွားမှာ စိတ်ပူခဲ့သည်။ သို့သော် ဖြူက ခရေထင်ထားတ ထက် ကြံ့ခိုင်နေသည်။ တည်ငြိမ်နေသည်။ ဖြူ သိပ်ကိုရင့်ကျက်သွား ခဲ့ပါပြီ။



"ငါ နည်းနည်းစိတ်လှုပ်ရှားသွားလို့ နင့်အပေါ် စကားမာသွား ဆောရီးပါ ခရေ။ ကဲ ... ခုတော့ ငါလည်း နည်းနည်း စိတ်ရှုပ် းလို့ နားမှဖြစ်မယ်။ ငါ ပြန်ဦးမယ်"

"ရရဲ့လား ဖြူ။ ငါ လိုက်ပို့ပေးမယ်လေ"

"ရပါတယ်။ ဒီလောက်လေးမှ ခံနိုင်ရည်မရှိရင် ရှေ့ဆက် ငါ ယ်လိုရင်ဆိုင်မလဲ"

ဖြူ့အသံတွေက တုန်ယင်နေသည်။

ဖြူ့ကို ခရေ သနားမိသည်။ ပြောလိုက်တာ မှားများသွားပြီလား။



"မောင် ... ဒီနေ့ပြန်လာတာ စောသားပဲ"

မောင့်လက်ထဲမှ ကွန်ပျူတာကို လက်လွှဲယူလိုက်ရင်း ဖြူ ပြော
လိုက်သည်။

"အင်း ... အိမ်ထမင်း၊ အိမ်ဟင်း မစားရတာကြာလို့ စော
ပြန်လာတာ"

"မောင် ... ဘာစားချင်သလဲ။ အချိန်ကလည်း စောနေသေး
တော့ မောင်ကြိုက်တာကို ဖြူကိုယ်တိုင် လုပ်ကျွေးမယ်လေ"

ဖြူ့အပြုံးက ပုံမှန်မဟုတ်မှန်း သူ ရိပ်မိသည်။ သို့သော် ဖြူက
ဟန်မပျက်ပင်။ အလုပ်မှပြန်လာသော သူ့ကို ကြင်နာစွာ ဆီးကြိုသည်။

သူလည်း ဟန်မပျက်ပြောဆိုနေရသော်လည်း ရင်တွေက
တထိတ်ထိတ်။

ဘယ်အချိန်ပေါက်ကွဲမယ်မှန်း မသိသော ချိန်ကိုက်ဗုံးတစ်လုံး
ကို ရင်ခွင်ထဲ ပွေ့ပိုက်ထားရသည်နှင့် တူသည်။

"ငါ့စားပွဲပေါ်က ဓာတ်ပုံကို ခရေညို မြင်သွားတယ်"

ဟု သံဝရက ပေကပ်ကပ်ပြောခဲ့ချိန်က သူ့ခေါင်းကို မိုးကြိုး
မှန်သွားသလို ခံစားလိုက်ရသည်။





"မင်းမျက်နှာက ဘာဖြစ်လာတာလဲ"

ဟု မေးတော့ ခရေညို ရိုက်သွားတာဟု ပြောသည်။

သူ စိတ်ရှုပ်ခဲ့သည်။ ခရေညိုနှင့်ဖြူတို့သည် သာမန်သူငယ်ချင်း
များလို မေးထူးခေါ်ပြောအဆင့် မဟုတ်ကြပါ။ ခရေညိုလို ခပ်ထက်ထက်
အမျိုးသမီးက ဒီအကြောင်းကို ဖြူထံ ပြန်ပြောမယ်မှန်း သူ ရိပ်မိသည်။

ပြောပြီးပြီလား၊ မပြောသေးဘူးလား။ ဖြူက ဘာလို့ ငြိမ်ကုပ်
နေရတာလဲ။ ဘာလို့ သူ့ကို ပြဿနာမရှာသလဲ။ ပူညံပူညံမလုပ်သလဲ။

"ဖြူ ... နေကောင်းရဲ့လား"

"ကောင်းပါတယ်။ ဘာလို့လဲ"

ကောင်းတယ်ဟု ပြောနေသော ဖြူ့မျက်လုံးများသည် ညှိုးငယ်
နေသည်။ ဖြူ ဘာဖြစ်နေတာလဲ။ ရင်ထဲမှာ ဘာတွေးနေတာလဲ။

"ဖြူ ... မောင့်ကို ဘာမှပြောစရာမရှိဘူးလား"

"ဟွန့်အွန်း ... ဘာလို့လဲ မောင်"

ဖြူ့အမေးက တကယ့်ရိုးရိုးရှင်းရှင်း ဖြစ်သည်။ ဒီပုံအတိုင်း
ဆို ခရေညိုက ဖြူ့ကို ဘာမှမပြောရသေးဘူးဟု သူ ယူဆမိသည်။ ဖြူ
စိတ်နဲ့သာဆိုရင် ဒီလိုကိစ္စကြီးကို ငြိမ်နေစရာအကြောင်းမရှိပေ။ မေမေ
နှင့်ဖြစ်ဖြစ် တိုင်ပြီး ပြဿနာမျိုးစုံ ဖန်တီးနေလိမ့်မည်။

"ဘာမှမဟုတ်ပါဘူး။ ဖြူ့ပုံက နည်းနည်းနွမ်းနေသလားလို့"

"မောင် ရေချိုးပြီး ဆင်းလာခဲ့လေ။ အသီးအရွက်စုံကို ဗမာ
သုပ်လေး သုပ်ထားပေးမယ်။ မောင် ကြိုက်တယ် မဟုတ်လား"

"အသီးအရွက်သုပ် ... ဟုတ်လား။ အင်း ... ကောင်းသားပဲ။

မမေလည်း ကြိုက်တယ်။ မမေက ညစာထမင်းမစားဘူးဆိုတော့ အရွက်သုပ်လေးတော့ စားချင်မှာပဲ။ ပိုသုပ်လိုက်ပါလား။ မမေ့ကို သွားပို့ရအောင်လေ"

မောင့်ပုံစံက ပြောင်းလဲနေသည်။ သွားပို့ရအောင်လေဟု ဆိုတော့ ဖြူနှင့်အတူ အပြင်သွားမယ်ဆိုတဲ့သဘောပေါ့။ ခါတိုင်းဆိုလျှင် ဖြူအကြိမ်တစ်ရာလောက် အပြင်အတူသွားဖို့ ညှိမှ တစ်ကြိမ်လောက် လိုက်လျောပေးတတ်သူ။ အခုတော့ သူ့ဘက်က စတင်တောင်းဆိုနေပါ လား။

"အင်း ... သုပ်လိုက်မယ်လေ"

မောင့်အကြည့်က တစ်မျိုးဖြစ်နေသည်။ နူးညံ့သိမ်မွေ့လာသည်ဟု ထင်သည်။ ခုလိုမျိုးကျတော့ မောင်နှင့်ဖြူက ရင်းနှီးသွားကြသလို ခံစားရသည်။ မောင်က ဘာကြောင့်များလဲ။ ဘာလို့ ဒီလောက် ပြောင်းလဲနေရတာလဲ။ ဖြူ သတိထားမိသည်မှာ ဖြူ ဆေးရုံမှဆင်းလာတည်းက မောင့်ပုံသည် တစ်မျိုးဖြစ်နေသည်။ ဖြူကို ဂရုစိုက်နေသည်ဟု ထင်သည်။ အဲဒီလိုမျိုး မောင်က ပြောင်းလဲလာပြန်တော့လည်း ဖြူ မနေတတ်ပြန်ပါ။ ဖြူကို အရေးမစိုက်တဲ့မောင့်ပုံကသာ ဖြူနှင့်ရင်းနှီးပြီးသားမို့ ဖြူ အနေခက်သည်။

"မအေးမြရေ ... သန့်ထားတဲ့အသီးအရွက်တွေ ထုတ်လာခဲ့ပါ"

"ဟုတ်ကဲ့ ... မမလေး"

စားပွဲရှေ့တွင်ထိုင်ကာ ဟင်းရွက်ဖြတ်သော ဓားကောက်ကလေးကို ယူလိုက်သည်။



"မမလေး ဟင်းချက်မလို့လား"

"အင်း"

"ဟာ ... မမလေးကလည်း နားပါ။ အေးမြ လုပ်လိုက်ပါ့မယ်။ အစ်ကိုလေးက မမလေးကို အရိပ်တကြည့်ကြည့်နေဖို့ မှာထားတယ်"

ဘုရားရေ ... သူ ဘာဖြစ်နေတာလဲ။ ကေန္ဒ သံဝရက ခရေနှင့် ပြဿနာဖြစ်တဲ့အကြောင်း မောင့်ကို ပြောလိုက်တာလား။ ပြောမှာပါ။ သူတို့နှစ်ယောက်က ဖြူထက် ပိုရင်းနှီးတာပဲ။ ဖြူ ပြဿနာ လုပ်မှာကို မောင်က စိုးရိမ်နေတာလား။

ဒါကြောင့်များ မောင်က ဖြူ့အပေါ် ကောင်းနေတာလား။ ဖြူ့ အတွေးက ပို၍ နက်နဲလာသည်။

"မအေးမြ ... ဒါတွေကို သင်ပြီး ဟင်းရွက်စုံသုပ်လုပ်ပါ။ သုပ်ပြီးရင် အပေါ်က နှမ်းဖြူးလိုက်ဦး။ ပိုပိုလေးလုပ်လိုက်။ မမေ့ကို လည်း သွားပို့မယ်။ အငန်နဲ့အချိုလျှော့နော်။ မမေက သွေးတိုးရှိတော့ မတည့်ဘူး"

"ဟုတ်ကဲ့ မမလေး။ စိတ်ချပါ။ အေးမြ လုပ်လိုက်မယ်"

မီးဖိုခန်းထဲမှ ထွက်ကာ ဧည့်ခန်းဆက်တီပေါ် ဝင်ထိုင်လိုက်သည်။

ဖြူ့ခေါင်းထဲ အတွေးတွေက ပြည့်သိပ်လျက်ရှိသည်။

"တူ"

ဖုန်းမြည်လာသောကြောင့် ဖြူ ကောက်ကိုင်သည်။ ခရေ့ထံမှ ဖြစ်၏။

"ခရေ ... ပြော"

"ဖြူ ... နင့်ကို ငါ တောင်းပန်ချင်လို့ပါ။ ဆောရီး ... သူငယ်ချင်းရယ်။ ငါလည်း သွေးပူနေလို့ပါ။ တကယ်တော့ နင့်အိမ်ထောင်ရေးကို ဖြိုကွဲလိုစိတ် ငါ့မှာ မရှိပါဘူး"

"ငါနားလည်ပါတယ် ခရေရယ်။ နင့်စိတ်ကို ငါက သိနေတယ်ဆိုတော့ မတောင်းပန်ပါနဲ့။ ငါ အနေခက်ပါတယ်။ တကယ်တော့ ငါကတောင် နင့်ကို ကျေးဇူးတင်ရဦးမှာပါ"

"ရင့်ကျက်သွားတဲ့ နင့်ပုံကိုကြည့်ပြီး ငါ မျက်ရည်ဝဲခဲ့ရတယ် ဖြူ။ နင် အကောင်းဆုံးလုပ်နိုင်လိမ့်မယ်လို့ ငါ ယုံကြည်တယ်"

"ဒါပေမဲ့ အခုချိန်ထိ ငါ့ကိုယ်ငါ မယုံကြည်နိုင်သေးဘူး။ နင် အခု ဘယ်မှာလဲ"

"အိမ်မှာ ... ငါ ဒီနေ့ပဲ ပြန်တော့မှာလေ"

"ဘယ်လိုဖြစ်ရတာလဲ။ နှုတ်ဆက်ပွဲလေးတောင် မလုပ်လိုက်ရဘူး"

"မလုပ်တော့ပါဘူးဟာ။ တော်ကြာ ... နင်းတို့က ငါ့အိမ်ထောင်ဖက်အကြောင်းမေးရင် ငါ့မှာ ဖြေစရာစကား မရှိလွန်းလို့။ ငါ ပြန်မယ့်အကြောင်းတောင် ဘယ်သူ့ကိုမှ မပြောဘူး"

"ငါ လေဆိပ်ကိုလာခဲ့မယ်"

"မလာနဲ့တော့ ဖြူ။ နင်သာ အဆင်ပြေအောင်နေပါ။ ငါ နင့်ကို နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်း။ နင် ကံကောင်းပါစေ"

ဟုဆိုတောင်းပေးပြီး ဖုန်းချသွားသော ခရေ့ကြောင့် ဖြူ ငိုချင်





လာသည်။ သို့သော် မျက်ရည်တွေကို ထိန်းချုပ်ထားလိုက်သည်။ ဖြူက ကလေးတစ်ယောက်မှမဟုတ်တော့တာ။ ဒီလိုခွဲခွာမှုလေးကိုသာ ငိုချင်နေသေးရင် ဒီထက်ကြီးမားတဲ့ ကိစ္စကို ဘယ်လိုခွန်အားနဲ့လုပ်ဆောင်မှာလဲ။ ပြီးတော့ ဒီအသက် ဒီအရွယ် မိန်းကလေးတစ်ယောက်ဟာ ငိုချင်ရင် ငို၊ ရယ်ချင်ရင် ရယ်ဆိုပြီး လွတ်လွတ်လပ်လပ်မနေသင့်တော့မှန်း ဖြူ သိသည်။ ကံကောင်းပါစေတဲ့လား ... သူငယ်ချင်းရယ်။ မင်းရဲ့ဆုတောင်းအတိုင်း ပြည့်ချင်လှပါတယ်။ ငါက အိမ်ထောင်သည်တစ်ယောက်ပါ။ အခြားကံတွေ ထားလိုက်ပါ။ အိမ်ထောင်ရေးကံကောင်းချင်ပါတယ်။

"ဖြူ ... ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

ဖြူကို လူမမာတစ်ယောက်လို မေးလာသော မောင်ကြောင့် ကျလုလု မျက်ရည်များကို ပုတ်ခတ်ဖယ်ရှားလိုက်သည်။

"မောင် ပြီးသွားပြီလား။ ထမင်းစားတော့မလား။ ဖြူ ... ခူးလိုက်မယ်လေ"

"နေပါစေတော့ ဖြူ။ မေမေ့အိမ်မှာပဲ မေမေနဲ့ အတူစားတော့မယ်"

"ဖြူ သိပ်နေမကောင်းလို့ မအေးမြကိုပဲ လုပ်ခိုင်းလိုက်တယ်။ မောင် အဆင်ပြေရဲ့လား"

"မအေးမြက ပြီးပြီလား မသိဘူး။ ခဏနေ၁် ဖြူ။ မောင် သွားယူလိုက်မယ်"

မောင့်ပုံက သိမ်မွေ့နေသည်။ မုန်တိုင်းအကြိုလာတဲ့ လေပြည်

လေညင်းလေးများလား။ မောင်ရယ် ဒီတစ်ခါတော့ ကွာရှင်းပါတော့မယ်လို့ စိတ်ပိုင်းဖြတ်ထားပြီးတော့များ ဖြူ့ကို ကောင်းပေးနေရော့သလား။ မောင့်မေမေကို နားချဖို့များ စည်းရုံးလေမလား။ ထိုသို့တွေးမိပြန်တော့ မောင်နှင့်အတူ အပြင်မသွားချင်တော့ပါ။ သို့သော် မောင်နှင့် အခု အတူအပြင်သွားရသည်မှာ အချိန်မရွေး နောက်ဆုံးဖြစ်သွားနိုင်သည်။

"ရပြီ ဖြူ။ သွားရအောင်။ မောင် ကိုသောင်းကို နားခိုင်းထားလိုက်တယ်။ မောင့်ကားနဲ့ပဲ သွားရအောင်လေ"

ပုံမှန်အခြေအနေမျိုးနှင့် မောင့်လက်မောင်းကို တွဲခိုပြီး လူကြားထဲ ရဲရဲလျှောက်ပစ်လိုက်ချင်သည်။ သို့သော် မောင်က သူ့ကို ပိုင်နိုင်ပိုင်နင်းဆက်ဆံလျှင် မကြိုက်သောကြောင့် ဆန္ဒကို ရင်ထဲ၌ မျိုသိပ်လိုက်ရသည်။

မောင်ရယ် ... ဖြူ့အိပ်မက်တွေ ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်တော့ပါဘူး။









"အေးကွယ် ... ဒီသားနဲ့ဒီသမီး ခုလိုမြင်ရတာများ မေမေ ဘယ်လောက်ထိ ရင်အေးလိုက်သလဲကွယ်"

မေမေက ထမင်းစားရင်း အားရကျေနပ်သောပုံနှင့် ပြောလာသောအခါ မောင့်ကို ဖြူ အကဲခတ်လိုက်သည်။

မောင် ပြုံးနေသည်။ တကယ့်ကြည်ကြည်ရွှင်ရွှင်လေးပါ။

"ဒါနဲ့ သမီးက နေမကောင်းဘူးလား။ ပိန်သွားသလိုပဲနော်။ သား သမီးကို ဂရုရောစိုက်ရဲ့လား။ ဒါမှမဟုတ် ကိုယ်ဝန်များ ထပ်ရတာလား"

"ရှင်"

"သြော်ကွယ် ... သားအိမ်ခြစ်ထားတဲ့လူက ကိုယ်ဝန်အရမြန်တယ်လေ။ ငယ်ငယ်တုန်းက မေမေ့သူငယ်ချင်းဆို ဒီနေ့ ကိုယ်ဝန်ပျက်ကျ နောက်တစ်ပတ်လောက်ဆို သန္ဓေစတည်ပြီ။ အံ့သြစရာတွေလည်း ရှိတတ်တယ်။ သားသမီးဆိုတာက ကံပေးရင် ရတတ်တယ်ကွယ့်။ မေမေလည်း အသက်ကြီးလာလို့လားမသိဘူး။ မြေးချီချင်နေပြီ။ သူများက မြေးအကြောင်းပြောရင် ကိုယ်လည်း မြေးအကြောင်း ပြောချင်လာတယ်"

မေမေ့စကားကြောင့် ဖြူ ငိုချင်လာသည်။ ပြောတတ်လိုက်တာ မေမေရယ်။ ဖြူလည်း အမေတစ်ယောက်ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ဖြူနဲ့ကွာရှင်းချင်နေတဲ့ သူက ဖြူ့ကို ကလေးယူစေပါ့မလား မေမေရယ်။ မေမေ အသက်ရှည်ပါစေလို့ပဲ ဖြူ ဆုတောင်းပါတယ်။ ဒါမှ သူနဲ့ နေရမယ့် အချိန် ကြာမှာမို့ပါ။

"သမီး ဟင်းတွေထည့်စားလေ။ နည်းလိုက်တာ"

"ရတယ် မေမေ။ ဖြူ ရင်ပြည့်နေလို့"

"နေသာရဲ့လား ဖြူ။ မနေသာရင် ပြောနော်။ မဖြစ်ပါဘူး အပြန် ဆေးခန်းဝင်ပြရအောင်"

သံဝရနဲ့တွေ့ချင်လို့များ အကြောင်းရှာတာလား မောင်ရယ်။ ဖြူ့ကို အကြောင်းပြုပြီး သံဝရနဲ့တွေ့ချင်တာလား။

"ရပါတယ်။ ဖြူ ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘူးသာပြောနေတယ်။ သမီးပုံကို ကြည့်ရတာ သိပ်မလန်းဘူး။ ကဲ ... ကဲ ... စားကြ။ ပြီးရင် ဆေးခန်းဝင်ပြလိုက်ကြလား။ ကိုယ်ဝန်ရှိနေတယ်ဆိုရင်လည်း မေမေ့ကို အရင်ဆုံး ဖုန်းဆက်ဖို့ မမေ့နဲ့။ သမီးမှာသာ ကိုယ်ဝန်ရလို့တော့ အထုပ်ပိုက်ပြီး သမီး အနားမှာ စောင့်ရှောက်ဦးမှာ"

"ဒါဆို မေမေ့ဆိုင်ကိုရော"

မေမေက ဗိုလ်ချုပ်ဈေးတွင် ရွှေဆိုင်ဖွင့်ထားသောကြောင့် နေ့ညီ ပြောလိုက်ခြင်း ဖြစ်သည်။

"မြိုင်မြိုင်က သားသမီးထက်တောင် ယုံရသေး"





မေမေ့ဆိုင်တွင် လုပ်သက် နှစ်ဆယ်ရှိပြီဖြစ်သော မမြိုင်ကို ဆိုလိုခြင်း ဖြစ်သည်။

"မမြိုင်ရော ... နေကောင်းရဲ့လား။ မတွေ့တာကြာပြီ"

"မတွေ့ဆို လာမှမလာဘဲ။ မြိုင်မြိုင်တောင် သားကို မေးနေသေးတယ်။ ကလေး ဘယ်တော့ချီရမှာလဲတဲ့"

မောင် ပြုံးသည်။ မောင့်အပြုံးက ရက်ပြုံး။

မောင်သည် တစ်ခါတစ်ရံ ကလေးတစ်ယောက်လို ချစ်ဖို့ကောင်းသလို၊ တစ်ခါတစ်ရံ အိမ်ထောင်ဦးစီးအဖေတစ်ယောက်လို တည်ကျက်တည်ငြိမ်နေတတ်ပြန်သည်။

ဒီလိုလူမျိုးကို ဖြူက ဘယ်လိုသတ္တိနဲ့ ကျောခိုင်းရပါ့မလဲ။

ဖြူကပဲ မောင့်ကို ချစ်နေ၍လား မသိ။ မောင့်ကို ဖြူအပြစ်မမြင်နိုင်ပေ။ သံဝရနဲ့မောင်က ချစ်သူတွေဟု ခရေက ပြောသွားသည်ကို ဖြူ လက်ခံသည်။

မောင်လည်း လူဘစ်ယောက်ပဲ။ ချစ်တာ ဆန်းသလား။ မောင့်အသက်က နှစ်ဆယ့်ရှစ်ဆို။ သံဝရနဲ့မောင် ခင်လာတဲ့ သက်တမ်းက နှစ်ဆယ့်ငါးနှစ်လောက် ရှိပြီဖြစ်သည်။

ဖြူနဲ့မောင် သိခဲ့တဲ့ သက်တမ်းက ရှစ်နှစ်မျှသာ ရှိသေးသည်။ သံဝရအပေါ် မောင်က သံယောဇဉ်ပိုရှိပြီး ချစ်ခင်တယ်ဆိုတာ ယုတ္တိရှိတဲ့ကိစ္စမှ မဟုတ်တာ။ မောင့်စိတ်ကို ဖြူက ချုပ်ကိုင်လွှမ်းမိုးရအောင်လည်း ဖြူ အတ္တမကြီးချင်တော့ပါ။

ခရေ လေဆိပ်ဆင်းသွားပြီလား။ ခရေက သိပ်များဝမ်းနည်း

နာကျင်နေမလား။ ဘဝမှာ အစွန်းအထင်းမရှိနေလာသော ခရေ…
ဒီလိုလူမျိုးကိုမှ သဘောကျမိရလေခြင်းဆိုပြီး ယူကျုံးမရဖြစ်နေမည်…
ဖြူ တွေးမိသည်။ သံဝရအပေါ် စိတ်များများ ညွတ်မိလေ များ…
နာကျင်ရလေဖြစ်လိမ့်မည်။ ဖြူ့အထင် ခရေသည် သံဝရကို မျှော်…
ထား၍သာ အဲဒီလောက်ထိ ဒေါသဖြစ်နေခြင်းဖြစ်မည်။

"သမီးပုံက မလန်းဘူးကွယ်။ သားရေ အပြန်ဆေးခန်း…
ဖြစ်အောင် ဝင်လိုက်နော်"

ဟု မေမေက အတန်တန်မှာသဖြင့် သူက ဆေးခန်းဘက်…
မောင်းလာသည်။

သို့သော် သံဝရ၏ဆေးခန်းတော့ ဟုတ်ပုံမရချေ။

သံဝရက ရှစ်မိုင်ဘက် ဆေးခန်းဖွင့်ထားသော်လည်း …
ဦးတည်နေသည်က လမ်းမတော်ဘက်။

"သံဝရရဲ့ဆေးခန်းကို မသွားဘူးလား"

"ဖြူ့အတွက်တော့ ပြနေကျ ဆရာဝန်နဲ့ပြတာ အဆင်အ…
ဆုံးပါ"

"မောင် ဆေးစစ်ချက် သွားယူတာကရော ဘာအကြောင်း…
သေးလဲ"

"ဘာမှတော့ ထွေထွေထူးထူး မရှိပါဘူး။ အမောသိပ်မ…
အနေအထိုင် အစားအသောက် ဆင်ခြင်ဖို့ပဲ မှာလိုက်တာပါ"

"တခြားရော"

"နှလုံးသိပ်မကောင်းဘူးတဲ့။ ဒါပေမဲ့ နားနားနေနေနေ…
…တာပုစရာ မရှိဘူးလို့ ပြောတာပဲ"

"ဖြူ့ကို ဆေးခန်းမပို့နဲ့တော့ မောင်။ ဖြူ နေသာပါတယ်။
…ကိုပဲ ပြန်တော့မယ်"

"ရရဲ့လား ဖြူရယ်"

"မောင် … ဘာလို့ ဖြူ့ကို ဂရုစိုက်နေရတာလဲ"

ဖြူက မမျိုသိပ်နိုင်တော့၍ မေးခွန်းထုတ်လိုက်သည်။ သိသိ
…သာသာပင် ကားအရှိန်လျော့သွား၏။

"ဖြူနဲ့ကွာရှင်းဖို့ တောင်းဆိုပြန်မလို့လား"

"ခရေညီက ဖြူ့ကို ဘာပြောသလဲ"

"ခရေက ထက်မြက်ပေမယ့် စိတ်ရင်းကောင်းတဲ့လူတစ်ယောက်
… သူ ဒီနေ့ပဲ ပြန်မယ်"

"ပြန်မယ် … ဟုတ်လား"

"ခုလောက်အချိန်ဆို လေဆိပ်ရောက်နေရောပေါ့"

"သံဝရနဲ့ရော"

"ဒါတွေက မောင် သိပြီးသားမဟုတ်လား"

သူ အံ့ဩသွားသည်။ တုန်လှုပ်သွားသည်။ ဤစိတ်နှင့် ကား
…က်မောင်း၍မရသောကြောင့် ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

"မင်းကို ခရေပြောသွားတာလား ဖြူ"

ဖြူ မဖြေပါ။ တစ်ချိန်လုံး အောင့်ထားသော မျက်ရည်များ
…သာ ရှိုက်သံမထွက်ဘဲ အသံတိတ် စီးကျနေ၏။

"မင်း … မောင့်ကို စိတ်ပျက်သွားပြီလား"

"မောင့်မှာ ဖြူမဟုတ်တဲ့ချစ်သူရှိမှန်း ဖြူ သိပါတယ်၊ ဒါ... သံဝရဖြစ်လိမ့်မယ်လို့ ဖြူ ယောင်လို့တောင် မတွေးခဲ့ဘူး။ ဒါ... ရပါတယ်။ မောင်လည်း နှလုံးသားနဲ့လူပဲ။ ဘယ်သူ့ကို ချစ်ပါ ဘယ်... ကို မချစ်ပါနဲ့ဆိုပြီး နှလုံးမှာ မရေးထားတော့ မောင့်နှလုံးသားနဲ့ ... လူကိုပဲ မောင်ချစ်မှာပေါ့"

"အဲလိုမပြောပါနဲ့ ဖြူ။ မောင် မှားခဲ့ပါတယ်၊ မှားနေပါတယ်... ဒါပေမဲ့ ဖြူက အဲဒီလိုကြီး ..."

သူ့အသံက ရှေ့ဆက်မထွက်လာနိုင်တော့ပါ။

သူ့ရင်ထဲ ဆို့နစ်နေသည်။ ဖြူ မသိသေးလို့ သူ့ကို ပြသ... မရှာတာပဲဟု သူက ဖြူ့ကို အထင်သေးစွာ တွေးခဲ့သည်။ သို့သော် ... က သိသိချည်းနဲ့ မသိချင်ယောင်ဆောင်နေလိမ့်မည်ဟု သူ ထင်မ... ခဲ့ပါ။

ပြီးတော့ ဖြူသာသိရင် မိုးမီးလောင်လိမ့်မည်ဟု ထင်ထား... သော်လည်း ယခုတော့ ဖြူက ...

"ဖြူ့စိတ်ထဲရှိတဲ့အတိုင်းဆို မောင်နဲ့ ခုချက်ချင်း ကွာရှင်း... မောင့်ကို မုန်းပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ မောင် ... မောင်က ... ကို မချစ်မှန်းသိသိချည်းနဲ့တောင် ဖြူက အရဲစွန့်ပြီး မောင့်ကို လက်... ခဲ့သေးတာပဲ"

"ဖြူရယ်"

"မောင့်ကို ဖြူ ကွာရှင်းပေးမှာပါ။ ဒီကြားထဲ မချစ်မနှစ်သ... တဲ့လူနဲ့ အတူနေထိုင်ရတဲ့ဒုက္ခကို မောင် ရင်နဲ့မဆန့်အောင် ခံစားနေ...





...ပဲဆိုတာ ဖြူ တွေးမိပါတယ်။ တောင်းပန်ပါတယ် မောင်။ ဖြူ ... ...တ္တကြီးခဲ့တယ်။ အခုချိန်ထိလည်း အတ္တကြီးမိတုန်းပဲ။ ဖြူ့ကို အချိန် ...ည်းနည်းပဲ ပေးပါ မောင်။ သိပ်မကြာခင်မှာ ဖြူ မောင့်ကို ကွာရှင်း ...ပေးပါ့မယ်"

"မဟုတ်ဘူး ဖြူ။ မင်း ... မောင့်ကို အထင်လွဲနေပြီ"

"သေသေချာချာ တွေးကြည့်ရင် ဖြူနဲ့မောင်မှာ လွမ်းစရာ၊ အမှတ်တရလေးတွေ သိပ်မရှိခဲ့ဘူး။ တစ်နေ့နေ့တော့ မောင် ပစ်သွား ...ပဲဆိုတဲ့ စိုးရိမ်စိတ်ကြောင့် မောင့်အပေါ် ချုပ်ချယ်ခဲ့တာကိုလည်း တောင်းပန်ပါတယ်။ ဖြူ အနေအထိုင် ဆင်ခြင်ပါ့မယ်။ ဖြူ့ကြောင့် မောင် ထပ်ပြီး စိတ်အနှောင့်အယှက် မဖြစ်စေရတော့ပါဘူး။ အဲဒီ အတွက် မောင့်ဆီက ကတိတစ်ခုပဲ ဖြူ တောင်းဆိုပါရစေ။ ဖြူ့ကို အချိန်နည်းနည်းလောက် ထပ်ပေးပါ မောင်ရယ်။ ဇနီးကောင်းတစ်ယောက် ...့တာဝန်ကို ဖြူ ကျေသွားချင်လို့ပါ။ မောင် ... အိမ်မှာ ပြန်မအိပ် ...တာကိုလည်း ဖြူ အပြစ်မပြောတော့ပါဘူး။ မောင် အိမ်ပြန်မလာရင် ...လည်း ဆိုင်ကို ဖုန်းမဆက်တော့ပါဘူး။ မောင့်အနားမှာ ဖြူ မရှိသလိုပဲ အသံတိတ်ပြီး နေသွားပါ့မယ်။ ဒါပေမဲ့ ဖြူ့ကို အချိန်နည်းနည်းလောက် ...ပေးပါ"

စီးကျလာသော မျက်ရည်များကို လက်ဖြင့်သာ ဖြစ်သလို ...သုတ်လိုက်သည်။

မောင် ဘယ်လိုပုံရှိနေသလဲ။ ဖြူ့စကားကို ဘယ်ပုံစံနှင့် ...းထောင်နေသလဲဆိုတာ ဖြူ မသိပါ။ သိအောင်လည်း မောင့်ကို

အကဲမခတ်ချင်တော့ပါ။

မောင့်အပေါ် အတ္တကြီးမိမည်ကို စိုးရိမ်သည်။

"လောကကြီးမှာ မောင်က အသက်ရှင်လျက်ရှိနေပါတယ်ဆို အသိလေးတစ်ခုနဲ့ပဲ ဖြူ နေထိုင်သွားပါ့မယ်။ အဲဒီနေ့က မော အက်ဆီးဒင့်ဖြစ်ပြီလို့ ဖြူ သိလိုက်ရတဲ့အချိန်မှာ ဖြူ့ကို သတိပေးလို သလို ခံစားရတယ်။ မောင့်ကို ဖုန်းဆက်တော့လည်း မရဘူး။ မော ရှိနေသေးရဲ့လား။ မရှိတော့ဘူးဆိုတဲ့ အတွေးက ဖြူ့စိတ်ကို နှိပ်စ တယ်။ အကယ်၍ မောင်သာ မရှိတော့ဘူးဆိုရင် ဖြူက အသက်ရှ နေလည်း ဘာထူးတော့မလဲဆိုတဲ့ အတွေး ဝင်လာတယ်။ မောင် အမှတ်တရ ဖြူ့မှာ ရှိမနေခဲ့ဘူး။ မောင် ပျော်အောင်လည်း ဖြူ မစွမ်းဆောင်နိုင်ခဲ့ဘူး။ မောင် စိတ်ချမ်းသာအောင်လည်း ဖြူ ဘာ လုပ်မပေးရသေးဘူး။ အချိန်ပြည့် မောင့်ကို ဂျီတိုက်နေခဲ့တာကိုပဲ မောင် က သည်းခံနေခဲ့ရတယ်။ ဖြူ့အချစ်က မောင့်ကို ချုပ်လိုက်မိတယ် ထင်တယ်ဆိုတဲ့အတွေး ဝင်လာတယ်။ မောင် ပျော်အောင်မှ ဖြူက မစွမ်းဆောင်နိုင်ပေမယ့် တခြားလူက စွမ်းဆောင်ပေးနိုင်တာပဲ။ ဖြူက ဘာကို မကြည်မလင်ဖြစ်နေရမှာလဲ။ မောင် စိတ်ဆင်းရဲနေတာကို သိသိချည်းနဲ့ မောင့်ကို ပိုင်ဆိုင်ဖို့ ကြိုးစားနေတာက မောင့်အပေါ် ထားတဲ့ အချစ်တဲ့လား။ အဲဒီလို ဖြူ တွေးမိခဲ့တယ်။ အကယ်၍ မောင် က လောကကြီးထဲက ထွက်သွားမယ်ဆိုရင်တောင် အပျော်တွေနဲ့ ထွက် သွားလိုက်ဖို့ သင့်တယ်။ မောင် စိတ်ချမ်းသာစေရပါမယ်။ ဖြူ ... မောင့်ကို မနှောင့်ယှက်တော့ပါဘူး။ ဒီကြားထဲ ဖြူ့ကိုတောင် သည်းခံ





တယ်ဆိုတာ ဖြူ သိပါတယ်။ အဲဒီအတွက် မောင့်ကို အားနာပါတယ်။ အဖြစ်က သာနေတဲ့ လမင်းကြီးဆီမှာ ထမင်းဂျီဆမ်း ပေးပါလို့ ောင်းဆိုနေတဲ့ ကလေးတစ်ယောက်နဲ့တူနေတယ်။ ဒါပေမဲ့ အခုတော့ နိုင်မှန်း ဖြူ သိသွားပါပြီ။ ဖြူ့ကို အဲဒီလောက်ထိ အချိန်ကြာကြာ သည်းခံပေါင်းသင်းပေးတဲ့ မောင့်ကို ကျေးဇူးတင်ပါတယ်။ ဖြူ းခဲ့တာတွေအတွက်လည်း တောင်းပန်ပါတယ်။ ဖြူ့အမှား ဖြူ သိ ွားပြီမို့ မောင်ကပဲ ဖြူ့ကို ခွင့်လွှတ်ပေးပါ"

"မဟုတ်သေးဘူး ဖြူရယ်။ အဲဒီလို မဟုတ်သေးဘူး"

"ဖြူ ... နားချင်ပြီ မောင်။ မောင် သံဝရဆီ ဝင်ဦးမလား"

သူ မဖြေတတ်ပါ။ ဖြေလည်း မဖြေဝံ့တော့ပါ။ သူ့ရင်ထဲလည်း ကျင်နေသည်။ ဝေခွဲမရလည်း ဖြစ်နေသည်။

ဘယ်ဟာ အမှန်။ ဘယ်ဟာ အမှားဆိုတာလည်း ဝေခွဲမရ း။ သူ့မှာလည်း အချိန်လိုနေပါပြီ။

သူ့ကိုယ်သူ မေးကြည့်ဖို့ အချိန်လိုအပ်နေပါပြီ။



"သူ သိသွားပြီ သံဝရ"

"ဘာပြောသလဲ"

"ငါ့ကို ဂွာရှင်းပေးမယ်တဲ့"

"မင်းရဲ့ဆုတောင်း ပြည့်သွားတာပေါ့"

"သူက အဲဒီလိုပြောတော့ ငါ့ရင်ထဲ နာတယ်။ ငါ့ရင်ဘတ်... ဆုတ်ချေလိုက်သလို ခံစားရတယ်"

"ခဏာပါ။ ကြာလာတော့လည်း အဆင်ပြေသွားမှာပါ။ မြ... ဘယ်ဆိုးလို့လဲ။ ခရေညှိုလိုတော့ မဟုတ်ဘူး။ အခုတော့ မင်း အဲ... မြှုးထဲက လွတ်အောင် ရုန်းနိုင်သွားပြီပေါ့"

"ခရေညှို ပြန်သွားပြီတဲ့"

"ခရေညှိုကို မင်း မလိုလားမှန်း ငါသိပါတယ်။ မင်းအပေ... ငါ သံသယရှိခဲ့ပေမယ့် ခရေညှို ရောက်လာတော့ ကျေနပ်စရာကောင်... လာတယ်။ ခရေညှိုကို မင်း ပြတ်ပြတ်သားသား ဆက်ဆံတဲ့ ဆက်ဆံ... ရေးကို ကြည့်ပြီး မင်း ငါ့ကို စိတ်မပျက်သေးပါလားဆိုတာ ပိုပြီ... နိုင်မာလာတယ်"

"ဆောရီး ... သံဝရ ငါ တောင်းပန်ပါတယ်။ ရုတ်တရက်...





ကြီးဆိုတော့ အမှန်တရားကို လက်ခံဖို့ ငါ့မှာ အချိန်နည်းသွားတယ်"

"ဘာအမှန်တရားလဲ"

"ခရေညှိုကို ငါ မနှစ်သက်ပေမယ့် သူက မိန်းမကောင်း တစ်ယောက်မှန်း ငါ သိပါတယ်။ ငါ မင်းအပေါ် အဲဒီလိုမလုပ်သင့်ဘူး"

"နေညီ ... မင်း ဘာတွေပြောနေတာလဲ"

"ငါတို့ အမှန်အတိုင်းပဲနေကြရအောင် သံဝရ။ ငါတို့ တစ်သက် လုံး ဒီလိုပုံစံ နေသွားလို့မှ မဖြစ်နိုင်တာ"

"ငါတို့က ဘာဖြစ်နေလို့လဲ။ ညနေတိုင်းတွေ့တယ်။ အချိန်တန် ကိုယ့်အိမ်ကိုယ်ပြန်နေတယ်။ ကိုယ့်အလုပ် ကိုယ်လုပ်တယ်။ ဒီထက် ဘာပိုလို့လဲ။ ကဲ ... ပြော ... မင်း ငါ့ကို တစ်ရက်မတွေ့ဘဲ နေ နိုင်လို့လား"

နေညီ မဖြေပေ။ ခေါင်းကိုသာ ငုံ့ထားသည်။

"ငါတို့နှစ်ယောက် မတွေ့ဘဲနေကြရအောင်လို့ ငါက ပြော လိုက်တော့ အဲဒီညမှာပဲ မင်း ငွေချိုင်းဖြူနဲ့ ..."

"ငါ့ကိုယ်ငါ ပြန်မေးကြည့်ရတော့မယ့် အချိန် ရောက်လာပြီ သံဝရ။ ငါ့ကိုယ်ငါ လူငယ်တစ်ယောက်လို့ ထင်နေတာတွေကို ငါ အမြင်မှန် ရသင့်ပြီ"

"နေညီ ... မင်း ... ဘာဖြစ်နေတာလဲ။ ဘာတွေအိပ်မက် ယောင်နေတာလဲ။ မင်းဘဝမှာ ငါကပဲ ပထမဆို။ ငါမရှိရင် မင်း ဘယ်လိုဆက်ပြီးနေသွားရမလဲဆိုတာ မသိဘူးလို့ ပြောတာ ဘယ်လောက် ကြာသေးလို့လဲ။ ခရေညှိုကိုလည်း ငါက ပြတ်ပြတ်သားသားပဲ ဆက်ဆံ

လိုက်တယ်လေ။ အဲဒါ ဘယ်သူ့ကြောင့်လို့ ထင်သလဲ။ ငါ့ဘဝ တစ်လျှောက်လုံးမှာ မင်းရဲ့မျက်နှာရိပ် မျက်နှာပဲကိုပဲ ကြည့်ပြီး နေလာခဲ့တာပါ။ အခုမှ မင်းက ဘာဖြစ်တာလဲ။ ငါက မင်းအတွက်နဲ့ အမေတို့ကို ဖွင့်ပြောပြီး သွားခွဲစိတ်ဖို့တောင် စဉ်းစားတဲ့လူပါ"

"မဟုတ်သေးဘူး သံဝရ။ မင်း အဲဒီလောက်ထိကြီး မလုပ်သင့်ဘူး။ ငါက မင်းမရှိရင် ဘယ်လိုဆက်ပြီးနေသွားမလဲလို့ ပြောတာက ရိုးရိုးသားသားပါ။ မင်း ဘာတွေအကျယ်ချဲ့ပြီး တွေးနေတာလဲ။ ငါက စိတ်ညစ်လို့ စိတ်ကို ထွက်ပေါက်ပေးတဲ့အနေနဲ့ ပြောလိုက်တာပါ"

"ထွက်ပေါက်ပေးတဲ့အနေနဲ့ ဟုတ်လား။ တော်ပါတော့ နေညီရာ။ မင်း မင်္ဂလာဆောင်တုန်းကလည်း ငါ နာကျင်ခဲ့ရပြီးပြီ။ ဒါပေမဲ့ ဖြူ့ကို မင်း မချစ်မှန်း သိလို့ ငါ ဖြေသာနိုင်ခဲ့တယ်။ အခုမှ ဒါမှန်း သိရင် ကွာရှင်းချင်တယ်လို့ မင်းတစာစာ ပြောနေတည်းက ငါ တွန်းအားပေးခဲ့ပါတယ်"

"ငါ ဖြူ့ကို ချစ်မိနေပြီလား မသိဘူး"

"ဘယ်လို ... နေညီ။ မင်း ဘာပြောတယ်"

"ဟုတ်တယ်။ မနေ့က သူ ငါ့ကို ရိုးရိုးသားသား ပြောတော့ ငါ ခံစားရတယ်။ တကယ်တမ်း သူနဲ့ကွာရှင်းဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တဲ့လူက ငါပါ။ ဒါပေမဲ့ သူ့ဘက်ကစပြီး ကွာရှင်းပေးပါ့မယ်လို့ ပြောလာတော့ ငါ သူနဲ့တကယ်ရော ကွာရှင်းနိုင်ရဲ့လားဆိုတဲ့ မေးခွန်းတွေ ထွက်လာတယ်"

"နေညီ ... မင်း ရူးသွားပြီလား။ ဖြူက မင်းရဲ့လွတ်လပ်မှု



တွေကို ချုပ်ကိုင်နေတာလေ။ ပြီးတော့ ကိုယ်ဝန်ရှိပါတယ်ဆိုပြီး မင်းကို လိမ်ညာလက်ထပ်ထားတာ။ ပြီးတော့ ကိုယ်ဝန်ကို အကြောင်းပြပြီး တစ်ချိန်လုံး မင်းအနားမှာ တောက်တဲ့လို ကပ်နေတဲ့ တစ်ယောက်လေ။ ကြားထဲ မင်းကို ခြေချုပ်မိအောင် ဘယ်လောက်လုပ်ခဲ့သလဲ။ ဘယ်လောက်ထိ မင်း စိတ်ဆင်းရဲခဲ့ရသလဲ"

"ဖြူက ငါထင်နေသလို မဟုတ်ဘူး သံဝရ။ သူ ငါ့ကို ချစ်နေတာတဲ့"

"စကားဆိုတာ နှုတ်ခမ်းပေါ်မှာရှိတာပါ။ အကြမ်းနည်းသုံးပြီး အနုနည်းနဲ့ မင်းကို အချိုသပ်နေတာလေ။ မိန်းမပွေရဲ့ မာယာအောက်မှာ မင်း ကျရှုံးတော့မလို့လား"

"ဖြူမှာ နှလုံးရောဂါရှိနေပြီ သံဝရ"

"ဘယ်လို"

"ကျောင်းသူဘဝတုန်းက ခုန်ပေါက်မြူးတူးနေတဲ့ ဖြူ့ကို ငါက နှလုံးရောဂါရသွားအောင် လုပ်လိုက်မိတယ်။ အဲဒီနေ့က ဆေးရုံအပို့ နောက်ကျရင် သူ တစ်ခုခုဖြစ်သွားနိုင်တယ်တဲ့။ အဲဒါ ငါ့ကြောင့်ပါ။ အကယ်၍ အဲဒီနေရာမှာသာ သူ တစ်ခုခုဖြစ်ခဲ့ရင် ငါ့တစ်ဘဝလုံး ဘယ်လိုလိပ်ပြာသန့်သန့် နေသွားရမှာလဲ"

သံဝရထံမှ အသံတိတ်သွားသည်။ သံဝရက ပြောစရာစကား ရှာနေပုံမျိုးနှင့် ငြိမ်သက်သွားသည်။

"ရောဂါက နုနေသေးတယ်တဲ့။ သူ့ကို ဒီထက်ဆိုးအောင် ငါ လုပ်ရက်ဘူး"

"အဲဒါက သူ့စိတ်နဲ့သူ့ကိုယ်လေ။ မင်း လုပ်ယူနေတာမှ မဟုတ်တာ"

"ငါ့ကို ဖြေမပြောပါနဲ့ သံဝရ။ ငါ့ကြောင့်ဆိုတာ ငါ့စိတ်က သိနေတယ်။ ညည သူ ကြိတ်ကြိတ်ငိုနေတာကိုလည်း ငါ အမြဲတမ်း မသိချင်ယောင်ဆောင်ခဲ့တယ်။ ရှုပ်တယ်လို့ပဲ တွေးခဲ့တယ်။ ငါ့ကြောင့် သူ ကိုယ်ဝန်ပျက်ကျသွားတာကိုလည်း ငါ့ကြောင့် မဟုတ်ပါဘူးလို့ ဆိုပြီး ငါက သက်သာရာရစေဖို့ပဲ ငါ နေခဲ့တယ်။ သူ သိပ်လိုချင်နေတဲ့ ကလေးကို ဆုံးရှုံးသွားတာကိုတောင် သူ ငါ့ကို အပြစ်မပြောခဲ့ဘူး။ ငါ့ကို စကားမပြောရုံပဲ နေခဲ့တယ်။ အဲဒီအစား ငါ့ကို ထုရိုက်ကုတ်ခြစ်ပြီး အော်ငိုလိုက်ရင်တောင် ငါ နေသာပါဦးမယ်။ အခုလည်း ငါ့ကို အပြစ်မပြောဘူး။ တကယ်တော့ မှားနေတာက ငါပါ"

"မင်း မမှားဘူး နေညီ။ ကျောင်းမှာ မင်းကို စပြီး အတင်းအကျပ် ရည်းစားတော်ခဲ့တဲ့လူက သူပါ။ မင်း မမှားဘူး"

"အချစ်ဆိုတာကို ငါ သိပ်နားမလည်ပါဘူး။ နားလည်အောင်လည်း ငါ မကြိုးစားခဲ့ဘူး။ နားလည်း မလည်ချင်ခဲ့ဘူး။ ဒါပေမဲ့ အခု ငါ့ရင်ထဲကို အချစ်ရောက်နေပြီ ထင်တယ်"

"မဟုတ်ဘူး နေညီ။ အဲဒါ အချစ်မဟုတ်ဘူး။ သူ့ကို မင်းက သနားနေတာ။ ငါ ပြောတာ ယုံပါ။ မင်း စိတ်ညစ်နေသလား။ နည်းနည်း သောက်လိုက်ရင် အဆင်ပြေသွားမှာပါ"

"ငါ မသောက်တော့ဘူး သံဝရ။ အကယ်၍ ဖြူကသာ ငါ့ကို ကွာရှင်းသွားမယ်ဆိုရင် ဖြူနဲ့ငါ့ကြားမှာ ဘာမှ အမှတ်တရမရှိဘူး





တကယ်တမ်းတွေးကြည့်ရင် ဖြူ့ကို ငါက ဘာမှလုပ်ပေးထားတာ မရှိသေးဘူး"

နေညီသည် ပြောပြောဆိုဆိုပင် ထရပ်လိုက်သည်။

"သွားတော့မလို့လား"

"အင်း ... ငါပြန်မှဖြစ်မယ်။ ငါသာ စောစောပြန်မသွားရင် ဖြူ ငါ့ကို စိတ်ပူနေလိမ့်မယ်"

"ငါတို့ နောက်နေ့မှ တွေ့တာပေါ့"

သွားဟန်ပြင်နေသော နေညီ၏ လက်ကောက်ဝတ်ကို သံဝရ ဆွဲထားလိုက်သည်။

"မသွားနဲ့ နေညီ။ မင်းကို သူက မာယာသုံးပြီး လှည့်ဖြားနေတာ"

သံဝရအသံက စိတ်လှုပ်ရှားမှုအပြည့် ဖြစ်နေသည်။ သံဝရသည် နေညီကို ဤသို့ တစ်ခါတစ်ရံမှ ဆွဲမထားဘူးပါ။ ထို့ကြောင့် နေညီခြေလှမ်းတွေ ရှေ့ဆက်မရနိုင်ဘဲ ဖြစ်နေသည်။

"မင်းသွားရင် ငါတစ်ယောက်တည်း ပျင်းနေမှာပေါ့။ ဒီလို မိုးစက်ကြီးနဲ့တော့ ငါ့ရှေ့ကနေ ထွက်မသွားပါနဲ့"

သို့သော် နေညီသည် မိမိလက်ကို ဆွဲထားသော သံဝရလက်ကို ဆွဲဖြုတ်လိုက်သည်။

"ဒီနေ့တော့ ငါ ပြန်မှဖြစ်မယ် သံဝရ။ ငါ့မှာ စဉ်းစားဖို့ အချိန်လိုနေပြီ"

နေညီသည် ပြတ်ပြတ်သားသားပင်ပြောကာ ခြေနှစ်လှမ်းမျှ

ရှေ့တိုးလိုက်သည်။

"နေညီ ... မင်း ရှေ့ဆက်သွားရင် ငါ ကလပ်သွားတက်မှာ နော်။ ကောင်မလေးတွေနဲ့ ငါ ရှုပ်ပွေမှာ။ ငါ့ဘဝကို ငါ နေချင်သလို မနေပစ်လိုက်မှာနော်"

နေညီသည် သံ့ဝရကို ကျောခိုင်းထားရာမှ လှည့်ကြည့်လာသည်။

"ငါ့ဘဝမှာ မင်းကလည်း မရှိမဖြစ်လိုအပ်တဲ့လူပါ။ နှလုံးရောဂါရလောက်တဲ့ထိ ငါ့ကို ချစ်နေတဲ့ ဖြူတောင် ငါ့ကို လွှတ်လပ်ခွင့်ပေးလိုက်ပြီပဲ။ ငါလည်း မင်းကို လွှတ်လပ်ခွင့်ပေးနိုင်ရမှာပေါ့"

"နေညီ"

"ငါတို့က မသိချင်ယောင်ဆောင်နေပြီး မသိစိတ်ကို အလိုလိုက်နေကြတာပါ။ ငါတို့ စဉ်းစားရအောင် သံ့ဝရ၊ ဘယ်အရာက လမ်းကြောင်းမှန်လဲဆိုတာ၊ ငါတို့ အဖြေရှာကြရအောင်"

ဟု ပြောပြီး ပြတ်ပြတ်သားသား ကျောခိုင်းသွားသော နေညီကြောင့် သံ့ဝရရင်ထဲ ဒေါသတွေ အလိပ်လိုက်။

အဲဒါ ဖြူကြောင့်။ ဖြူက ဘယ်လိုမာယာနဲ့ ညှို့ငင်ပြီး နေညီကို သိမ်းသွင်းဦးမှာလဲ။ ပြီးရင် နေညီ့ဘဝကို ဘယ်အထိ ချုပ်ကိုင်နေဦးမှာလဲ။

ဖြူကို သံ့ဝရ မုန်းမိသည်။ ဖြူ့အမြင်တွင် မိမိသည် ဘယ်ပုံရှိနေမှန်းမသိသော်လည်း မိမိအမြင်တွင် ဖြူသည် မာရ်နတ်ဖြစ်သည်။ နေညီ့ကို ကြိုးကိုင်ခြယ်လှယ်နေသူ။





ဖြူ့ကို မုန်းသည်။ မုန်းမိသည်။

နေညီ့ဘဝကို ကယ်တင်နိုင်သူမှာ မိမိတစ်ယောက်သာ ရှိနေသည်ကို တဖြည်းဖြည်း သံ့ဝရ သဘောပေါက်လာမိသည်။

ထိုအခါ ...



မောင့်ရင်ခွင်ထဲ နွေးနွေးထွေးထွေး အိပ်စက်ခွင့်ရသည်မို့ အိပ်ရာ... နိုးနေသော်လည်း ဖြူက မထဖြစ်သေးပါ။

အိမ်ထောင်သက် ငါးနှစ်ကျော်ကာလတစ်လျှောက်လုံးမှာ... မောင်သည် ဖြူကို ရင်ခွင်ထဲ ပွေ့ပိုက်ပြီး အိပ်သည်မှာ ဒီနေ့သာ... ပထမဆုံး ဖြစ်၏။

မောင်ရယ် ... ဒီပုံအတိုင်းဆို မောင့်ကို ဖြူ စွန့်ခွာသွား... နိုင်ပါ့မလား။ ဖြူကို ရှုးရအောင် မလုပ်ပါနဲ့ မောင်ရယ်။ ဖြူကို ဥပေက္ခာ... ပြုယားပေးပါ။

ထိန်းထားသည့်ကြားမှ ကျချင်လာသော မျက်ရည်ကို ကြိုးစား... ပြီး ပုတ်ခတ်ဖယ်ရှားလိုက်သည်။

ဖြူ အမှတ်ရနေပါ့မယ် မောင်ရယ်။ ဒီလောက်ဆိုရင်ပဲ ဖြူနဲ့... မောင့်ကြားမှာ အမှတ်ရစရာတွေရှိနေပါပြီ။ ဒီ့ထက်လည်း မောင့်ဆီက... ဘာမှ မမျှော်လင့်တော့ပါဘူး။ မောင်နဲ့ ဒီထက်ပိုကြာကြာနေရင် ဖြူ... လောဘကြီးလာမိပြန်တော့မယ်။

ဖြူသည် ကိုယ့်စိတ်နှင့်ကိုယ် ထိန်းချုပ်ပြီး မောင့်ရင်ခွင်ထဲမှ... ရုန်းထွက်လိုက်သည်။

မောင် အိပ်ပျော်နေသည်ထင်ပါရဲ့။ အသက်ရှူသံပြင်းပြင်းကို ...ကြားလိုက်ရသည်။

မောင် အိပ်ပျော်နေပုံလေးကို ဖြူ ငေးကြည့်နေမိသည်။ မောင်...ည် နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါးနှင့် ကျယ်ပြန့်သော နဖူးပြင်ကို ...ဆိုင်သည်။ လေးထောင့်ပုံမျက်နှာကျလေးသည် ယောက်ျားဆန်ပြီး ...ည်ကြည်လေးနက်မည့်အသွင် ဆောင်၏။ စတွေ့...နေ့မှစ၍ မောင့်... ဖြူရင်ထဲက အလိုလို ရင်းနှီးနေမိခဲ့သည်။ ထို့ကြောင့်လည်း မောင်... ရင်းနှီးခွင့်ရအောင် ကြိုးစားခဲ့သည်။

အချိန်တွေက ကြာသွားခဲ့ပြီဖြစ်သော်လည်း ဖြူ့အတွက်တော့ ...ခုန်သံတွေက နွေးထွေးဆဲဖြစ်သည်။

ဖြူ ဂိုကျလိုက်လို့ စိတ်မပါဘဲ လိုက်လျောရသော မောင့်ပုံက ...ဒို့ ကောင်းသည်။ ထို့ကြောင့် မောင့်ကို အမြဲဂျီကျနေခဲ့သည်။

ဒါကြောင့်ပဲ မောင်က ဖြူ့ကို စိတ်ပျက်သွားတယ်ထင်ပါရဲ့။ ...နောင်တရမိပါတယ် မောင်ရယ်။ ဒီလိုမှန်းသာ သိခဲ့ရင် မောင် ...ကြိုက်တာတွေကို ဖြူ မလုပ်ခဲ့ပါဘူး။ တောင်းပန်ပါတယ် မောင်။ ...နှစ်လောက် ဖြူ့အနားမှာ ဒုက္ခပေးခဲ့တဲ့ မောင့်ကို အားနာပါတယ်။ ...ဇုးလည်း တင်ပါတယ်။ မောင် ပျော်ပျော်ရွှင်ရွှင်နေရမယ်နော်။ ...်းမာရေးကို ဂရုစိုက်ရမယ်။

ဖြူ သိပ်မြတ်နိုးခဲ့ရသော မောင့်ကို ဖြူက စိုက်ကြည့်ရင်း ...ောင့်နဖူးပြင်ကို ခပ်ဖွဖွ နမ်းလိုက်သည်။

ပြီးနောက် ခုတင်ပေါ်မှ ထရပ်ကာ မောင့်ကိုယ်ပေါ်သို့ စောင်


ဈူးသော

တစ်ထည် လွှမ်းခြုံပေးသည်။

ဒီနေ့ မောင့်အကြိုက် မုန့်ဟင်းခါးပူပူလေးကို ဖြူကိုယ်... ချက်ကျွေးမယ်လို့ စိတ်ကူးထားခဲ့သည်။

ထို့ကြောင့် မောင် မနိုးခင် အပြီးချက်နိုင်ရေးအတွက် အ... ထဲမှ ထွက်လာ၏။

တံခါးပိတ်သံကြားရသောအခါ ပိတ်ထားသော နေညိုမျက်... များ ပွင့်သွားသည်။

ဖြူက သူ့ကို တိတ်တခိုး နမ်းသွားပါလား။ ပြီးတော့ ... သူ့ကို စိုက်ကြည့်နေခဲ့သေးသည်။

ဖြူ ဘာတွေတွေးနေတာလဲ။

သူ အိပ်ရာနေမှ လူးလဲထလိုက်သည်။

နာရီကို မော့ကြည့်လိုက်သောအခါ ငါးနာရီကျော်ရုံမျှသာ... သေး၏။

ဖြူကို တစ်ညလုံး ပွေ့ဖက်အိပ်ထားသောကြောင့် သူ့လက်မော... အုံသည် ကိုက်ခဲနေသည်။ ဒါကို သူ သတိမပြုမိခဲ့ချေ။

"ကျွတ် ... ကျွတ်"

မလိုက်တိုင်း လက်မောင်းတစ်ခုလုံး ကျင်ခနဲ ထုံသွားသေ... လည်း သွားဟက်လေးပေါ်အောင် ပြုံးမိသည်။

ဖြူက ပိန်ပိန်သေးသေးလေးဖြစ်၏။ သို့သော်လည်း ခွန်အ... ဇလရှိသော သူ့လက်မောင်းကို ကိုက်ခဲနာကျင်အောင် ရှမ်းဆော... သည်။



ဖြူနမ်းသွားသော သူ့နဖူးကို စမ်းလိုက်မိပြန်သည်။ သူ့ရင်ထဲ ...နွေးသွားသလို ခံစားရ၏။

ဖြူသည် စည်းကမ်းရှိသော မိန်းကလေးဖြစ်သည်။ သူနှင့်ဖြူ ...သိခဲ့သော သက်တမ်းတစ်လျှောက်လုံးတွင် ဖြူ့အနမ်းကို ရရှိသည်မှာ ...ါ ပထမဆုံးဖြစ်၏။

ရယ်စရာပင် ကောင်းနေတော့သည်။ ...တိုင်းရော ဖြူက ...သူ့ကို ခိုးနမ်းရဲ့လား။ သူ အိပ်ပျော်နေလို့များ မသိတာလား။

ရင်ထဲ ကြည်နူးမိသလိုတော့ ဖြစ်မိသားပင်။

မိန်းမသားတစ်ယောက်၏ အနမ်းတစ်ပွင့်က ရင်ထဲ ရှင်းသွား... သူ့ကိုယ်သူပင် မယုံနိုင်လောက်အောင် ဖြစ်ရသည်။

သူ ရှက်ပြုံးပြုံးမိပြန်သည်။

တတ်လည်း တတ်နိုင်တဲ့ဖြူ။ ဖြူကပဲ တတ်နိုင်တာလား။ သူက ... ပြောင်းလဲသွားတာလား။

သူ ဖြူ့ကို ချစ်မိနေပြီလား။ သူ့အဖြစ်က ရယ်စရာပဲကောင်း ...နေတော့သည်။ အိမ်ထောင်သက် ငါးနှစ်ကျော်ပြီးမှ ဇနီးသည်ကို ချစ်, ...ချစ် သူ့ကိုယ်သူ ပြန်မေးနေရတဲ့အဖြစ်မျိုး။

အချစ်က ဘာလဲ။ သံဝရအပေါ်ရှိနေတဲ့ သူ့ခံစားချက်ကရော ...ာလဲ။ လူ့စိတ်ဆိုတာ အမြဲပြောင်းလဲတတ်တဲ့သဘောမှာ ရှိသလား။ ...အပေါ်ရော သူ ပြောင်းလဲဦးမှာလား။

မေးခွန်းတွေက အပုံအပင်။ သူ့ကိုယ်သူ မယုံဂေ။ သူ့စိတ်ကို ... မသိပေ။

သို့သော် ယခုတော့ ဖြူ့အနမ်းကြောင့် သူ့ရင်ထဲ ကြည်နူး
သည်။ ထိုကြည်နူးမှုလေးနှင့်သာ ပီတိဖြစ်နေချင်သည်။ ပိတ်ထားသော
လိုက်ကာစကို ဆွဲဖွင့်လိုက်၏။

မပီမပြင်အလင်းရောင်များသည် ကွက်တိကွက်ကျား ကျရော
နေသည်။

သူ ဘာလုပ်ရမလဲ။ ဆက်အိပ်ရမလား၊ ရေချိုးရမလား။

ရေမချိုးချင်ပါ။ ယခုချိန်ထိ သူ့နဖူးတွင် ဖြူ့အနမ်းလေး
နွေးတုန်း။

ပြတင်းပေါက်ကို ဖွင့်ပြီး လေကို ဝဝရှူလိုက်သည်။

ဒီလို ခပ်စောစော သူ အိပ်ရာမထဘူးပါ။ ခုလို ထကြည့်တော့
လည်း ေ ာကကြီးက သာယာသားပဲ။ သူ့မြင်ကွင်းသည် ကြည်
ကောင်းနေသည်ဟု ထင်မိသည်။

လေ ကို ဆန့်ထုတ်ပြီး ကိုယ်ကို ကိုင်းလိုက်သည်။

ထုံကျင်နေသော လက်မောင်းက မနာကျင်တော့သလို ခံစား
ရသည်။ သူက ကြင်နာလိုက်တယ်ဆိုရုံနှင့် ဖြူ့ဆီမှ အကြင်နာကို ရ
လိုက်သည်။

ဖြူ့အနမ်းတစ်ပွင့်က သူ့လက်မောင်းအနာအတွက် ဆေးတစ်ခွက်
ဖြစ်ခဲ့ရသည်။

ဖြူ့ကို ဘာလက်ဆောင်ပေးရင် ကောင်းမလဲ။ သူသာ ဖြူ့
လက်ဆောင်ပေးရင် ဖြူက သူ့ကို ဘာများပြန်ပေးမှာလဲ။ ဒါမှမဟုတ်
ချစ်တယ်ဆိုပြီး သူ့ရင်ထဲများ ပြေးဝင်လေမလား။





ထိုသို့ ပြေးဝင်လာပါက ဖြူ့ကို ပွေ့ဖက်နိုင်စွမ်း သူ့မှာရှိနေ
ပြီ။

ဖြူ့ကို ဒင်းဆန်းလိုက်ကျွေးရင် ကောင်းမလား။ ဖြူသည် ဒင်းဆန်း
ကြိုက်သည်။ သူနှင့်အတူ မနက်ပိုင်း ဒင်းဆန်းစားဖို့ မကြာခဏ ပြော
ဖူးသည်။ ဖြူ ပြောတဲ့အချိန်တိုင်းလည်း ဖြူ့စကားကိုသူ မကြားချင်
ယောင်ဆောင်ခဲ့ဖူးသည်။

အခုမှ ဒင်းဆန်းစားရအောင်ဟု ရုတ်တရက် ခေါ်လိုက်လျှင်
ဖြူ့အတွက်များ တစ်မျိုးဖြစ်သွားလေမလား။

ဖြူ့အကြောင်းတွေးရင်းပင် ရေချိုးခန်းထဲ ဝင်လာမိပြန်သည်။
ရေချိုးပြီး အဝတ်အစားအပြည့်အစုံ ဝတ်ပြီးချိန်ထိ ဖြူ့ကို ဒင်းဆန်း
သွားစားဖို့ ဘယ်လိုခေါ်ရမလဲ ဆိုတာ စဉ်းစား၍ မရနိုင်ပါ။

ဒီနေ့ကြီးသွားစားမယ် ပြောလျှင် ဖြူ အဆင်သင့်မဖြစ်ဘဲ
နေမလား။

ညနေစာစားရင်းနဲ့မှ မနက်ဖြန် ဒင်းဆန်းသွားစားရင် ကောင်း
မယ် ထင်တယ်ဟု မှင်တေတေနှင့် ပြောရမလား။

သူ့အတွေးနှင့်သူ ကျေနပ်သွားမိသည်။

သူ အဲဒီလိုပြောပါက ပျော်သွားမည့် ဖြူ၏ မျက်နှာကို တွေး
ကြည့်ရုံနဲ့တင် ကြည်နူးမိသည်။

ဒင်းဆန်းစားရင်းနဲ့ တစ်လမ်းကြောင်းတည်း ဖြူ့ကို စင်တာ
ကို လိုက်ပို့ပေးမည်ဟု တွေးမိပြန်သည်။

သေချာတွေးကြည့်လျှင် ဖြူနှင့်သူ ယခုချိန်ထိ ဈေးအတူတူ

မဝယ်ဘူးချေ။

ဖြူလည်း မိန်းကလေးမို့ ဈေးဝယ်ရတာကို နှစ်သက်မှာပဲ
သူ မတွေးမိခဲ့ပါ။ ဖြူသည် သူ့လက်မောင်းကို ချိတ်ပြီး ဈေးဝယ်ရလျှင်
ကျေနပ်ဒနမလား။

"ဟင် ... မောင် အစောကြီးပါလား"

သူ့ကို နှုတ်ဆက်ရန် ဝင်လာသည်ထင်ပါရဲ့။

"အင်း"

အတွေးထဲ မရိုးမသား ကြံစည်နေသူမို့ ဖြူ့အရှေ့တွင် မ
မလဲဖြစ်မိသည်။ ဖြူ့အပေါ် ဘယ်တုန်းကမှ လိုလိုလားလား မပြော
ဖူး၍ ဒင်းဆန်းသွားစားရန်နှင့် ဈေးဝယ်ထွက်ကြရန်ကို ဘယ်လို
ဘယ်လို စပြောရမှန်းမသိ ဖြစ်နေသည်။

"မောင် ... ဖြူ့ကို ဘာပြောချင်လို့လဲ"

ဖြူသည် သူ့မျက်နှာကိုကြည့်ရုံနဲ့ သူ့စိတ်ကို အကဲဖမ်းတတ်
တာလား။

"ဟား ... မဟုတ်ပါဘူး"

"ဒီနေ့ မုန့်ဟင်းခါးချက်ထားတယ် မောင်။ မောင်ကြိုက်တယ်
မဟုတ်လား"

"ဖြူ့ကိုယ်တိုင် ချက်ထားတာလား"

"အင်း ... မောင်က ဖြူချက်ကျွေးတဲ့ မုန့်ဟင်းခါးဆို ကြိုက်
မလားလို့ပါ"

"ဖြူက မုန့်ဟင်းခါးချက်ကျွေးတော့ မောင်က ဖြူ့ကို ဘာ





လုပ်ပေးရမလဲ"

"ဟင့်အင်း ... ရပါတယ်။ ဖြူက မောင့်ဆီက တစ်ခုခု
တောင်းဆိုချင်လို့ မဟုတ်ပါဘူး"

မျှော်လင့်ချက်များ လေထဲပျောက်သွားသည်။

အလိုက်တသိနဲ့များ ဒင်းဆန်းလိုက်ကျွေးဖြစ်ဖြစ် ပူဆာလိုက်ပါ
လား ဖြူရယ်။

"မောင် ဒီနေ့ အစောကြီးနိုးတယ်နော်"

"အင်း ... ဖြူနဲ့ မနက်စာအတူစားမလားလို့ပါ"

"မောင် ဆိုင်ကို စောစောသွားမလို့လား"

"အင်း"

အမှန်က အိပ်မရတော့၍ ဆက်မအိပ်ခြင်းသာ ဖြစ်သည်။

"မောင့်အိတ်ပေးလေ။ ဖြူ သယ်လာပေးမယ်"

ဖြူက ပြောပြောဆိုဆိုပင် သူ့အိတ်ကို ဆွဲယူကာ အခန်းထဲမှ
ထွက်သွားသည်။

သူကလည်း ဖြူ့အနောက်မှ အလိုက်တသိလိုက်လာသည်။

ဖြူ့ပခုံးလေးကို ဆွဲဖက်ကာ ဖြူ့ဘေးမှ လျှောက်ချင်မိသည်။
သို့သော် ရုတ်တရက်ကြီး အဲဒီလိုလုပ်ရမှာကို ရှက်မိသည်။

"မမလေး ... မုန့်ဟင်းခါး ပြင်လိုက်ရတော့မလား"

"ရတယ် မအေးမြ။ ဖြူဘာသာပဲ ပြင်လိုက်မယ်"

ဖြူသည် မုန့်ဟင်းခါးနှစ်ပွဲကို ပြင်ကာ မောင့်ရှေ့ တစ်ခွက်
ချပေးပြီး မိမိရှေ့လည်း တစ်ခွက်ချလိုက်သည်။

“မောင် ... ညနေစာကို အိမ်မှာပဲ ပြန်စားမယ် ဖြူ [illegible]
ကိုလည်း ပြောစရာရှိလို့”

စားနေသော ဖြူ့လက်များတုန်သွားသည်။

ပြောစရာရှိလို့တဲ့ ...။ ကွာရှင်းရအောင်ဆိုတဲ့စကားပဲ မ[illegible]
လား မောင်ရယ်။

“အခုပြောပါလား။ အဲ ... မောင်မပြောချင်လည်း မပြော[illegible]
နဲ့”

“ဟွန့်အွန်း ... ညနေမှပဲ ပြောတော့မယ်။ ညနေစာ မော[illegible]
ကို အသီးအရွက်သုပ်ပေးထားနော်။ မောင် စောစော ပြန်လာမယ်”

ဖြူ မောင့်ကို မကြည့်ပါ။ ဘာအရသာမှန်းမသိသော
မုန့်ဟင်းခါးကိုသာ သဲမဲစားနေလိုက်သည်။

“ကောင်းသားပဲ။ ဖြူက မုန့်ဟင်းခါးဆိုင်ဖွင့်လို့တောင် ရနေ[illegible]”

စိတ်မပါဘဲ မချိုးကျူးပါနဲ့တော့လား မောင်ရယ်။ ဖြူ ရင်[illegible]
နာလွန်းလို့ပါ။

“ထပ်ယူဦးမလား မောင်”

“တော်ပြီ။ မနက်စာ များများစားမိလိုက်ရင် ရင်ပြည့်လို့။ [illegible]
ဝပြီ။ မောင် သွားတော့မယ်”

သူက ပြောလိုက်သည်နှင့်ပင် ဖြူက စားလက်စကိုချက[illegible]
ထရပ်သည်။

ဖြူက သူ့ကို ကားနားထိရောက်အောင် လိုက်ပို့၏။

ရုစ်နာရီသာထိုးသေး၍ ဆိုင်ကိုသွားဖို့ စောနေသေးသည်။

•——ရှုမဝ——•



“ဖြူ ... မိန်းကလေးတွေက ချစ်သူဆီက ဘာလက်ဆောင်မျိုးအ
အရချင်ဆုံးလဲ”

သူ့စကားကြောင့် ဖြူ့ရင်ထဲ နာကျင်သွားသည်။

မိန်းကလေးစိတ်ပေါက်နေတဲ့ ယောကျ်ားတစ်ယောက်က ဘာ
ပစ္စည်းကို လက်ဆောင်လိုချင်မလဲလို့ တည့်တည့်သာ မေးလိုက်ပါတော့
လား မောင်ရယ်။

“ပန်းလိုချင်မှာပေါ့။ မိန်းကလေးတွေရဲ့ အိပ်မက်က ချစ်သူ
ပေးတဲ့ ပန်းလက်ဆောင်ကို အရချင်ဆုံးပဲ”

“သြော် ... ပန်းလား။ မသိပါဘူး။ စဉ်းစားလိုက်ရတာ။
ပန်းတဲ့”

မောင်သည် ကလေးတစ်ယောက်လို ပြုံးနေပြန်သည်။

မောင်ရယ် ... နှုတ်ဆက်ခဲ့ပါတယ်။ ညနေ မောင် ပြော
မယ့်စကားကို ဖြူ နားမထောင်ပါရစေနဲ့။ ဖြူ့ကို နားလည်ပေးပါ
မောင်ရယ်။ ကွာရှင်းပေးပါဆိုတဲ့ မောင့်စကားကို ထပ်ပြီး နားထောင်
နိုင်စွမ်း ဖြူ့မှာ မရှိတော့လို့ပါ။ ဖြူလေ မောင့်ကို သိပ်ချစ်ပါတယ်၊
ဒါပေမဲ့ အကူနေရမှ ချစ်လို့ရတာမှ မဟုတ်တာ။

“ကဲ ... သွားပြီနော်။ ညနေ စောစောပြန်လာမယ်”

ပြုံးပြကာ ကားမောင်းထွက်သွားသော မောင့်ကို မျက်စိတဆုံး
ကြည့်နေမိသည်။

ကျေးဇူးတင်ပါတယ် မောင်ရယ်။ မောင့်အပြုံးကို ဖြူ့ရင်ထဲ
သိမ်းဆည်းထားပါ့မယ်။ မောင်နဲ့ဖြူတို့ရဲ့ လမ်းခွဲချိန်ကို အဲဒီလို သာသာ

•——ရှုမဝ——•

ယာယာလေး ဖြစ်ချင်ခဲ့တာပါ။ ဖြူ ကျေနပ်သွားပါပြီ မောင်ရယ်။

မောင် ကျန်းကျန်းမာမာ နေရမယ်နော်။

ဖြူ့ရင်ထဲက အသံတိတ်စကားကို မောင် ကြားနိုင်မည်မဟုတ်ပါ။ ဖြူ့ရင်ထဲက ဆန္ဒကို မောင် သိနိုင်မည်မဟုတ်ပေ။

အိမ်ကြီးကို ဖြူ ကြည့်မိပြန်သည်။

ဤအိမ်သည် ဖြူနှင့်မောင်တို့ရဲ့ မင်္ဂလာဦးအိမ်လေးဖြစ်သည်။ ယခုတော့ အိမ်ကြီး ဖြစ်နေပါပြီ။

ဖြူ သိပ်တန်ဖိုးထားခဲ့ရတဲ့ အိမ်။ အခုတော့ ဖြူ ကိုယ်တိုင် ကျောခိုင်းသွားရတော့မယ်။

ဖြူ အိမ်ကြီးကိုကြည့်နေဆဲမှာပင် အိမ်ထဲသို့ ကားတစ်စီး မောင်းဝင်လာသည်။

ကားသံကြား၍ မောင်ပြန်လာပြီလား ဟု ထင်လိုက်သော်လည်း လှည့်ကြည့်လိုက်သောအခါ သံဝရ၏ကားဖြစ်နေသည်။ သံဝရက ဘာလာလုပ်တာလဲ။

ငါက အောင်နိုင်သူပါဆိုပြီး မထ္တာပ်တိုင်တက်ပြဖို့ လာတာလား။ ဖြူ့ကို သနားပါ သံဝရရယ်။ ရှင်က အောင်နိုင်သူ ဟုတ်ပါတယ်။ ရှုံးနေတဲ့သူကို ထပ်ပြီး မဖိနှိပ်ပါနဲ့တော့။

"မောင် ... ဆိုင်သွားပြီ သံဝရ"

"အဲဒီလိုမျက်နှာ၊ အဲဒီလို အခေါ်အပြောလေးနဲ့ နေညိဘဝကို မင်း ဘယ်အချိန်ထိ ချုပ်ကိုင်နေဦးမှာလဲ ငွေမျိုးဖြူ"

ဖြူ့မှာ ပြောစရာစကားလုံး မရှိချေ။ စကားလုံးတွေအစား





မျက်ရည်တွေသာ စီးကျလာသည်။

မုန်းမှာပေါ့။ မောင့်ကို သံဝရလက်ထဲက ဖြူက လုယူသလို ဖြစ်ခဲ့တာကို။

"မင်းကြောင့် နေညိ ဘယ်လောက်ထိ စိတ်ရှုပ်ရသလဲ။ ဒါကို မင်း သိသလား။ မင်းက နေညိအတွက် အကူအညီမဖြစ်တဲ့ ဝန်ထုပ်ဝန်ပိုးသက်သက်ပဲဆိုတာ သိလား။ မင်းနဲ့နေရတဲ့ နေညိက ငရဲကျနေသလိုပဲဆိုတာ မင်းသိရဲ့လား"

ဖြူ့ရင်ထဲ နာကျင်သွားသည်။ ငရဲကျနေသလိုတဲ့လား မောင်ရယ်။ ဖြူက မောင့်အတွက် အဲဒီလောက်ထိ ဆိုးငဲ့ကဲ့သူလား။

"ငါ့ကို အဲဒီလိုမျက်နှာငယ်လေးနဲ့ ကြည့်မနေနဲ့။ ပြောစမ်းပါ ပြောပါ။ မင်း ဘယ်အထိ နှောင့်ယှက်နေဦးမှာလဲ"

"ဖြူ ထွက်သွားတော့မှာပါ သံဝရ။ ဒီနေ့ပဲ ဖြူ ထွက်သွားတော့မှာပါ။ သူ့သတင်းကို မကြားနိုင်တော့တဲ့နေရာ၊ သူနဲ့မဆုံနိုင်တော့တဲ့ နေရာကို ဖြူ သွားတော့မှာပါ"

"မင်း ... တကယ်ပြောနေတာလား"

"ညာခဲ့ဖူးပေမယ့် ဖြူ ရိုးသားခဲ့ပါတယ်။ သံဝရလည်း ချစ်ဖူးနေတာပဲ။ ဒါကြောင့် ချစ်လို့မှားခဲ့တဲ့ ဖြူ့ရဲ့အမှားကို နားလည်ပေးပါ"

"မင်း တကယ်သွားတော့မှာလား"

"ခဏနော် ... သံဝရ"

ဖြူသည် ပြောပြောဆိုဆိုပင် အိမ်ထဲဝင်သွားပြီးမှ ပြန်ထွက်လာသည်။ ပြီးနောက် ယူလာသော ဖိုင်တွဲကို သံဝရထံ ပေးလိုက်သည်။

"အဲဒါက ကွာရှင်းစာချုပ်ပါ။ ဖြူ လက်မှတ်ထိုးပြီးသွားပြီ"

"မင်း တကယ် ပြောနေတာလား"

"သူ့ကို နှုတ်ဆက်ခဲ့ပါတယ်လို့ ပြောပေးပါ သံဝရ"

ဖြူသည် မျက်ရည်ကို မထိန်းနိုင်တော့မှာ စိုးရိမ်လာသည်။ သံဝရရှေ့တွင် ဖြူ မျက်ရည်မကျချင်ပါ။

ထို့ကြောင့် သံဝရလက်ထဲ ကွာရှင်းစာချုပ်ဖိုင်တွဲကို ထည့်ပေးပြီး အိမ်ထဲသို့ပြေးဝင်လာသည်။

ငိုပါရစေ ... မောင်ရယ်။ ဖြူ အားရအောင် ငိုပါရစေ။ မောင့်အရိပ်မှာ ငိုခွင့်ရတာက ဒီတစ်ကြိမ်နောက်ဆုံးမို့ ဖြူ့ကို ငိုခွင့်ပေးပါတော့ ... မောင်ရယ်။







"ဘာ ... ဘယ်လို ... သူ ထွက်သွားတော့မယ် ဟုတ်လား သံဝရ။ မင်း သူ့ကိုဘာသွားပြောလိုက်တာလဲ"

"သူ့နေရာသူ သဘောပေါက်သွားလို့ပေါ့။ ကွာရှင်းစာချုပ်မှာတောင် လက်မှတ်ထိုးပေးသွားပြီးပြီပဲ။ ကိစ္စကရှင်းနေပြီလေ။ အခု မင်းနဲ့ ဖြူ ဇာတ်လမ်းပြတ်ပြီ"

"မပြတ်ဘူးကွ ... မပြတ်ဘူး။ ငါ သူ့ကို သွားခွင့်မပေးနိုင်ဘူး။ သူ ထွက်သွားမယ်ဆိုတာက ငါ့ကို ချစ်လို့ကွ ... ငါ့ကို ချစ်လို့ သူ အနားမှာ နေရတာကို ငါ မပျော်ဘူးလို့ သူ ထင်နေတာ"

"သူ ထင်နေတာ ... ဟုတ်လား"

"ဟုတ်တယ်။ အဲဒါ သူ တစ်ဖက်သတ်ထင်နေတာ"

"တစ်ဖက်သတ်ထင်နေတာ ... ဟုတ်လား"

"ဟုတ်တယ်။ ငါ သူ့ကို ချစ်နေပြီ။ ငါ သူ့ကိုချစ်နေတာကို သူ မသိနေတာပါ"

"ငွေချိုင်းဖြူကို မင်းက ချစ်တယ် ... ဟုတ်လား နေညီ။ ဒါဆို ငါ ... ငါကရော"

"ငါတို့ အမှန်တရားကို လက်ခံကြရအောင် သံဝရ ... နော်။

ငါတို့ ထာဝရသူငယ်ချင်းလုပ်ကြရအောင်။ မင်းနဲ့ငါက ... ဟား ... ဘယ်လိုမှ ... သံဝရ ငါတို့ အမှန်တရားကို လက်ခံကြရအောင်နော်"

"နေညီ ... မင်း ဘယ်လိုဖြစ်နေတာလဲ။ အရှုပ်တွေ ရှင်းသွားရင်။ မင်းနဲ့ငါနဲ့ တစ်အိမ်တည်းအတူနေကြမယ်လို့ ပြောထားကြတယ်လေ"

"ဖြူက အရှုပ်မဟုတ်ဘူး။ သံဝရ ... ဖြူ့ကို အရှုပ်လို့ ငါမခံစားရဘူး။ ဖြူက ..."

"တော်တော့ နေညီ။ မင်း ထပ်မပြောနဲ့တော့။ ဒီလောက်ဆို တော်လိုက်တော့။ တစ်သက်လုံး မင်းရဲ့မျက်နှာကို ကြည့်နေတဲ့ငါက ဘယ်လိုနေရမှာလဲ"

"ငါ့ကြောင့် ငါ့အနားမှာနေလို့ မင်း အဲဒီလိုဖြစ်နေတာပါ။ သံဝရ ... ငါ့ကြောင့်ပါ။ ငါမှားခဲ့ပါတယ်။ အမှားကို မှားသိသွားတဲ့ အချိန်က အမှားကို ပြင်ဖို့ အစောဆုံးအချိန်ပဲတဲ့။ ငါတို့ ..."

"နေညီ"

"အမှန်တရားကို မင်း လက်ခံနိုင်ပါစေလို့ပဲ ငါ ဆုတောင်းပါတယ် ... သံဝရ။ ဒီအတောအတွင်း မင်းနဲ့ငါ မတွေ့ဘဲ နေကြရအောင်။ မင်းလည်း စိတ်ပိုင်းဖြတ်ပါ။ ဘယ်လမ်းက ထွက်ပေါက်လည်းဆိုတာ စဉ်းစားပါ။ မင်းကို ငါယုံတယ် သံဝရ။ မင်းပြောင်းလဲနိုင်မှာပါ။ အကယ်၍ မပြောင်းလဲရင်တောင် ငါတို့ဆက်တွေ့ဖို့ မဖြစ်နိုင်တော့ဘူး။ ငါ ဖြူ့ကို ချစ်မိသွားပြီ၊ ဖြူ့ စိတ်ဆင်းရဲအောင် ထပ်မလုပ်နိုင်တော့ဘူး။ ဖြူနဲ့သာယာတဲ့ မိသားစုဘဝကို ထူထောင်ချင်တယ်။ ငါမလုပ်ပေးခဲ့ရ





တာတွေ မှန်သမျှကို လုပ်ပေးချင်တယ်။ ငါ ဖြူ့ကို ချစ်တယ်"

"နေညီ"

"ငါ့ကို သွားခွင့်ပြုပါ သံဝရ။ ဖြူသာထွက်သွားရင် ငါ တစ်သက်လုံး ဝမ်းနည်းနေရလိမ့်မယ်။ နောင်တရနေရလိမ့်မယ်။ ဒါကြောင့် ငါ့ကို ဖြူ့ဆီသွားခွင့်ပေးပါ"

နေညီ့လက်ကို ဆွဲထားသော သံဝရ၏ လက်များသည် တဖြည်းဖြည်း ပြေလျော့သွားသည်။

နေညီ့မျက်လုံးတွေကို သံဝရ သိသည်။

နေညီသည် ကိုယ့်စိတ်ကို ကိုယ်သိသွားပြီလား။ နေညီ့ရဲ့စိတ်ကို ဘယ်လိုစကားလုံးနှင့်မှ မဆွဲဆောင်နိုင်တော့ဘူးလား။

"ကျေးဇူးပဲ သံဝရ"

ဖျော့တော့သွားသော သံဝရ မျက်လုံးများသည် သူ့ကို လွှတ်လပ်ခွင့်ပေးလိုက်ပြီဟု အသွင်ဆောင်သည်။

သူ ကြည်နူးသွားသည်။

ငါ့ကို ခွင့်လွှတ်ပါ သံဝရရယ်။ မင်းကို ငါချစ်ခင်တာ မှန်ပါတယ်။ ဒါပေမဲ့ ဖြူ့အပေါ်ထားတဲ့ ထောင့်ငါးရာက ပိုပြီး အားပြင်းသွားတယ်။ ငါ့ကို နားလည်ပေးပါ။ ဖြူ့အပေါ် ငါလွန်ခဲ့တာတွေ အများကြီးပါ။ ပြန်လည်ပေးဆပ်ခွင့်ပြုပါ။ မင်းကိုလည်း ငါ ဘယ်တော့မှ မမေ့ပါဘူး။ ငါ့ဘဝရဲ့ အချစ်ဆုံးသူငယ်ချင်းအဖြစ် မင်းက ငါ့ရင်ထဲ ရှိနေမှာပါ"

သံဝရ၏လက်မှ လွတ်သည်နှင့် တစ်ပြိုင်နက် နေညီ ပြေးထွက်လာသည်။ ကားကို ကျင်လည်စွာမောင်းပြီး အဆောတလျင် ပြန်လာ

မိ၏။ သို့သော် အိမ်ရောက်သောအခါ သူ့ကို ဆီးကြိုခြင်းသည် မလှပချေ။

"ဖြူရော"

ငိုနေသော မအေးမြကိုသာ မေးမိသည်။ ဖြူ ထွက်သွားပြီလား။

"မမလေးကို ဆေးရုံတင်လိုက်ရတယ်"

"ဘာ"

"မမလေးက အိမ်ကထွက်သွားမယ်ဆိုပြီး အထုပ်ဆွဲပြီး ဆင်းလာတယ်။ အေးမြလည်း တားပါတယ်။ ဒါပေမဲ့ အေးမြကို နှုတ်ဆက်တယ်။ နှုတ်ဆက်ရင်း ငိုတယ်။ အစ်ကိုလေးရယ် ... မမလေးက အစ်ကိုလေးကို သိပ်ချစ်တာပါ။ မမလေးကို မကွာရှင်းပါနဲ့နော်။ အစ်ကိုလေး မရှိရင် မမလေး အသက်ရှင်နိုင်မယ် မထင်ဘူး"

"ဘာလို့လဲ။ ဖြူက ဘာဖြစ်လို့ ဆေးရုံတင်ရသလဲ။ လိုရင်းကို ပြောပါ"

သူ့ရင်တွေပူလောင်လာသည်။ ဖြူသာ တစ်ခုခုဖြစ်ရင် ဆိုတာမျိုးကို သူ ဆက်ပြီးမတွေးရဲတော့ပေ။

"မမလေး ... ငိုရင်း လဲကျသွားလို့။ ကိုသောင်းက ဆေးရုံကိုကား မောင်းပို့တယ်"

သူ ဘာမှဆက်မမေးနိုင်တော့ပေ။ ကားကိုသာ အဆောတလျင် ကွေ့ချပြီး မောင်းလာသည်။

ဖြူရယ် ထွက်မသွားပါနဲ့။ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် မောင့်ဘဝထဲက ထွက်မသွားပါနဲ့။ မောင်လေ ... မောင် ... ဖြူမရှိရင် မဖြစ်တော့လို့ပါ ဖြူရယ်။ ဖြူ ... ဘာမှမဖြစ်ပါစေနဲ့။ ဖြူ ဘာမှမဖြစ်ပါ



စေနဲ့။ ဖြူသာ တစ်ခုခုဖြစ်သွားရင် သူ ဘယ်လိုနေရမှာလဲ ဖြူရယ်။

သူ့ရင်ထဲ ပူလောင်နေသည်။ ဖြူကို သူ အဆုံးရှုံးမခံနိုင်ပါ။ ဖြူ့အပေါ် သူ အနိုင်ယူခဲ့တာများခဲ့ပါပြီ။ ဖြူ့ကို လျစ်လျူရှုခဲ့တာ များခဲ့ပါပြီ။

ဘာလို့လဲ ဖြူရယ်။ ဘာလို့များ မောင့်ကို အသိမပေးဘဲ ထွက်သွားချင်ရတာလဲ။ ဖြူ့ကို လုပ်ပေးစရာ အစီအစဉ်တွေ မောင့်မှာ အများကြီးရှိနေပါပြီဆိုကာမှ ဘာလို့ မောင့်ကို ထားသွားဖို့ စဉ်းစားရတာလဲ။ ဖြူ့ကို ချစ်တယ်လို့လည်း မပြောရသေးဘူး။ ဘာလက်ဆောင်မှလည်း မပေးရသေးဘဲနဲ့ ဖြူ့ကို ထွက်သွားခွင့် မပြုနိုင်ဘူး။

ဖြူ့ကို ပြနေကျ ဆေးရုံသို့ ရောက်သောအခါ ကိုသောင်း မောင်းသော ဖြူ့ကားလေးကို တွေ့လိုက်ရသည်။

သူက ကားကို ဖြစ်သလိုရပ်ပြီး ဆေးရုံထဲသို့ ပြေးဝင်သည်။

"အစ်ကိုလေး"

"ဟင် ... ကိုသောင်း ... ဖြူ ... ဖြူရော ... ဖြူရော"

"မမလေး ... ခုထိ သတိမရသေးဘူး။ ဆရာဝန်က ..."

ကိုသောင်း၏စကားကို သူ ဆုံးအောင်နားမထောင်နိုင်တော့ပေ။ ကိုသောင်းကို တွန်းဖယ်ကာ ဖြူရှိရာသို့ ပြေးလာမိသည်။

"ဖြူ ... "

သူ၏ဖြူက ခုတင်ပေါ်တွင် မှေးစက်နေရှာသည်။

ဖြူ့နှာခေါင်းတွင် အောက်ဆီဂျင်ပိုက်ထိုးထားသည်။

"ဖြူ ... "

ဒူးတွေက သိပ်မနိုင်ချင်တော့ပါ။ ဖြူရယ် ... မင်း ... မောင့်ကို လိမ်ညာနေတာပဲ ဖြစ်စေချင်ပါတယ်ကွယ်။

ဖြူ့လက်ချောင်းလေးများကို သူ ဆုပ်ကိုင်ထားမိသည်။

မလွှတ်ချင်တော့ပါ။

"ဖြူရယ် သတိရပေးပါ ... သတိရပေးပါနော်။ မောင့်ကို မထားခဲ့ပါနဲ့။ မောင့်ကို ချစ်နေသေးတယ်ဆိုရင် သတိရပေးပါ။ မောင် မှားခဲ့ပါတယ်။ ဖြူ့ကို မုန်းခဲ့ပါတယ်။ ဒါကြောင့် မောင့်ကို ဒဏ်ပေးနေတာလား။ ဖြူရယ် ... ကျေးဇူးပြုပြီး မောင့်ကို ရက်စက်မသွားပါနဲ့။ မောင်လေ ... မောင် ... ဖြူ့ကို ချစ်နေမိပြီဆိုတာတောင် ဖြူ့ သိအောင် မပြောရသေးဘူး။ ဖြူရယ် ... သတိရလာပေးပါ။ မောင့်ကို ခွဲမသွားပါနဲ့"

ဖြူ့လက်မောင်းများကို ဆုပ်နယ်ပြီး ဖြူ့ဆံပင်လေးများကို လက်ဖြင့် ခင်ဖွဖွလေး ယုယစွာကိုင်သည်။

"မောင်တို့ ချစ်တဲ့အကြောင်းလည်း မပြောရသေးဘူး။ အနာဂတ်အကြောင်းလည်း မတိုင်ပင်ရသေးဘူး။ ပြီးတော့ မင်းကို နှင်းဆီပန်းလက်ဆောင်လည်း မပေးရသေးဘူး။ ပြီးတော့ မနက်တိုင်းလည်း ဒင်းဆက်ထွက်မစားရသေးဘူး။ ပြီးတော့ မင်းက မောင့်လက်ကို ဆွဲပြီး ရှေ့ဝယ်လည်း မထွက်ရသေးဘူး။ မောင့်ကို ခွင့်လွှတ်ပါ။ ဖြူရယ် ... မောင်လေ မင်းကို ချစ်တယ်"

ဖြူ့ပါးပြင်ကို ငုံ့မွှေးလိုက်သည်။

"မောင် ... "



"ဟင် ... ဖြူ"

"မောင် တကယ်ပြောနေတာလား"

"ဖြူ ... "

ဖြူ သတိရလာပြီတဲ့။ ဖြူ ... သူ့ကို ခွဲမသွားတော့ဘူးပေါ့။

"ဖြူ ... မင်း ... မင်း ... ဘာမှမဖြစ်ဘူးလား"

"မှိန်းနေတာ။ ဆရာဝန်က ခဏနားရမယ်ပြောလို့"

"ဒါဆို ... ဒါကြီးက ... "

"လေရှူရတာ မောလို့ထင်ပါရဲ့။ ဆရာဝန် လာတပ်သွားပေးတာ ထင်တယ်"

"ဖြူ ... "

ဖြူ့ကို သူ ပွေ့ဖက်ထားလိုက်သည်။

ဘယ်တော့မှ မလွှတ်ချင်တော့ပါ။ ဘယ်တော့မှလည်း ဖြူ့ကို ထွက်သွားခွင့် မပြုချင်တော့ပါ။

"မောင် ... ဟိုလေ ... ဖြူ ... အနေခက်တယ်။ ဒါက ဆေးရုံကြီးလေ"

ဖြူ သတိပေးတော့မှ အသိဝင်လာသည်။

"မင်း ... မောင့်ကို ထားသွားပြီမှတ်လို့။ မောင် ... ထူပူသွားတာပဲ"

"မောင် စောစောက ပြောနေတာတွေက ..."

"မင်း ဘာလို့ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခဲ့တာလဲ"

"ဟိုလေ ... မောင် ... မောင် ... "

ထစ်အထစ်အဖြစ်နေသော ဖြူနူတ်ခမ်းလေးကို လှစ်ခနဲ နမ်းလိုက်မိသည်။

သူ့အနမ်းကြောင့် အပျိုဖြန်းလေးလို ရှက်နေသော ဖြူကို သူက ချစ်မြတ်နိုးစွာ စိုက်ကြည့်နေမိသည်။

ရောဂါသည်လေးတဲ့ ... ကြည့်စမ်းပါဦး၊ ငိုထားလိုက်တာ၊ မျက်လုံးတွေမို့အစ်လို့။

"မောင် ... ဘာလို့ ဖြူကို အဲဒီလိုကြီးကြည့်နေတာလဲ၊ ဖြူက မောင့်ဆီက ဘာယူထားမိလို့လဲ"

ဖြူက သူ့အကြည့်အောက်တွင် မနေတတ် မထိုင်တတ်ကလေး ဖြစ်နေရှာသည်။

နှာသီးဖျားလေးတွေ နီကာ သူ့ကို မခို့တရို့လေးကြည့်နေသော ဖြူက အဲလောက်ထိ ချစ်စရာကောင်းနေမှန်း သူ ဘာလို့ အစက မသိခဲ့ပါလိမ့်။

"ချစ်တယ် ... ဖြူရယ် ... အရမ်းချစ်တယ်"

သူ့အသံသည် တိတ်ဆိတ်မှုအောက်တွင် ညင်သာစွာ ထွက်ပေါ်လာသည်။

ဖြူ ကျေနပ်ပါပြီ မောင်။ မောင့်ဆီက အဲဒီလိုစကားတွေကို ဖြူ ဒီတစ်သက် မကြားရတော့ဘူးလို့ ထင်ခဲ့တာပါ။ မောင့်ရဲ့ ချစ်တယ်ဆိုတဲ့စကားလေးက ဖြူရဲ့နေ့ရက်တွေကို အသက်ဆက်ဖို့ ခွန်အားတွေပါ။ ဖြူလည်း မောင့်ကို သိပ်ချစ်ပါတယ်။ ဖြူသည် ချစ်သူ၏ရင်ခွင်ကြားထဲသို့ တိုးဝင်လိုက်သည်။ ဖြူမျက်ရည်တစ်စက် သူ့ရင်ဘတ်ကို





...နွေးပေသွားသည်။ ပီတိကြောင့် ကျလိုက်သောမျက်ရည်ဖြစ်သည်။

ဖြူ့ဘဝသည် မောင့်ရင်ခွင်ထဲ၌ ကြင်နာစွာ၊ လုံခြုံစွာ၊ နွေးထွေးစွာဖြင့် တည်ဆောက်မယ့် အချစ်အိမ်ကလေး ...

ရသတို့နှင့်ပြည့်စုံပါစေ

**မယ်နိုင်**